www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

NO.142, NOVEMBER, 2016


| | | |
|---|---|---|
| အုန်းမြေ့မျှား | မိတ္တူမေဆာရာဝန် | ၆ |
| မျှော်ပသား | တံခိုးတံတောင်း | ၂၆ |
| ဘသက်ခေဇွ | မေမေ့အချစ် သားအပြစ် | ၄၄ |
| နေနှမရွေး | ထင်သာမြင်သာ၌ ဝတ်ထားခြင်း | ၆၃ |
| ကိုဦးနှိန်းကို | မျက်လုံးတွေကို ပိတ်ခဲ့တဲ့အမှောင်ထဲ | ၇၅ |
| မောင်ညီမိုင်း (သန်လျင်) | နှာဆံ ဘေးရှိတဲ့မြို့ | ၈၆ |
| ကာမွန်ကျော်ဦး | လူလိမ် | ၁၀၃ |
| မအေးဘွားညီစိမ့် | ဘီလူးအားနည်းလိုသေတဲ့အကောင်လေး | ၁၁၃ |
| ဆွေမြင့် | ငရုတ်မှုန် | ၁၂၃ |
| မင်းနန္ဒကိန် | ထူးဆန်းသောစွမ်းရည်ပိုင်ရှင် | ၁၃၆ |
| တွင်း(ကြီး)တောင်ဝင်းဦး | ရှေ့သွားနှင့် မြမေး | ၁၄၈ |
| နောင်ကျင် | တောချိုးတမ္ပာ ရွှေသမိုင်း | ၁၅၂ |
| မြသီး | သူတော်မဲ့သူတို့ ဝတ်ပါ | ၁၈၁ |
| မောင်သူဘာနန်း (ကိုးကျွန်း) | ဝိညာဉ်သက်သေ | ၁၉၄ |
| အောင်ကျော် | ပိုးမတွဲ တချည် လှဲ ရဲဘော်မိုက်ခဲ | ၂၀၆ |


preview 5



www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
[illegible]

တာဝန်ခံအယ်ဒီတာ
[illegible]

အုပ်ချုပ်အယ်ဒီတာ
[illegible]

အယ်ဒီတာအဖွဲ့
[illegible]

ရုံးအဖွဲ့
[illegible]

ပုံနှိပ်သူ
[illegible]

တာအုပ်ချုပ်
[illegible]

အုပ်ရေ– [illegible]
တန်ဖိုး– [illegible]

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
[illegible]

ထုတ်ဝေသူ
[illegible] Publishing House
[illegible]

မျက်နှာဖုံးဒီဇိုင်း
[illegible]

အတွင်းသရုပ်ဖော်
[illegible]

ကွန်ပျူတာနှင့် ဖလင်
[illegible]




ဧရဲပြည်သွားတောလားဖွဲ့ချင်တဲ့
ပတ်မတီး ဘကြီးအုန်း
မောင်ညိုမှိုင်း(သန်လျင်)



ချစ်ရှဲဒေါ်ရာ
ဇေယျမင်းသျှင်



အလွတ်စုံထောက် ဝင်းစည်နှင့်
ကွေ့ကွေ့ကောက်ကောက် လူသတ်မှု
ကျော်မြင့်ကျော်

www.burmeseclassic.com

www.burmeseclassic.com

အလောင်းအစားလုပ်ကာ ရှုံးနိမ့်သူ၏
လက်ကို ဖြတ်ရမှ ကျေနပ်သည့်
စိတ္တဇဆရာဝန်တစ်ယောက်၏
ထူးဆန်းသောရောဂါအကြောင်း ..

**သာယာသော** တပေါင်းလဆန်း၏တစ်နေ့သော ညနေချမ်းအချိန်တွင် "အေဒီ"ရုံကြီးအနီး ရှေ့ဆောင်လူငယ်ရေကူးစခန်း၌ လူတစ်ယောက်သည် ပန်းချီကီရိယာအစုံအလင်ဖြင့် ကမ်းစပ်မှ ကိုက်(၅၀)ခန့်ဝေးသော ကုန်းစောင်းကလေးတစ်ခုပေါ်တွင် ထိုင်ကာ "ရှုမျှော်ခင်း" တစ်ခုကို ရေးဆွဲလျက် ရှိလေသည်။ ပန်းချီအနုပညာသည်တစ်ဦးဖြစ်ဟန်တူ၍ သူသည် ဘောင်ခတ်ထားသော ရွက်ဖျင်ကားချပ်ပေါ်တွင် မီးသွေးခဲတံဖြင့် ပထမပုံကြမ်း ရေးဆွဲပြီးနောက် မျဉ်းကြောင်းပေါ်တွင် ဆေးရောင်များ တင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက် ကောင်းကင်ယံမှ နီရဲသောနေလုံးကြီးကို ဝိုင်းရံကာ ဖြာထွက်လျက်ရှိသော ရွှေဝါရောင်၊ ပန်းနုရောင် စသည့် တိမ်ရောင်တို့ကိုလည်းကောင်း၊ စိမ်းလဲ့လဲ့ရေပြင်ပေါ်တွင် သစ်ပင်ရိပ်ကြီးများ ထိုးကျသဖြင့် ရင့်ရော်အုပ်မှိုင်းနေသည့် သစ်ပင်ရိပ်များကိုလည်းကောင်း၊ သူ့အား ကျောပေးလျက် ခပ်မှိုမှို ကုန်းပြင်တစ်ခုပေါ်တွင်ထိုင်ကာ ရေပြင်ကို ငေးမောကြည့်ရှုနေသည့် လှပသော မိန်းမပျိုကလေးတစ်ဦး၏ အနက်ရောင် မျဉ်းသတ်ထားသည့်ပုံကိုလည်းကောင်း အဝေးအနီး အချိန်အဆ မှန်ကန်စွာဖြင့် ရေးဆွဲလျက် ရှိနေ၏။

မိန်းကလေး (၃-၄)ယောက်နှင့် အသက်နှစ်ဆယ်သာသာခန့်ယောကျ်ားကလေးတစ်ဦးသည် ရေစပ်တွင် လိုက်တမ်းပြေးတမ်းရေကူးဆော့ကစားလျက်ရှိရာ နောက်ဆုံးတွင်ယောကျ်ားကလေးကအရှုံးပေးသည့်ဟန်ဖြင့်ရေကူးအဝတ်များကို သဖော်ာသားအဝတ်အစား ဘောင်းဘီရှည် ရှပ်အကျီအဖြူတို့ဖြင့် လဲဝတ်ကာ ခြေအိတ်နှင့် ဖိနပ်ဖြူကိုစီးလျက် ရှုမျှော်ခင်းရေးဆွဲနေသူ ပန်းချီဆရာအနီးသို့ ရောက်ရှိလာ၏။ လူရွယ်သည် အသားမဖြူမညို၊ မျက်နှာသွယ်သွယ် ဆံပင်နက်နက်၊ နှုတ်ခမ်းပါးပါးဖြစ်၍ဝိုင်းစက်တောက်ပသော မျက်လုံးကြီးများ ရှိ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သူ့နေရာနှင့်သူ ဖုထစ်မာကြောသောကြွက်သားကြီးများ ရှိပြီးလျှင် ကိုယ်လုံးကိုယ်ဖန် အချိုးအစားအားဖြင့်လည်း ပြေပြစ်ကျနသူဖြစ်၍ အားကစားသမားတစ်ယောက်ဖြစ်ကြောင်း အကဲခတ်နိုင်၏။ မျက်နှာမှာ ပွင့်လန်း၍ပိရိသောနှုတ်ခမ်းများဖြင့် လှပစွာ ရှိနေသော်လည်း မျက်လုံးထောင့်တစ်နေရာတွင်မာနကြီးခြင်း ခက်ထန်ခြင်း၊ အဆောတလျင် ဆုံးဖြတ်ခြင်း စသည့်အမူအရာများ ယှက်သန်းလျက် ရှိလေသည်။ ပန်းချီဆရာကြီးမှာ အသက်(၅၀)ခန့်ရှိပြီဖြစ်၍ ခင်ကျက်သောအမူအရာရှိ၏။ စုတ်တံကိုကိုင်၍ဆေးစက်များချသည်ထက်ဆေးတံကို မီးညှိ၍ဖွာကာ စဉ်းစားနေသောအချိန်က များ၏။ သို့သော် မိမိမြင်ကွင်းကိုတစ်ချက်ကြည့်ပြီးနောက်ဆေးရောင်ကို သင့်သလို ရောစပ်၍ ရုပ်ဖျင်ပေါ်သို့ တို့လိုက်ရာတွင် လက်တွေ့သည့်အခါများ၌ ဆေးတံကို ဖွာရန်ပင် သတိမရတော့ဘဲ ပန်းချီကားကိုသာ စူးစူးစိုက်စိုက် ခြယ်မှုန်းလျက် ရှိပြန်၏။

ပန်းချီဆရာကြီးသည် အနီးသို့ရောက်လာသော လူရွယ်အား တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ပြီးနောက် ရေးဆွဲမြဲ ရေးဆွဲလျက် ရှိပြန်၏။ လူရွယ်သည် ပန်းချီဆရာ၏ လက်ဝဲဘက် (၃)ပေခန့်အကွာမှနေ၍ ပန်းချီကားကို ကြည့်ရှုလျက်ရှိရာမှစီးကရက်တစ်လိပ်ကိုအိတ်ထဲမှ ထုတ်ယူကာ ဘောင်းဘီရှည်လက်ယာဘက်အိတ်ထဲမှလှပသောဒန်ရောင်မီးခြစ်ကလေးတစ်လုံးကို ထောက်ခနဲခြစ်၍ စီးကရက်ကို မီးညှိလိုက်၏။

ပန်းချီဆရာအနီးသို့ သဖော်ာသားဝတ်စုံဝတ်ထားသည့်လူရွယ် ချဉ်းကပ်လာသည့်အချိန်နှင့် မရှေးမနှောင်းပင် နောက်ဘက်ရှိကဗ္ဗရာစေးလမ်းပေါ်သို့ "ဘဲလ်အဲယား" ကားကြီးတစ်စီး ဆိုက်ရောက်လာပြီးလျှင်အသက်(၅၀)ကျော်ခန့်ရှိ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဆင်းလာပြီးနောက်ပန်းချီဆရာ၏အနီးသို့လက်ယာဘက်မှ တဖြည်းဖြည်း ချဉ်းကပ်လာ၏။ လူကြီးမှာ လက်ယာဘက်တွင် တုတ်ကောက်တစ်ချောင်းကို ကိုင်လျက် လက်ဝဲဘက်တွင် ဆေးပြင်းလိပ်တိုကို လက်ညှိုးနှင့် လက်ခလယ်အကြားတွင် ညှပ်ထား၏။ လူကြီးသည်လည်း ပန်း... ဆရာ ရေးဆွဲနေသောရှုမျှော်ခင်း ပန်း... ကားကို စိတ်အားထက်သန်စွာ ကြည့်... လျက် ရှိလေသည်။

ပန်းချီဆရာသည် လက်ယာဘ... သို့ တစ်ချက်စောင်းငဲ့ကြည့်ရှုလိုက်... နောက် သူ၏အလုပ်တွင် စိတ်ဝင်... လျက် ရှိနေပြန်၏။ (၅)မိနစ်ခန့် ဆေး... ကို ကိုက်ကာ ခြယ်မှုန်းလျက်ရှိ... ဆေးတံကို မီးညှိရန် ဟန်ပြင်လိုက်... ထိုအခါ သဖော်ာသားလူရွယ်က သူ... အိတ်ထဲမှ ဒန်ရောင်မီးခြစ်ကလေး... ဆတ်ခနဲဆွဲထုတ်ကာအလိုက်သိစွာ... ပန်းချီဆရာကြီး၏ ဆေးတံကို မီးညှိ... လိုက်လေသည်။

ပန်းချီဆရာ။ "ကျေးဇူးတင်ပါတ... မောင်က ဘယ်ကလဲ"

သား။ "ကျွန်တော်က ဒီမြို့သ... မဟုတ်ဘူး ခင်ဗျ။ ပီနံက ထွက်လာ... ပင်လယ်ကူးသဖော်ာဆိုက်လို့ ရန်... ခဏရောက်လာတာပါ"

"ဩော်-အရင်ကရန်ကုန်မရော... ဖူးဘူးလား"

"ရောက် ဖူးပါတယ် ခင်ဗျ... တက္ကသိုလ်မှာတောင်ကျွန်တော် (... နှစ် နေခဲ့ဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး၏ဆေးတံမှာမီးငြိမ်းသွားပြန်သဖြင့် သဘော်သားကလေးကပင် နောက်တစ်ကြိမ် မီးညှိပေးရပြန်၏။ ပန်းချီဆရာကြီးမှာ သူ၏မီးခြစ်ကိုပင် ခြစ်ခွင့်မရတော့ပေ။ ဆရာကြီး၏ လက်သာဘက်တွင် ရပ်နေသော ကားပေါ်မှ ဆင်းလာသည့်လူကြီးကမူ ပန်းချီဆရာအားအလုပ်လုပ်နေစဉ်အနှောင့်အယှက် မပေးလိုသဖြင့် ထိုအချိန်ထိ စကားတစ်ခွန်းမျှမပြောဘဲရပ်၍သာကြည့်နေ၏။ သို့သော်ပန်းချီဆရာကြီးမှာသဘော်သားလူရွယ်နှင့် ဖော်ရွေစွာ ပြောဆိုနေသည်ကို မြင်ရသဖြင့် ဝင်ရောက်ရောနှော ပြောဆိုလေသည်။

လူကြီး။ ။"ဆရာ့ပန်းချီကားကတော့ တကယ်သဘာဝကျပါတယ် ခင်ဗျာ။ ကားချပ်ပေါ်မှာ သွင်းထားတဲ့ ဆေးရောင်ကလည်း မြင်ကွင်းကို တကယ်မြင်နေရတဲ့ အတိုင်းပါပဲ။ ဒီအချိန်၊ ဒီနာရီမှာ ဒီအရောင် ဟပ်နေတယ်ဆိုတာအပြင်မှာတကယ်မြင်ရတဲ့ အတိုင်းပါပဲ။ ဒါကြောင့်လဲ အနုပညာလို့ ခေါ်ပေတာပဲနော်"

ပန်းချီဆရာ။ ။"ဟုတ်ပါတယ်"

ထိုအချိန်တွင် ပန်းချီဆရာ၏ ဆေးတံမှာ မီးငြိမ်းသွားပြန်သဖြင့် လျင်မြန်လှသော သဘော်သားလူရွယ်သည် သူ၏ ဘောင်းဘီအိတ်ထဲမှ ဒန်ရောင်မီးခြစ်ကလေးကိုဆတ်ခနဲ ဆွဲထုတ်၍ဖျတ်ခနဲ မီးညှိပေးလိုက်ပြန်၏။ သူကိုယ်တိုင်လည်း စီးကရက်အသစ်တစ်လိပ်ကို ထုတ်ပြီးလျှင် မီးညှိ၍ သောက်ပြန်လေသည်။

ထိုအခါမှ ကားပေါ်မှ လူကြီးသည် မိမိလက်ကြားတွင်ညှပ်ထားသောဆေး



စိန်လိုက်၊ အခုမှတော့ ကျွန်တော်တံ-
နောက်မဆုတ်တော့ဘူး။ ကျွန်တော့်မီးခြစ်ကို
(၁၀)ချက်ခြစ်လို့ (၁၀) ချက်စလုံး
တောက်ရင် ဦးမော်တော်ကားကို ကျွန်တော်
ယူမယ်။ (၁၀)ချက်ခြစ်တဲ့အထဲက
တစ်ချက်မတောက်ဘဲနေလို့ လွဲရင်
ကျွန်တော့်လက်ညှိုးကို ဖြတ်ပေးတော့ ...။

ပြင်းလိပ်ကို သတိရလာသည့်ဟန်ဖြင့် ပါးစပ်တွင် တပ်လိုက်၏။ ထို့နောက် သူ၏ အိတ်များကို စမ်းသပ်ကာ မီးခြစ် ရှာဖွေသည့်ဟန်ဖြင့် ရှာဖွေလျက်ရှိနေလေသည်။ ထိုအချိန်၌လည်း သဘော်သားလူရွယ်သည် လက်မနေးပေ။ သူ၏ မီးခြစ်ကလေးကိုထုတ်ယူကာလူကြီး၏ ဆေးပြင်းလိပ်ကိုဖျတ်ခနဲမီးညှိပေးလိုက်ပြန်၏။ ဆေးပြင်းလိပ်မှာ အတန်ငယ်ကြီးသဖြင့်နှစ်ချက်သုံးချက်ဖွာပြီးနောက်မှ ကောင်းစွာ မီးစွဲလေသည်။

(လူကြီး) "ကျေးဇူးတင်ပါတယ် မောင်။ တယ်ပြီးကောင်းတဲ့မီးခြစ်ကလေး။ ဘယ်အခါမှ မတောက်မရှိဘူး၊ တောက်တာချည်းပဲ"

(သား) "နိုင်ငံခြားလုပ် ခင်ဗျ။ ဇစ်ပိုတဲ့ - ဘယ်တော့မှမတောက်မရှိဘူး။ခြစ်တိုင်း တောက်ရမယ်"

"ဟုတ်ကဲ့လား - မောင်ရယ်"

"ဟုတ်တာပေါ့ ခင်ဗျ။ ဦးရှေ့တွင်ခြစ်နေတာ ဘယ်နခါရှိပြီလဲ။ ကျွန်တော်ပိုင်ကဝယ်လာတာ။ ဒီမှာဆိုရင် အနည်းဆုံး တစ်ရာတန်တယ်။ တစ်ချက်ခြစ်ရင် တစ်ချက်တောက်ရမယ်။ တစ်ချက်မှ မလွဲရဘူး"

"တယ်ဆိုပါကလား - မောင်ရယ်"

"ဆိုတာပေါ့ ခင်ဗျာ၊ ကိုယ့်ပစ္စည်း
ကိုယ်ယုံကြည်တော့ ဆိုဝံ့တာပေ
ခင်ဗျာ"

"နို့ပေမဲ့ - မောင် - တစ်ခုသတိထား
ဘယ်အရာမျိုးဖြစ်ဖြစ် အစဉ်အမြဲ ယ
ကြည်ရတယ်ဆိုတာ မရှိဘူး။ တစ်
တလေ လွဲချင် လွဲတာပဲ။ လောကမှ
သေချာတဲ့အရာရယ်လို့ ဘယ်တော့
မရှိဘူး"

"နို့ပေမဲ့ - ကျွန်တော့်မီးခြစ်ကတော
သေချာတယ်။ ဒီမှာကြည့်လေ၊ တစ်၊ နှစ်
သုံး၊ လေး၊ ကဲ - ဘယ့်နှယ်လဲ"

လေးချက်စလုံးတစ်ချက်မှမလွဲဘ
မီးတောက်သည်ကို တွေ့မြင်ကြရ၏။

"ဟုတ်ပါတယ်။ နို့ပေမဲ့ - ခုတင်က
ဦးပြောတဲ့အတိုင်း ကမ္ဘာပေါ်မှာ ဘယ
အရာဝတ္ထုမျိုးပဲဖြစ်ဖြစ် ဘယ်တော့
အစဉ်အမြဲ ယုံကြည်စိတ်ချရတယ်ဆ
တာ မရှိဘူး။ တစ်ချက်ချက်မှာ မချော်
မယ်၊ လောကမှာ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာ
ပဲဖြစ်ဖြစ်အသက်မရှိတဲ့အရာဝတ္ထုပဲဖြ
ဖြစ် နိစ္စဓူဝ ယုံကြည်စိတ်ချရတယ်ဆ
မရှိဘူး။ ဒါဟာ ဓမ္မတာပဲ။ မောင်ဟာ
ဓမ္မတာကိုလွန်ဆန်လို့မရဘူးလို့ဦးပြေ
ဝံ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်ပါဘိ ခင်ဗျာ၊ မျက်မြင်ကိုယ်တွေ့တောင်ဦးကငြင်းနေသေးတာကိုး"

ထိုအချိန်၌ ပန်းချီဆရာကြီးသည် စုတ်တံကို ချလိုက်ပြီးလျှင် ဆေးတံကို သူ၏အိတ်ထဲမှ သစ်သားမီးခြစ်ဖြင့် မီးညှိလိုက်၏။ ကားပေါ်မှ ဆင်းလာသော လူကြီးကမူ မည်မျှလောက်ကောင်းသော နိုင်ငံခြားလုပ် မီးခြစ်ပင်ဖြစ်စေ တစ်ချက်ချက်၌ အမှန်မုချ လွဲရမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ငြင်းခုံလျက် ရှိလေရာ လူရွယ်ကလည်းအနည်းငယ်မျှ အလျှော့မပေးချေ။

"ကျုပ်က သဘာဝကို ပြောနေတာ မောင်ရဲ့၊ မောင် မယုံဘူးလား"

"မယုံဘူး ခင်ဗျ၊ ဘာပဲပြောပြော"

"ဒါဖြင့် - မောင် - လောင်းရဲရဲ့လား"

"လောင်းရဲတယ်၊ ဘယ်လိုလောင်းရမှာလဲ"

"မောင့်မီးခြစ်ကို ဆယ်ချက်ဆက်ပြီး ခြစ်ကြည့်ရမယ်၊ အဲဒီဆယ်ချက်အတွင်းတစ်ချက်မီးမတောက်ဘဲနေရင် မောင်က အရှုံး၊ အားလုံး ဆယ်ချက်စလုံး မီးတောက်ရင် မောင် အနိုင်ယူပေါ့။ ဘယ့်နှယ်လဲ၊ မောင် လောင်းဝံ့ရဲ့လား"

"လောင်းဝံ့တယ်။ စိန်လိုက်၊ ဘာကြေးလောင်းမလဲ"

"မောင်က သဘော်သားတစ်ယောက်ဆိုတော့ ငွေလည်း များများစားစား ပါမယ်မဟုတ်ဘူး၊ မောင့်မီးခြစ်ကလည်းတန်လှရင်အလွန်ဆုံးတစ်ရာပေါ့၊ ဒီလောက်နဲ့တော့ ကလေးကစားသလို မလောင်းချင်ဘူး၊ ထိုက်ထိုက်တန်တန် ပစ္စည်းကို လောင်းရမှ ကောင်းတာ"

"ဦးက ဘာကြေးလောင်းချင်သလဲ"

"ဦးက ရှုံးရင် ဟိုလမ်းဘေးမှာ ရပ်ထားတဲ့ ဘဲလ်အဲယားကိုမောင်က ယူပေတော့"

"တကယ်လို့ ဦးက နိုင်ရင်ကော"

"မောင့် - ဘယ်ဘက် လက်ညှိုးကလေးကို ဖြတ်ယူမယ်"

လူရွယ်၏မျက်နှာမှာ ရှက်ကြောက်ခြင်း၊ မခံချင်ခြင်း စသည်တို့ဖြင့် ရဲခနဲဖြစ်၍သွား၏။ ပန်းချီဆရာကြီးပင် သူ၏ အလုပ်ကို ဆက်၍မလုပ်နိုင်တော့ဘဲ စုတ်တံကို ချ၍ထားကာ သဘော်သား လူရွယ်နှင့်မော်တော်ကားပိုင်ရှင်လူကြီးတို့ပြောသောစကားများကို စိတ်အားထက်သန်စွာ နားထောင်လျက်ရှိလေ၏။

(ရွယ်)။ ။"စိန်လိုက်၊ အခုမှတော့ ကျွန်တော်က နောက်မဆုတ်ဘူး၊ ကျွန်တော့်မီးခြစ်ကို (၁၀)ချက်ခြစ်လို့ (၁၀)ချက်စလုံး တောက်ရင် ဦးမော်တော်ကားကို ကျွန်တော် ယူမယ်။ (၁၀)ချက်ခြစ်တဲ့အထဲက တစ်ချက်မတောက်ဘဲနေလို့ လွဲရင် ကျွန်တော့်လက်ညှိုးကို ဖြတ်ပေတော့"

"ကောင်းပါပြီဗျာ။ ကျုပ် သဘောတူပါတယ်"

ထိုအခါပန်းချီဆရာကြီးသည်ကားပိုင်ရှင်အား -

"ကြံကြံဖန်ဖန်ဗျာ - မိတ်ဆွေကလဲ အလောင်းအစားလုပ်တာ လက်ညှိုးကို ဖြတ်ပေးရမယ်လို့ မတော်တာတွေ လောင်းစမ်းပါနဲ့ - မိတ်ဆွေ၊ ပိုက်ဆံကြေးလောင်းတယ်ဆိုရင် တော်သေးရဲ့၊ အခုတော့ သွေးထွက်သံယိုဖြစ်မှာကိုမှ လောင်းရသလားဗျာ"

(လူကြီး)။ ။"ဘာဖြစ်သလဲဗျ၊ ကျုပ်ဘက်ကလဲကြည့်ပါဦး၊ ကျုပ်ကရှုံးရင် လေးသောင်းကျော်ပေးရတဲ့ ကျုပ်ကားရှုံးမယ်"

(ပန်းချီဆရာ)။ ။"တော်ကြပါတော့ဗျာ၊ ဒီကမောင်ကလည်း ဒီလောက်အရွှမ်းပြရရင် တော်ရောပေါ့၊ လောင်းကြေးစားကြေးတွေ လုပ်မနေပါနဲ့တော့"

(ရွယ်)။ ။"မဟုတ်ဘူး - ဆရာ၊ ကျွန်တော်က ပြောမိရင် နောက်မဆုတ်တတ်ဘူး"

(လူကြီး)။ ။"ကျုပ်ကလည်း ထွေးပြီးသား တံတွေးပြန်မမျိုတတ်ဘူး"

(ရွယ်)။ ။"ကဲ - ဒါဖြင့် - တစ်နေရာရာသွားကြမယ် - လာ၊ ဟောဒီက ပန်းချီဆရာကြီးကိုလည်း သက်သေအဖြစ် ခေါ်ခဲ့ရလိမ့်မယ်"

(လူကြီး)။ ။"အဆင်သင့် ပါပဲ မောင်၊ ကျုပ်ကားနဲ့ ကျုပ်အိမ်ကို သွားရုံပါပဲ၊ ဟိုကျတော့မှ နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ် ယှဉ်ပြိုင်ကြတာပေါ့၊ ဟောဒီက အနုပညာသည် ပန်းချီဆရာကြီးကတော့ မောင်နဲ့ ကျုပ်နဲ့ နှစ်ယောက် လောင်းတဲ့ကိစ္စမှာ ဒိုင်လူကြီးလုပ်ရလိမ့်မယ်၊ ကဲ - လာကြဗျာ၊ ကားပေါ်တက်ကြပေတော့"

ပန်းချီဆရာကြီးမှာ အနုပညာသည် တစ်ဦးပီပီ လူရိုးလူအေးကြီးတစ်ယောက်ဖြစ်၍ ငြင်းခုံ လောင်းစားမှုများတွင် အနည်းငယ်မျှ ဝါသနာမပါသော်လည်း နှစ်ဖက်စလုံးက ဆွဲခေါ်သဖြင့် လိုက်ပါသွားရလေတော့၏။

☆☆☆

www.burmeseclassic.com

ကားပိုင်ရှင်လူကြီးမှာ အငြိမ်းစား ဆရာဝန်ကြီး ဦးစံလုထွန်းဆိုသူဖြစ်၍ ကားကြီးကိုသူကိုယ်တိုင်မောင်းနှင်သွားရာ အင်းလျားကန်စောင်းတစ်နေရာသို့ ရောက်သောအခါကားကြီးသည်အပြာနုရောင် သုတ်ထားသော တိုက်ကလေးတစ်လုံးရှိသည့် ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သွားပြီးနောက် ဆင်ဝင်အောက်တွင် ရပ်လေ၏။

ထို့နောက် ဆရာဝန်ကြီးလည်း ပန်းချီဆရာနှင့် သဘော်သားလူရွယ်တို့အား တိုက်အပေါ်ထပ်သို့ ခေါ်သွားလေရာ ညှော်သည်နှစ်ယောက်တို့လည်း အပေါ်ထပ်သို့ ဘုမသိ ဘမသိ လိုက်ပါသွားကြရလေတော့၏။

အပေါ်ထပ် ဧည့်ခန်း၌ကားကော်ဇောတစ်ချပ်ပေါ်တွင် ဆိုဖာများ ခင်းထား၍ ဆရာဝန်ကြီးသည် ဧည့်သည်နှစ်ယောက်အား အိမ်ရှေ့ဧည့်ခန်းတွင်ခေတ္တထားခဲ့ပြီးနောက် နောက်ဖေးခန်းသို့ ဝင်သွားလေ၏။ နောက်ဖေးခြေရင်းဘက်၌ကျဉ်းမြောင်းရှည်လျားသော အခန်းတစ်ခန်းရှိရာ ထိုအခန်းတံခါးကို ဖွင့်၍ဝင်သွားသဖြင့် ဧည့်သည်နှစ်ယောက်တို့သည် ထိုအခန်းရှိရာသို့ လှည့်၍ ကြည့်လိုက်မိကြ၏။ အခန်းမှာ ပေ(၂၀)ခန့် ရှည်လျား၍ အခန်းနံရံတစ်ဖက်ရှိ စင်များပေါ်တွင် ဆေးပုလင်းများ ဖန်ဘူးဖန်ခွက်များ၊ အရက်ပြန်မီးဖိုနှင့် ခွဲစိတ်ကိရိယာများ၊ ဖန်ပြွန်များ၊ ဓာတ်မီးလုံးများ စသော ဆရာဝန်သုံးကိရိယာများကိုတွေ့မြင်ရ၏။ အခြားနံရံတစ်ဖက်ရှိစင်များပေါ်၌ကား စာအုပ်များဖြင့်ပြည့်နက်လျက်ရှိလေသည်။ ပန်းချီဆရာကြီး ဦးအုန်းခင်မှာ ထိုအခန်းတည်ရှိပုံကိုမြင်ရ၍ဖြင့် ကြက်သီးမွေးညင်းများ ထလျက်ရှိနေလေပြီ။ သဘော်သားလူရွယ်မှာမူ တစ်စုံတစ်ရာ ကြောက်စိတ်မရှိသကဲ့သို့ စီးကရက်ဘူးထဲမှစီးကရက်တစ်လိပ်ကို ပင်ဓာတ်မီးခြစ်နှင့် မီးညှိ၍ သောက်နေလိုက်ချေသေး၏။

(၁၀)မိနစ်ခန့် ကြာလတ်သော် ဆရာဝန် ဦးစံလုထွန်းသည် သူ၏အခန်းထဲမှ ထွက်လာရာ ထိုအချိန်၌ကား သူသည်အင်းလျားကန်သို့လာစဉ်ကကဲ့သို့ ဘန်ကောက်လုံချည်၊ သင်္ကလတ်အင်္ကျီဖြင့် မဟုတ်တော့ဘဲ ရုပ်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်ပေါ်တွင် ဆရာဝန်များ ဝတ်သည့် အင်္ကျီရှည်အဖြူကြီးကို ဝတ်ဆင်ထား၏။ ဧည့်ခန်းသို့ ရောက်လာသောအခါ သုံးဘက်တွင်ရှိနေသည့် တရုတ်ကတ် ပြတင်းပေါက်များကိုပိတ်လျက်ရှိလေသည်။ ထို့နောက်ဧည့်သည်နှစ်ယောက်ဘက်သို့ လှည့်၍ -

"ဒီပြတင်းပေါက်တွေ ဘာဖြစ်လို့ ပိတ်သလဲ သိလား။ ကျုပ်က ဘယ်နေရာမှာမဆို တရားမျှတမှုရှိမှ ကြိုက်တဲ့လူဗျ။ လေက အခန်းထဲကို မကြာမကြာ တိုက်ဝင်လာတယ်။ ဒီတော့ - မီးခြစ် ခြစ်လိုက်လို့ မီးငြိမ်းသွားရင် လေတိုက်လို့ ငြိမ်းတာပါလို့ ဆင်ခြေပေးမယ် - ဦးအုန်းခင်၊ ဒါကြောင့် - လေမတိုက်နိုင်အောင် တရားမျှတမှုရဖို့ ကျုပ်က ပြတင်းပေါက်တွေ ပိတ်ပေးတာပါ။ ဘယ့်နယ်လဲကွယ့် သူငယ်"

"ကျွန်တော့်နာမည် ကျော်မင်းတဲ့"

"ဘယ့်နယ်လဲ - မောင်ကျော်မင်း။ ဦးလုပ်တာ တရားမျှတရဲ့မဟုတ်လား"

လူရွယ်သည်စကားပြန်၍မပြောဘဲ ဦးခေါင်းကို ညိတ်ရုံသာ ညိတ်လိုက်၏။

ဝန်၊ ။"ကဲ - ကျုပ်တို့ အလုပ်စကြစို့"

ထိုအခါပန်းချီဆရာကြီးဦးအုန်းခင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ဆရာဝန်ကြီးဘက်သို့ လှည့်၍ "ဒီမှာမိတ်ဆွေ၊ ခင်ဗျားတို့နှစ်ယောက်ဟာအရင်က သိကျွမ်းကြတာလဲမဟုတ်ဘူး။ ကျုပ်ကလဲ ခင်ဗျားတို့နှစ်ယောက်စလုံးကို ခုမှသိရတာ။ ပြီးတော့ တ ယောက်နှင့်တစ်ယောက်စကားတစ်ခွ စီလွန်ရုံနဲ့ ဒီလောက်ကြီးကျယ်အော လောင်းကြေးစားကြေးလုပ်ရအောင် တာလဲ လူကြားလို့တောင် မကော ဘူး။ ကိစ္စက ဘာမှဖြစ်လောက်တဲ့ကိ မဟုတ်ဘဲနဲ့ အခုလိုဖြစ်ရတာ ကျုပ်နည်း နည်းမှ စိတ်မကောင်းဘူး။ အခုကိစ္စမ တစ်ယောက်ယောက်ကတော့ မ တော့မယ်၊ တကယ်လို့ ဦးစံလုထွန်းဝ ရှုံးရင် ငွေလေးသောင်းကျော်တန် ကားကြီးကိုအလကားပေးလိုက်ရမယ် ငွေလေးသောင်းဆိုတာ ကျုပ်တို့ ဆင်းရဲတဲ့ လူမှာ တစ်သက်လုံး လောက်တဲ့ငွေဗျ။ မောင်ကျော်မင်းဘ က ရှုံးရင်လဲ ဘာမဟုတ်တဲ့ဓာတ်မီးခြ ကလေးကိစ္စနဲ့ လက်ညှိုးတစ်ချော သက်သက် အပြတ် ခံရတော့မယ် ဒီတော့ ဘယ်သူကနိုင်နိုင်၊ ဘာအကျိ ရှိဦးမလဲ။ စဉ်းစားကြပါဦး။ ကျုပ်ပြောဘ ကလေးနက်နက်နဲနဲစဉ်းစားကြ၊ ဒီတေ ဆရာဝန်ကြီးက လူကြီးဖြစ်တဲ့အတွ အလျှော့ပေးလိုက်ပါဗျာ၊ ကျုပ် တောင် ပန်ပါတယ်"

ဝန်။ ။"အောင်မယ် - ကျုပ်က ဘ ပြုလို့ အလျှော့ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com

ခင်၊ ။"ဒီလိုဆိုရင်လဲ မောင်ကျော်
င်းကာ အလျှော့ပေးလိုက်ပါကွယ်"

မင်း။ ။"ကျွန်တော်က ဘာဖြစ်လို့
ပေးရမလဲဗျ။ ကျွန်တော် ရှုံးရင် ဖြတ်ပေ
ပေ"

ခင်၊ ။"နှစ်ယောက်စလုံး ကျုပ်
တောင်းပန်တာကို နားမထောင်ကြဘူး
ပေါ့လေ"

ဝန်၊ ။"မထောင်နိုင်ဘူးဗျို့"

မင်း။ ။"ကျွန်တော်လဲ မထောင်နိုင်
ဘူး။ ကဲ-စကြမယ်"

ပန်းချီဆရာကြီး ဦးအုန်းခင်သည်
ည့်ခန်းရှိ စားပွဲဝိုင်းတွင် လမ်းဘက်သို့
ျက်နှာမူ၍ထိုင်လျက်ရှိရာ ဆရာဝန်ကြီး
ဦးစံလှထွန်းနှင့် သဘော်သား မောင်
ကျော်မင်းတို့က သူ၏ဝဲယာ တစ်ဖက်
တစ်ချက်တွင် ထိုင်လျက်ရှိကြ၏။

ခင်၊ ။"ကဲ-နှစ်ယောက်စလုံးသာ
မလျှော့ဘူးဆိုရင်တော့ အလုပ်စကြစို့။
မောင်ကျော်မင်းကမီးခြစ်ထုတ်-အသင့်
ြင်ထား၊ ဒီမီးခြစ်ကလေးကို လက်နဲ့
အသင့်ကိုင်ထား။ တစ်၊ နှစ်၊ သုံး၊ အစဉ်
အတိုင်း စက္ကန့်(၃၀)ကြာလောက်မှ
ကျုပ်က ရွတ်မယ်၊ မောင်ကျော်မင်းက
မီးခြစ်ကို ခြစ်ပေတော့၊ မီးတောက်ရ
မယ်၊ (၁၀)ချက်အထိ တစ်ချက်မှ

မတောက်မရှိစေရဘူး။ (၁၀)ချက်စလုံး
တောက်ရင် မောင်ကျော်မင်းက အနိုင်
ရပြီ၊ ဆရာဝန် ဦးစံလှထွန်းရဲ့ဘဲလ်အဲ
ယားကြီးကို ယူပေတော့၊ ဆရာဝန်ကြီး
ဘက်က ပြောရမယ်ဆိုရင်လဲ ကျုပ်က
တစ်၊နှစ်၊သုံးလို့အချက်ပေးတဲ့အချိန်မှာ
မောင်ကျော်မင်း လိုက်ခြစ်လို့ တစ်ချက်
လွဲပြီး မီးမတောက်ဘူးဆိုခဲ့လို့ရှိရင်
မောင်ကျော်မင်းရဲ့ဘယ်ဘက်လက်
လက်ညှိုးကို ဆရာဝန်ကြီးက ဖြတ်ပေ
တော့။ ကျုပ်ပြောတာ နှစ်ယောက်စလုံး
သဘောတူကြပြီမဟုတ်လား"

ဝန်၊ ။"တူပါပြီ"

မင်း။ ။"တူပါတယ်"

ဆရာဝန်ဦးစံလှထွန်း၏မျက်နှာမှာ
ရက်စက်သည့်အမူအရာမျိုးဖြင့်ခပ်အေး
အေးပင် ရှိနေသကဲ့သို့ ရှိလေရာ မောင်
ကျော်မင်း၏မျက်နှာမှာမူ ခက်ထန်သကဲ့
သို့ တင်းမာဟန်ရှိသော်လည်း မီးခြစ်
ကိုင်ထားသည့်လက်မှာ မသိမသာ တုန်
လှုပ်လျက် ရှိလေသည်။

ခင်၊ ။"ကဲ-မောင်ကျော်မင်း
အသင့်ရှိပြီလား"

"ရှိပါပြီ"

ခင်၊ ။"တစ်"

မောင်ကျော်မင်းသည် ထောက်ခနဲ
တစ်ချက်ခြစ်လိုက်ရာ မီးတောက်၍သွား
၏။ စက္ကန့်(၃၀)ခန့်အကြာတွင် ပန်းချီ
ဆရာကြီး ဦးအုန်းခင်က "နှစ်" ဟု အော်
လိုက်သည်တွင် ဒုတိယအချက်ကို ခြစ်
လိုက်ပြန်၏။ မီးတောက်၍ သွားပြန်၏။

ဤသို့ဖြင့် ဒိုင်လူကြီးဖြစ်သူ ပန်းချီ
ဆရာ ဦးအုန်းခင်က တစ်ကြိမ်လျှင်
စက္ကန့်သုံးဆယ်စီခြား၍ "တစ်၊ နှစ်၊ သုံး"
စသည်ဖြင့် အစဉ်အတိုင်း ရွတ်ဆိုလျက်
ရှိလေရာ နံပါတ် "ရှစ်" အထိ အောင်မြင်
ခဲ့လေပြီ။ နောက်နှစ်ချက်သာ လိုတော့
သဖြင့် လောင်းကြေးစားကြေးလုပ်သူ
များ၏မျက်နှာမှာ သွေးရောင်များ လျှမ်း
သကဲ့သို့ ဖြစ်လာကာ ၎င်းတို့၏ အသွင်
အပြင်များသည်လည်း စိတ်အားထက်
သန်ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း
စသည့်အမူအရာတို့ဖြင့် ရောပြွမ်းလျက်
ရှိလေသည်။

ခင်။ ။"ကိုး"

မောင်ကျော်မင်းသည် ထောက်ခနဲ
ခြစ်လိုက်၏။

သို့သော် ထိုအချိန်၌ကား
မီးမတောက်တော့ချေ။ မီးခြစ်မှာ မီးပွင့်
သည်ဆိုရုံမျှသာ ပွင့်သွား၍ မီးစာကို
မီးမစွဲတော့ချေ။

ထိုအခါဆရာဝန်ဦးစံလှထွန်းသည်
တုန်ယင်သောအသံကြီးဖြင့်-

"ကျုပ် နိုင်ပြီ-ကျုပ်နိုင်ပြီ။ နောက်
ထပ်မခြစ်စေနဲ့တော့ဗျို့။ ခင်ဗျားလူ အရှုံး
ခံလိုက်ပေတော့" ဟု အလန့်တကြား
ဟစ်အော်လိုက်လေသည်။

ခင်။ ။"မှန်ပေတယ်-မောင်ကျော်
မင်း။ နဝမအချက်မှာ မောင်ကျော်မင်း
မီးခြစ်က မီးမတောက်တော့ဘူး။ ဒီတော့
မောင်ကျော်မင်း ရှုံးပြီ"

မင်း။ ။"ဟုတ်ကဲ့၊ ရှုံးပါပြီ၊ မနိုင်ရင်
ရှုံးမြဲပဲ"

ဝန်။ ။"ကဲ-မောင်ကျော်မင်း ဦးခဲ့
အခန်းထဲ လိုက်ခဲ့ပေတော့။ ဒီမှာ ဖြတ်လို့
မဖြစ်ဘူး"

ဆရာဝန် ဦးစံလှထွန်းသည် သူ၏
ဆေးခန်းထဲသို့ ရှေ့ဆုံးမှ ဝင်သွားရာ
မောင်ကျော်မင်းသည် ၎င်းနောက်မှ ခြေ
စွာလိုက်၍ ဒိုင်လူကြီး ဦးအုန်းခင်လည်း
၎င်းတို့နောက် ကပ်၍လိုက်သွားရလေ
သည်။

☆☆☆

အခန်းတွင်းသို့ ရောက်သောအခါ
အိမ်ရှင်ဆရာဝန် ဦးစံလှထွန်းက ညွှန်ပြ
သဖြင့် မောင်ကျော်မင်းမှာ လေးထောင့်

www.burmeseclassic.com

www.burmeseclassic.com

စားပွဲတစ်လုံးရှေ့ရှိ ကုလားထိုင်ပေါ်၌ ထိုင်ပြီးလျှင် ပန်းချီဆရာဦးအုန်းခင်မှာ မှ မနီးမဝေးရှိ ခုံရှည်တစ်ခုပေါ်တွင် ထိုင်နေလေသည်။ ဦးစံလှထွန်းသည် ဗီရိုတစ်ခုကို ထုတ်ယူခဲ့ပြီးလျှင် လေးထောင့်စားပွဲပေါ်၌ ချထားလိုက်၏။ ထိုသစ်သားပြားပေါ်၌ကား လူ၏လက်ကို ဖြန့်ထားဘိသကဲ့သို့ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး၊ လက်မ နေရာများသည်သစ်သားပေါ်တွင် သူ့နေရာနှင့်သူ အံကိုက်ထုထွင်းထားသဖြင့် သစ်သားမျက်နှာပြင်မှ အောက်သို့ အတန်ငယ် ချိုင့်ဝင်လျက်ရှိနေ၏။ လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်း ကြားတွင်လည်း သစ်သားငုတ်ကလေး (၃-၄) ချောင်းစီ စိုက်ထူထားရာ လက်ချောင်းကလေးများကို နေရာမှ မရွေ့လျားနိုင်အောင် ပြုလုပ်ထားခြင်းဖြစ်ဟန်တူလေသည်။

ဆရာဝန် ဦးစံလှထွန်းသည် ဗီရိုတစ်ခုအတွင်းမှ အရက်ပုလင်းနှင့် ဒန်ခွက်ငယ်တစ်လုံး ယူခဲ့ပြီးလျှင် ဒန်ခွက်ကလေးအတွင်းသို့ ဝီစကီကို လက်နှစ်လုံးခန့်ထည့်၍မောင်ကျော်မင်းက ခက်ထန်သည့်မျက်နှာဖြင့် "ကျွန်တော့်ကို ကြောက်တယ်လို့များ ထင်နေသလား၊ တစ်ချောင်းမဟုတ်ဘူး၊ ဆယ်ချောင်းဖြတ်လိုက်။

(ဝန်)။ ။"စိတ်မရှိပါနဲ့-မောင်ကျော်မင်းရယ်။ ဖြတ်တဲ့အခါ သွေးအတော်ထွက်မှာမို့ သွေးကိုထိန်းတဲ့သဘောနဲ့ တိုက်ရတာပါ။ ဖြတ်ပြီးတော့ သွေးတိတ်အောင်လုပ်ပြီး အနာကို ဆေးထည့်ပေးရမယ့်တာဝန်ကလဲ ရှိပါသေးတယ်"

(မင်း)။ ။"စကားရှည်မနေပါနဲ့ဗျာ၊ ဖြတ်စရာရှိရင် မြန်မြန်ဖြတ်"

သို့နှင့် ဆရာဝန် ဦးစံလှထွန်းသည် တစ်လက်မခွဲခန့်ရှိဆောက်ပြားကလေးတစ်ခုကို အံဆွဲတစ်ခုအတွင်းမှ ထုတ်ယူခဲ့ပြီးလျှင် ၎င်း၏လက်ယာဘက်၌လည်း တောင်ဆုပ်ခန့်ရှိ သစ်သားလက်ရိုက်ကလေးတစ်ခုလည်း ပါလာလေသည်၊ ထို့နောက် ဦးစံလှထွန်းသည် မောင်ကျော်မင်း၏လက်ကို စဉ်းတီတုံးကဲ့သို့ ရှိနေသည့် ပျဉ်ချပ်ပေါ်တွင်တင်ကာ လက်ငါးချောင်းကို သူ့နေရာနှင့်သူ ချထားလိုက်လေသည်။

ထိုအချိန်၌ ဒိုင်လုပ်သူ ပန်းချီဆရာကြီးဦးအုန်းခင်မှာထိုအခြင်းအရာများကို မကြည့်ရက်နိုင်သဖြင့် မျက်နှာကိုအခြားဘက်သို့လွှဲ၍ထားလိုက်၏။ ဦးစံလှထွန်းသည် သင်တုန်းဓားကဲ့သို့ ထက်မြက်သောဆောက်ပြားကို မောင်ကျော်မင်း၏လက်ညှိုးရင်း၌ အသာဆ၍တင်ထားလိုက်၏။ ထို့နောက်သူသည်မိမိအမှုကိစ္စအောင်မြင်တော့မည်ဟူသောအတွေးဖြင့် မျက်နှာများ ရွှင်လန်းသကဲ့သို့ ရှိနေလေရာ မောင်ကျော်မင်းကလည်း ကြောက်ရွံ့သည့်အမူအရာဟူ၍အနည်းငယ်မျှမပြဘဲ မိမိ၏အပြစ်ကို ခါးစည်း၍ခံတော့မည်ဟု အံကြိတ်လျက် နေလေသည်။

ဆရာဝန် ဦးစံလှထွန်းသည် လက်ရိုက်ကိုကောက်ယူကာ ညာဘက်လက်ကို မြှောက်လိုက်၏။ သို့သော် ထိုခဏ၌ အခန်းတံခါးသည် ရုတ်ခနဲ ပွင့်သွားပြီးနောက် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်သည် လက်ထဲတွင် ဒန်ရောင် ပစ္စတိုကလေးကိုကိုင်ကာ "လက်ထဲကပစ္စည်းတွေ ချလိုက်စမ်း-ကိုစံလှထွန်း။ အခုထက်ထိ ဒီအကျင့်တွေ မဖျောက်သေးဘူးလားဟင်၊ လက်ထဲက ဆောက်နဲ့လက်ရိုက်ကို မချရင် ရှင့်လက်ကိုပစ်ချိုးပစ်လိုက်မယ်" ဟုဟစ်အော်လိုက်သဖြင့် ဦးစံလှထွန်းမှာ လက်ရိုက်နှင့် ဆောက်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်ရတော့၏။

သဘော်သား မောင်ကျော်မင်းန
လူကြီးလုပ်သူပန်းချီဆရာဦးအုန်းခင်
သည်လည်း အသံကြားရာဘက် သ
လှည့်ကြည့်လိုက်ရာ ရုပ်ရည်ချောမေ
သည့်အမျိုးသမီးတစ်ယောက်ကိုမမ
လင့်ဘဲ မြင်လိုက်ရသဖြင့် ပါးစပ်များ
ဟကာ အံ့အားသင့်လျက် ရှိကြ
သည်၊ ဦးစံလှထွန်းမှာလည်း တ
သူကြီးရှေ့သို့ရောက်ရှိနေသောတ
တစ်ယောက်ကဲ့သို့ နေရာ၌ပင် မ
မယှက် မျက်နှာကိုအောက်ချလျက် 
နေတော့၏။

ဝန်၊ ၊ "မင်း သက်သက်ဝင်ရှုပ်
ပဲ-စိန်စိန်၊ ဒါဟာ ငါ့အလုပ်၊ ဒါဟာ
ဝါသနာ၊ ဒါဟာ ငါ့အသက်ဆိုတာ မင်း
တယ်မဟုတ်လား"

စိန်၊ ၊ "သိတယ်၊ သိတယ်၊ ကျွန်
သိတယ်၊ သိလွန်းအားကြီးလို့ ခက်
တာပေါ့၊ ကျွန်မမရှိရင် ရှင် ဒီလိုတာ
ဖြစ်လိမ့်မယ်ဆိုတာ သိတာနဲ့ ပဲခူး
တောင် ညမအိပ်ဘဲ ညွန့်ညွန့်တို့ကား
ချက်ချင်းပြန်လာခဲ့တယ်၊ ဟော-
ကျွန်မထင်တဲ့အတိုင်း ဖြစ်နေပြီ"

စိန်စိန်ဆိုသူ အမျိုးသမီးကြီးသ
သေနတ်ကလေးကို ခါးထဲသို့ ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်ပြီးလျှင်ဆရာဝန်ဦးစံလှထွန်း၏လက်ဝဲဘက် လက်မောင်းကိုပွေ့ဖက်လျက် မိမိကိုယ်ဖြင့် ဖေးမကာ အိပ်ခန်းရှိရာ အခြားဘက်ခန်းသို့ တွဲခေါ်သွားလေ၏။ ထို့နောက်မိမိ၏လင်ယောကျ်ားအား ခုတင်ပေါ်၌ အသာအယာ အိပ်စေပြီးလျှင် "စိန်ပြောတာ နားထောင်နော် မောင်။ မောင့်ကို အခု ဆေးတစ်ခွက်တိုက်ရမယ်၊ ပြီးတော့ စိန်က ဆေးလဲထိုးပေးမယ်။ မောင် - အသာမှိန်းနေ။ မောင် - အိပ်ပျော်သွားပြီး နိုးလာတဲ့အခါ စိန်နဲ့အတူ မြိန်မြိန်စားရအောင် စိန်က ညစာကို အသင့်ပြင်ထားမယ်။ ရော့၊ ရော့၊ ဟောဒီဆေးကလေးကို သောက်လိုက်"

အမျိုးသမီးကြီးသည် အနီးရှိ ဗီရိုတစ်ခုအတွင်းမှ ပုလင်းတစ်လုံးကို လျင်မြန်စွာ ထုတ်ယူပြီးလျှင် ဆေးရည်အနည်းငယ်ကို ဖန်ခွက်ကလေးတစ်ခုအတွင်းသို့ ထည့်၍ ဦးစံလှထွန်းအား ချော့မော့တိုက်လိုက်၏။ ထို့နောက် အခြားဗီရိုအတွင်းမှဆေးရည်ထည့်ထားသော ဖန်ပြွန်ငယ်တစ်ခုကိုယူကာ ၎င်းအတွင်းမှဆေးရည်များကိုဆေးထိုးအပ်ဖြင့် စုပ်ယူပြီးနောက် ဦးစံလှထွန်း၏ လက်ဝဲဖက်လက်မောင်းကို ထိုးလိုက်



အသုံးမှာတော့ ဆန်းကြယ်တဲ့ စိတ်ရောဂါတစ်မျိုးပါပဲ။ သူ အင်မတန် စိတ်ခက်ထန်ပြီး ပြတ်ချင်တောက်ချင်တဲ့ စိတ်တွေ ပေါ်လာတဲ့အချိန် ကျွန်မက ချောင်းချောင်းချော့နဲ့ သူ စိတ်ချမ်းသာအောင် ပြောလိုက်ပြန်တော့လည်း မနုတ်တက်တဲ့ကြောင်ကလေးလို တစ်ခါတည်း ငြိမ်ကျသွားပြန်တော့တာပဲ။ အခုကြည့်ပါလား၊ အိပ်ဆေးတစ်ခွက် တိုက်လိုက်တော့ အိပ်ပျော်သွားရှာပြီလေ။



လေ၏။ ဦးစံလှထွန်းမှာ တစ်ကြိမ်မျှတွန့်ခနဲဖြစ်သွားပြီးနောက် (၂)မိနစ်အကြာတွင် တစ်ခါတည်း အိပ်ပျော်၍ သွားလေတော့၏။

အဖြစ်အပျက်များမှာ လျင်မြန်လွန်းလှသဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ မျက်လုံးများပြူးကာ အံ့အားသင့်လျက် ရှိနေကြ၏။ အမျိုးသမီးကြီးသည် "ကဲ - ရှင်တို့ပါလိုက်ခဲ့ကြပါဦးရှင်" ဟု ဖိတ်ခေါ်သဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ အိပ်ခန်းအထိ လိုက်ပါသွားကြရလေသည်။ ကျားတစ်ကောင်ကဲ့သို့ ယခင်က ခက်ထန်လျက်ရှိသော ဆရာဝန်ဦးစံလှထွန်းမှာ ယခုအချိန်တွင် သိုးငယ်တစ်ကောင်ကဲ့သို့ ငြိမ်သက်လျက် ရှိနေလေပြီ။

☆☆☆

ဦးစံလှထွန်းအိပ်ပျော်၍သွားသောအခါ ၎င်း၏ဇနီး စိန်စိန်သည် ဧည့်သည်နှစ်ယောက်တို့အား ဧည့်ခန်းသို့ဖိတ်ခေါ်ကာ ဆိုဖာများပေါ်တွင် ထိုင်စေလျက် ဖြစ်ပျက်ပုံအကျိုးအကြောင်းကိုမေးမြန်းလေရာ ပန်းချီဆရာ ဦးအုန်းခင်က အင်းလျားကန်စောင်းတွင် မိမိပန်းချီဆွဲနေသည့်အချိန်မှစ၍ ယခုအထိဖြစ်ပျက်သော အကျိုးအကြောင်းများကို ခရေစေ့တွင်းကျ ပြန်ပြောလျက် ရှိလေသည်။ ပြီးဆုံးသောအခါ စိန်စိန်က သက်ပြင်းတစ်ချက်ချလျက် "ဩော် - လက်စသတ်တော့ ဒီလိုကိုး။ ဘာမဟုတ်တဲ့အကြောင်းကလေးနဲ့ အခုလို စိတ်ဒုက္ခရောက်ကြရတာ ကျွန်မ ဝမ်းနည်းပါတယ်ရှင်။ ကျွန်မယောကျ်ားက လွန်ခဲ့တဲ့ (၄၊ ၅၊ ၆) နှစ်လောက်ကတည်းက သူ့စိတ်ဟာ တစ်မျိုးဖြစ်နေတယ်ရှင့်။ လူတစ်ယောက် သွေးထွက်သံယိုဖြစ်တာကို သူမြင်ရရင် သူ့စိတ်ထဲမှာ သိပ်ပြီးပီတိဖြစ်တယ်။ အစကသူဟာ ဆေးဝါးကုသတဲ့ဘက်ကပါပဲရှင်။ နို့ပေမဲ့ - သူ့မိတ်ဆွေ ဆရာဝန်တစ်ယောက်က သေနတ်ဒဏ်ရာရတဲ့ စစ်သားကလေးတစ်ယောက်ကိုလက်ဖြတ်ပြီးကုတာ သူမြင်ရတဲ့အချိန်ကစပြီး သူ့စိတ်ဟာ ဘယ်လိုဖြစ်တယ်မသိပါဘူး။ ခြေချောင်း၊ လက်ချောင်းတွေ ဖြတ်တဲ့အလုပ်မှာ ရုတ်တရက် စိတ်ဝင်စားလာပြီး "ငါဟာ ခွဲစိတ်ဖြတ်တောက်တဲ့ဆရာဝန် မလုပ်မိတာ မှားတယ်ကွယ်" လို့ တတွတ်တွတ် ပြောနေတာပဲ ရှင်၊ ဒီအချိန်ကစပြီး ဘယ်လူနဲ့ပဲဖြစ်ဖြစ် ဘယ်လိုအသေးအဖွဲ့ကိစ္စမျိုးမှာပဲဖြစ်

www.burmeseclassic.com



ဖြစ် လောင်းကြေးစားကြေးလုပ်၊ သူက ရှုံးရင်လဲငါးရာပက်ခနဲ၊ တစ်ထောင်ပက်ခနဲ ပေးလိုက်တာပဲ။ အင်း – သူက နိုင်ရင်တော့ တစ်ဖက်သားမှာ မသက်သာဘူး မှတ်တော့၊ အနည်းဆုံး လက်ချောင်းတစ်ချောင်းတော့ ဖြတ်ရမှ စိတ်ကျေနပ်တယ်၊ ဒီမှာကြည့်လေ၊ အကြောင်းမပါခင်သူနဲ့လောင်းကြေးစားကြေးလုပ်မိလို့ ကျွန်မ ရှုံးပြီး လက်တစ်ချောင်းအဖြတ်ခံရတာ"

ဆရာဝန်ကတော်သည် ခပ်ကွယ်ကွယ်ထားသော သူ၏လက်ဝဲဘက်လက်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ စိန်စိန်၏လက်ဝဲဘက်လက်ညှိုးကလေးမှာ အရင်းမှ ပြတ်လျက်ရှိလေရာ လက်သန်းတွင် ဝတ်ထားသော စိန်ခြယ်လက်စွပ်ကလေးမှာ ဓာတ်မီးရောင်တွင် တဖိတ်ဖိတ်တောက်လျက်ရှိလေသည်။

စိန်စိန်က ဆက်လက်၍၊ ၊"အဲဒါသာ ကြည့်ကြပေတော့၊ သူ လက်ထပ်မယ့်မိန်းမတောင်မညှာဘူး၊ ဘာ့ကြောင့်အဖြတ်ခံရတယ်ဆိုတာတော့ ကျွန်မကိုယ်ရေးကိုယ်တာဖြစ်နေလို့ မပြောပါရစေနဲ့တော့ရှင်"

(ခင်)၊ ၊"ကျွန်တော်တို့ကလည်း မသိချင်ပါဘူး ခင်ဗျာ"

(စိန်)၊ ၊"ကျွန်မနဲ့အကြောင်းပါပြီးမှ သူ့အနိုင်ရလို့ဖြတ်ခဲ့တာ လက်ချောင်း (၇)ချောင်း ရှိပြီရှင့်၊ အားလုံး သူ ဆေးရည်စိမ်ထားတယ်"

(ခင်)၊ ၊"အလိုလေး – ဘုရား ဘုရား"

(မင်း)၊ ၊"သိပ်ကြောက်စရာကောင်းတဲ့လူကြီးပါကလား ခင်ဗျာ"

ထို့နောက် စိန်စိန်က ဆက်လက်၍ –

"သူဟာ ပထမ လူရိုးလူကောင်း တစ်ယောက်ပါပဲရှင်၊ စကားကလည်း အင်မတန်နည်းပြီး အေးအေးနေတတ်တဲ့ လူတစ်ယောက်ပါ၊ နို့ပေမဲ့ – အဲဒီအချိန်ကစပြီးဖြတ်ချင် တောက်ချင်စိတ်တွေ ပေါ်လာတော့တာပါပဲ။ ဒါနဲ့ – ကျွန်မလည်းစိတ်ပညာဘက်ဆိုင်ရာ ပါရဂူကြီးတွေကိုမသိမသာပြကြည့်တဲ့အခါသူတို့က လူ့စိတ်ဟာ တစ်ခါတလေ ထူးထူးဆန်းဆန်း ပြောင်းလဲသွားတတ်တဲ့ အကြောင်း၊ အင်မတန် ရိုးတဲ့လူ့တစ်ယောက်ဟာ ခိုးချင်ဝှက်ချင်တဲ့စိတ် ရုတ်တရက်ဝင်လာတတ်ကြောင်း၊အင်မတန်သတ္တိကောင်းတဲ့ လူတစ်ယောက်လဲ ကြောက်စိတ်တွေ သူ့ရဲဘောကြောင်တဲ့ စိတ်တွေဝင်လာတတ်ကြောင်း ပြောလို့



သိရပါတယ်၊ အဆုံးမှာတော့ ဆန်းကြယ်တဲ့စိတ်ရောဂါတစ်မျိုးပါပဲ၊ သူ့အင်မတန်စိတ်ခက်ထန်ပြီး ဖြတ်ချင်တောက်ချင်တဲ့စိတ်တွေ ပေါ်လာတဲ့အချိန် ကျွန်မက ဖျောင်းဖျောင်းဖျဖျနဲ့ သူ့ စိတ်ချမ်းသာအောင် ပြောလိုက်ပြန်တော့လည်း မရှုတ်တတ်တဲ့ကြောင်ကလေးလို တစ်ခါတည်း ငြိမ်ကျသွားပြန်တော့တာပဲ၊ အခု ကြည့်ပါလား၊ အိပ်ဆေးတစ်ခွက်တိုက်လိုက်တော့ အိပ်ပျော်သွားရှာပြီလေ၊ အိပ်ရာက ထလာရင် တကယ့်လူကောင်းပကတိဖြစ်လာပြီး ရှင်တို့ကိုတောင် မှတ်မိချင်မှ မှတ်မိတော့မယ်၊ ကဲ – ဒါလောက်သိရရင်ကျွန်မယောကျ်ားအပေါ်မှာရှင်တို့ခွင့်လွှတ်နိုင်ကြလိမ့်မယ်ထင်ပါတယ်၊ ဘယ့်နှယ်လဲ – ဒီက မောင်ကလေးကကော ခွင့်လွှတ်မယ်မဟုတ်လား"

(မင်း)၊ ၊"လွှတ်ပါတယ်ဗျာ၊ ဒီအထဲမှာ ကျွန်တော့်မိုက်ပြစ်လည်းပါပါတယ်၊ ကျွန်တော့်လက်ညှိုးတစ်ချောင်း မပြတ်တာလဲ အစ်မကြီး ကယ်ပေလို့သာပေါ့ ခင်ဗျာ"

ထိုအချိန်တွင် ပန်းချီဆရာ ဦးအုန်းခင်သည် နေရာမှထ၍နှုတ်ဆက်လေရာ ဆရာဝန်ကတော် ဒေါ်စိန်စိန်ကလည်း ကျေးဇူးတင်ကြောင်း ပြောဆိုကာ နှုတ်ဆက်လေ၏။

ဤသို့ အပြန်အလှန် နှုတ်ဆက်လျက်ရှိကြစဉ် နှုတ်လျှာသွက်လက်သော သဘောသားကလေးမောင်ကျော်မင်းက "အစ်မကြီးက ကျေးဇူးတင်စရာမလိုပါဘူး ခင်ဗျာ၊ ကျွန်တော်ကသာပြန်ပြီး အစ်မကြီးကို ကျေးဇူးတင်ဖို့ ရှိပါတယ်"ဟု အားကျမခံ နောက်ဆုံး ပြန်၍ ပြောခဲ့လေသည်။

➻ ဒဂုန်ရွှေမျှား

တင်း | ဒန္တသုခရှက်စိမ်းရည်နှင့် သနပ်ခါးစပ်၍ အိပ်ရာဝင်တိုင်း လူးပါ။
တိပ် | နနွင်းနှင့်ငမြူကြီးအစေးကို သွေး၍ လိမ်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# ကံဆိုးကံကောင်း

မွန္တလာဘား



"**ကိုင်း**–ကိုစံအောင် – ခင်ဗျား မှာလိုက်တဲ့ ရိုင်ဖယ်နဲ့ မုဆိုးခေါ်ခဲ့ပါဆိုလို့ အခု – ကျုပ်မိတ်ဆွေ မုဆိုးနှစ်ယောက်ကို ရိုင်ဖယ်တစ်လက်၊ နှစ်လုံးပြူးတစ်လက်နဲ့ အပါခေါ်ခဲ့ပြီ၊ စိုင်ပစ်ရဖို့ကတော့ ခင်ဗျားတာဝန်ပဲနော်"

မြစိမ်းတောင်ခြေ "တောစုရွာ" ဥက္ကဋ္ဌကိုမောင်မောင်က သူ့မန္တလေးက ခေါ်လာခဲ့သော သူ့မိတ်ဆွေ၊ မုဆိုးခင်မောင်ဝင်းနှင့် ဘဒွေးတို့အား ရွာခံမုဆိုး ကိုစံအောင်နှင့် မိတ်ဆက်ပေးရင်း ပြောလိုက်ခြင်းဖြစ်သည်။

"စိတ်ချစမ်းပါ – ဥက္ကဋ္ဌရာ၊ ရိုင်ဖယ်ကောင်းကောင်း ပါလာလို့ကတော့ စိုင်ပစ်ရဖို့က ကျုပ် ရဲရဲကြီး တာဝန်ယူပါတယ်၊ အဲ – လက်ရှော်လို့ ချော်ပစ်ရင်တော့ မပြောတတ်ဘူး"

"လက်ရှော်မှာတော့ မပူနဲ့ – ကိုစံအောင်ရေ၊ ကျုပ်တို့လက်တွေက တစ်ချက်၊ တစ်တောင့်ထွက်အောင်ပစ်တတ်တာတော့ အာမခံတယ်ဗျ – ဟဲ – ဟဲ – ဟဲ"

မုဆိုး ခင်မောင်ဝင်းက ကိုစံအောင်စကားကို ဟာသလေးနှော၍ပြောလိုက်ခြင်းဖြစ်သည်။

"တစ်ချက်တစ်ကောင်လို့ လုပ်ပါ – ဆရာရယ်၊ ဒါမှမဟုတ် – တစ်တောင့်တစ်ကောင်လို့ ပြောပါဗျာ"

ကိုစံအောင့်သားမက် မောင်ညိုက ခင်မောင်ဝင်းစကားကို ဝင်ပြင်လိုက်သည်။

"အဲဒီလောက် အထင်မကြီးနဲ့ – မောင်ညိုရ၊ ငါတို့လက်က တစ်ချက်တစ်ကောင် ဆိုတာထက်၊ တစ်ချက်တစ်တောင့် ဆိုတာက ပိုမှန်မှာကွ – ဟီး – ဟီး – ဟီး"

**မုဆိုးများ သက်စွန့်ကြိုးပမ်း၍ တောလိုက်ကြပုံကို ဖတ်ရှုရပါမည် ..**

(၃၀ – ၆၀) ရိုင်ဖယ်ကို သေနတ်အိတ်မှထုတ်ရင်း မုဆိုးဘဒွေးက နောင်လက်တွေ့တွင် မတော်တဆ လွဲသွားချော်သွားပါက ခံသာအောင် ရယ်ရင်း၊ မောရင်း၊ ရွှတ်ပြက်ပြက်စကားနှင့် ချီဆိုလိုက်သည်။

"ကိုစံအောင် – သူတို့စကားတွေက အပျော်အပြက် ပြောနေကြတာနော်၊ တကယ်ထင်မနေနဲ့ဦး၊ အကောင်တွေ့အောင်သာ ပြပေးလိုက်၊ လက်တွေ့ကျ ခင်ဗျား သိပါလိမ့်မယ်"

ကိုမောင်မောင်က အပျော်အပြက်စကားတွေကြောင့် အထင်သေးသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးသဖြင့် ဝင်ရောက်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါပြီ - ဥက္ကဋ္ဌရာ၊ ကျုပ်သဘောပေါက်ပါတယ်၊ စိုင်တွေ့အောင်ပြပေးဖို့က ကျုပ်တာဝန်ပါ၊ ကျုပ်အကြောင်းလည်း ဥက္ကဋ္ဌသိသားနဲ့၊ မပိုင်ဘဲ မပြောပါဘူး။ အသေအချာ၊ အပိုင်တွေ့ထားတဲ့အကောင်တွေပါ၊ သေနတ်ကကျုပ်တို့မှာတူမီးပဲရှိတော့အကောင်နဲ့မတန်မရာလို့ ခက်နေတာ၊ အခုတောင်ရိုင်ဖယ်ဆရာတွေပါလာလို့၊ ပါမလာရင် ဥက္ကဋ္ဌကြီး နှစ်လုံးပြူးနဲ့ ကျုပ်တူမီးယူပြီး ဖြစ်ချင်တာဖြစ်၊ သွားပစ်ကြတော့မလို့ စီစဉ်ထားတာ"

"အခု - ရိုင်ဖယ်ပါလာတော့ - ဆန္ဒပြည့် သွားပြီမို့လား၊ အစီအစဉ်သာ မြန်မြန်လုပ်တော့ဗျာ"

ဥက္ကဋ္ဌက ကိုစံအောင်ကိုအစီအစဉ်မြန်မြန်လုပ်ဖို့ ပြောလိုက်သည်။

"အစီအစဉ် - အမြန်လုပ်ဆိုရင် - အခုပဲ - ဆွဲလိုက်ကြတာပေါ့၊ ကျုပ်တို့ လှည်း(၂)စီးနဲ့ ဒီည တောလည်ရင်းတောင်ပေါ်တက်သွားကြတာပေါ့၊ လူကတော့ ဥက္ကဋ္ဌကြီးရယ်၊ ကျုပ်ရယ်၊ ကျုပ်သားမက် မောင်ညိုရယ်၊ အောင်ညွန့်ရယ်၊ မန္တလေးက ဆရာနှစ်ယောက်ရယ် ဆို တော်ပြီလေ၊ သေနတ်ကတော့ ရိုင်ဖယ်(၁)လက်၊ နှစ်လုံးပြူး(၂)လက်နဲ့ ကျုပ်တူမီးပါ ယူခဲ့မယ်၊ ရိက္ခာတော့ လိုရမည်ရ (၃)ရက်စာလောက် ယူသွားကြတာပေါ့"

"အေး - အဲဒီအစီအစဉ်အတိုင်း ကောင်းပါတယ်၊ ဒါပေမဲ့ - ငါတော့လိုက်မရဘူး ထင်တယ်၊ ရွာကိစ္စကလေးတွေ လုပ်စရာ ရှိနေသေးတယ်၊ လူကလည်း (၆)ယောက်ကြီးဆိုတော့ မကောင်းပါဘူး၊ ဒီတော့ - ငါနေခဲ့မယ်၊ ငါ့သေနတ်တော့ ယူသွားကြပေါ့"

အစီအစဉ်လုပ်ပြီးသည်နှင့် လှည်း၊ နွားကိစ္စကို ကိုစံအောင်အားပြင်ဆင်စေသလို ရိက္ခာအတွက် လိုအပ်သမျှကိုတော့ ဥက္ကဋ္ဌ ကိုမောင်မောင်က အစီအစဉ်လုပ်ပြီး ထည့်ပေးလိုက်သည်။

ဘဒွေးနှင့် ခင်မောင်ဝင်းတို့မှာလည်း သေနတ်၊ ယမ်းတောင့်၊ ဘက်ထရီမီးတွေကို ညနေကျ အဆင်သင့်ဖြစ်စေရန်ပြင်ဆင်အရံသင့်လုပ်ထားလိုက်ကြတော့သည်။

☆☆☆

ယခု မုဆိုးဘဒွေးနှင့် ခင်မောင်ဝင်းတို့ ရောက်ရှိနေသောနေရာမှာ မန္တလေးမြို့၏ အရှေ့ဘက်ရှု၊ ရှမ်းရိုးမတောင်တန်းကြီး၏အခြေရှိ "တောစု" ရွာကလေးတွင် ဖြစ်သည်။ "တောစု" ရွာကလေး၏အရှေ့ဘက် "မြစိမ်းတောင်"၊ "ကမ်းပါးနီတောင်"၊ "နွားလဘို့တောင်"၊ "ဖျိုင်းရယ်တောင်"၊ "ရေတံခွန်တောင်" အစရှိသည့် တောင်တန်းကြီးများက စီတန်းကာဆီးပြီး တည်ရှိနေရာမြန်မာပြည်နှင့်ရှမ်းပြည်ကို ပိုင်းခြားသတ်မှတ်ပြီး ပေးထားသော နယ်ခြားမှတ်တိုင်ကြီးများသဖွယ် ဖြစ်နေတော့သည်။

မန္တလေးမှ တောစုရွာသို့ သွားဖို့ရာ ခရီးလမ်းမှာ (၁၅)မိုင်မျှသာ ဝေးပြီး "ကြာနီကန်"၊ "မမဥတောင်" (မယ်ဥတောင်)၊ "အိမ်ရှေ့မင်းထန်းတော"၊ "ဇီးတော"၊ "မင်းဝံ"၊ "ဘုတ်"၊ "သက်ကယ်ကျင်း" အစရှိသော ရွာစဉ်များကို ဖြတ်ကျော်သွားကြရသဖြင့် ခရီးလမ်းက မစက်ခဲလှ၊ သွားရေးလာရေးအဆင်ပြေလှသည်။

ဤမျှ ခရီးအကွာအဝေးလေးကို သွားရုံမျှဖြင့် အမဲကြီး "စိုင်" သေချာပေါက် ပစ်ရမည်ဟု တောစုကျေးရွာ ဥက္ကဋ္ဌ၊ မုဆိုး ကိုမောင်မောင်၏ ပြောဆိုဖိတ်ခေါ်မှုကြောင့် မန္တလေးမုဆိုးများဖြစ်ကြသော ဘဒွေးနှင့် ခင်မောင်ဝင်းတို့မှာ သေနတ်ကိုယ်စီဆွဲလျက် အားတက်သရော ချက်ချင်းလိုက်ခဲ့ကြခြင်း ဖြစ်တော့သည်။

တောစုရွာ ရောက်သောအခါ စိုင်တွေထားသောရွာခံမုဆိုးကိုစံအောင်နှင့် မိတ်ဆက်ပေးပြီး တောင်ပေါ်တောကို သွားကြရန် အစီအစဉ်ဆွဲပြီးပြင်ဆင်နေကြခြင်း ဖြစ်တော့သည်။

လှည်း၊ နွား၊ ရိက္ခာ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ပြီး ညနေ၊ နေချိုသည်နှင့် တောစုရွာမှ လှည်း(၂)စီးနှင့် ခရီးစတင်ထွက်ခဲ့ခြင်း ဖြစ်သည်၊ ရှေ့လှည်းပေါ်တွင်ကိုစံအောင်၊ ခင်မောင်ဝင်းနှင့် ဘဒွေးတို့ဖြစ်ပြီးနောက် လှည်းတွင်တော့ ရိက္ခာပစ္စည်းများနှင့် အောင်ညွန့်၊ မောင်ညိုတို့နှစ်ယောက်ဖြစ်သည်။

နေ့မိန်တပေါ[illegible]မို့ နေမင်းက အစွမ်းကုန်ပူပြင်း[illegible]ထားရာအခုနေ့ရှိသွားသည့်တိုင် သူ[illegible]မ[illegible]သေး၊ အငွေ့အသက်က[illegible]ဖျန်နေသေးသဖြင့် မုဆိုး[illegible]အဖွဲ့သားအ[illegible]လုံးမှာ[illegible]ချွေးတလုံး[illegible]နှင့် ရှိနေကြတော့သည်။

လောကဓာတ်ကြီးတစ်ခုလုံးမှာ မြူနိုး၊ မြူမှုန်တို့က မှိုင်းမှိုင်းမှိုင်းမှိုင်း ဆိုင်းဆိုင်းညို့ညို့ဖြစ်နေကြသည်၊ တစ်[illegible]တစ်ချက်လေရှူးအငွေ့တွင်လည်းတော

www.burmeseclassic.com



မီးလောင်ရာမှထိုးထွက်လာသောအငွေ့အသက်တို့ကမှဆိုးများ၏မျက်စိများကို ကျိန်းစပ် မျက်ရည်ထွက်စေကုန်ကြသည်။

လှည်းများက တောင်ခြေအတက်စ,တက်လိုက်သည်နှင့်ဒုန်းဒုန်း၊ဒိုင်းဒိုင်း ကျောက်ခဲနင်းသံများ ကြားရသလို နွားများမှာတော့ ကြိတ်၍ ကုန်းရုန်းနေကြရတော့သည်။ လှည်းပေါ်မှ လူများမှာလည်း ဖင်ကြွ၊ ဖင်ထ၊ ဆောင့်၍ ဆောင့်ကျသဖြင့် ခံရချက်က မသက်သာလှ။

"အောက် – အီ – အီး – အွတ်"

"တစ်တီတူး – ခါး – ခါး"

တောင်စွယ် နေကွယ် သွားပြီမို့ တောကြက်၊ တောခါတို့က တွန်ကျူးမြူးထူး၊ အိပ်တန်းတက်ကြဖို့ နှုတ်ဆက်နေကြသည်။

"ကွိ – ကွိ – ကွ – ကွ"

တောင်ကမ်းပါးယံ၊ ကျောက်တောင်ဘက်က မျောက်တစ်သင်းက လူများကို မြင်လိုက်သည်နှင့် ကွိကွိကွကွ လှုပ်ရှားပြေးလွှားနေကြသည်။

"အင်း – မျောက် တစ် ကောင် လောက် ရိုင်ဖယ်စမ်းလိုက်ဦးမှထင်တယ်"

"ဟာ – မလုပ်ပါနဲ့ – ဘဖြေးရာ၊ တခြားပစ်စရာသားကောင်တွေ ရှိမှာပါ၊ မျောက် ဘာလုပ်မှာလဲ၊ မင်းလည်း စားတာ မဟုတ်ပဲနဲ့"

ခင်မောင်ဝင်းက ဘာသာခြားဖြစ်သော ဘဖြေးကိုပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် – ဆရာဖြေးရ၊ ချေလေး၊ တောင်ဆိတ်ကလေးတွေမှ ဟင်းစားရအောင်ပစ်ပါဗျ၊ မျောက်လောက်နဲ့ အလုပ်မဖြစ်ပါဘူး"

ကိုစံအောင်ကလည်း ဟင်းစားရမယ့်သားကောင်မှပစ်ရန် ပြောလိုက်ပြန်သည်။

"မှောင်ရီပျိုးလာပြီဆိုတော့နောက်ထပ်သားကောင်တွေလည်း ဘယ်မြင်ရတော့မှာလဲ၊ မြင်ရတုန်းအကောင်တွေမှ ပစ်မှဖြစ်မှာပေါ့"

"မပူပါနဲ့ – ဆရာဖြေးရာ၊ ကျုပ်တို့မှာ ဘက်ထရီအိုးနဲ့ ဆလိုက်မီးတွေ ပါနေတာပဲ၊ ရေ့နားကျ – နွားတွေနားရင်း မီးဆင်လိုက်ကြတာပေါ့"

သူတို့အဖွဲ့မိနစ်(၂၀)လောက် နွားနား၊ မီးဆင်ပြီးမှ ခရီးရှေ့ဆက်ခဲ့ကြပြန်သည်။ တောင်ပေါ်ရောက်လာသောအခါ ကွင်းကျယ်မြေပြန့်လို ဖြစ်လာသည်။



လှည်းလမ်းမှာလည်း အတက်စ,တုန်းကလို ကျောက်တုံးကျောက်ခဲများနှင့် ဒုန်းဒုန်းဒိုင်းဒိုင်းမကြမ်းတော့၊ ဒါကြောင့် လှည်းပေါ်မှမတ်တတ်ရပ်ပြီးမီးရှာနိုင်ကြပြီး ဘဖြေးက မီးကိုင်ပြီး သေနတ်ကို ခင်မောင်ဝင်းလက် အပ်လိုက်သည်။ ကိုစံအောင်ကတော့ လှည်းကို ဖြည်းဖြည်းမှန်မှန် မောင်းပေးနေသည်။ နောက်မှ အောင်ညွှန့်တို့လှည်းကိုတော့ ခပ်ခွာခွာ လိုက်လာစေသည်။

တောတောင်များမှာ တဖြည်းဖြည်းနှင့် ထူလာပြီး ဝါးတော၊ အသားတော၊ သစ်ကြီးများ ပေါက်ရောက်သောတော တစ်စတစ်စ ပြောင်းလာသည်၊ တချို့နေရာများမှာသက်ကယ်တော၊သမန်းတောများလည်း တွေ့နေရသည်။ သက်ကယ်တော၊ သမန်းတောများမှာ အများအားဖြင့် မီးလောင်နေကြပြီ ဖြစ်သည်။ တစ်ဆက်တည်း အင်တိုင်းတောများတွင်လည်း ရွက်ကြွေ၊ ရွက်ခြောက်များကို မီးကွက်ကျားလောင်နေကြသဖြင့်ကြည့်ရ၊ မြင်ရသည်မှာ မီးစောင်းတန်းများနှင့် တူနေတော့သည်။ မီးလောင်ကျင်းနှင့် လှည်းလမ်းနီးသွားသောအခါ မီးခိုးများက မွန်ထူလာသဖြင့် မျက်စိစပ် အသက်ရှူကြပ်သွားစေသည်။

"မချောင်ဘူး – ကိုစံအောင်ရေ၊ မျက်ရည်တွင်မကနှာရည်တွေပါကျကုန်ပြီ၊ မီးခိုးလွတ်အောင် မြန်မြန်လေး မောင်းပေတော့ဗျို့"

ဘဖြေးက မီးခိုးဒဏ် မခံနိုင်တော့သဖြင့် လှည်းကိုမြန်မြန်မောင်းနိုင်းလိုက်သည်၊ မီးခိုးလွတ်သွားသောနေရာရောက်မှ မီးပြန်ရှာနိုင်တော့သည်။

"ကိုင်း – မီးခိုးလွတ်သွားပြီဆိုတော့ မီးသေချာရှာပေတော့ – ဆရာဘဖြေးရေ၊ ဒီနေရာတွေက ချေပေါတဲ့နေရာဗျ"

ကိုစံအောင်က မီးအသေချာရှာရန် သတိပေးလိုက်ခြင်း ဖြစ်သည်၊ စကားပြောလို့မှမဆုံးသေး၊ ယုန်တစ်ကောင်က လှည်းဘေးနားက သက်ကယ်ဂူပေါက်ကွင်းတွင် ခုန်ဆွ၊ ခုန်ဆွနှင့် တွေ့လိုက်ရသည်။ ဘဖြေးက ခင်မောင်ဝင်းကို ခြေနှင့်တို့ပြီး အချက်ပေးလိုက်သလို လှည်းမောင်းသူကိုလည်း ခေါင်းကုတ်ရပ်နိုင်းလိုက်သည်။

မီးရောင်ထဲတွင် ယုန်က ဆောင့်ကြောင့်ထိုင်၊ နှုတ်ခမ်းမွှေးသပ်နေသည်။ ခင်မောင်ဝင်းက နစ်လုံးပြူးတွင် စရိတ်ခဲ လဲလိုက်ပြီးမှ ပစ်လိုက်သည်၊ ယုန်မှာ နေရာမှာတင် မလှုပ်မယှက် သေကျသွား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့်ဘဒွေးကကပျာကယာဆင်းသွားပြီး ကောက်လိုက်တော့သည်။

မနက်စာဟင်းအတွက် ယုန်တစ်ကောင်ရသဖြင့် ဝမ်းသာသွားကြသည်။ ယုန်ကို လှည်းတွင် ချိတ်ပြီး ခရီးဆက်ထွက်ခဲ့ကြပြန်သည်၊ အင်တိုင်းသာတောအစပ် ရောက်ကြသောအခါ သစ်ရွက်ကြွေများ မီးလောင်ထားပြီမို့ မြင်ကွင်း၊ ရာကွင်းက ထင်ရှားနေသည်။ ရေ့တော်တော်လှမ်းလှမ်းတွင် မျက်လုံးဝင်းဝင်းတစ်စုံကို တွေ့ရသဖြင့် လှည်းဆရာကိုမြန်မြန်လေးမောင်းခိုင်းလိုက်သည်၊

လှည်းလမ်းအဲယာဘက်ကိုက်(၂၀)လောက်တွင်ချေတစ်ကောင်ထီးထီးကြီးဆီးဖြူသီး ကောက်နေသည်ကို တွေ့ရသဖြင့် မီးထောက်ပေးလိုက်ရသည်။ သေနတ်သမား ခင်မောင်ဝင်းက လက်နောက်အသေချာချိန်လျက် အမြန်ဆုံးမောင်းခလုတ်ကို ဆွဲဖြုတ်လိုက်ပါတော့သည်၊

နှစ်လုံးပြူးသေနတ်သံက "ဒိုင်း" ခနဲတောင်ရိုးတစ်လျှောက် ပဲ့တင်ထပ်သွားသလိုချေမှာလည်းတစ်ချက်ခုန်လိုက်ပြီးလဲကျသွားပါတော့သည်၊ ဘဒွေးရော၊ ခင်မောင်ဝင်းပါလှည်းပေါ်မှဆင်းသွားပြီးသယ်လာကြတော့သည်၊

"သမိုင်းကတော့ ကောင်းပြီဗျို့ နှစ်ကောင်ပစ်ရတာနှစ်ကောင်စလုံးရတယ်ဆိုတော့ မနက်ဖြန် စိုင်လည်း ဒီလိုရအောင်သာ ဆော်ပေတော့ ဆရာတို့ရေ"

နောက်လှည်းကရေ့လှည်းမီလာပြီး မောင်ညိုက ပြောလိုက်ခြင်း ဖြစ်သည်၊



မျက်စိလျင်လျင်၊ ခြေသံလုံလုံနဲ့ လိုက်ကြ။ ဒါမှ−အနီးကပ် ပစ်ရမှာ။ တကယ်လို့ တွေ့ပြီး မပစ်ရရင်လည်း လက်ခေါက်မှုတ် အချက်ပေးလိုက်။ ဒါမှ−ကျန်အဖွဲ့တွေ သိပြီး လိုက်နိုင်အောင်။ တကယ်လို့ သားကောင် ဒီမှာမတွေ့ရင် ရွှေအင်တိုင်းအစပ်မှာ ပြန်ဆုံကြမယ်။



ချေကိုနောက်လှည်းတွင် တင်ပေးလိုက်ပြီး မုဆိုးများရှေ့က အရင်ထွက်ခဲ့ကြပြန်သည်။ ည(၁၂)နာရီလောက်မှ စခန်းချမည့်နေရာ ရောက်ကြပြီးနောက် မနက်အမဲကြီးလိုက်ရာတွင်ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း ဖြစ်စေရန် အိပ်နားလိုက်ကြတော့သည်၊

☆☆☆

အရက်ကျင်း၍ လင်းသည်နှင့် မနက်စာကို စောစောချက်လိုက်သည်။ ယုန်သားရေချိုး ချေကလီစာဟင်း၊ သရက်သီးစိမ်းထောင်းနှင့် အားလုံးဝိုင်းစားလိုက်ကြသည်။ ထမင်းစားပြီးကြသည်နှင့် လှည်းနွားကျောင်းရန် စခန်းစောင့်ရန်အတွက် အောင်ညွန့်နှင့် ခင်မောင်ဝင်းတို့က တူမီးတစ်လက်နှင့် နေခဲ့ကြပြီး ကိုစံအောင်၊ ဘဒွေးနှင့် မောင်ညိုတို့မှာ သေနတ်ကိုယ်စီနှင့် စိုင်ခြေရာ ကောက်ရန် စခန်းမှ ထွက်ခဲ့ကြသည်၊

နွေအခါမို့ မြေမာနေသဖြင့် စိုင်ခြေရာက မိုးတွင်းလို ကောက်၍မလွယ်။ သို့သော် လုပ်နေကျ မုဆိုးများအဖို့တော့ မိုးတွင်းလိုခြေရာအကွက်လိုက်၊ အကွင်းလိုက် မပေါ်သော်လည်း မြေမာပေါ်တွင် မထင်မရှား ခပ်ဝါးဝါးကိုပင် ရာတတ်၊ မြင်တတ်ကြပေသည်။ တချို့နေရာများတွင် သစ်ရွက်ခြောက်များ ရှိနေသဖြင့် သစ်ရွက်ကြွေမွနေပုံကို ကြည့်၍လည်းကောင်း၊ သစ်ရွက်ခြောက်များကို စိတ်ရှည်လက်ရှည် ဖယ်ရှား၍လည်းကောင်း ခြေရာခြေကြောင်းများကို ကောက်ကြရသည်၊

မီးလောင်ပြင် သက်ကယ်ကွင်း၊ ကိုင်းကျင်းများကို ဖြတ်သွားသော စိုင်ခြေရာ၊ ဆတ်ခြေရာများကတော့ မိုးတွင်းပမာ အကွက်လိုက်၊ အကွင်းလိုက် ထင်ကျန်နေရစ်ခဲ့သဖြင့် အလွယ်တကူ မြင်သာ ထင်သာသည်။

ဒါကြောင့် မုဆိုးများမှာ မီးလောင်ပြင်၊ ကိုင်းကွင်း၊ သက်ကယ်ကျင်းများကို အဓိကထားရှာနေကြတော့သည်။ ဒီဘက်အနီးအနားက မီးလောင်ကွင်းများတွင်တော့ ခြေရာအသစ် မတွေ့ရ။ ဒါကြောင့် "သရက်တောစခန်း"၊ "ဇရစ်အင်း" စသည့် စားကျက်များဆီသို့ ခြေဦးလှည့်လိုက်ကြပြန်သည်။ ဇရစ်အင်းတွင်လွန်ခဲ့သောတစ်ရက်၊နှစ်ရက်ခန့်က စားသွားသော စားငုတ်ဟောင်းများတော့ တွေ့ရသည်၊

www.burmeseclassic.com

တစ်ဖန် "ကျွဲကျစခန်း"၊ "သော်ကရေစခန်း" စသည့်ဘက် ခြေစကြာ ဖြန့်လိုက်ကြပြန်သည်။ "သော်ကရေ"တွင်တော့ ညပိုင်းလောက်က ရေသောက်ထားသော ခြေရာသစ်အကွက်အကွင်းကို စတင်တွေ့ရသဖြင့် ဝမ်းသာသွားမိကြသည်။

"သော်ကရေ"စခန်းတွင် ခေတ္တအံပန်းဖြေနား၊ ရေသောက်၊ ဆေးလိပ်သောက်ကြသည်။ သော်ကရေပတ်ဝန်းကျင်ကို မျက်စိကစားလေ့လာလိုက်ရာ သော်ကပင်များ အစီအရီပေါက်နေကြသည်ကိုတွေ့ရသည်။ ဒါကြောင့် ဒီစခန်းကို "သော်ကရေ"ဟု အမည်ပေးထားကြဟန်တူသည်။

သော်ကရေမှစိုင်ခြေရာဦးတည်ရာဆီသို့ ဆက်လိုက်ခဲ့ကြသည်။ စိုင်ခြေရာကို ကြည့်ခြင်းအားဖြင့် စိုင်အုပ်မှာ (၄)ကောင်အုပ်ဖြစ်ကြောင်း ကိုစံတင်က ပြောလိုက်ပြီး သူတွေ့နေကျဖြစ်သော စိုင်အုပ်ပင်ဖြစ်ကြောင်းဘဒွေးကိုတိုးတိုးပြောပြလိုက်သည်။

"ကျုပ်တွေ့ထားတယ်ဆိုတဲ့စိုင်အုပ်က ဒီ(၄)ကောင်အုပ်ထဲ - ဆရာဒွေးရ။ ဒီအကောင်တွေ ပစ်ရမှာ သေချာတယ်၊ တွေ့ရင် လောမကြီးနဲ့၊ အပိုင်သာ ပစ်နော်"

"စိတ်ချစမ်းပါ - ကိုစံအောင်ရာ။ တွေ့သာ တွေ့ပါစေ၊ ကျုပ်ရိုင်ဖယ်ပစ်ကွင်းက မလွတ်ကင်းစေရပါဘူး"

ဘဒွေးက သူကိုင်ထားသော (၃၀-၀၆)ရိုင်ဖယ်၊ ရှေ့ဆိုက်၊ နောက်ဆိုက်များကို ပြန်လည်စစ်ဆေးကြည့်ရှုရင်း ပြောလိုက်ပါသည်။

မုဆိုး ကိုစံအောင်နှင့် သားမက်မောင်ညိုတို့က နစ်လုံးပြူးကိုယ်စီကိုင်လျက် ရှေ့မှ စိုင်ခြေရာများကို အဆက်မပြတ်စေရန် ခက်ခက်ခဲခဲ ခြေရာခံလိုက်နေကြသလို ဘဒွေးကလည်း ရိုင်ဖယ်ကို အရန်သင့်ကိုင်လျက် ရှေ့၊ ဘေး၊ ဘီ မြင်ကွင်းများကို လှမ်းမျှော်ကြည့်ရှု အကဲခတ်ရင်း ကပ်လိုက်ခဲ့ပါသည်။

မြေမာမာ၊ ကျောက်စရစ်ကုန်းရောက်သောအခါ ခြေရာများက မပေါ်တော့သဖြင့် အတော့်ကို ဂရုတစိုက် ရှာနေကြရသည်၊ အချို့နေရာများတွင် သာမန်ဝါန မုဆိုးများဆိုပါက လုံးဝပင် ရှာတွေ့တော့မည်မဟုတ်သော်လည်း ဝါရင့်အတွေ့အကြုံရှိသော မုဆိုးကြီးများအဖို့ကား စိတ်ရှည်လက်ရှည်ဖြင့် ကျိုးကြေ



နေသော သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်ကလေးများကိုလည်းကောင်း၊ ကြေမြနေ ပွန်းပဲ့နေ၊ နေရာရွေ့လျားနေသော ကျောက်ခဲ၊ မြေစိုင်ခဲကလေးများကိုလည်းကောင်း အသေးစိတ်လေ့လာပြီး မရမက ခြေရာထုတ်ယူနိုင်ကြသည်။

စိုင်ခြေရာများက ကျောက်ကုန်းလွန်သွားသောအခါ မီးလောင်ပြင်ကွင်းပြောင်တစ်ခုဆီသို့ ဦးတည်နေသည်။ မီးလောင်ပြင်ကွင်း၊ ပြာမှုန့်များပေါ်တွင်တော့ စိုင်ခြေရာများက အကွင်းလိုက်၊ အကွင်းလိုက်အထင်းသားပေါ်နေသဖြင့် မုဆိုးများ မပင်မပန်း အလွယ်တကူပင် ခြေရာခံနိုင်ကြလေသည်။

မီးလောင်ပြင်ကွင်းကျော်လာသောအခါ စိုင်(၄)ကောင် ခြေရာများက အင်ပင်ပေါက်တောဆီသို့ညွှန်နေတော့သည်။

"ကိုင်း - ခဏနားလိုက်ကြဦး၊ ဒီအကောင်တွေ - ဒီအင်ပင်ပေါက်တောမှာ အင်ဖူး စားမယ်နဲ့တူတယ်"

ကိုစံအောင်က သူ့အဖွဲ့ကို ခဏနားရန်နှင့် သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

"ဟုတ်တယ် - အဘာရ။ ဒီအကောင်တွေ - ဒီနားမှာ စားစရာဆိုလို့ ဒီအင်ပင်ပေါက်အနုကလေးတွေပဲရှိတာ၊ ဒီတောမှာ သေချာပေါက်စားမှာပဲ"

မောင်ညိုက သူ့ယောက္ခမ ပြောစကားကို ဝေဖန်သုံးသပ်ပြီး ထောက်ခံချက်ပေးလိုက်သည်။

"အေး - ဒီတော့ - ဒီအကောင်အုပ်ကို မလွတ်အောင် တို့ကြံရမယ်၊ ဒီအင်ပင်ပေါက်တောကျော်ရင် ဟိုဘက်မှာ အင်တိုင်းတောကြီး ဆက်တွေ့မယ်၊ အင်တိုင်းတောလွန်ရင် တောင်စောင်းနဲ့ ဝါးတောရှိတယ်။ ဒီအင်ပင်ပေါက်တောကို တို့(၃)ယောက် ဖြန့်ပြီး ဝင်မွှေသွားကြမယ်။ ဟိုဘက်လက်စွယ်က မောင်ညို - မင်းလိုက်၊ အလယ်ကြောကိုတော့ ဆရာဒွေးက တာဝန်ယူ၊ ကျုပ်က ဒီဘက်လက်စွယ်က ပတ်ခဲ့မယ်၊ မျက်စိလျှင်လျှင်၊ ခြေသံလုံလုံနဲ့ လိုက်ကြ၊ ဒါမှ - အနီးကပ်ပစ်ရမှာ၊ တကယ်လို့ တွေ့ပြီး မပစ်ရရင်လည်း လက်ခေါက်မှုတ်၊ အချက်ပေးလိုက်။ ဒါမှ - ကျန်အဖွဲ့တွေသိပြီး လိုက်နိုင်အောင်၊ တကယ်လို့ သားကောင် ဒီမှာမတွေ့ရင် ရှေ့အင်တိုင်းအစပ်မှာ ပြန်ဆုံကြမယ်"

ကိုစံအောင်က ခေတ္တအပန်းဖြေနားရင်း စီမံကိန်းချ၊ ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း - အခုပြောတာ သဘော ပေါက်တယ်မို့လား၊ သဘောပေါက်ရင် အစီအစဉ်အတိုင်း မောင်ညို - မင်းက ဟောဟို လက်ဆွယ်က သွား၊ ဆရာ ဒွေးက အလယ်ကျောကို ဝင်၊ ကျုပ်က ဒီဘက်က ပတ်မွှေလိုက်မယ်"

ပြောပြောဆိုဆို၊ ကိုစံအောင်က နေရာမှထ၍ ထွက်သွားသဖြင့် ဘဒွေး နှင့် မောင်ညိုတို့လည်း တာဝန်ကျရာဆီသို့ လှမ်းခဲ့ကြရသည်၊

ဘဒွေးမှာ ရိုင်ဖယ်ကို အရန်သင့် အနေအထားနှင့် အင်ပင်ပေါက်တော အလယ်ကျောသို့ တစ်လှမ်းချင်းတိုးဝင်ခဲ့သည်၊ တချို့နေရာများမှာ မီးလောင်ပြီး သွားသဖြင့် အောက်ခြေရှင်း၊ ပြောတလင်း ဖြစ်နေသော်လည်း တချို့နေရာများတွင် အင်ဖက်ခြောက်များက မီးမလောင်၊ ကျန်နေသေးသဖြင့် ခြေလှမ်းတိုင်း တဖျွမ်းဖျွမ်းမြည်နေကြသည်၊ ဒါကြောင့် အသံမမြည်အောင် အင်ရွက်ခြောက်များကို ရှောင်ကွင်းနင်းရင်း အင်တော အလယ်ကျောကို မျက်စိလျှင်လျှင်ထား ရင်း သားကောင်များကို ရှာနေမိသည်၊

အင်ရွက်အနများမှာ နီဝါရောင် သန်းနေသဖြင့်တစ်ခါတစ်ခါ စိုင်များလား ဟုပင် ထင်မှတ်မှား၊ မှားသွားမိသည်၊ တချို့အင်ပင်များတွင် အင်ဖူးနှင့် အင်ရွက်နုများကို စိုင်များ စားထားသဖြင့် ငုတ်တိုဖြစ်နေသည်ကို တွေ့ရသည်၊

အင်ပင်ပေါက်တော ဆုံးခါနီး အင် တိုင်းတော မရောက် တရောက်တွင် လက်ျာဘက်မောင်ညိုဆီမှလက်ခေါက် မှုတ် စူးစူးရှရှ အချက်ပေးသံက ကြား လိုက်ရသည်၊ အသံကြားကြားချင်းသား ကောင်တွေ့၍ အချက်ပေးကြောင်း သိ လိုက်သော ဘဒွေးမှာ မောင်းတစ်ဝက် သာ ထိုးထားသော သေနတ်ကို မောင်း အပြည့်တင်ပြီး ပစ်ခတ်ရန် အရန်သင့် အနေအထားနှင့် မျက်စိကို ဖွင့်၊ နားကို စွင့်ပြီး စောင့်စားနေလိုက်သည်၊

သူ၏လက်ျာဘက် ကိုက် (၅၀) လောက်မှ တဝေါဝေါ တဖြောင်းဖြောင်း ပြေးလွှားတိုက်ခတ်သွားသော သား ကောင်များ၏လှုပ်ရှားသံများကအတိုင်း သား ကြားနေရသည်၊ အသံကြားရာသို့ သေနတ်ကိုတန်း၍လှကလည်းအပြေး အလွှား ရွေ့လျားနေရသည်၊ တစ်နေရာ၊ အပင်ကျဲကျဲကြားမှ စိုင်များ ပြေးလွှား သွားသည်ကို ရဲခနဲ ရဲခနဲ မြင်တွေ့လိုက် ရသည်၊



သားကောင်များနှင့်အပြိုင် ယှဉ် ပြေးရင်း အင်တိုင်းတောစပ်ရောက် သဖြင့်ရပ်လိုက်ပြီးအခြေအနေကိုကြည့် ရှုလေ့လာလိုက်သည်၊ စိုင်များမှာ အင် တိုင်းတောထဲရောက်သွားသဖြင့်အပြေး ရပ်သွားကာခြေလှမ်းမှန်မှန်နှင့်ရွေ့လျား နေကြသည်ကို မြင်ရသဖြင့် သူတို့ရေ့ သစ်ပင်ကျဲကျဲ၊ မြင်ကွင်းရှင်းသောနေ ရာသို့သေနတ်ကိုဖြောင့်တန်းမှု ယူထား လိုက်သည်၊

စိုင် (၄)ကောင်အုပ်တွင် ရှေ့ဆုံးမှ စိုင်ထီးပိုးကြီးက ဦးဆောင်၍ နောက် မှ စိုင်မ (၃)ကောင်က ခပ်လှမ်းလှမ်းမှ ပါလာခြင်းဖြစ်သည်၊ ဘဒွေးနှင့် စိုင်များ ၏အကွာအဝေးမှာ ကိုက်(၁၀၀)ခန့်မျှ ဝေးကွာနေသော်လည်း အထင်အရှား မြင်တွေ့နေရသည်၊

ရှေ့ဆုံးမှစိုင်ထီးပိုးကြီးမှာနောက်မှ စိုင်မများဆီ တစ်ချက်တစ်ချက် လှည့် ကြည့်ရင်းဘဒွေးချိန်ထားသောပစ်ကွင်း တွင်း ရောက်လာသည်၊ ဘေးတိုက် အနေအထား စိုင်ကြီး၏ အကျယ်လက် နောက်နေရာသို့ ရှေ့ချိန်သီး နောက်ချိန် ခွက် တစ်တန်းတည်း ကျရောက်သွား သည်နှင့် မောင်းခလုတ်ကို အညင်သာ ဆုံး ဖြုတ်ချလိုက်ရာ၊

"ဒိုင်း"ခနဲ (၃၀ - ၀၆)ကျည်ပေါက် ကွဲသံက ထွက်ပေါ်လာပြီး (၁၈၀)ဂရမ် ကျည်ဖူးအရှိန်က စိုင်ကြီး၏လက် နောက်ကို ထိမှန်သွားဟန်ရှိသည်၊ သေနတ်သံပေါ်ထွက်သွားသည်နှင့်တစ် ပြိုင်နက် စိုင်ကြီးမှာ လေထဲသို့ တစ်ချက် ခုတ်လိုက်ပြီး ဦးတည်ရာ ပြေးလွှား ပျောက်ကွယ်သွားတော့သည်၊

မှဆိုးမှာ ကပျာကယာ ပစ်ပြီးကျည် ခွံကို ဆွဲထုတ်၊ အသစ်တစ်တောင့်ထိုးပြီး ကျန်စိုင်များဆီသို့ ကြည့်လိုက်ရာ သေ နတ်သံကြောင့် ခေတ္တရပ်သွားပြီး ရှေ့သို့ သုတ်သုတ်ဆက်ထွက်လာကြပြန်သည်၊

စိုင်ပေါက်ကြီး ပစ်လိုက်ရာ ပစ်ကွင်း နေရာအရောက် စိုင်မ (၃)ကောင်မှ အကြီးဆုံးအကောင်ကို လည်တိုင်ရင်း ဆီသို့ ချိန်၍ မောင်းဖြုတ်လိုက်ပြန်ရာ ကျည်ဆန်မှာ လည်တိုင်ရင်းမမှန်၊ လက် ပုံပေါ်မှန်သွားပုံရသည်၊ ကျန် (၂)ကောင် ကလက်ကျိုးသွား၍ထော့နင်းထော့နင်း ဖြစ်သွားသော စိုင်မကြီးကိုရုံလျက် ပြေး ထွက် ပျောက်ကွယ်သွားပြန်ပါတော့ သည်၊

မှဆိုး ကိုစံအောင်နှင့် မောင်ညိုတို့ (၂)ယောက်မှာ ဘဒွေးအနားသို့ရောက်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆင့် ရောက်လာကြပြီး "ဘယ်လိုလဲ"ဟု မေးလိုက်ကြသည်။

ဘဒွေးက စိုင်ပေါက်ကြီးရော၊ စိုင်မတစ်ကောင်ပါ ပစ်လိုက်ရကြောင်း ပြောပြလိုက်သည်။

"ပစ်ရတယ်သာ ပြောတယ်။ လဲနေတာလည်း တစ်ကောင်မှ မတွေ့မိဘူး။ မထိလိုက်ဘူးလား-ဆရာဒွေးရ"

ကိုစံအောင်က ပတ်ဝန်းကျင်ကို မျက်စိဝေ့ ကစားကြည့်လိုက်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"မထိမရှိပါဘူး-ကိုစံတင်ရာ။ အေးအေးဆေးဆေး အပိုင်ပစ်ရတာပဲ"

"ဒါဖြင့်လည်း ပစ်လိုက်တဲ့နေရာ သွားလေ့လာရအောင်။ ဒါမှသေချာမှာ"

မောင်ညိုက ဝင်ထောက် အကြံပြုလိုက်သည်။

စိုင်ပေါက်ကြီးပစ်လိုက်သောနေရာ သွားကြည့်ကြသောအခါ ခုန်ထိုးထားသောခြေရာတွေရှိပြီး ဝါးနှစ်ရိုက်လောက်တွင် သွေးအမှတ်ကို တွေ့ရသည်။

"ထိတယ်-ထိတယ်။ ဒီမှာ သွေးတွေ့ပြီ"

မောင်ညိုက သွေးစ တွေ့တွေ့ချင်း အားရဝမ်းသာစွာနှင့် ပြောလိုက်သည်။

"ကိုင်း-ဒါဖြင့်-ကျုပ်တို့သားအဖ နှစ်ယောက် ဒီအကောင်ကို ဆက်လိုက်မယ်၊ ဆရာဒွေးက ဒုတိယပစ်လိုက်တဲ့ အကောင် သွားလေ့လာထားလိုက်"

ကိုစံအောင်က ပြောပြောဆိုဆို မောင်ညိုကိုခေါ်လျက် သွေးစက်အမှတ်အတိုင်း လိုက်ခဲ့ကြသည်။ သွေးအမှတ်များက အင်တိုင်းတောကို ကျော်လျက် တောင်ကပြန်ဝါးတောဆီသို့ ဆင်းသွားသည်ကို တွေ့ရသဖြင့် နှစ်ယောက်သားးသေနတ်တွေ အရန်သင့်ပြင်လျက် တစ်လှမ်းချင်း လိုက်ခဲ့ကြသည်။ တစ်နေရာရောက်သောအခါသွေးများကအပုံလိုက် တွေ့ရသဖြင့် ခေတ္တရပ်နားသွားကြောင်း သိကြသည်။

"ဒီအကောင်-အတော်နာနေပြီကွ။ ဝတ်ချင်လို့နေရာစဉ်းစားတာနေမှာ။ ဝေးဝေးသွားမှာ မဟုတ်တော့ဘူး-မျက်စိလျှင်နော်"

"ဟုတ်မယ်-အဘရ၊ ဒီအကောင်-မကြာခင် တွေ့တော့မှာ သေချာတယ်"

"အေး-တွေ့ရင် လက်မနှေးနဲ့-ဦးအောင် ဆော်နော်"

သားအဖနှစ်ယောက်၊ တီးတိုးပြောဆိုတိုင်ပင်ရင်း ရှေ့သို့ ဆက်လိုက်ခဲ့ကြ



သည်။ မဝေးလှပါ။ နောက်ထပ် ကိုက် (၅၀)လောက် လိုက်မိကြသောအခါလျှို အစ သစ်ပင်တစ်ပင်မှာမှီလျက် ထီးထီးကြီးရပ်နေသော စိုင်ကြီးကိုတွေ့ရသဖြင့် နှစ်ယောက်စလုံး တစ်ပြိုင်တည်းလိုလို ပစ်လိုက်ကြသည်။

"ဒိုင်း"၊ "ဒိုင်း" သေနတ်သံများက လျှိုတစ်လျှောက် ပဲ့တင်ထပ်သွားသည်။

စိုင်ကြီးမှာ ဒယီးဒယိုင်နှင့် လျှိုကြားသို့ဆင်းသွားပြန်သဖြင့် အမြန်ပြေးလိုက်ကြရပြန်သည်။ လျှိုထိပ်ရောက်သောအခါ တဝုန်းဝုန်း၊ တဒုန်းဒုန်းအသံများ ကြားသဖြင့် ကြည့်လိုက်ရာ သစ်ပင်၊ ဝါးပင်များကို ခတ်ခွဲတိုက်ဖြိုနေသည်ကို တွေ့ကြရသည်။

ဒီတစ်ချီတော့ မှန်ရာမပစ်တော့ဘဲ ဦးကင်းထိပ်တည့်တည့်ကို (Slue) စလပ်ဘောနှင့် အနီးကပ် ပစ်လိုက်မှ ဗုန်းဗုန်းလဲကျသွားတော့သည်။

☆☆☆

"ဆရာဒွေး-နောက်ပစ်လိုက်တဲ့ အကောင်ရော-ဘယ်လိုလဲ-ထိလား"

စိုင်ထီးပိုးကြီး လဲရာသို့ ရောက်လာသော ဘဒွေးအားကိုစံအောင်က ဆီးမေးလိုက်ခြင်း ဖြစ်သည်။

"ထိပါတယ်-လက်ကျိုးသွားတာဗျ။ သုံးချောင်းထောက် ပြေးထားတဲ့ ခြေရာတွေ့ရတယ်။ သွေးကတော့အကျနည်းတယ်"

"ဘယ်လောက်အထိ လိုက်ကြည့်တာလဲ။ ဟိုနှစ်ကောင်နဲ့တွဲလျက် ပါသွားတာလား"

မောင်ညိုက ထပ်ဆင့် မေးခွန်းထုတ်လိုက်ပြန်သည်။

"ပစ်လိုက်တဲ့နေရာကရှေ့ချောင်းရိုးသဲပြင်အထိ တွဲလျက်ပါပြီး ချောင်းဟိုဘက်ကျတော့ နှစ်ကောင်ခြေရာသာ တွေ့ရတော့တယ်။ ဒဏ်ရာရထားတဲ့ အကောင်က ချောင်းဒီဘက်ဖျက်တော၊ ချုံတောတွေထဲ ဦးတည်သွားတာ တွေ့ခဲ့ရတယ်၊ ဒီဘက်က သေနတ်သံတွေ ကြားတာနဲ့ ဆက်မလိုက်တော့ဘဲ ခင်ဗျားတို့ပြန်လာခဲ့တာ"

ဘဒွေးက အခြေအနေကို ရှင်းပြလိုက်သည်။

"ဒါဖြင့်-ဒီလိုလုပ်-အဲဒီအကောင် ချောင်းဒီဘက်ကချုံတော၊ဖျက်တောထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာအောင်းတာသေချာရင် ဆရာဒွေးက ချောင်းဟိုဘက်ကမ်းဟိုနစ်ကောင်သွား လမ်းအတိုင်း မလှမ်းမကမ်းတစ်နေရာက စောင့်နေ။ ကျုပ်တို့သားအဖနှစ်ယောက်က ဖြန့်ပြီး တောမောင်းခဲ့မယ်။ ရှိရင်ဟိုနစ်ကောင်လမ်းကြောင်းအတိုင်း ထွက်လာမှာအသေချာပဲ၊ ချောင်းလယ်၊ ပစ်ကွင်းရှင်းတဲ့နေရာရောက်မှဆရာဒွေး အပိုင်ပစ်ပေတော့"

အစီအစဉ်ကိုအမြန်ဆွဲပြီးဘဒွေးကို ချောင်းတစ်ဖက်စိုင်များတက်သွားရာမှ စောင့်ရန် လွှတ်လိုက်သည်၊ ဘဒွေးလည်း ညွှန်ကြားလိုက်သောနေရာသို့ ရောက်အောင် အမြန်သွားပြီး ပစ်ကွင်းကောင်းမည့်နေရာ ရှာလိုက်သည်။ လှူကြီးတစ်ဖက်စာ သစ်ပင်တစ်ပင်၏ ခွဆုံနေရာမှာမြင်ကွင်းကောင်းပြီးစိုင်နာ အန္တရာယ်လည်းစိတ်ချရသဖြင့် သစ်ပင်ထက်မှပင် စောင့်နေလိုက်သည်။

ဘဒွေး နေရာယူပြီး နာရီဝက်လောက်ကြာမှ ကိုစံအောင်တို့သားအဖ တောခြောက်သံက စတင်ကြားလိုက်ရသည်။

"ဟေး-ဟေး-ဟိုး-ဟိုး"

"ဒေါက်-ဒေါက်-ဖုန်း-ဖုန်း"

အသံများက ဖျိုက်တော၊ ချုံတောအလယ်ရောက်လာသောအခါ တစ်နေရာမှ "ဖြန်း"ခနဲအသံတစ်သံကြားလိုက်ရပြီးရော-ရော-ရောနှင့် တောတိုးသံပါ ကြားလိုက်ရသည်။

ကိုစံအောင်နှင့် မောင်ညိုတို့ဆီမှ သတိပေးအသံများက ခပ်ကျယ်ကျယ် ပေါ်ပေါက်လာတော့သည်၊

"ရှေ့က သေနတ်သမား-သတိထားနေဟေ့၊ အကောင် တောတိုးသံကြားတယ်၊ ထွက်တော့မယ်ဟေ့"

သူတို့ သတိပေးစကားပင် မဆုံးသေး၊ တောကြားမှ နီဝါရောင်သတ္တဝါ တစ်ကောင် ထော့ကျိုး၊ ထော့ကျိုးနှင့် (၃)ချောင်းထောက် ထွက်ပြေးလာနေသည်ကို သစ်ပင်ထက်မှ အရှင်းသား၊ အထင်းသား မြင်နေရတော့သည်၊

သူ စောင့်နေသောနေရာနှင့် ကိုက် (၃၀)လောက်အကွာ ချောင်းသဲပြင်သာ ရောက်လာမှလက်ထဲမှရိုင်ဖယ်သေနတ် နှင့် ထမ်းပိုးကြီးတွင်းနေရာကို အသေအချာ ချိန်လျက် မောင်းခလုတ်ကိုဖြုတ်ချလိုက်ပါတော့သည်။ သေနတ်သံနှင့် အတူ စိုင်မှာချောင်းရေစပ်စပ်တွင်မတ်တတ်က ဖုန်းဖုန်း လဲကျသွားပါတော့သည်။

☆☆☆



မုဆိုးလောက၊ မုဆိုးအသိုင်းအဝိုင်းများတွင် အယုံအကြည်ရှိသူများအဖို့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ နယ်ရှင်၊ ပယ်ရှင်၊ အရှင်ကြီး၊ သခင်ကြီးများကို စားဦးစားဖျားတင်၍ ပင်းစား ကြွင်းစား ပေးသနားရန်နှင့် နီးနီးနားနား၊ ကြီးကြီးမားမားသားကောင်များ ပေးသနားရန် တောင်းဆိုတတ်ကြသည်၊

ယခုမုဆိုးဘဒွေးတို့အဖွဲ့ကားတောစောင့်၊ တောင်စောင့်၊ အရှင်ကြီး၊ သခင်ကြီးတို့အား တောင်းဆို၊ ပသခြင်းမပြုဘဲ ပင်းစား၊ ကြွင်းစား နီးနီးနားနား၊ ကြီးကြီးမားမားစိုင်များက မနက်ခင်းကလေးမှာပင် ရရှိလိုက်ကြသည်ဆိုတော့ လာဘ်ပွင့်သည်၊ ကံကောင်းသည်ဟု ဆိုရပေမည်။ လောကနိယာမအရ တစ်ဖက်က ကံကောင်းလျှင် ကျန်တစ်ဖက်က ကံဆိုးရမည်က အမှန်ပင်။

| | |
|---|---|
| နား | ကြောင်ပန်းရွက် သတ္တုရည်ကို နမ်းဆီဖြင့် ရော၍ထည့်ပါ။ နားကျပ်ပါ။ |
| ပြည် | ကြက်သွန်နီအရည်ညှစ်၍ တစ်နေ့(၃)ကြိမ်ထည့်ပါ။ |
| ယို | ကြိတ်မှန်ရွက်အခြောက်ကို အမှုန့်ပြု အုန်းဆီဖြင့် ဖျော်ကာ နားကျပ်ပါ။ |


ယခုလည်း လူမှဆိုးများဖြစ်ကြသော ဘဒွေး၊ ခင်မောင်ဝင်း၊ စံအောင်တို့အတွက် မတင်၊ မတောင်းရဘဲ အလွယ်တကူ စိုင်နှစ်ကောင် ရရှိခဲ့သည်မှာ ကံကောင်းခြင်းဟု ဆိုရပေမည်၊ ထို့အတူ တစ်ဖက်က စိုင်သတ္တဝါများအဖို့ကား အဖြည့်ခံများ ဖြစ်ခဲ့ရသဖြင့် သူတို့အတွက်ကား ကံဆိုးသည်ဟု ပြောရပေမည်သာ။


မည်သို့ပင်ဆိုစေ...လောကမှာတွင်ကား အကျိုးနဲ့ အကြောင်း၊ အဆိုးနဲ့ အကောင်း ဆိုသည်က အမြဲဒွန်တွဲဖြစ်ပေါ်နေကြမြဲမို့ ဒီအဖြစ်တွင် ဆန်းစစ်လိုက်မည်ဆိုပါက စိုင်သတ္တဝါများအဖို့ "ကံဆိုး"သလို၊ လူမှဆိုးများအတွက်ကား "ကံကောင်း"ခြင်းသာ ဖြစ်ပါတော့သည်တကား။

➤ မန္တလာသား

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






**စနေနေ့** နေ့လယ်အချိန်ဖြစ်သည်။

ကျော်တင့်ဆွေသည် သူ့ကိုယ်ပိုင်ကားကလေးကို ပန်းဆိုးတန်းလမ်းအတိုင်းမောင်းဝင်လာသည်။ အဆောက်အအုံတစ်ခု၏ဝရန်တာတွင်ရပ်နေသော မိန်းမပျိုတစ်ယောက်ကို လှမ်းမြင်ရသဖြင့် ကားကိုလမ်းဘေးတွင် ရပ်လိုက်ပြီး ကားပေါ်မှဆင်း၍အပေါ်မှအမျိုးသမီးအား လက်ပြလိုက်သည်။ ပထမတွင် အမျိုးသမီးသည် မမှတ်မိသလို ကြည့်နေသေးသည်။ အတန်ကြာမှ အံ့သြဝမ်းသာဖြစ်ပြီး ကျော်တင့်ဆွေအား အောက်သို့ ဆင်းခဲ့မည်ဟု သောအမူအရာဖြင့် ပြလိုက်၏။ ထို့နောက် ဝရန်တာမှ ပျောက်ကွယ်သွားလေသည်။

**သားဆိုးသားမိုက်တစ်ယောက်ကို ဖခင်မေတ္တာဖြင့်**
**ချစ်ခဲ့ရသည့် ဆရာဝန်ကြီးတစ်ယောက်အကြောင်း ..**

"နေကောင်းတယ်မဟုတ်လား နန္ဒာ" ကျော်တင့်ဆွေက နှုတ်ဆက်သည်။ "ကိုယ့်တို့ မတွေ့ကြတာ သုံးနှစ်လောက် ရှိပြီနော်"

"ဟုတ်ကဲ့ - ချက်ချင်းမမှတ်မိတာ ခွင့်လွှတ်နော် - ကိုဆွေ၊ ခုလိုမမျှော်လင့်ဘဲ ပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲရှင်"

ထို့နောက် နန္ဒာမောင်သည် သူမထွက်လာသောတံခါးကိုပြန်ကြည့်ပြီးမှ မေးတော့သည်။

"ဒေါက်တာနဲ့ လာတွေ့တာလားကိုဆွေ။ ကြိုတင်ချိန်းမထားရင် တွေ့ဖို့မလွယ်ဘူး။ အခုပဲဒေါက်တာအပြင်သွားတော့မလို့တဲ့"

ကျော်တင့်ဆွေသည် အခုမှပင် အဆောက်အအုံရှေ့တွင်ကပ်ထားသော ဆိုင်းဘုတ်ကို သေသေချာချာ ကြည့်မိ၏။ "ဪ - ဆေးခန်းပါလား နန္ဒာ၊ ဆိုင်းဘုတ်က သေးလွန်းတော့ စောစောက ကိုယ် သတိမထားမိဘူး။ အော် - နာမည်ကျော်ဆရာဝန်ကြီးရဲ့ဆေးခန်းပဲ၊ အခုထိတော့ ကိုယ် သူနဲ့တွေ့ဖို့ မလိုသေးဘူး၊ ကိုယ့်ကျန်းမာရေး ဒေါင်ဒေါင်မြည်နေတုန်းပဲ၊ နေ့လယ်စာစားပြီး ပြန်လာတာပါ"

"ဟော - ဟိုမှာ ဒေါက်တာ ထွက်လာပြီ၊ သူ - အပြင်သွားတော့မယ်"

နန္ဒာမောင်က လေသံတိုးတိုးဖြင့် ပြောသည်၊ ထိုအခိုက် ပိတ်ထားသော တံခါးကိုဖွင့်၍ အသက်ငါးဆယ့်ရှစ်နှစ်ခန့်အသားညိုညိုထောင်ထောင်မောင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်း လူကြီးတစ်ယောက် ထွက်လာသည်၊ လူကြီးမှာ ရုပ်ရည်သန့်ပြန့်ခန့်ညားလှသည်၊ လက်ထဲတွင် ဆရာဝန်များကိုင်သော ဆေးသေတ္တာ ကိုင်ထားသည်။ လူကြီးသည် နန္ဒာမောင်အား ခေါင်းညိတ်နှုတ်ဆက်ပြီးကျော်တင့်ဆွေကို တစ်ချက်စိုက်ကြည့်သေးသည်။ ထို့နောက် ရပ်ထားသော ကားတံခါးကို ဖွင့်၍ ကားမောင်းသူနေရာတွင် ဝင်ထိုင်ပြီး ကားမောင်းထွက်သွားသည်၊

"ဒေါက်တာဟာ ခွဲစိတ်ကုသမှုပါရဂူဘွဲ့ကို အင်္ဂလန်က ရလာခဲ့တယ်" နန္ဒာမောင်က ပြောပြနေသည်။

ကျော်တင့်ဆွေသည်ကြေးဝါးဆိုင်းဘုတ်ကို စူးစူးစိုက်စိုက် ကြည့်နေ၏၊

"မင်းရဲ့အလုပ်ရှင်ဆရာဝန်ကြီးကို ကြည့်ရတာ ပူဆွေးသောက ခံစားနေရသလိုပဲ - နန္ဒာ၊ သူဟာယဉ်ကျေးသိမ်မွေ့ပြီး လူကြီးလူကောင်းဆန်တယ်။ သူ့နားရွက်တွေဟာ ကြီးမားပြီး အောက်ကို တွဲကျနေတယ်။ လက်ချောင်းတွေဟာ သွယ်ပြီးလှပတယ်။ ဒါကြောင့် ခွဲစိတ်မှုမှာ ထူးချွန်တာပဲ။ ဘယ်ဘက်ပခုံးကွေး၊ ဒါမှမဟုတ် အသည်းကြောင်တဲ့ လူနာတစ်ယောက်ကိုက်တဲ့ ဒဏ်ရာရှိတယ်။ အမာရွတ်ကို ကြည့်ပြီး ခန့်မှန်းရရင် ဒီဒဏ်ရာရတာ ဆယ်နှစ်လောက်ရှိသွားပြီ။ အသက်ခြောက်ဆယ်နားနီးပေမယ့် ထိပ်မပြောင်သေးဘူး၊ ဆံပင်တွေဟာ ထူထပ်ပြီး သန်စွမ်းနေတုန်းပဲ၊ ဆံပင်နည်းနည်းပဲ ဖြူသေးတယ်၊ နှာခေါင်းတို ပြီးအပေါ်နှုတ်ခမ်းထူတယ်၊ အခုလို မုတ်ဆိတ်ကျင်စွယ်ရိတ်မထားရင်ဒီလောက် ဥပမိရုပ်ကောင်းမှာမဟုတ်ဘူး"

နန္ဒာမောင် တခစ်ခစ် ရယ်နေသည်၊

"ကဲပါ - သူဟာ ရှင့်လောက်မချောဘူးလို့ ပြောစမ်းပါ၊ ရှင်ဟာ လူတစ်ယောက်ကို ခဏလေးမြင်ရုံနဲ့ ဓာတ်ပုံရိုက်သလို မှတ်မိနေပါလား။ နန္ဒာက သူ့အတွင်းရေးမှူးပါ။ ဒီနေ့ စနေနေ့ဖြစ်တဲ့အတွက် နေ့လယ်ပိုင်းကစပြီး အားလပ်ခွင့်ရပါတယ်"

"ဒါဆို - နန္ဒာ ဘယ်သွားချင်သလဲ၊ ကိုယ်လိုက်ပို့ပေးမယ်လေ - ကိုယ်အားနေပါတယ်"

နန္ဒာမောင် အတန်ကြာ စဉ်းစားနေ၏၊ "ဒီနေ့ ရှင်နဲ့တွေ့တာ သိပ်ဝမ်းသာတာပဲ ကိုဆွေ၊ ကျွန်မ ရှင့်ကို ပြောစရာစကားတွေ အများကြီးရှိတယ်၊ ကျွန်မစိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေတဲ့ အကြောင်းပါ။ ကျွန်မတော့ အဲဒီကိစ္စကို



နားမလည်နိုင်အောင်ဖြစ်နေတယ်၊ ကိုဆွေတော့ နားလည်လိမ့်မယ်လို့ ကျွန်မ ထင်တယ်၊ ကျွန်မအခန်းကို လိုက်ခဲ့ပါလား။ အခန်းရောက်မှ သေသေချာချာ ပြောပြမယ်၊ ကျွန်မ ရတနာသိဒ္ဓိအိမ်ရာစခန်းမှာ နေတယ်၊ အဲဒီနေရာကို ရှင် သိရဲ့လား"

"ကိုယ် သိပါတယ် နန္ဒာ"

"ဒါဆို - အဲဒီနေရာဟာ လူနေသန့်ပြီး အေးချမ်းတိတ်ဆိတ်တယ်ဆိုတာ သိမှာပေါ့။ ကျွန်မ အခန်းက အပေါ်ဆုံးထပ်၊ အဆောက်အအုံနံပါတ်လေးဆယ့်သုံး"

ကျော်တင့်ဆွေသည်ကားတံခါးကို ဖွင့်ပေး၏၊ နန္ဒာမောင် ဝင်ထိုင်သည်၊ ကျော်တင့်ဆွေ ကားမောင်းပြီး မြို့ပြင်သို့ ဦးတည်ထွက်လာခဲ့သည်၊

"အပေါ်ဆုံးထပ်ဆိုပေမယ့် အခန်းက နေလို့ကောင်းပါတယ်၊ လေဝင်လေထွက် ကောင်းတယ်၊ အခန်းကို ရှင်သဘောကျမှာပါ၊ မေမေက ပရိဘောဂနဲ့ အိမ်ထောင်ပစ္စည်းတွေ ခွဲပြီး ပို့ထားတယ်လေ" နန္ဒာမောင်က ဆက်ပြောပြန်သည်၊

"အခု ကျွန်မ တစ်ယောက်တည်း နေတယ်၊ မေမေက မဟာစည်မှာ တရားထိုင်နေတယ်၊ ဖေဖေ ကွယ်လွန်ပြီးတဲ့နောက် ကျွန်မတို့အတွက် ဘာမှမကျန်ရစ်ခဲ့ဘူး။ နာမည်ကောင်းနဲ့ အကြွေးတွေပဲ ချန်ခဲ့တာ ဖေဖေ့အကြောင်း ရှင် သိပါတယ်"

ကျော်တင့်ဆွေသည် ကားကို ဂရုစိုက်မောင်းနေရာမှ ခေါင်းညိတ်ပြလိုက်သည်၊ နန္ဒာမောင်၏ဖခင်မှာ နာမည်ကျော်စာရေးဆရာကြီးဖြစ်သည်၊ စာရေးသားခြင်းဖြင့် ငွေကြေးများစွာ ရရှိခဲ့သော်လည်း သူ ကွယ်လွန်သည့်အချိန်တွင် မိသားစုအတွက် အိမ်တစ်လုံးသာ ထားရစ်ခဲ့၏၊ အသက်ရှင်စဉ်က ငွေကြေးအသုံးအစွဲ အလွန်လက်ဖွာတတ်ပြီး အရက်အလွန်သောက်သည်၊ စာဖတ်ပရိသတ်က သူ့ကို ကြည်ညိုလေးစားသော်လည်း အခြားသူများအား ဝေဖန်တိုက်ခိုက်သောစာများ ရေးသဖြင့် မလိုလားသူများ ရှိခဲ့၏၊ သူ ကွယ်လွန်သွားချိန်တွင် အလွန်ကောင်းသော စာမူတစ်ခု ရေးထားခဲ့သည်ဟု သတင်းထွက်ခဲ့သည်၊

"အခု - ကျွန်မ အတွင်းရေးမှူးသင်တန်း တက်နေတယ်" ဟု နန္ဒာမောင်က ပြောပြပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျော်တင့်ဆွေက နန္ဒာမောင်အား သင်တန်း ဘယ်တော့ပြီးမည်ကို မေးကြည့်သည်။

"ရွှေစင်ဦးနဲ့ တွေ့ပြီး ဒီဆေးခန်းမှာ အလုပ်ဝင်နေတဲ့အတွက် သင်တန်း မတက်တာ သုံးလရှိပြီ၊ ရွှေစင်ဦးကို ကိုဆွေ မသိဘူး၊ ဒေါက်တာ လင်းရွှေမောင်ရဲ့သမီးပါ၊ တက္ကသိုလ်တက်တုန်းက နန္ဒာနဲ့ အဆောင်မှာ တစ်ခန်းတည်း နေခဲ့ပါတယ်၊ ရွှေစင့်မှာ မောင်တစ်ယောက် ရှိသေးတယ်၊ အဲဒီချာတိတ်က ဆိုးလွန်းတဲ့အတွက် ဒေါက်တာက စွန့်ပယ်ထားတယ်၊ ကျွန်မဆီကို ရွှေစင် အလည်လာရင်း သူ့ဖခင်ဆေးခန်းမှာ ဒီအလုပ်ကို ဝင်လုပ်ဖြစ်တာ၊

အလုပ်လုပ်ရတာ အဆင်ပြေပါတယ်၊ လစာလည်း ကျွန်မမျှော်လင့်တာထက် ပိုရပါတယ်၊ ဖေဖေရဲ့စာမူကို ပြင်ဆင်ဖတ်ရှုဖို့အချိန်လည်းရတယ်၊ ဖေဖေ့စာမူကိုပုံနှိပ်ဖို့ ထုတ်ဝေသူတစ်ယောက်နဲ့လည်း စီစဉ်ထားတယ်၊ ဖေဖေက အကြမ်းရေးခဲ့တာဆိုတော့ အစအဆုံး ကျွန်မ ပြန်ကူးရမလို ဖြစ်နေတယ်၊ ဒါကြောင့် အလုပ်သွားတိုင်း စာမူကို နည်းနည်းချင်း ယူသွားရတယ်၊ စာမူကို အကုန်မဖတ်ရသေးပါဘူး၊ ဖတ်ပြီးသမျှ ပြောရရင်စာမူထဲမှာဂုဏ်သိက္ခာကျစရာ အကြောင်းတွေ ပါနေတယ်လေ"

နန္ဒာ၏ဖခင်သည် ကျော်ကြားသူများ၏အတွင်းရေးများကို ရဲရဲတင်းတင်း ရေးသားလေ့ရှိ၏။

"အလုပ်လုပ်ရတာ အဆင်ပြေတယ်ဆိုရင် ကိုယ်ဝမ်းသာပါတယ်နန္ဒာ၊ ဆရာဝန်အိုကြီးက မင်းကို ချစ်ရေးမဆိုရင် ပြီးတာပါပဲ၊ ကဲ - ရတနာသိဒ္ဓိကို ရောက်ပါပြီ၊ ဒါဟာ အဆောက်အအုံနံပါတ် လေးဆယ့်သုံးပဲ"

ခေတ်ဟောင်းပုံစံ အမိုးမြင့်မြင့် လေးထပ်တိုက်တစ်လုံးရှေ့တွင် ကားရပ်လိုက်သည်၊ အနီးပတ်ဝန်းကျင်တွင် ထိုအဆောက်အအုံနှင့် ပုံစံတူသော တိုက်သုံးလုံးရှိသည်၊ ဆောက်ထားသည်မှာ သိပ်မကြာသေးသော်လည်း အမြင်အားဖြင့် အိုမင်းဟောင်းနွမ်းနေပုံရ၏။ ကျော်တင့်ဆွေနှင့် နန္ဒာမောင်တို့သည် လှေကားမှ တက်လာခဲ့ကြရာ အပေါ်ဆုံးထပ်သို့ ရောက်သော်အခါ ယေး(လ်)သော့ခတ်ထားသည့်တံခါးကို နန္ဒာမောင်က သူမအိတ်ထဲမှ သော့ကို ထုတ်၍ဖွင့်လိုက်သည်၊

"ဒါ - ကျွန်မအခန်းပဲ" နန္ဒာမောင်က တံခါးရွက်များကို တွန်းဖွင့်ရင်း ပြောသည်၊ အခန်းကျယ်ကြီးအတွင်း အခန်းငယ်လေး ဖွဲ့ထားသည်၊ အခန်းမှာ လေဝင်လေထွက်ကောင်းပြီး အလင်းရောင်ကောင်းစွာရ၏။

"သိပ်ကောင်းတဲ့အခန်းပဲ"

ကျော်တင့်ဆွေက ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်းနှင့် မီးဖိုခန်းများကို လျှောက်ကြည့်ရင်း ပြောနေသည်၊ "ကိုယ်နေတဲ့အခန်းထက် ပိုကောင်းတယ်၊ ပရိဘောဂတွေကလည်း အကောင်းစားတွေချည်းပဲ၊ ဒီအခန်းမှာ နန္ဒာမနေတော့ဘူးလို့ဆုံးဖြတ်ရင်ကိုယ့်ကို အရင်ဆုံး အကြောင်းကြားနော်၊ မဟော်ဂနီစာကြည့်စားပွဲကြီးကလည်း သိပ်ကောင်းတယ်၊ အရင်က စန္ဒာရားခုံ ဖြစ်လိမ့်မယ်၊ ဒီစားပွဲကိုတော့ ကိုယ်သဘောကျသွားပြီ"

နန္ဒာမောင်က ဟက်ခနဲ တစ်ချက်ရယ်ပြီး - "ရှင် - ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ဖွင့်မလို့လား၊ ကဲ - ကျွန်မရှင့်ကိုပြောစရာရှိတာ ပြောပြတော့မယ်၊ အရင်ဆုံး အဲဒီစားပွဲမျက်နှာပြင်ကို သေသေချာချာ ကြည့်စမ်းပါ"

ကျော်တင့်ဆွေစားပွဲမျက်နှာပြင်ကို ငုံ့ကြည့်သည်၊ "စားပွဲမျက်နှာပြင်ပေါ်တွင် အစင်းကြောင်းတွေပါလား၊ စားပွဲမျက်နှာပြင်ပေါ်ကို လေးလံတဲ့ပစ္စည်း တစ်ခုခုတင်လို့ ဖြစ်လာတာမျိုးပဲ၊ ထူးဆန်းတာက အစင်းကြောင်းတွေဟာ လေးနေရာရှိပြီး စတုရန်းပုံစံဖြစ်နေတယ်၊ စားပွဲကိုယူလာတဲ့အချိန်က ဒီလိုဖြစ်တာလား"

"မဟုတ်ဘူး - ဒီအစင်းကြောင်းတွေဖြစ်လာတာ မကြာသေးဘူး၊ လွန်ခဲ့တဲ့ သုံးပတ်လောက်ကမှ စပေါ်လာတာ၊ အဲဒီလိုမဖြစ်ခင်က စားပွဲမျက်နှာပြင်ဟာ မှန်သားလို ချောမွတ်နေတာပဲ၊ ကျွန်မကိုယ်တိုင် စားပွဲမျက်နှာပြင်ကို အဝတ်နဲ့ နေ့တိုင်း ပွတ်တိုက်ခဲ့တယ်၊ ဒါကြောင့် ဒီအစင်းတွေ ဖြစ်လာတာကို ချက်ချင်း သိခဲ့တယ်၊ စားပွဲမှာ အစင်းတွေဖြစ်လာတာကို သဘောမကျပါဘူး၊ ဒါပေမဲ့ - ဒီလိုဖြစ်အောင် ဘယ်သူလုပ်သလဲဆိုတာကို မသိရတဲ့အတွက် ပိုပြီးဒေါသဖြစ်မိတယ်၊ ကျွန်မအပြင်ထွက်တိုင်း အခန်းကို သော့ခတ်ခဲ့တယ်၊ အသေးအဖွဲကိစ္စအတွက် ကြံဖန်စိတ်ပူနေတယ်လို့ မယူဆပါနဲ့၊ ကျွန်မ အပြင်သွားနေချိန်မှာ ဒီအခန်းထဲကိုလူစိမ်းတစ်ယောက်ဝင်တဲ့ အထောက်အထားတွေ ရှိသေးတယ်၊

ဟို - လက်တန်းကုလားထိုင်ပေါ်က ကတ္တီပါကူရှင်ကိုမြင်တယ်မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကူရှင်ရဲ့မျက်နှာပြင်တစ်ဖက်မှာ ထိုးထားတဲ့ပန်းပွင့်တွေဟာ အခြားတစ်ဖက်ထက် ပိုပြီးလှတယ်။ ကျွန်မ အပြင်ကို သွားတဲ့အခါတိုင်း ပိုလှတဲ့မျက်နှာပြင်ကို အပေါ်ကထားပြီး သွားလေ့ရှိတယ်။ ရှင် အခုမြင်နေရတဲ့အတိုင်းပဲ၊ ကျွန်မအပြင်က ပြန်လာရင် ဒီကူရှင် ပြောင်းပြန်ဖြစ်နေတာကို တွေ့ရတယ်၊ ဒါတင်မကဘူး၊ ရှင်သဘောကျတဲ့ စာရေးစားပွဲကြီးရဲ့ ဘယ်ဘက်အံဆွဲထဲမှာ ဖေဖေရဲ့မှတ်စုစာအုပ်ဟောင်းတွေ ရှိတယ်၊ ညာဘက်အံဆွဲထဲမှာ ကျွန်မ ပြန်ကူးပြီးသားစာမူတွေရှိတယ်၊ အဲဒီစားပွဲမှာ လူတစ်ယောက်ထိုင်တဲ့အထောက်အထားတွေ တွေ့ရတယ်"

"အံဆွဲတွေကို သော့ခတ်မထားဘူးလား" ကျော်တင့်ဆွေက မေးကြည့်သည်။

"ဟင့်အင်း – အဝင်အထွက်တံခါးကလွဲပြီး ဒီအခန်းထဲမှာ ဘာကိုမှ သော့မခတ်ဘူး။ ဒီမှာကြည့်ပါ" နန္ဒာမောင်က ဖွင့်ပိတ်လုပ်ပြသည်။ အံဆွဲနှစ်ဖက်လုံးဟာ ပိတ်တဲ့အခါမှာ အတွင်းဘက်ကို ရောက်အောင် နည်းနည်းထိုးသွင်းရတယ်၊ ပြီးတော့ နောက်ကို နည်းနည်းပြန်ဆွဲရတယ်၊ ဒါမှ အံဝင်ခွင်ကျဖြစ်နိုင်



ဒီလိုဖြစ်တာ ဘယ်ကောင်းပါ့မလဲ။ အဲဒီလူ ဘယ်သူဆိုတာကို ကျွန်မ သိချင်တယ်။ ဒီကိစ္စဟာ ရဲစခန်းကိုသွားတိုင်လို့ မဖြစ်ဘူး။ ကျွန်မ ဘယ်လိုတိုင်ရမှာလဲ။ အခန်းကို ဖောက်ထွင်းတာ မဟုတ်ဘူး။ ဘာပစ္စည်းမှလည်း မပျောက်ဘူး။ ဒီအခန်းကို လူဝင်တဲ့အကြောင်း ဘယ်လိုမှ တိတိကျကျ သက်သေမပြနိုင်ဘူး။ ရဲစခန်းကလူတွေက ရယ်လိမ့်မယ်။ ဖွင့်မပြောတောင် ကျွန်မ စိတ်ကူးယဉ်ပြီးပြောတာလို့ ထင်လိမ့်မယ်။



တယ်၊ အံဆွဲတွေ အံမကျဘဲဖြစ်နေတာကို သုံးခါတွေ့ရတယ်၊ ဒီပြင်ရှိသေးတယ်"

နန္ဒာမောင်သည်ကျော်တင့်ဆွေကို မီးဖိုခန်းသို့ ခေါ်သွားပြန်၏။

"ကျွန်မ အပြင်သွားနေချိန်မှာ အခန်းထဲကို လူစိမ်းဝင်တဲ့အကြောင်း သေသေချာချာသိစေတဲ့ပစ္စည်းတစ်ခုကို ပြချင်တယ်၊ အဲဒါ ရေအင်တုံပဲ၊ ကျွန်မဟာမနက်စာစားပြီးတိုင်းပန်းကန်တွေကို ဆေးကြောပြီး ရေအင်တုံကို အတွင်းအပြင်သာမက အောက်ခြေကိုပါ ခြောက်သွေ့အောင် သုတ်ထားခဲ့တယ်"

"ဘာကြောင့် ဒီလိုလုပ်တာလဲ"

ကျော်တင့်ဆွေက မေးပြန်သည်။

"ကျွန်မက စနစ်တကျ နေတတ်တယ်" နန္ဒာမောင်က ဂုဏ်ယူစွာ ဖြေပြီး ဆက်ပြောပြပြန်သည်။ "ကဲ – ထားပါလေ၊ မကြာခင်ကစပြီး ကျွန်မ အပြင်က ပြန်လာတိုင်း ရေအင်တုံနံဘေးမှာ ရေစိုနေတာ တွေ့ရတယ်၊ ရေပိုက်ခေါင်းမှာ ရေတွေ စင်ထားသလိုပဲ၊ ဒီမှာ ရေစက်တွေမြင်တယ်မဟုတ်လား"

နန္ဒာမောင်စကားရပ်ပြီးကျော်တင့်ဆွေကိုစိုက်ကြည့်နေသည်၊ ကျော်တင့်ဆွေက တွေးတွေးဆဆဖြင့် "နန္ဒာပြောတဲ့အထဲမှာ လက်ဝတ်လက်စား ဒါမှမဟုတ် အလွယ်တကူယူလို့ရတဲ့ ပစ္စည်းတစ်စုံတစ်ရာ ပျောက်တဲ့အကြောင်း မပါဘူးနော်"

"ဟုတ်တယ်" နန္ဒာမောင်က ချက်ချင်းဖြေသည်။

"ဘာပစ္စည်းမှမပျောက်တာ၊ ကျွန်မရဲ့လက်ဝတ်လက်စားတွေနဲ့ ငွေတွေကို မှန်တင်ခုံအောက်က အံဆွဲထဲမှာ မကြာခဏထားခဲ့ပေမယ့် ဘာမှမဖြစ်ခဲ့ဘူး၊ အစားအသောက်တွေနဲ့ အိမ်သုံးပစ္စည်းတွေလည်း ခြေရာလက်ရာမပျက်ဘူး"

ကျော်တင့်ဆွေသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။ "တော်တော်ထူးဆန်းတယ်၊ အောက်ထပ်ကလူတွေ လာတာလို့ ပြောရမှာလဲ ခက်တယ်၊ သူတို့ဆီမှာ ဒီအခန်းကိုဖွင့်တဲ့သော့ မရှိဘူး"

သူက တီးတိုးရေရွတ်ပြောဆိုနေ၏၊ နန္ဒာမောင်က ဆက်ပြောနေပြန်သည်။

"ပြီးတော့ – အခန်းထဲကို ဝင်လာလာချင်း ကျွန်မ ပိတ်လိုက်တဲ့ပြတင်းပေါက်ကို အပြင်ထွက်တိုင်း ဖွင့်ထားခဲ့တယ်၊ အခန်းထဲမှာ လေကောင်းလေ

www.burmeseclassic.com

www.burmeseclassic.com



သန့်ရအောင်ပါ။ ကျွန်မအပြင်ကပြန်လာတဲ့အခါမှာ အဲဒီပြတင်းပေါက် ပိတ်နေတာကို မကြာခဏ တွေ့ရတယ်”

ကျော်တင့်ဆွေသည်ပြတင်းပေါက်ဆီသို့လျှောက်သွားပြီးပြတင်းပေါက်ကို ဖွင့်လိုက်သည်။

“ဟုတ်တယ် - အဲဒီလက်တန်းကုလားထိုင်မှာ ထိုင်နေတဲ့ အဲဒီလူဟာ ဒီပြတင်းပေါက်က လေတိုးတာကို ခံရလိမ့်မယ်။ မင်းမရှိတဲ့အချိန်မှာ လူစိမ်းတစ်ယောက်ဟာ ဒီအခန်းထဲကိုဝင်ပြီး ကုလားထိုင်မှာ ထိုင်တယ်ဆိုတာကို ကိုယ်လက်ခံပြီး အဲဒီလူဟာ ကုရှင်ကို ပြောင်းပြန်ထားခဲ့လိမ့်မယ်”

နန္ဒာမောင် မျက်နှာပေါ်တွင် စိတ်ညစ်သောအရိပ်အယောင်များ ပေါ်လာတော့သည်။

“ဒီလိုဖြစ်တာ ဘယ်ကောင်းပါ့မလဲ။ အဲဒီလူ ဘယ်သူဆိုတာကို ကျွန်မ သိချင်တယ်။ ဒီကိစ္စဟာ ရဲစခန်းကိုသွားတိုင်လို့ မဖြစ်ဘူး။ ကျွန်မ ဘယ်လိုတိုင်ရမှာလဲ။ အခန်းကို ဖောက်ထွင်းတာ မဟုတ်ဘူး။ ဘာပစ္စည်းမှ လည်း မပျောက်ဘူး။ ဒီအခန်းကိုလူဝင်တဲ့အကြောင်းဘယ်လိုမှ တိတိကျကျ သက်သေမပြနိုင်ဘူး။ ရဲစခန်းကလူတွေက ရယ်လိမ့်မယ်။ ဖွင့်မပြောတောင် ကျွန်မ စိတ်ကူးယဉ်ပြီး ပြောတာလို့ ထင်လိမ့်မယ်”

ကျော်တင့်ဆွေ စဉ်းစားနေ၏။

“ဟုတ်တယ် - ဒီလိုပဲ ထင်မှာပဲ။ နေပါဦး - မနက်ပိုင်းမှာ နန္ဒာ ဒီအခန်းက ဘယ်အချိန်ထွက်တတ်သလဲ”

“ကိုးနာရီတစ်ဆယ့်ငါးမိနစ်၊ ညနေ လေးနာရီမှာပြန်လာတယ်။ ဒါပုံမှန်ပဲ”

“တစ်ပတ်မှာ အိမ်မှာနေတဲ့အချိန် သိပ်မရှိဘူးပေါ့”

“ဟုတ်တယ်၊ ကျွန်မဟာ ရွှေစင်ဦးနဲ့ အတူ ရန်ကုန်မြို့ထဲမှာ လျှောက်လည်တတ်တယ်။ တနင်္ဂနွေနေ့မျိုးမှာ မော်ဘီမှာနေတဲ့ ဆွေမျိုးတွေအိမ်ကို သွားလည်တယ်။ တစ်ယောက်တည်းနေရတာ ငြီးငွေ့စရာ ကောင်းလွန်းလို့ပါ”

“ဒီကိစ္စအတွက် စိတ်မညစ်ပါနဲ့တော့၊ ကိုယ်ဖြေရှင်းပေးမယ်။ အခုသွားစရာရှိတာကို သွားဦးမယ်။ နည်းနည်းစုံစမ်းစရာ ရှိသေးတယ်။ မကြာခင် မင်းကို လာတွေ့မယ် နန္ဒာ”

နန္ဒာမောင် ဝမ်းသာသွားသည်။

“ကျေးဇူးတင်ပါတယ် ကိုဆွေ၊ ဒီစကားပဲ နန္ဒာကြားချင်နေတာ”



“တစ်ခုတော့ရှိတယ်နန္ဒာ၊ ကိုယ့်ကို ယုံကြည်ရင် အပိုသော့တွဲကိုပေးထားပါလား”

နန္ဒာ သော့တွဲကိုဖြုတ်၍ကျော်တင့်ဆွေအား ပေးသည်။

“အခန်းကိုဖွင့်ပြီး ဘာမှမမိုးနဲ့နော်၊ ပဲရိဘောဂတွေကိုလည်း ဖျက်ဆီးမပစ်နဲ့”

“စိတ်ချပါ နန္ဒာ၊ မကြာခင် ဒီအခန်းထဲက ပစ္စည်းတစ်ခုခု ပျောက်မှာ သေချာပါတယ်” ကျော်တင့်ဆွေက ရယ်ကျဲကျဲဖြင့် ပြောသည်။

ကျော်တင့်ဆွေသည် သော့ချောင်းတိုင်းကို သော့အိမ်တွင်းသို့ ထိုးသွင်း၍ စပ်ကြည့်၏။ အလွယ်တကူ ဖွင့်ပိတ်နိုင်ကြောင်း တွေ့ရ၏။ ထို့နောက် နန္ဒာမောင်ကို နှုတ်ဆက်၍ ထွက်လာခဲ့တော့၏။

☆☆☆

လသာလမ်းအတွင်းရှိ ပျော်ပွဲစားရုံတစ်ခုအတွင်း၌ ကျော်တင့်ဆွေသည် အခန်းထောင့်စားပွဲတစ်လုံးတွင် ထိုင်၍ အရပ်ပုပု၊ နဖူးပြောင်ပြောင်၊ အသားမည်းမည်း၊ ပါးစပ်ပြဲပြဲလူတစ်ယောက်နှင့် စကားပြောနေသည်။ ထိုလူမှာ ကိုချစ်သိန်းဆိုသူ ကားပွဲစားတစ်ယောက် ဖြစ်၏။ ကိုချစ်သိန်းသည် ဒေါက်တာ လင်းရွှေအောင်၏ကားကို ရောင်းပေးခဲ့သူ၊ ၏။ သူသည် ဒေါက်တာလင်းရွှေအောင် အကြောင်းကိုအတော်ပြည့်စုံစွာ သိထား၏။ ကိုချစ်သိန်းက ကျော်တင့်ဆွေအား ဒေါက်တာလင်းရွှေအောင်သည် မုဆိုးဖို ဖြစ်ကြောင်း၊ သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိကြောင်း၊ သားမှာ လူဆိုးလူပေတစ်ဦးဖြစ်ပြီး နောက်ဆုံး အမှုတစ်ခုဖြင့် ထောင်ကျသွားခဲ့ကြောင်း၊ ဒေါက်တာသည် သားကို စွန့်ပစ်ထားခဲ့ကြောင်း၊ သမီးဖြစ်သူမှာ ချောမောလှပပြီး ခေတ်ပညာတတ်ဖြစ်ကြောင်း၊ ဒေါက်တာသည် သမီးဖြစ်သူကို အလွန်ချစ်ကြောင်း ပြောပြသည်။

နောက်တစ်နေ့တွင်ကျော်တင့်ဆွေသည် သတင်းစာတိုက်တစ်တိုက်သို့ သွား၍ သတင်းစာဟောင်းများကို လှန်လှောနေခဲ့၏။ ဒေါက်တာလင်းရွှေအောင်၏သား ရဲမြင့်လှိုင်၏ အမှုအကြောင်းကို ပြည့်ပြည့်စုံစုံ ဖတ်လိုသောကြောင့် ဖြစ်သည်။ သို့သော် သတင်းစာဟောင်းထဲတွင် ရဲမြင့်လှိုင်၏ အမှုအကြောင်းကို မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အခန်းတွင်းသို့ သူ့မိတ်ဆွေ မှုခင်းသတင်းထောက်ကိုကျော်စွာ ဝင်လာ၏။

"ဆရာကျော် - ရဲမြင့်လှိုင်အမှုကို ရှာနေတာလား" သူကမေးသည်။ "ရှာလို့တွေ့မှာမဟုတ်ဘူး။ အဲဒီအမှုအကြောင်းကို ကျွန်တော်သိတယ်၊ သူဟာ ရဲမြင့်လှိုင်နာမည်နဲ့ တရားစွဲခံရတာမဟုတ်ဘူး။ မင်းဒဿ ဆိုတဲ့နာမည်နဲ့ တရားစွဲခံရတာ၊ အမှုက ချက်လက်မှတ်အတုနဲ့ ငွေလိမ်ထုတ်မှု၊ ရဲကမိတာမဟုတ်ဘူး။ သူနဲ့ ရန်ဖြစ်ဖူးသူတစ်ယောက်က သတင်းပေးလို့အဖမ်းခံရတာ၊ ပြီးတော့ ထောင်ငါးနှစ်ကျသွားတယ်"

ထို့နောက် ကျော်တင့်ဆွေသည် ရဲမြင့်လှိုင်ခေါ်မင်းဒဿ၏အမှုအကြောင်းကို ကိုကျော်စွာ ပြောပြ၍ သိခဲ့ရသည်။ ထိုအခါမှပင် ရဲကို သတင်းပေးသူမှာ ဇေယျာဦးဖြစ်ကြောင်း၊ မင်းဒဿနှင့်ဇေယျာဦး၊ သူတို့အပေါင်းအသင်းများ စတည်းချလေ့ရှိကြောင်း သိခဲ့ရ၏။ ကျော်တင့်ဆွေသည် အမှုဖြစ်သောနေ့စွဲကိုပြန်ကြည့်လိုက်၏။ ယခုအချိန်တွင် မင်းဒဿ ထောင်မှလွတ်ရန် ခြောက်လခန့်လိုသေး၏။ သို့သော် မင်းဒဿသည် ထောင်ထဲတွင် ကောင်းမွန်စွာနေထိုင်ခဲ့ပါကထိုအချိန်ထက်စော၍လွတ်မြော[...] နိုင်ကြောင်း တွေးမိ၏၏။

ထို့နောက် ကျော်တင့်ဆွေသည[...] ပုဇွန်တောင်ရှိ "ညကမ္ဘာ" စားသောက်[...] ဆိုင်သို့ သွားရောက်စုံစမ်းပြန်၏။ [...] သောက်ဆိုင်ပိုင်ရှင်သည် ဇေယျာဦးက[...] ကောင်းစွာသိ၏။ မင်းဒဿမှာ ဤဆို[...] ကို သူမဝယ်ခင်က လာနေကျဖြ[...] ကြောင်း၊ ဤဆိုင်ကို သူဝယ်သည်မှ[...] သုံးနှစ်ခန့်ရှိသေးကြောင်း ပြောပြ[...] ကျော်တင့်ဆွေကဇေယျာဦးအကြော[...] ကို မေးသောအခါ ဇေယျာဦးသည် မြ[...] ပွဲလက်မှတ်ရောင်းသူဖြစ်ကြောင်း၊ [...] လုပ်ငန်းဖြင့် အဆင်ပြေဟန်ရှိကြော[...] သို့ရာတွင် လွန်ခဲ့သော သုံးလခန့်မှ[...] ဤဆိုင်သို့မလာရုံမက ပုဇွန်တောင်မှ[...] မြေမှ ရုတ်တရက် ပျောက်သွားကြော[...] ပုဇွန်တောင်တွင်နေထိုင်သူတစ်ဦးသ[...] သမိုင်းလမ်းဆုံတွင် ဇေယျာဦးကို [...] ကြောင်း၊ ထိုလူကသွားရောက်နှုတ်ဆ[...] သောအခါ ဇေယျာဦးက သူ့နာမ[...] ဇေယျာဦးမဟုတ်ကြောင်း၊ ထိုလူ[...] လည်း မသိပါဟု ပြောကြောင်း၊ [...] အချက်မှာ ထူးဆန်းကြောင်း ပြေ[...] သည်။

ထို့ပြင် ဇေယျာဦးအကြောင်းကို [...]လာမေးသူမှာ ကျော်တင့်ဆွေတစ်[...]ယောက်တည်းမဟုတ်ကြောင်း၊ လူငယ်[...]တစ်ဦးကလည်း ဇေယျာဦးကို လာမေး[...]တ်ကြောင်း ပြောပြသည်။

"အဲဒီလူကို နောက်ထပ်တွေ့ရင် [...]တ်မိပါ့မလား" ကျော်တင့်ဆွေ မေး[...]ည့်သည်။

"မှတ်မိပါတယ်။ အရပ်မြင့်မြင့်၊ ဗလ[...]ကာင်းကောင်းလူငယ်တစ်ယောက်ပါ။ [...]ဆက်ငယ်ပေမယ့် မျက်နှာမှာ မုတ်[...]တ်မွေး၊ ပါးသိုင်းမွေးတွေရှိတယ်။ တစ်[...]မြင်ရုံနဲ့ မှတ်မိနိုင်တဲ့မျက်နှာမျိုးပါ"

ထို့နောက် ကျော်တင့်ဆွေသည် [...]။သောက်ဆိုင်ပိုင်ရှင်အား ကျေးဇူး[...]စကားပြောရင်း ထွက်လာခဲ့သည်။

☆☆☆

ရုံ ထောက် ခင် မောင် ဝေ က [...]ရက်တစ်ဘူးအား ကျော်တင့်ဆွေ[...]သို့ တွန်းပို့လိုက်သည်။

"မင်းဒဿ (ခေါ်) ရဲမြင့်လှိုင်[...]ကြောင်း ကျွန်တော် ကောင်းကောင်း[...]တယ် ကိုဆွေ" သူက ဆက်ပြော[...] "ညကမ္ဘာစားသောက်ဆိုင်ပိုင်ရှင်[...]။တွေ့တာ ကောင်းပါတယ်၊ သူ့ထွက်ဆိုချက်ဟာ နောင်တစ်ချိန်မှာ အသုံးဝင်ပါလိမ့်မယ်။ ဇေယျာဦးကတော့ ဒီနယ်မြေကိုရောက်လာကတည်းက သူ့နာမည်ကို ဇော်ထက်အောင် လို့ ပြောင်းထားတယ်။ ဇေယျာဦးနဲ့ ဇော်ထက်အောင်ဟာ လူတစ်ယောက်တည်းပဲဖြစ်ရမယ်။ မင်းဒဿ (ခေါ်) ရဲမြင့်လှိုင်အကြောင်းကိုတော့ ခင်ဗျားစုံစမ်းလို့ရမှာမဟုတ်ဘူး"

"သူ - ဘယ်မှာလဲ"

"ကျွန်တော် မသိဘူး" စုံထောက်ခင်မောင်ဝေက ဖြေသည်။ "ဒီမှာကိုဆွေ - မင်းဒဿဟာ လွန်ခဲ့တဲ့တစ်လက ထောင်ကလွတ်လာတယ်၊ အဲဒီနောက် လူသတ်မှုကျူးလွန်ဖို့ကြံစည်ပြန်တယ်၊ လွန်ခဲ့တဲ့ ရက် (၂၀) က ညတစ်ညမှာ ဇော်ထက်အောင်က သူ့အသိ နှစ်ယောက်ကိုနှုတ်ဆက်ပြီး သမိုင်းလမ်းဆုံဘူတာရုံဘက်ကို လျှောက်လာတယ်၊ မကြာခင် သူ့အသိနှစ်ယောက်ဟာ လူတစ်ယောက်နဲ့ လမ်းမှာ ထပ်ဆုံပြန်တယ်၊ အဲဒီလူဟာ ရှေ့က လျှောက်သွားတဲ့ ဇော်ထက်အောင်ကို စိုက်ကြည့်နေတယ်၊ အဲဒီနောက် ဇော်ထက်အောင်နောက်ကို ခပ်သုတ်သုတ် လိုက်သွားတယ်၊ အဲဒီလူကို မသင်္ကာတာကြောင်



www.burmeseclassic.com

www.burmeseclassic.com



စောစောက လူနှစ်ယောက်ဟာ အဲဒီလူ နောက်ကိုလိုက်သွားတယ်"

"နေဝန်းနီဆိုတဲ့အရက်ဆိုင်နားမှာ အဲဒီလူဟာ ဇော်ထက်အောင်ကို မီသွားတယ်၊ အလှမ်းဝေးတဲ့အတွက် သူတို့ပြောတဲ့စကားကိုမကြားရဘူး။ လူစိမ်းက ဇော်ထက်အောင်ကို အရက်ဆိုင်ဘေး မြေကွက်လပ်ထဲ ဆွဲခေါ်သွားတယ်။ အဲဒီနောက် ကယ်ကြပါလို့ အော်သံကြားတဲ့အတွက် လူနှစ်ယောက်ဟာ မြေကွက်လပ်ဆီကို ပြေးသွားကြတယ်၊ အဲဒီကို သူတို့ရောက်တဲ့အခါမှာ စောစောက လူစိမ်းဟာ အင်းစိန်လမ်းမကြီးဘက်ကို ပြေးထွက်သွားတယ်"

"ဇော်ထက်အောင်ကတော့ သွေးအိုင်ထဲမှာ လဲနေတယ်။ သူဟာ ဓားနဲ့ နှစ်ချက်အထိုးခံထားရတယ်၊ ဒဏ်ရာ ပြင်းထန်ပေမယ့် မသေခဲ့ဘူး၊ နောက်တစ်နေ့မှာ သူ့ကို ဓားနဲ့ထိုးသူဟာ မင်းဒဿဖြစ်ကြောင်း အစစ်ခံတယ်၊ လူနှစ်ယောက်ကိုလူဆိုးမှတ်တမ်းထဲက မင်းဒဿရဲ့ဓာတ်ပုံပြတဲ့အခါ သူတို့တွေ့တဲ့လူစိမ်းဖြစ်ကြောင်း အစစ်ခံတယ်"

ကျော်တင့်ဆွေသည် ထိုပြောပြချက်ကိုစိတ်ဝင်စားစွာနားထောင်နေ၏။

"ဒါဖြင့် – မင်းဒဿဟာ ခုချိန်ထိ လွတ်မြောက်နေတုန်းပဲပေါ့"

"ဟုတ်တယ် – သူဟာ အင်းစိန်လမ်းမကြီးဘက်ကို အေးအေးဆေးဆေး လျှောက်သွားတယ်၊ သူ့နောက်ကို ဘယ်သူမှ မလိုက်ကြဘူး။ အဲဒီနောက် အငှားကားတစ်စီးကို လက်ပြတားပြီး ကားပေါ်တက်သွားတာကို နောက်ဆုံ မြင်လိုက်ရတယ်၊ သူ့ဓာတ်ပုံကို ရဲစခန်း တွေကိုပို့ထားပြီးပြီ၊ ခုအချိန်အထိ ဘယ် လိုမှ ခြေရာခံလို့မရသေးဘူး၊ ဒေါက်တာ လင်းရွှေအောင် ဆီသွားပြီး သူ့သာ အကြောင်း ပြောပြတယ်၊ သူ ဘာမှမသ ဘူး၊ သူ့သား ထောင်က လွတ်မှ တောင်မသိဘူးလို့ပြောတယ်၊ မင်းဒဿ ဟာ ထောင်ထဲမှာ ကောင်းကောင်းမွ မှုနေတဲ့ အတွက် လျှော့ရက် ရပြ ထောင်က စောစောထွက်လာတာ ဖြ တယ်"

ကျော်တင့်ဆွေသည် စုံထော ခင်မောင်ဝေကိုအတန်ကြာအောင် စို ကြည့်နေ၏၊ ထို့နောက် အဝေးသို့ ငေးငေးကြည့်ပြီးပြောသည်၊

"အင်း – စိတ်မကောင်းစရာ ဒါပေမဲ့ – မတတ်နိုင်ဘူး၊ ပြောရမှာပဲ



"ဘာတွေပြောနေတာလဲ ကိုဆွေ" ခင်မောင်ဝေက မေးသည်၊ "ခင်ဗျား ဘာတွေသိထားလို့လဲ၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ကျွန်တော်ဟာ လူထုအကျိုးကို ကာကွယ်စောင့်ရှောက်နေတဲ့ ရဲတပ်ဖွဲ့ဝင်ပါ"

"ကျွန်တော့်တွေးလုံးမှန်ရင်တော့ မကြာခင် မင်းဒဿကို ဖမ်းမိလိမ့်မယ်၊ အဲဒီအတွက် လူတစ်ယောက်တော့ အတော်စိတ်မချမ်းသာဖြစ်မှာပဲ"

"လူကောင်းတွေကို အန္တရာယ်ပြု မယ့်လူဆိုးတစ်ယောက် လွတ်မြောက်သွားရင် ခင်ဗျားဟာ တာဝန်မကျေတဲ့ နိုင်ငံသားတစ်ယောက် ဖြစ်သွားလိမ့်မယ်" စုံထောက်ခင်မောင်ဝေကခပ်ပြတ်ပြတ် ပြောသည်၊ "ကဲ – ခင်ဗျား သိထားတာတွေကို ပြောပြပါလား ကိုဆွေ"

ကျော်တင့်ဆွေက သူသိထားသည့် အကြောင်းများကို ပြောပြလိုက်သည်၊ ထို့နောက် သူတို့နှစ်ယောက် အချိန် အတော်ကြာအောင် တိုင်ပင်နေကြ၏၊

နောက်တစ်နေ့နံနက်တွင် ရန်ကုန် မြို့ရှိ လမ်းထောင့်တစ်ထောင့်တွင် ကျော်တင့်ဆွေနှင့် စုံထောက်ခင်မောင် ဝေတို့ ရပ်နေကြ၏၊ သူတို့နှင့် မလှမ်း မကမ်းတွင် အရပ်ဝတ်ဖြင့် ရဲအရာရှိ တစ်ဦး ရပ်နေ၏၊ ထိုလူမှာ ရဲအုပ် ဦးကျော်စိုး ဖြစ်သည်၊ လမ်းဘေးတွင် ကားတစ်စီး ရပ်ထားသည်၊ သူတို့သုံး ယောက် ဖြတ်လာစဉ် စုံထောက် ခင်မောင်ဝေက ကားဒရိုင်ဘာကို ခေါင်း ညိတ်ပြလိုက်သည်၊

"အမျိုးသမီးကို အသိပေးထား သလား" စုံထောက် ခင်မောင်ဝေက မေးသည်၊

"သူ့ဆီကို စာရေးထားတယ်" ကျော်တင့်ဆွေက ပြောပြ၏၊ "ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာကို မပြောပြဘူး၊ ခါတိုင်း အခန်းက ထွက်နေကျ အချိန်မှာထွက်ဖို့နဲ့ တံခါးဝမှာကျွန်တော်တို့ကိုတွေ့ရင် မမြင်ချင်ဟန်ဆောင်ပြီး ဘာမှမထူးခြားသလို ထွက်သွားဖို့ ရေးထားတယ်"

"အဲဒါကောင်းတယ်ဗျ"

အဆောက်အအုံ အမှတ် လေးဆယ့်သုံးအရောက်တွင် သူတို့သည် လှေကားမှတိတ်ဆိတ်စွာတက်ခဲ့ကြ၏၊ အပေါ်ဆုံးထပ်သို့ ရောက်သောအခါ ပိတ်ထားသော တံခါးရှေ့တွင် ရပ်လိုက်ကြ၏၊

နံနက်ကိုးနာရီ တစ်ဆယ့်ငါးမိနစ်တွင် တံခါးပွင့်လာသည်၊ လှပစွာ ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသော နန္ဒာမောင် ထွက်လာသည်၊ လက်ထဲတွင် လက်ကိုင်အိတ်ကိုင်ထား၏၊ အမျိုးသမီးသုံးယောက်ကိုတွေ့သောအခါ "ကျွန်မ စာရတယ်"ဟု တိုးတိုးပြော၍ လှေကားမှာ ဆင်းသွားတော့သည်၊

ကျော်တင့်ဆွေဦးဆောင်၍အခန်းတွင်းသို့ ဝင်ခဲ့ကြ၏၊ တံခါးကို ပြန်ပိတ်ရန် မေ့မေ၊ စုံထောက်ခင်မောင်ဝေသည် တံခါးဖွင့်ထားသောအခန်းများကို မျက်လုံးဝေ့ကြည့်လိုက်၏၊ ထို့နောက် ကျယ်ဝန်းသော ဧည့်ခန်းအတွင်းသို့ဝင်ခဲ့ကြ၏၊ ကုလားထိုင်များတွင်ဝင်ထိုင်ပြီး တိတ်ဆိတ်စွာ စောင့်နေကြသည်၊

တစ်နာရီခန့်ကြာပြီးနောက်မျက်နှာကျက်ပေါ်မှ ရွှေ့လျားသံ ပေါ်လာ၏၊ စောင့်နေသူ သုံးယောက် ထိုင်ရာမှ ထရပ်လိုက်၏၊ စုံထောက်ခင်မောင်ဝေက ကျန်သူများအား အခန်းနံရံနှင့် ခပ်ခွာခွာနေရန် လေသံဖြင့် သတိပေး၏၊ အသံများ ဆက်ပေါ်လာ၏၊ အခန်းမျက်နှာကျက်ပေါ်မှ ကျလာသောအရာ တစ်ခုကို ဖွင့်ထားသော ပြတင်းပေါက်မှ လှမ်းမြင်ရ၏၊ ထိုအရာမှာကြိုးတန်းလန်းဖြင့် ကျလာသော ခရီးဆောင်သေတ္တာ တစ်လုံးဖြစ်သည်၊ သေတ္တာနှင့် ကြမ်းပြင်ထိကပ်ပြီးနောက်ကြိုးသည်သေတ္တာ ဘေးသို့ ပြုတ်ကျလာသည်၊ မျက်နှာကျက်ပေါ်မှာရွေ့လျားသံများပေါ်လာပြန်၏၊ မကြာခင် ခြေထောက်နှစ်ချောင်း ကြိမ်တန်းများကိုစမ်း၍ တဖြည်းဖြည်း ဆင်းလာသည်၊ မြင်ကွင်းအတွင်းသို့ပခုံးနှင့် မျက်နှာဝင်မလာခင် စုံထောက်ခင်မောင်ဝေနှင့် ရဲအုပ် ဦးကျော်စိုးတို့သည် အခန်းအပြင်သို့ ပြေးထွက်သွားကြ၏၊

ရဲအရာရှိများသည်ထိုလူအားလှေကားပေါ်မှ ဆွဲချကြသည်၊ ထိုလူက ပြန်လည်ခုခံသဖြင့် အခန်းထဲတွင် ရှုန်းရင်းဆန်ခတ်ဖြစ်သွားရသည်၊ စားပွဲပေါ်မှ ပန်းအိုးများကွဲပြီး တံခါးမှန်တစ်ချပ် ကွဲသွားသည်၊ နောက်ဆုံးတွင် ထိုသူ၏ လက်ကောက်ဝတ်ကို လက်ထိတ်ခတ်မိသွား၏၊ ရဲအုပ်ဦးကျော်စိုး၏ ချုပ်ကိုင်မှုအောက်တွင် ထိုလူမှာ မလှုပ်မရှားနိုင်ဖြစ်သွား၏၊

မင်းဒဿ (ခေါ်) ရဲမြင့်လှိုင်မှာ အသက်(၃၀)ခန့် အရပ်မြင့်မြင့်၊ အသားဖြူဖြူ လူငယ်ဖြစ်၏၊ အရွယ်နှင့်မလိုက်အောင် မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ပေါက်နေ၏၊



စုံထောက်ခင်မောင်ဝေက သူ့အိတ်များကို ရှာသောအခါ အော်တိုမစ်တစ်ပစ္စတိုတစ်လက် တွေ့လိုက်ရသည်၊

"ကဲ – ခင်ဗျား မြင်ပြီမဟုတ်လား"

စုံထောက် ခင်မောင်ဝေက ပြောပြသည်၊ "သူဟာ အန္တရာယ်ပေးနိုင်တယ်၊ ထူ့လက်တွေသာ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ရင် ကျွန်တော်တို့တော့ မလွယ်ဘူး၊ သူ ကြိုးလှေကားက ဆင်းနေချိန်မှာ ဝင်ဖမ်းတာဟာ အသင့်လျော်ဆုံးပဲ"

ထို့နောက် ခင်မောင်ဝေသည် ပြတင်းပေါက်သို့ သွားရပ်ပြီး အချက်ပြနေ၏၊ လမ်းထိပ်တွင် ရပ်ထားသော ကားသည် အဆောက်အအုံ အမှတ် (၄၃)ရှေ့တွင် ညင်သာစွာ ထိုးရပ်လိုက်သည်၊

"သူ့ကိုခေါ်သွားတော့ ကိုကျော်စိုး"

စုံထောက် ခင်မောင်ဝေက အခန်းတံခါးဖွင့်ရင် ပြောသည်၊

"ကျွန်တော် အပေါ်တက်ကြည့်ဦးမယ်"

ရဲအုပ်ဦးကျော်စိုးသည် မင်းဒဿအား ကော်လာနှင့်အင်္ကျီစမှ ဆုပ်ကိုင်၍ အခန်းအပြင်သို့ ခေါ်သွား၏၊ ထို့နောက် လှေကားမှ ဆင်းသွား၏၊

"အရင်ဆုံး သေတ္တာဖွင့်ကြည့်ရအောင်ဗျာ"

စုံထောက်ခင်မောင်ဝေကသေတ္တာကို ဖွင့်ရင်းပြော၏၊ သေတ္တာတွင်းမှ ပစ္စည်းများကိုကြမ်းပေါ်ချရင်း "သေတ္တာထဲမှ လိုအပ်တဲ့ပစ္စည်းတွေအားလုံး ပါတာပဲ၊ သွားတိုက်တံ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းဖီးဘီး၊ ဒီလူဟာ သပ်သပ်ရပ်ရပ်နေတဲ့ အလေ့အကျင့်ရှိတယ်၊ အခန်းထဲကပစ္စည်းတွေကို လိုသလောက်ပဲ ယူသုံးတယ်၊ နေ့တိုင်း ရေချိုးတယ်၊ ဒါကို အခန်းပိုင်ရှင် မသိဘူး၊ ဒါပေမဲ့ – မုတ်ဆိတ်ရိတ်ဓား မပါဘူး၊ ဒါကြောင့် သူ့မျက်နှာမှာ အမွေးအမှင် ထူထပ်နေတာ"

"သူမှာ ရည်ရွယ်ချက်ရှိလို့ဒီလိုလုပ်တာဖြစ်လိမ့်မယ်" ကျော်တင့်ဆွေက ပြော၏၊ "သူ့ကို လိုက်ဖမ်းတဲ့ကိစ္စ အေးဆေးသွားတဲ့အချိန်အထိ သူ ဒီမှာနေလိမ့်မယ်၊ အဲဒီကာလဟာ ဘယ်လောက်ကြာမယ်ဆိုတာ မခန့်မှန်းနိုင်ဘူး၊ အဲဒီအချိန်အတွင်းမှာမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ရှည်လာလိမ့်မယ်၊ ဒါဆိုရင် သူ့အတွက် အလိုလို ရုပ်ဖျက်ပြီးသား ဖြစ်သွားလိမ့်မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘီစကစ်မုန့်ထုပ်၊ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်ထုပ်နဲ့ အသားဘူးတွေ၊ အဘိုးကြီးဟာ သူ့သားကိုအတော်ချစ်ရှာတာပဲ၊ ဒီဗောင်းဘီနဲ့ အင်္ကျီတွေကို လျှော်ဖို့ဖြစ်လိမ့်မယ်၊ ပန်းကန်တွေ ဇွန်းတွေကိုတော့ မီးဖိုခန်းထဲကပဲ ယူသုံးလိမ့်မယ်၊ အဲဒီပစ္စည်းတွေမပါဘူး၊ လျှပ်စစ်ဌာနက ငွေတောင်းခံလွှာ ရောက်လာရင်တော့ မီတာခတွေ တက်နေတာ တွေ့လိမ့်မယ်၊ သူဟာ တစ်နေ့ ရှစ်နာရီလောက် ဒီအခန်းမှာ ဖိမ်ကျကျ နေခဲ့တာပဲ"

"ဒီပစ္စည်းတွေကို အဘိုးကြီး လာပို့တာဖြစ်ရမယ်၊ နန္ဒာမောင်ကတော့ သူ့အလုပ်ရှင်ဟာ လူနာတွေရဲ့အိမ်ကို သွားတယ်လို့ထင်မှာပေါ့"

ခင်မောင်ဝေက သေတ္တာကို ပြန်ပိတ်ရင်း ပြောသည်၊

"ကြိုးလေ့ကားပို့တဲ့အတွက် အဘိုးကြီးကို ကျေးဇူးတင်ရမယ်၊ နို့မို့ရင် သူ့ကို ဖမ်းဖို့မလွယ်ဘူး"

"မင်းဒဿဟာ ပထမဆုံး မျက်နှာကျက်ကို အလွယ်တကူ တက်ခဲ့တယ်" ကျော်တင့်ဆွေက ပြောပြသည်၊ "သူတို့ဟာ စားပွဲကို ရွှေ့ပြီး စားပွဲပေါ်ကို ကုလားထိုင်တင်တယ်၊ မင်းဒဿဟာ ကုလားထိုင်ပေါ်တက်ပြီး မျက်နှာကျက်က လျှို့ဝှက်တံခါးကို ဖွင့်တယ်၊ ပြီးတော့ လက်နှစ်ဖက်နဲ့ အားယူပြီး အပေါ်ကို တက်တယ်၊ စားပွဲပေါ်က စတုရန်းအကွက်ကလေးတွေဟာ ကုလားထိုင်ခြေထောက်ရာတွေပဲ"

"စားပွဲပေါ်က ဒါတွေ တွေ့ရုံနဲ့ မင်းဒဿ ဒီမှာရှိတယ်လို့ တွေးမိတာလား"

ခင်မောင်ဝေက မေးသည်၊

"ဘယ်ဟုတ်ပါ့မလဲ၊ ဒေါက်တာလင်းရွှေအောင်ဟာ သူမသိတဲ့ မိန်းကလေးတစ်ယောက်ကိုအလုပ်ပေးပြီး သူ့အိမ်မှာ တစ်နေကုန် နေခိုင်းတာဟာ ထူးဆန်းတယ်လို့ တွေးမိတယ်၊ မိန်းကလေးဟာ အပေါ်ဆုံးထပ်မှာ နေတာကိုသူသိတယ်၊ ဒါကြောင့်အခန်းကို တစ်ခေါက်လိုက်လာပြီး လျှို့ဝှက်တံခါးကို အသုံးပြုလို့ ရနိုင် မရနိုင် လေ့လာတယ်၊ နန္ဒာမောင် အလုပ်ဝင်ပြီးတဲ့နောက် သူ့အိတ်ထဲက သော့တွဲကို မသိအောင်ယူပြီး သော့တူလုပ်ထားခဲ့တယ်၊ အဲဒီနောက် လိုအပ်တဲ့ပစ္စည်းတွေကို စုဆောင်းခဲ့တယ်၊ တစ်ညနေမှာ နန္ဒာမောင်ဟာ ရွှေစင်ဦးနဲ့အတူ ရုပ်ရှင်သွားကြည့်တယ်၊ အဲဒီအချိန်မှာ သူ့သားကို ခေါ်လာပြီး ဒီအခန်းထဲမှာ ထားခဲ့တာပဲ၊ မနေ့က ခင်ဗျားနဲ့တွေ့ပြီး သူ့အကြောင်းကို ပြောနေချိန်မှာ မင်းဒဿ ဒီမှာရှိမယ်လို့ တွေးမိတာပဲ၊ အခု ကျွန်တော် တွေးတဲ့အတိုင်း မှန်နေပြီ"



စုံထောက်ခင်မောင်ဝေ ဖြည့်ပြောပြန်သည်၊ "ဒီလိုဖြစ်လိမ့်မယ်ဗျ၊ ဒေါက်တာဟာ သူ့သား ထောင်က လွတ်လာတာကို အဲဒီနေ့ကပဲ သိလိမ့်မယ်၊ မင်းဒဿက သူ့အဖေဆီကိုတယ်လီဖုန်းဆက်ပြီး တစ်နေရာမှာ တွေ့ဖို့ချိန်းပါလိမ့်မယ်၊ ဇေယျာဦးကို လက်စားချေမယ့်အကြောင်း၊ သူ့အဖေကို ပြောပြလိမ့်မယ်၊ အဲဒီလိုလုပ်ရင် သူ အဖမ်းခံရမယ့်အကြောင်းနဲ့ ပုန်းအောင်းဖို့နေရာ ရှာထားဖို့ ပြောလိမ့်မယ်၊ ဒါကြောင့် ဒေါက်တာဟာ သူ့သမီးရဲ့သူငယ်ချင်းအခန်းမှာ သူ့သား ပုန်းနေဖို့ စီစဉ်ခဲ့တာပဲ၊ အကြံကောင်းပါတယ်"

"ဒေါက်တာလင်းရွှေအောင်ဟာ သူ့သား ဇေယျာဦးကို လက်စားချေမယ်ဆိုတာ သိရဲ့သားနဲ့ ဘာကြောင့်မတားတာလဲ" ကျော်တင့်ဆွေက မေးကြည့်သည်၊

"မင်းဒဿလိုလူငယ်ဟာ ဘယ်သူ တားလို့မှ ရမှာမဟုတ်ဘူး၊ သူလုပ်ချင်တာ လုပ်မှာပဲ၊ ဖခင်တစ်ယောက်အနေနဲ့ သူ့သား ကြိုးပေးမခံရအောင် အတတ်နိုင်ဆုံး ကြိုးစားမှာပဲ"

"ဟုတ်တယ်၊ ဒေါက်တာဟာ သူ့သားအတွက် အများကြီးကြိုးစားခဲ့တာပဲ၊ ကဲ - ကျွန်တော် မျက်နှာကျက်ပေါ် တက်ကြည့်ဦးမယ်၊ ခင်ဗျားလိုက်မယ်ဆိုရင် မင်းဒဿလိုပဲ တက်ရလိမ့်မယ်"

"ကျွန်တော်လည်း လိုက်မယ်"

စုံထောက်ခင်မောင်ဝေ၏လက်နှိပ်ဓာတ်မီးဖြင့် မျက်နှာကျက်ပေါ်တွင် ရှာဖွေကြ၏၊ အမိုးအောက်သစ်သားယက်မကာန်းနှစ်ခုအကြားတွင် ပုခက်တစ်ခု ဆင်ထားသည်ကို တွေ့ရ၏၊ ပုခက်ထဲတွင် စောင်များ ခေါက်ထည့်ထား၏၊ ထောင့်တစ်ထောင့်တွင် ရိက္ခာနှင့် ဖယောင်းတိုင်ထုပ်များ သပ်ရပ်စွာ ရှိနေ၏၊ အခြားထောင့်တစ်ထောင့်တွင် နေ့စဉ်ထုတ်သတင်းစာများ စုပုံထား၏၊

"ဒီအပေါ်မှာ ထိုင်စရာမရှိဘူး၊ ဒါကြောင့်အောက်က ကုလားထိုင်ကိုသူ သဘောကျတာဖြစ်လိမ့်မယ်"

ကျော်တင့်ဆွေက ပြောပြသည်၊

"ဒီနေရာမှာ အခုလိုနေချင်စဖွယ် ဖြစ်အောင် ဒေါက်တာဟာ မကြာခင် ပစ္စည်းတွေ လာပို့ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝေက မှတ်ချက်ချသည်။

"ကဲ - ဒါလောက်ဆို တော်ပါပြီ။ နန္ဒာမောင် ပြန်မလာခင် အခန်းကို သပ်သပ်ရပ်ရပ် ပြန်လုပ်ပေးရမယ်။ ဒီအကြောင်းကို သူသိရင် သိပ်အံ့သြမှာပဲ။ နောင်အခါမှာ သူ့သူငယ်ချင်းတွေကို သူမဟာ ယောကျ်ားပျိုတစ်ယောက်နဲ့ အတူ အခန်းတစ်ခန်းထဲမှာ သူ လုံးဝမသိဘဲ တစ်လနီးပါးနေခဲ့ပုံကို ပြောနေလိမ့်မယ်ဗျ"

အောက်သို့ပြန်ဆင်းလာပြီး အခန်းကို သပ်ရပ်အောင် လုပ်ကြသည်။ မှန်ကွဲများကို မီးဖိုခန်းထောင့်တွင် စုပုံထားကြ၏။

"ကျွန်တော် နန္ဒာမောင်ကို စားမွဲ အသစ်တစ်လုံးနဲ့ ပန်းအိုးတွေ ပြန်ဝယ်ပေးရဦးမယ်" ကျော်တင့်ဆွေက ပြော၏။ "ပရိဘောဂတွေကို မဖျက်ဆီးပါဘူး လို့ ကတိပေးခဲ့ရတယ်" ထို့နောက် အသံထွက်အောင် ရယ်နေတော့သည်။


စုံထောက်ခင်မောင်ဝေက နား မလည်သလို ကြည့်နေ၏။

"နန္ဒာမောင်က ဒီကိစ္စအသေးအဖွဲ ကလေးလို့ ပြောခဲ့တယ်။ ဒါကို သဘောကျလို့ရယ်တာပါ။ ဒါဟာ ရာဇဝတ်မှုကြီး ထဲမှာ ပါတယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်ဗျ"

ကျော်တင့်ဆွေက ဤသို့လျှင် သူ့စကားကို နိဂုံးချုပ်လိုက်ပါ၏။

➳ ဘာသက်ဆွေ

| | |
|---|---|
| **နား** | ဟင်းဂလာနားကျပ်ဆီကို သုံးပါ။ |
| **ရော** | ဆင်တုံးမနွယ်ကို ထုချေ၍ ကြက်သီးနွေးမျှ ပြုတ်ပြီး ထိုပြုတ်ရည်ကို နား၌ ဆေးကြောပေးခဲ့သော် နားတွင်းရှိအညစ်အကြေးများကင်းစင်၍ နားကိုက်နားရောဂါ |
| **ဂါ** | များ ပျောက်၏။ |



www.burmeseclassic.com

www.burmeseclassic.com



**ဦးဘိုးလူ**သည် အသက်အရွယ်ရလာသည်နှင့်အမျှ ပညာရပ်ဆိုင်ရာ၌လည်း ရင့်ကျက်လာသည်။ ပန်းပုထုဆစ်သည့်ပညာရပ်တွင် ဤနယ်တစ်ခွင် တုနိုင်းမဲ့ ဖြစ်လာသည်၊ လက်ရာပြောင်မြောက်လွန်းသဖြင့် ပကတိ သက်ရှိထင်ရှား အနေအထားနှင့်မခြား တူညီလှပေသည်ဟု လူအများက ချီးမွမ်းပြောဆိုကြသည်။

ပြောစမှတ်ပြုရလောက်အောင် လုပ်ငန်းတွင် စိတ်ပါဝင်စားမှုရှိသည်။ မိမိထုလုပ်သည့် မည်သည့်ပန်းပုရုပ်ကိုမဆို အာရုံဝင်စားစွာ စူးစိုက်အားထည့်မှု ရှိသည်၊ ပုံကြမ်းကို လေ့လာသည့်အခါဖြစ်စေ၊ တစ်ပိုင်းတစ်စ ထုဆစ်ပြီးစ အရုပ်ကို သုံးသပ်ရာတွင်ဖြစ်စေ၊ ပြင်ဆင်မွမ်းမံ ဖြည့်စွက်ရာတွင်ဖြစ်စေ အာရုံဝင်စားမှုမှာ နေ့ဝက်ကျိုးသည်၊ တစ်နေကုန်သည်၊ ထမင်းမေ့ဟင်းမေ့ဖြစ်အောင် ရှုထောင့်အမျိုးမျိုးမှ ကြည့်သည်၊ အပြန်ပြန် အလှန်လှန် သုံးသပ်ပြီး မှ ဆုံးဖြတ်လုပ်ဆောင်သည်ဖြစ်သောကြောင့် မြန်လည်း မြန်သည်၊ မှန်လည်း မှန်သည်၊ ပီပြင်မှုလည်း ရှိလေသည်။

မိမိဇနီးနှင့်အတူ ဖောက်ပြန်သော ယောကျ်ား တစ်ယောက်ကို လူထုမျက်မှောက်ရှေ့မှ ဖျောက်ကွယ်ထားနိုင်သည့် ထူးဆန်းသောပန်းပုဆရာ တစ်ယောက်အကြောင်း. .

ဦးဘိုးလူမှာ တရုတ်သွေးပါသူဖြစ်သည်။ တချို့က ဦးဘိုးလူ၏မိဘမျိုးရိုးမှာ တရုတ်ပြည်မကြီးတွင် ကျောက်ဆစ်ပညာဖြင့် အသက်မွေးသူဟု ဆိုကြသည်။ မိဘမျိုးရိုးအမွေအနှစ်ကြောင့်ဤမျှ တိကျတော်တတ်ခြင်း ဖြစ်သည်ဟု ပြောကြသည်၊ စကားများများမပြော၊ အလုပ်များများလုပ်သည်မှာ သူ၏မျိုးရိုးအစဉ်အလာကြောင့်ဟု သုံးသပ်သည်။

သို့သော် ဦးဘိုးလူ၏ အကြောင်းဇစ်မြစ်ကို မည်သူကမျှ တိတိကျကျ မှန်မှန်ကန်ကန် အသေးစိတ် သိရှိသူမရှိချေ။ ထို့ကြောင့် အများသူငါ သုံးသပ်ဆင်ခြင်သကဲ့သို့ မှန်လိုလျှင်လည်း မှန်မည်၊ မှားလိုလျှင်လည်း မှားမည်ဟု ထင်မြင်ရသည်။

ထိုနေ့က ဦးဘိုးလူသည် ရှာန်ဝင်နေသဖြင့် နေ့တစ်ဝက် ကျိုးသွားသည်။ သတိဝင်လာသည့်အခါ မွန်းလွဲချိန် ရှိပေပြီ၊ ထမင်းစားရန် သတိရခြင်း မဟုတ်ချေ။ သူ၏ အနုစိတ်သုံးပစ္စည်းကရိယာ သေတ္တာလေးကို လိုအပ်ခြင်းဖြစ်သည်၊ အသက်အရွယ်က ခြောက်ဆယ်ကျော်လာပြီဖြစ်သဖြင့် မေ့တတ်လျော့တတ်လာသည်။ စိတ်ကူးရစဉ် အလျင်အမြန်



ထုဆစ်လိုက်မှ ပီပြင်မည်ဟု မှတ်ယူထားသည်၊ နို့မို့ မေ့လျော့သွားလျှင် ဤနေရာတွင် လစ်ဟာသွားပေမည်။

အနီးတစ်ဝိုက်တွင် ရှာမတွေ့သဖြင့် အိမ်အတွင်းသို့ဝင်သွားသည်။ ထို့နောက် ချက်ချင်း ပြန်ထွက်လာသည်။ ခေတ္တရပ်တန့် စဉ်းစားကြည့်သည်၊ အတန်ကြာသည်အထိ စဉ်းစားမရသဖြင့် လုံမကို သတိရလိုက်သည်၊ လုံမမှာ ဦးဘိုးလူ၏ ဇနီးဖြစ်လေသည်၊ အသက်အစိတ်ခန့်သာ ရှိသေးသည်၊ လုံးကြီးပေါက်လှ ဆူဖြိုးသောအလှပိုင်ရှင် ဖြစ်သည်၊ ဦးဘိုးလူက လုံမဟု ဆိုသော်လည်း သူမ၏ အမည်မှာ တင်ရီမ ဖြစ်သည်၊ ဦးဘိုးလူနှင့် တင်ရီမကို ဦးဦးနှင့် တူမလေးဟု အများက ထင်ကြသည်။

"လုံမရေ–လုံမ"

ဦးဘိုးလူက စိတ်ကူးသဖြင့် အိမ်အတွင်းသို့ လှမ်းခေါ်လိုက်သည်၊ တော်တော်နှင့် ပြန်ထူးသံ မကြားရချေ။ ဦးဘိုးလူက ထပ်မံခေါ်ကြည့်ရန်ကြံစဉ်၊ လုံမ၏ထူးသံကို ကြားရသည်။

"ရှင်–အစ်ကိုကြီး"

"ငါ့ပစ္စည်းထည့်တဲ့သေတ္တာလေး မတွေ့မိဘူးလား"

"အိပ်ခန်းက စားပွဲပေါ်မှာ ရှိတယ်လေ–အစ်ကိုကြီး"

"အော်–မေ့နေလို့–ယူလာခဲ့ပါဦးကွယ်"

ဦးဘိုးလူက လုံမကို တစ်ဆက်တည်း မှာလိုက်သည်၊ သူက ဆက်လက် ထုဆစ်ရမည့် မင်းသမီးရုပ်တုကို စူးစိုက်ကြည့်နေမိသည်၊ ခေတ္တအကြာတွင် လုံမက ဦးဘိုးလူ၏ပစ္စည်းထည့်သေတ္တာလေးကို ယူလာပေးသည်၊ ဦးဘိုးလူက ထိုသေတ္တာလေးအတွင်းမှ ရုံး၊ ဆောက်အပါးစားလေးနှင့် အခြားလိုအပ်သော ပစ္စည်းများကို ထုတ်ယူလိုက်သည်၊ လုံမက ပြန်မသွားသေးဘဲ ဦးဘိုးလူအနီးတွင် ရပ်နေသဖြင့် ဦးဘိုးလူက အမှတ်မဲ့ပြောမိသည်၊

"မောင်ထင်ကျော် မတွေ့ပါလား–ဘယ်သွားလဲ"

"ထမင်းစားပြန်သွားပြီလေ–တော်ကြာ လာတော့မှာပါ"

"ကျန်တဲ့ကလေးတွေရောပြန်သွားပြီလား"

"ဟုတ်ကဲ့–အစ်ကိုကြီး"

ဦးဘိုးလူက ဆက်မပြောတော့ချေ။ သူတစ်ဦးတည်း မှာလိုက်သည်၊ သူက

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်လုပ်ကိုင်နေသည်၊ မောင်ထင်ကျော်ရှိနေလျှင် တိုတိုထွာထွာခိုင်းပြီး အကြမ်းထည်ကို ထုဆစ်နိုင်သည် အထိခိုင်းစေ၍ရသည်၊ ယခုတော့မောင်ထင်ကျော်ကို မတွေ့ရသဖြင့် တစ်ဦးတည်း နွဲ့ရပေတော့မည်။

"အစ်ကိုကြီး - ထမင်းစားပြီးမှ လုပ်ပါလား။ နေ့လယ်တစ်နာရီ ထိုးတော့မယ်"

"မစားသေးပါဘူးကွယ်၊ ရျာန်ဝင်စားတုန်း လုပ်လိုက်မှ အဆင်ပြေတာ လုံမရဲ့ စားနှင့်လေ"

ဦးဘိုးလူ၏စကားဆုံးလျှင် လုံမက အိမ်အတွင်းသို့ ဝင်သွားသည်။ ခွင့်ပြုချက် ရပြီဖြစ်၍ ဦးဘိုးလူကို စောင့်ရန်မလိုတော့ပေ။ အနည်းဆုံးညနေသုံးနာရီကျော်လောက်မှ ဦးဘိုးလူက ထမင်းစားပေရော့မည်၊ လုံမအဖို့ ဆာဆာနှင့် တစ်ဦးတည်း ထမင်းစားရန်သာ ရှိတော့သည်။

☆☆☆

နောက်တစ်နေ့တွင် မောင်ထင်ကျော်က စောစီးစွာ ရောက်လာသည်၊ မောင်ထင်ကျော်မှာ အသက်သုံးဆယ်ခန့်ရှိပြီ၊ တောင့်တင်းကြံ့ခိုင်သောခန္ဓာကိုယ်ရှိသည်၊ ရုပ်ရည်က သင့်တင့်ရုံသာရှိသော်လည်း အလုပ်အကိုင်က မျက်နှာလွှဲရလောက်အောင် စိတ်ချရသည်၊ ဆယ်နှစ်ခန့် အတူလက်တွဲ လုပ်ကိုင်ခဲ့သူဖြစ်သဖြင့် အတွေ့အကြုံ အတော်အတန်ရှိသည်၊ ဦးဘိုးလူ မျက်နှာလွှဲနိုင်လောက်အောင် ဦးဘိုးလူ၏အထာကို သိသူလည်းဖြစ်သည်။

မနေ့ကနေ့လယ်ပိုင်းထမင်းစားပြန်သွားပြီးနောက် ယနေ့မှ တွေ့ရခြင်းဖြစ်သည်၊ ဦးဘိုးလူက အကျိုးအကြောင်း မေးရန် ကြံသော်လည်း အာရုံပျက်မည်စိုး၍ မမေးတော့ချေ၊ ဦးဘိုးလူ အလုပ်လုပ်နေသည့်နေရာတစ်ပိုက်က ရှင်းနေသည်၊ ကျန်သော ခြံဝင်းတစ်ခုလုံးမှာ ရုပ်ထုများနှင့် ပြည့်နေသည်၊ ထုလုပ်ပြီးသား၊ ထုလုပ်ဆဲ၊ ပုံကြမ်းသွန်းသည့် အဆင့်စသည်ဖြင့် မျိုးစုံတွေ့ရသည်၊ ထိုအထဲတွင် မနေ့က အမှတ်တမဲ့ မတွေ့မြင်မိသော ပုံကြမ်းသွန်းထားသည့် ရုပ်ထုတစ်ခုက ရောက်နေသည်။

သာမန်လူအရွယ်အစားအတိုင်းဖြစ်သည်၊ ပုံကြမ်းသည်ပင် အချိုးအစားကျနသေသပ်သဖြင့် မောင်ထင်ကျော် အံ့သြမိသည်၊ မောင်ထင်ကျော်က အသေအချာ ကိုင်တွယ်စစ်ဆေး ကြည့်သေးသည်၊ ပုံကြမ်းသွန်းသောသူသည် အတော်အရည်အသွေးရှိသူဟု မှန်းဆရသည်၊ ပုံကြမ်းကိုပင် အချိုးအစားကျနအောင် အင်္ဂတေ၊ ပလာစတာတို့ဖြင့် စနစ်တကျသွန်းလုပ်ထွင်းထုထားသဖြင့် အချိုးကျနေပြီဖြစ်သည်၊ နေပြထားသဖြင့် မကြာမီ အချောကိုင်မည့်ရုပ်တုအဖြစ် မောင်ထင်ကျော်က သဘောပေါက်သည်။

"ဘယ်သူ့ပစ္စည်းလဲ - ဦး - တော်တော်အချိုးကျတယ်နော်"

"မနေ့ညနေက လူတစ်ယောက်လာအပ်သွားတယ်။ အဆင်ပြေသလို ထုပေးဖို့ပြောတယ်"

မောင်ထင်ကျော်က မည်သို့မျှထပ်မံစပ်စုခြင်းမရှိတော့ချေ။ သူလုပ်ဆောင်ရန်ရှိသည်များကို ဆောင်ရွက်ရန် အတွင်းပိုင်းသို့ ဝင်သွားသည်၊ အခြားအလုပ်သမားနှစ်ဦးရှိသဖြင့် ထိုသူတို့နှင့် လုပ်ဆောင်ရန်ရှိသည်များကို လုပ်နေမည်ဟု ယူဆရသည်။ နေ့လယ်ပိုင်းတွင် မောင်ထင်ကျော်က အခန်းပြင်သို့ထွက်လာပြီး ဦးဘိုးလူကို ပြောသည်။

"မနေ့က လုပ်လက်စအရုပ်ကို ပုံကြမ်းသွန်းပြီးပြီ။ ဦး - အားရင်ကြည့်ပါဦး"



ဦးဘိုးလူက ချက်ချင်းပြန်မဖြေချေ၊ သူ့လုပ်ငန်းတွင် ရျာန်ဝင်နေသဖြင့် တိတ်ဆိတ်နေသည်၊ နာရီဝက်ခန့်ကြာမှ မောင်ထင်ကျော်ကို ပြောသည်။

"မောင်ထင်ကျော်အားရင်မနက်က အကြမ်းထည်ကို နည်းနည်းပုံသွင်းကြည့်ပါလား။ ဦးက ဒီမှာ လုပ်လက်စမို့ အာရုံမရနိုင်သေးဘူး။ မင်းရဲ့စိတ်ကူးအပေါ်မူတည်ပြီး ပုံဖော်ကြတာပေါ့"

"ဟုတ်ကဲ့ - အော် - မမလေးလဲ မတွေ့ပါလား"

"လုံမအမေ နေမကောင်းဘူးဆိုလို့ ရွာပြန်သွားတယ်၊ နက်ဖြန်ပြန်ရောက်မယ်လို့ ပြောသွားတယ်ကွဲ့"

"ဦး ထမင်းစားဖို့ ခက်နေမှာပေါ့"

"ဆိုင်မှာ သွားစားမှာပေါ့ကွာ၊ ကောင်လေးတွေကို ကြီးကြပ်ပြီး အချိန်ရရင် ဦးပြောတဲ့ပုံကြမ်းကို လုပ်လိုက်ပါ၊ ဦး၊ ဖြစ်နိုင်ရင် မောင်ထင်ကျော် တစ်ညအိပ်စေချင်တယ်"

"ဖြစ်ပါတယ် - ဦးရဲ့"

ဦးဘိုးလူက မည်သို့မျှ ဆက်မပြောတော့ချေ၊ လုပ်ရန်ရှိသောလုပ်ငန်းကို အမြန်လက်စသတ်နိုင်ရန် ကြိုးပမ်းလျက် ရှိသည်၊ မောင်ထင်ကျော်သည် အတွင်းခန်းသို့ ဝင်သွားပြီး လုပ်လက်စ

www.burmeseclassic.com

www.burmeseclassic.com



များ ဆက်လုပ်သည်၊ ဦးဘိုးလူ၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရန် စီစဉ်သည်၊ အတန်ကြာလျှင် လုပ်လက်စ အလုပ်များ လက်စသတ်သည်။ မောင်ထင်ကျော်သည် အကြမ်းထည်ကို စိတ်ကူးရသကဲ့သို့ ဒွေးမယ်နော်ရုပ်တုဆစ်ရန် အရောကိုင်သည်၊

မောင်ထင်ကျော်သည် ထုဆစ်နေရင်းပင် ကြက်သီးများ ထလာသဖြင့် ထူးဆန်းသလို ထင်မိသည်။ ရုပ်တု၏ ခန္ဓာကိုယ်အပိုင်းက ပူနွေးနေသကဲ့သို့ ခံစားရသည်၊ ဇမောင်ထင်ကျော်သည် လေးငါးချက်ခန့်သာ ထုဆစ်ရသေးသည်။ ဆက်လက်ပြီး ပုံသွင်းရန် ဝန်လေးနေဘိသကဲ့သို့ ဖြစ်လာသည်။

"မောင်ထင်ကျော် – ဘာတွေငိုင်နေတာလဲ"

"မငိုင်ပါဘူး – ဦးရဲ့ ဒီအရုပ်ကို ကိုင်ရတာ ရင်ထဲမှာ တစ်မျိုးတစ်ဖုံ ခံစားရတယ်ထင်လို့ပါ"

"မောင်ထင်ကျော်က အရုပ်အမျိုးမျိုး ကိုင်ဖူးရဲ့သားနဲ့၊ ဘယ်လိုဖြစ်ပြီး ခံစားနေရတာလဲ၊ စိတ်မဝင်စားရင် မလုပ်နဲ့ပေါ့။ တခြားလုပ်စရာရှိတာ လုပ်ပါ၊ ဒီအရုပ်က လက်စသတ်ပြီဆိုတော့ ဦးပဲ ဆက်ပြီး ကိုင်လိုက်ပါမယ်"

"ဟုတ်ကဲ့ပါ – ဦး – ကျေးဇူးပါပဲ၊ ကျွန်တော် လုပ်စရာရှိတာ စီစစ်ပြီး လုပ်လိုက်ပါမယ်"

ဦးဘိုးလူက မည်သို့မျှ ခွန်းတုံ့မဆိုချေ၊ သူ့အလုပ်ကိုသာ ဆက်ပြီးလုပ်နေသည်၊ သည်တော့မှ မောင်ထင်ကျော်လည်း စိတ်အေးချမ်းသာစွာဖြင့် အတွင်းခန်းသို့ ဝင်သွားသည်၊ ဦးဘိုးလူ၏အမူအရာကို ကြည့်ခြင်းအားဖြင့် မောင်ထင်ကျော်က ဤအရုပ်ကိစ္စကြောင့် သာမဟုတ်၊ မနေ့နေ့လယ်က သူနှင့်လုံမတို့ ဖြစ်ပျက်ခဲ့သည့်အကြောင်းကိစ္စအတွက် ပါ စိတ်အေးချမ်းသာ ဖြစ်သွားခဲ့ရသည်၊

မနေ့နေ့လယ်က ဦးဘိုးလူ အလုပ်ရှုပ်နေစဉ် လုံမက မောင်ထင်ကျော်ကို သူ့အခန်းသို့ ခေါ်သည်၊ ယခင်ကလည်း တစ်အိမ်လုံး တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နေကျဖြစ်သဖြင့် ဦးဘိုးလူ၏အခြေအနေကိုကြည့်ပြီး ဝင်သွားခဲ့သည်၊ မမလေးက တော်တော်ဆိုးသည်၊ နေ့ခင်းနေ့လယ်ပင် ဆင်ခြင်မှုမရှိတော့ချေ။ ဦးဘိုးလူ၏ ခေါ်သံကြားမှ ကမန်းကတန်း ပြေးထွက်ရသည်၊ ဦးဘိုးလူက အလုပ်တွင် ရှာနေ ဝင်နေသဖြင့် ရိပ်မိသိရှိဟန် မတူချေ။ ယနေ့အနေအထားအရလည်း သိရှိဟန် မတူ၊ ဣန္ဒြေမပျက် ပုံမပျက်မို့ တော်ပါ



သေး၏ဟု မောင်ထင်ကျော်က မှတ်ယူ ကျေနပ်နေမိသည်။

☆☆☆

ဦးဘိုးလူသည် ဆယ်ရက်ခန့် မရပ်မနား အားထည့်လုပ်ကိုင်ရသည်ဖြစ်သောကြောင့် လူပုံမှာ ညှိုးသိုးသိုးနှင့် ပိန်ချုံးသွားသည်။ ယခုအခါ ကိန္နရီ ကိန္နရာရုပ်ထုလည်း အစသတ်ခဲ့ပြီ၊ ဆက်လက်ထုဆစ်ရန် စီစဉ်ထားသော တောလိုက်နှင့် ရွှေသမင်ရုပ်တုကို ပုံလောင်းပြီးဖြစ်သည်။ မောင်ထင်ကျော် မလာသဖြင့်အလုပ်သင်အခြားလုပ်သားများနှင့် လုပ်ရသည်မှာ ပင်ပန်းလှသည်၊

ဦးဘိုးလူသည် ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်း၊ ဆင်းရဲခြင်းကို ဂရုပြုဟန်မတူ၊ သူ့လက်ရာများကိုသာ အပြန်ပြန်အလှန်လှန် စီစစ်တွေးဆရင်း ကျေနပ်နေသည်၊ ယခုမှ သတိရသည်။ လုံမသာရှိလျှင် သူ၏ချို့ယွင်းအားနည်းချက်များကိုထောက်ပြပြောဆိုမည်မှာ သေချာသည်၊ ယခုတော့ လုံမကလည်း ပြန်မလာသဖြင့် သူ့ကို ဝေဖန်ထောက်ပြမည်သူမရှိ ဖြစ်နေရသည်။ လတ်တလောကတော့ ဝေဖန်သူမရှိသောကြောင့် မိမိကိုယ်မိမိ ကျေနပ်နေမိသည်၊

ဦးဘိုးလူသည် ပက်လက်ကုလားထိုင်တွင်အသာလှဲရင်းရေနွေးကြမ်းတစ်ခွက်ကို ဖြည်းညင်းစွာ သောက်နေမိသည်၊ ဦးဘိုးလူသည် ရေနွေးကြမ်းနှင့် မှိန်းရင်းဖြင့် သူ့လက်ရာကို တစိမ့်စိမ့် ကြည့်ရင်း ပီတိဖြစ်နေသည်၊ ထိုစဉ် လူတစ်စုသည် ခြံတွင်းသို့ ဝင်လာသဖြင့် တအံ့တဩဖြစ်သွားသည်။ ရပ်ကွက်လူကြီးလည်းပါသည်၊ ရဲလည်းပါသည်၊ မည်သည့်အကြောင်းကိစ္စမှန်း မသိရသဖြင့် အံ့ဩနေမိသည်၊

"ဦးဘိုးလူ ရှိပါလား"

"ကျွန်တော်ပါ၊ ဘာကိစ္စရှိလို့ပါလဲ"

ဦးဘိုးလူးက စူးစမ်းရင်း လူအုပ်ကို ကြည့်လိုက်သည်၊ မောင်ထင်ကျော်၏ မိဘနှစ်ပါးလည်း ပါသည်မို့ ထူးဆန်းနေသည်၊ ဦးဘိုးလူက မမေးရသေးမီ ရဲအရာရှိက ပြောသည်၊

"ကိုထင်ကျော် ပျောက်နေလို့ပါ၊ ဒါက ကိုထင်ကျော်ရဲ့မိဘနှစ်ပါးပါ"

ဦးဘိုးလူက ရဲအရာရှိ၏အပြောကို နားထောင်ပြီး မောင်ထင်ကျော်၏ မိဘနှစ်ပါးကို သိရှိကြောင်း ခေါင်းညိတ်ပြသည်၊ ပြီးမှ ပြောသည်၊

"မောင်ထင်ကျော်ရဲ့ မိဘတွေကို သိတယ်၊ မောင်ထင်ကျော် ပျောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာကိုမသိဘူးဗျ။ ကျွန်တော်က နေထိုင်မကောင်းလို့ မလာဘူးလို့ ထင်နေမိတာပါ။ မလာတာတော့ တစ်ပတ်လောက်ရှိပြီ။ ကျွန်တော့်ဆီမှာ တစ်ညအိပ်ပြီး ပြန်သွားကတည်းက မလာတာဆိုတော့ နေမကောင်းလို့ ထင်နေမိတာ။ အဲဒီ့နေ့က အလုပ်ကကြပ်တယ်။ ညအိပ်ပြီး လုပ်ကြရတယ်ဗျ။ ပင်ပန်းပြီး နေထိုင်မကောင်းဖြစ်တယ်လို့ ထင်မိတယ်။ ဒီနေ့မှ အလုပ်က နည်းနည်းချောင်လို့ အခြေအနေမေးမယ်လို့စိတ်ကူးမိတယ်။ ဘယ်လိုဖြစ်တာလဲဗျာ – ထိုင်ကြပါ”

ဦးဘိုးလှူက စည့်သည်များကို အနီးရှိ ခုံတန်းသို့ ညွှန်ပြနေရာချရင်း ရှင်းပြသည်။ ရဲအရာရှိက အကြောင်းစုံပြောပြီး သိလိုသည်များကို မေးသည်။ ဦးဘိုးလှူထံ သွားပြီးကတည်းက ပြန်မလာကြောင်း၊ အခြားလုပ်သားများကလည်း မတွေ့ကြောင်း၊ မည်သည့်နေရာမှ ရှာမရကြောင်း၊ လူပျောက်မှုဖြင့် တိုင်ချက်ဖွင့်ထားကြောင်း ရှင်းပြသည်။

ဦးဘိုးလှူက သူလည်း မပြောတတ်ကြောင်း၊ မောင်ထင်ကျော်မှာ အေးဆေးတည်ငြိမ်ပြီး အလုပ်ကြိုးစားသူဖြစ်ကြောင်း၊ ထိုနေ့ညက တစ်ညလုံး ပုံသွန်းပြီး နံနက်မိုးလင်းမှ ပြန်သွားကြောင်း၊



မင်းတို့ မောင်နှံကို လူတိုင်း
သဘောကျတယ်တဲ့။ အခါမလပ်
နေ့ညမရွေး ပျော်နိုင်ဖို့ မင်းတို့ကို
လွတ်လွတ်လပ်လပ် ထားပေးတာနော်။
စိတ်ကြိုက် ပျော်ပေါ့ကွ။ ငါကတော့
မင်းတို့ကိုကြည့်ပြီး ဝီတိဖြစ်နေရမှာပဲ။
ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းတို့ကို
ချစ်နေရသူကိုးကွ။



ပြန်လာမည်ထင်သော်လည်း မတွေ့ရကြောင်း၊ အလုပ်ပိနေသဖြင့် မေ့ပျောက်နေမိကြောင်း ရှင်းပြသည်။ ထို့နောက် အရာရှိက အလုပ်ခန်းကိုကြည့်လိုသည်ပြောသဖြင့် ရပ်ကွက်လူကြီးများနှင့်အတူ အိမ်အတွင်းခန်း၊ အလုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခွင့်ပြုရသည်။ အတန်ကြာ တစ်အိမ်လုံးကို စိတ်ကြိုက်ရှာဖွေ စိစစ်ကြည့်ရှုပြီးနောက် ရဲအရာရှိက မေးသည်။

“ခင်ဗျားတစ်ယောက်တည်း နေတာလား”

“အဲ – မဟုတ်ဘူး – ခင်ဗျားမေးမှ သတိရတယ်။ ကျွန်တော့်မိန်းမရှိတယ်။ သူ့မိခင် နေမကောင်းလို့ပြန်သွားတယ်။ တစ်ရက်ဆိုပြီး သွားတာကြာပြီဗျ။ မိခင်မသက်သာဘူးနဲ့တူတယ်။ သွားမေးကြည့်ပြီး ပြန်ခေါ်ရဦးမယ်”

ရဲအရာရှိက မည်သို့မျှမဆိုသော်လည်း ရပ်ကွက်လူကြီးအချို့က ရယ်ကြလေသည်။ မိန်းမကိုပင် မေ့နေသော ဤလိုလူမျိုးရှားပေသည်ဟု တီးတိုးပြောကြသည်။ ရဲအရာရှိက လုံမမိခင်၏ နေရပ်လိပ်စာကို မေးသည်။ ထို့နောက် သူတို့နှင့် တစ်ပါးတည်း လိုက်ပါမေးမြန်းရန် ပြောသည်။ ဦးဘိုးလှူကလည်း မဆိုင်းမတွ လက်ခံသည်။ ထို့နောက် အဝတ်အစားလဲပြီး ထိုအုပ်စုနှင့် လိုက်ပါသွားလေသည်။

☆☆☆

အဖြေက ရှင်းသည်။ လုံမမိခင်၏ အသက်က ငါးဆယ်ကျော်ခန့်သာ ရှိသေးသည်။ ကျန်းမာရေး ကောင်းမွန်ပြီး ခေါင်ခေါင်မြည်ဖြစ်လေသည်။ သူမ၏ သမီးဖြစ်သူမှာ သူမထံမလာကြောင်းနှင့် သူမလည်းကျန်းမာကြောင်းပြောသည်။ ဦးဘိုးလှူက အလွန်အံ့ဩသွားသည်။ ထိုနေ့ညနေက ထမင်းစားပြီးချိန်တွင် လုံမလေးက သူ့ထံ ခွင့်တောင်းသည်မှာ အမှန်ဖြစ်ကြောင်း ရဲအရာရှိကို ရှင်းပြသည်။ ထိုနေ့က နံနက်စာနှင့် ညနေစာ ပေါင်းပြီးစားရသည်အထိ အလုပ်ရှုပ်နေခဲ့ကြောင်း အမှတ်တရ ပြောပြသည်။

အပြန်ခရီးတွင် ကျန်လူအားလုံး ပြန်သော်လည်း ရဲအရာရှိက ဦးဘိုးလှူနှင့်အတူ ပြန်လိုက်လာသည်။ ဦးဘိုးလှူ၏ အပြန်ခရီးကား သွားစဉ်ကနှင့် မတူချေ။ လေးလံထိုင်းမှိုင်းနေသည်ကို ရဲအရာရှိက အကဲခတ်မိသည်။ အိမ်ရောက်သော အခါ ရဲအရာရှိက ဦးဘိုးလှူ၏အိမ်ကို စေ့

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်စပ် ထပ်မံကြည့်ပြန်သည်။ ပြီးတော့ မေးခွန်းတွေ တစ်သီကြီးမေးသည်။ မသိမသာရော သိသိသာသာပါ လေ့လာစီစစ်ပြီးနောက် ပြောသည်။

“အရင်ကရော ဒီလိုသွားဖူးလား”

“မသွားဖူးပါဘူး - ကျွန်တော် ဘာလုပ်ရမှာလဲ”

“ခင်ဗျားဆန္ဒရှိရင် ရဲစခန်းမှာ အမှုဖွင့်ပေါ့။ ဒါထက် - ဦးဘိုးလှူနဲ့ မောင်ထင်ကျော်က အဝတ်ရင်းနှီးလား”

“ရင်းနှီးတာပေါ့။ ကျွန်တော် အိမ်ထောင်မကျမီကတည်းက ဆရာတပည့်လက်တွဲ လုပ်လာခဲ့တာပါ။ ဆယ်နှစ်ကျော်ပါပြီ။ အိမ်ထောင်ကျပြီးတော့လဲ ကျွန်တော်တို့က မိသားစုလိုနေတာပါ။ ကျွန်တော့်ဇနီးကငယ်ပေမယ့်အစ်မကြီးတစ်ယောက်လို နေထိုင်ဆက်ဆံတယ်။ မောင်ထင်ကျော်ကကျွန်တော့်ဇနီးထက်ကြီးပေမယ့် အစ်မတစ်ယောက်လို ခင်တွယ်ရင်းနှီးတယ်။ ကျုပ်ကိုလဲ အစ်ကိုကြီးတစ်ယောက်လို အားကိုးတယ်။ ဘာဖြစ်လို့လဲ”

“ခင်ဗျားအိမ်ထောင်ကျတာ ဘယ်လောက်ရှိပြီလဲ”

“ငါးနှစ်ရှိပြီ၊ ပထမဇနီးဆုံးတာက ဆယ်နှစ်ရှိပြီ။ ဒီအိမ်မှာ ဆုံးတယ်”

“ငါးနှစ်အတွင်း အခုလို ညအိပ်ညနေ ဘယ်နှခါ ခွင့်တောင်းဖူးလဲ”

ဦးဘိုးလှူက ခေတ္တစဉ်းစားပြီးမှ ပြောသည်။

“ညအိပ်ညနေ တစ်ကြိမ်မှ ခွင့်မတောင်းခဲ့ဘူး - ဒါပထမဆုံးပဲ”

ရဲအရာရှိကသူ၏မှတ်စုစာအုပ်တွင်ရှိသော အချက်အလက်များကို အသေအချာ စီစစ်ပြီး အချို့ကို ထပ်မံမေးမြန်းသည်။ ရဲအရာရှိက အတန်ကြာ စဉ်းစားပြီး ဦးဘိုးလှူကို စူးစိုက်ကြည့်သည်။

“ခင်ဗျားမိန်းမနဲ့ ကိုထင်ကျော်တို့ ချိန်းဆိုပြီး အတူထွက်သွားကြတာ မဖြစ်နိုင်ဘူးလားဗျာ”ဟု မေးလိုသော်လည်း အိုစာကျနေသော ဦးဘိုးလှူ၏ မျက်နှာသွင်ပြင်ကိုကြည့်ပြီး မမေးဖြစ်ခဲ့ပေ။ ခြံအတွင်းရှိ ရုပ်ထုများရှိရာသို့ လှည့်ပတ်ကြည့်ပြီး ပြောသည်။

“ခင်ဗျားလက်ရာတွေထဲမှာ ကိန္နရီကိန္နရာစုံတွဲရုပ်ထုကိုတော့ သဘောကျတယ်ဗျာ။ အသက်ဝင်တယ်၊ ရောင်းဖို့လား”

“မဟုတ်ဘူးဗျ - လှူဖို့ပါ။ ကျွန်တော်လဲ သဘောကျလို့ဖြစ်နိုင်ရင် အမှတ်တရထားမလို့ပါ”

“တကယ့်လှူစစ်စစ်အတိုင်းပဲ၊ အချိုးကျ လှပသေသပ်ပေတယ်ဗျာ၊ ကျွန်တော်ကအနုပညာသဘောကိုသိပ်ပြီးနားမလည်ဘူး၊ ဒါပေမဲ့ - ထူးခြားမှုလေးရှိရင်လည်း အကြောင်းကြားပါဗျာ၊ ပြန်ပါဦးမယ်”

“ဟုတ်ကဲ့ - အချိန်မရွေး ဝင်ထွက်ပါဗျာ”

☆☆☆

ဦးဘိုးလှူသည် ဧည့်သည်များ ပြန်သွားသဖြင့် ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ လေပူတစ်ချက်မှုတ်ထုတ်ပြီး ရေနွေးကြမ်းတစ်ခွက်ကိုထည့်သောက်လိုက်သည်၊ စိတ်မောလူမောဖြစ်နေရာမှ အတော်အတန် သက်သာသွားရသည်၊ ထို့ကြောင့် လှူအတော်များများ ရှီးကျူးစန်း ဖွင့်ကြသည်၊ ကိန္နရီကိန္နရာမောင်နှံရုပ်ထုကို စူးစိုက်ကြည့်ရှုအရသာခံနေမိသည်၊ အတန်ကြာတွင် ပီတိစိတ်ဖြင့် ကြိတ်ပြုံးပြီး ရင်တွင်းမှ ပြောမိသည်။

“မင်းတို့ မောင်နှံကို လှူတိုင်းသဘောကျတယ်ကွဲ့၊ အခါမလပ် နေ့ညမရွေး ပျော်နိုင်ဖို့ မင်းတို့ကို လွတ်လွတ်လပ်လပ်ထားပေးတယ်နော်၊ စိတ်ကြိုက်ပျော်ပေရော့၊ ငါကတော့မင်းတို့ကိုကြည့်ပြီး ပီတိဖြစ်နေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းတို့ကို ချစ်နေရသူကိုးကွ”

➽→ နေမထူး

| | |
|---|---|
| ခေါင်း | သံပုရာသီးကို အခွံနှင့် တစ်ခြမ်းလှီး၍အရည်ညှစ်ယူပါ၊ ပြဒါး(ဖ)ပဲသားကို ဆားနှင့်ရော၍ ဆုံတွင် ထည့်ပါ၊ |
| သန်း | သံပုရာရည်နှင့် ပြဒါးရော၍ မွှေပေးပါ၊ အလိုရှိချိန်တွင် ဦးခေါင်းတွင် လိမ်းပါ၊ |
| တွယ် | မည်မျှ သန်းများပါ သေနိုင်ပါသည်၊ |



www.burmeseclassic.com

www.burmeseclassic.com



# ဂါဦးနှမ်းကို မျက်လုံးတွေကို ငိုစေခဲ့တဲ့အမှောင်ယံ

သရုပ်ဖော်ပန်းချီ ဝေမွန်လင်း၊



**မျက်လုံး**နှစ်လုံးဖွင့်လိုက်သည့်ခဏ ပတ်ဝန်းကျင်က မှောင်အတိ၊ မှောင်လိုက်မည်းလိုက်ပုံက ကိုယ့်လက်ကိုယ်မမြင်ရသည်အထိ၊ ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်နေရင်း သေချာအောင် ကိုယ့်လက်ကိုယ် ထောင်ကြည့်လိုက်မိသေးတော့၊ ဟုတ်ပဲ့၊ ကိုယ့်လက်ကိုယ် မမြင်ရလောက်အောင် မှောင်မိုက်ခြင်းတို့ကြီးစိုးနေလိုက်တာ၊

အလင်းတစ်စုံတစ်ရာကို ဖွေရှာ၍မရသေးခင်ကျွန်တော်ဘယ်ကိုရောက်နေတာလဲဆိုတာကို အရင် တွေးကြည့်သည်၊ သို့သော် ခေါင်းတစ်ခုလုံး ညည်း စီစီ၊ အသိစိတ်တို့ကဆုန်ပေါက် လွင့်ပျောက်နေကြသည်၊ ဘာကိုမျှစဉ်းစားမရ၊

ဘယ်ရောက်ကုန်ကြသလဲ၊ ဆင်ခြင်တုံတရားတွေ၊ အဖြေရှာတတ်တဲ့ဉာဏ်နီဉာဏ်နက်တွေ၊ကျွန်တော့်အသိစိတ်ထဲဗလာနတ္ထိ၊ မဖြစ်ချေ၊ တစ်ခုခုကိုတော့ မှတ်မိဦးမှပေါ့၊ ဒါမှပဲ ကျွန်တော်ဘယ်ရောက်နေသလဲဆိုတာကို သိရမည်၊ သို့ပေသိ ဘာကိုမျှ သတိမရ၊ ချောက်ချားစိတ်တို့ကသာ တလိပ်လိပ်ကြီးပွားလာခဲ့ပြီ၊

ငါ ဘယ်ကိုရောက်နေတာလဲ၊ မှောင်မည်းနေတာပဲ၊ ဒါဘယ်နေရာလဲ၊

ထိုအတွေးနှင့်အတူ တစ်ပြိုင်နက်ဆိုသလို မှန်းဆလိုက်မိသည်က ကျွန်တော့်ကိုလူတစ်စုဒါမှမဟုတ် တစ်စုံတစ်ယောက်ကများပြန်ပေးဆွဲခဲ့လေသလား၊ ဖြစ်နိုင်တာပါပဲ၊ ကျွန်တော်က နယ်နယ်ရရမှ မဟုတ်တာ၊ နာမည်ကျော်စာရေးဆရာတစ်ဦးပဲဥစ္စာ၊

နောက်ပြီး သိပ်မကြာခင်ကပဲ ဝင်ငွေအကောင်းဆုံးစာရေးဆရာအဖြစ် နံပါတ်ရိုက်ခဲ့သေးသည်ပဲလေ၊ သည်လိုပုဂ္ဂိုလ်ကို ပြန်ပေးဆွဲရန် ကြံစည်ကောင်း ကြံစည်လိမ့်မည်၊ ဒါဖြင့် အမှောင်ထုထဲမှာ ရုတ်တရက် နိုးထလာရခြင်းအကြောင်းရင်းက ပြန်ပေးဆွဲခံရလို့များလား၊

ထိုသို့ တွေးလိုက်မိသည့်အခိုက်ကျွန်တော်ပို၍သွေးပျက်ထိတ်လန့်သွားသည်၊ ကျွန်တော့်ကိုပြန်ပေးဆွဲထားတာအမှန်ပဲလား၊ ဘာတွေဖြစ်ခဲ့သလဲ အမှတ်မရသေးသည့်အထဲ ခေါင်းကလည်းထုပ္ပကိုက်ခဲနေတော့ တစ်ခုခုငှဲ့အရိုက်ခံထားရလို့ပဲလားပေါ့၊ ဖြစ်နိုင်ခြေက အခြားစဉ်းစားမရ၊ ဒါပဲရှိသည်၊

> အရက်အမူးလွန်ပြီး အိပ်ပျော်သွားရာမှ အခန်းတစ်ခုထဲတွင် ပိတ်လှောင်ခြင်း ခံရသည့် စာရေးဆရာ တစ်ဦးသည် . .

www.burmeseclassic.com

ခေါင်းက သေလောက်အောင် ကိုက်ခဲနေသည်။ ဘာကိုမှလည်း မမှတ်မိ။ ဒါဆို – ကျွန်တော် ပြန်ပေးဆွဲခံရတာ သေချာပြီပေါ့။

"မြတ်စွာဘုရား – ဘယ်လိုလုပ်ရပါ့မလဲ"

ရင်တုန်စရာအတွေးများနှင့်အတူ လူတစ်ကိုယ်လုံးကတုန်ကယင်ဖြစ်လာပြီ။ ကျွန်တော့်ကိုစတိုခန်းတစ်ခန်းထဲမှာများ ပိတ်လှောင် ထားတာလား။

ပြန်ပေးဆွဲခံရတာမှန်လျှင် ကျွန်တော့်ကို မရွေးမှာ စိုးရိမ်ရပြန်သည်။ မိန်းမက ကပ်စေးနဲ ကော်တစ်ရာ၊ တစ်ပြားကနေတောင် နှစ်ပြားခွာချင်နေတာ။ ကျွန်တော့်ကို ပြန်မရွေးဘဲ နောက်တစ်လင်ပဲ ပြောင်းလိုက်တော့မယ်ဟုများ တွေးလိုက်လျှင်ဒုက္ခ၊ နောက်ပြီးတောင်းသည့်ငွေပမာဏ များလွန်း၍များ မပေးနိုင်ခဲ့လျှင် ...၊ ဒါမှမဟုတ် လွဲချော်သွားခဲ့လျှင်...၊ နောက်ဆုံးပြန်ပေးသမားတွေက ယုတ်မာကောက်ကျစ်ခဲ့လျှင်ကော ... ဘာမဆို ဖြစ်နိုင်သည်ပဲလေ။ အသက်အန္တရာယ်နီးကပ်နေပြီဆိုသည့်သဘော။ ဒါကို ကျွန်တော် နားလည်လိုက်ပြီ။

များမကြာခင်က ကျွန်တော် ရေးခဲ့ဖူးသောဝတ္ထုတိုလေးကို သွားအမှတ်ရမိသည်။ "သက်သေ" ဟူသောခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ပြစ်မှုဝတ္ထုတိုတစ်ပုဒ်။ ဇာတ်လမ်းက အထင်ကရနိုင်ငံရေးပုဂ္ဂိုလ်တစ်ဦးကို ပြန်ပေးဆွဲပြီး ငွေတောင်းရာ၌ရဲတိုင်သဖြင့် သတ်ပစ်ခဲ့ပြီး



အေးစက်စက်အထိအတွေ့နှင့် ယှဉ်ပါးစပြုနေပြီဖြစ်၍ ထိုပျော့အိအိကြီး၏ အေးစက်မှုကို ကျွန်တော် လျစ်လျူရှုနိုင်ခဲ့သည်။ သေ–မြွေကြီး၊ ရှင်–မြွေထီး–ပေါ့ကွာ။ လက်ရဲဇက်ရဲလျှောက်စမ်းကြည့်လိုက်တော့မှ ထိုပျော့အိအိကြီးက ဆိုဖာခုံရှည်ကြီးတစ်လုံးဖြစ်နေကြောင်း သိလိုက်ရသည်။



မှ သက်သေတစ်ခုကြောင့် အမှုမှန်ပေါ်ပေါက်လာသည့်အကြောင်းကိုဖွဲ့နွဲ့စီကုံးခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ကိုယ်တိုင်ကြုံရတော့မည် ထင်ပါသည်။

ကစဉ့်ကလျားအတွေးများနှင့်အတူ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်စီးကျလာသည်။ ယောကျ်ားရင့်မာကြီးပေမယ့် မငိုဘဲ မနေနိုင်တော့။ သေမှာ မကြောက်သူ ရှိမှာတဲ့လားဗျာ။

ဘယ်အချိန် သေရမလဲ မသိပေမဲ့ လူသတ်သမားတွေလက်ထဲ ရောက်နေပြီ ဆိုသောအတွေးက ကျွန်တော့်ကို မျက်ရည်တွေ ကျအောင် နှိပ်စက်နေပြီလေ။ ကြောက်လွန်းသဖြင့် လွှတ်လိုလွှတ်ငြား မှောင်မည်းမည်းပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်ရင်း ထွက်ပေါက်ရှာကြည့်မိသေးသည်။ သို့သော် နိုးလာစဉ်ကတည်းကတွေ့ခဲ့ရသည့်အတိုင်းမှောင်အတိ... အမှောင်လွင်ပြင်ကျယ်ကြီး။

အမှောင်ထုက ကျွန်တော့်စိတ်ကို အားငယ်သည်ထက်အားငယ်အောင် ပါ။ မျိုချမှုနေပြီ။ ဆင်ခြင်တုံတရားတို့ လှုပ်ပါးနေသဖြင့် ဘာကိုမှလည်းစဉ်းစား၍မရတော့။ ချောက်ချားစိတ်၊ အားငယ်ကြောက်ရွံ့စိတ်တို့သာ ကြီးစိုးနေခဲ့သည်။

"ဟိတ်ကောင် – အဲဒီလို ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး ။ စိတ်ကို ထိန်းစမ်း။ စိတ်ကို ထိန်းစမ်း ။ မင်းကိုယ်မင်းကယ်တင်ရမှာ ။ စိတ်နိုင်မှဖြစ်မှာပေါ့"

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း အသက်ကို ပြင်းပြင်းရှူကာ စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ လက်ပတ်နာရီသံတချက်ချက်က ကျယ်ကျယ်လောင်လောင်ကြားနေရဆဲ။ ဘယ်နှနာရီများပါလိမ့် ...။ အလင်းရောင် မရှိသဖြင့် နာရီကလည်း ကြည့်မရ။

အခန်းက မှောင်နေပေသိ ကျယ်ကျယ်ဝန်းဝန်းရှိကြောင်းကိုတော့ ခံစားမိသည်။ လေတိုးခြင်းမရှိပေမဲ့ အေးစိမ့်နေသည်။ သို့သော် အလုံပိတ်ခန်း ဖြစ်ပုံရသည်။ စုံထောက်ဝတ္ထုများကိုအရေးများသူပီပီ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမှ ဖြစ်မည်ဟုကိုယ့်ကိုယ်ကိုယ်သတိပေးမိပြန်သည်။ သည်အချိန်မှာ ကြောက်စိတ်သည် အဓိကအန္တရာယ်၊ မကြောက်ဘဲ လွတ်လမ်းကို ရှာရမည်။

အခန်းကစတိုခန်းရောဟုတ်ရဲ့လား။ ဘာအခန်းလဲ။ ထွက်ပေါက်တစ်စုံတစ်ရာများ ရှိနေဦးမလား။

ကျွန်တော်လက်လှမ်းမီသလောက် လျှောက်စမ်းကြည့်ရန် ကြိုးစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အခန်းထဲမှာ လက်နက်တစ်စုံတစ်ရာတွေ့ကောင်းတွေ့နိုင်သည်ပဲလေ၊ ဒါမှမဟုတ် မိမိနှင့်ဘဝတူ အခြားလူများ ရှိဦးမလား၊

ထိုအတွေးဖြင့် လက်လှမ်းမီသရွေ့ လျှောက်စမ်းကြည့်သည်၊ ချောမွေ့သော ကြမ်းခင်းကိုအရင်စမ်းမိသည်၊ ကြွေပြားခင်းထားသောအနေအထားမျိုးဖြစ်၍ ခေတ်ပေါ်အဆောက်အအုံတစ်လုံးသာ ဖြစ်လိမ့်မည်ဟု ကောက်ချက်ချမိသည်၊ ထိုစဉ် -

"အမလေး ..."

အေးစက်စက်အထိအတွေ့တစ်ခုနှင့်အတူ စေးပျစ်ပျစ်အရာတို့ကို သွားစမ်းမိသဖြင့် ကျွန်တော် လန့်ဖျပ်အော်ရင်းနောက်တွန့်သွား၏၊ ဘာတွေများလဲ၊ မာကြောတောင့်တင်းသည့် အေးစက်စက်အထိအတွေ့ကြီး၊ အဲသည့်ဘေးမှာတော့ စေးပျစ်ပျစ်အရည်တွေ၊ လူသေရဲ့သွေးတွေလား၊ အို ... မြတ်စွာဘုရား ...၊

အသိစိတ်တို့ကစဉ့်ကလျား၊ နံရံကို ကျောမှီရင်း မလှုပ်မယှက် ငြိမ်သက်လျက်သား၊ တစ်ကိုယ်လုံးကတော့ တဆတ်ဆတ်တုန်ယင်လို့ပေါ့၊ သေချာသည်ထက် သေချာလာခဲ့ပြီ၊ အခန်းထဲမှာမွှေးရနံ့တချို့နှင့်အတူ ညှီစို့စို့အနံ့များကလည်း ပျံ့နှံ့နေသည်ပဲကိုး၊

အမှောင်ထုကြီးအောက်မှာ အလောင်းတစ်လောင်းနှင့် အတူရှိနေရသည်ဟူသောခံစားချက်က တော်ရုံလူသာဆို သွေးပျက်ရူးသွပ်သွားစေနိုင်လောက်မည်၊ ကျွန်တော့်မှာသာ စာရေးဆရာမို့ အတွေ့အကြုံရှိနေသူကဲ့သို့ စိတ်ကို ထိန်းထားနိုင်ခြင်းဖြစ်သည်၊ ကိုယ့်ကိုယ်ကို ပြန်ထိန်းချုပ်(control)လုပ်နိုင်ခဲ့သည်၊

အာ - ဒီလူသေတွေကလည်း ဝို့ဇာတ်ကောင်တွေပဲလေ၊ ဘာကြောက်စရာလို့တုံး၊ ငါတကယ်ကြောက်ရမှာက ပြန်ပေးသမားတွေ ...၊

ထိုအတွေးဖြင့် စိတ်ကို ပြန်ထိန်းသိမ်းသည်၊ ကြောက်နေရုံဖြင့် လွတ်မြောက်ရန် လမ်းမမြင်၊ ဘာပဲပြောပြောယခုချိန်မှာ ကျွန်တော်တစ်ယောက်တည်းသာဖြစ်၍ ဤအခန်းထဲက လွတ်လမ်းကို ရှာဖွေရန် အခွင့်အရေးရှိနိုင်လောက်သည်၊

သို့သော် - ဘယ်အချိန်များ တံခါးဝန်းခနဲ ပွင့်လာမလဲ၊ နောက်ဆုံးတွေ့လိုက်ရသည့်အလင်းပွင့်က သေနတ်ပြောင်းဝကများ ဖြစ်နေမလား၊



အတွေးကြောင့် ခြေလက်တို့ ဆတ်ခနဲဆတ်ခနဲ ထတုန်တတ်သဖြင့် တရွေ့ရွေ့သွားနေသောအချိန်တို့သည်ပင် စက္ကန့်ကို နေ့ရက်တမျှ ကြာမြင့်နေခဲ့၏၊ သို့ပေသိ အချိန်တွေကို မြန်မြန်မကုန်ဆုံးစေချင်ပါ၊ မိုးလင်းလျှင် အခြေအနေက တစ်မျိုးဖြစ်သွားနိုင်သည်ပဲမဟုတ်လား၊

နေပါဦး - ငါ တကယ်ရော ပြန်ပေးဆွဲခံရတာ ဟုတ်လို့လား ...၊

တစ်ချိန်လုံး ရောက်ချားစရာတွေချည်း လျှောက်စဉ်းစားနေမိရာမှ ထိုသို့ သံသယဝင်လာပြန်သည်၊ သာမန်ဝင်ငွေကောင်းရုံမျှ စာရေးဆရာတစ်ယောက်ထက်စာလျှင် ပြန်ပေးဆွဲချင်စရာသူဌေးတွေ တစ်ပုံတစ်ပင်ကြီးရယ်၊ ထုတ်ဝေသူတွေ၊ နာမည်ကျော်သရုပ်ဆောင်တွေ၊ အဆိုတော်တွေ ...၊

နောက်ပြီး ပြန်ပေးဆွဲသည်ဆိုတာကလည်း ဖြစ်နေကြားနေကျကိစ္စတစ်ခုမဟုတ်၊ ကျွန်တော် နေတာ မြန်မာပြည်လေ၊ သူခိုးသူဓားပြနှင့် ခါးပိုက်နှိုက်လောက်တော့ ပြန်ပေးသမားတွေ မပေါ်များသေးပါ၊ ဒါဖြင့်လျှင် ကျွန်တော် ဤအခန်းထဲကို ရောက်ရှိနေရခြင်း အကြောင်းရင်းက ဘာလဲ၊ အခန်းကလည်း အလွန်အမင်း မှောင်မည်းနေ၍ ဘယ်ရောက်နေမှန်းကို ဘယ်လိုမှ မသိနိုင်၊

အနည်းငယ် စိတ်ရဲသွားခဲ့သဖြင့် နံရံကို မှီ၍ထိုင်နေရာမှ ရှေ့သို့ စမ်းတဝါးဝါးတိုးသွားမိသည်၊ ခြေလှမ်းနှစ်လှမ်း၊ သုံးလှမ်းမျှ လှမ်းမိသည့်အခါ တစ်စုံတစ်ခုကို ဝင်တိုက်မိသည်၊

"ဟဲ့ ..."

ပါးစပ်က ယောင်ယမ်းရင်း တန့်ခနဲရပ်လိုက်သည်၊ ဘာကို တိုက်မိတာလဲ၊ ခေါင်းထဲတွင် အတွေးပေါင်းစုံ တို့ဖြင့် စိုးရွံ့လျက်ရှိသော်လည်း ဖြစ်ချင်ရာဖြစ်ဟု စိတ်ပိုင်းဖြတ်ကာ ဝင်တိုက်မိသောအရာကို လက်နှင့် စမ်းလိုက်သည်၊

ပျော့အိအိကြီး ... ရှည်မျောမျောကြီး ... ကျယ်ပြန့်လွန်းလှချည်လား၊ ဒါ ဘာကြီးတုံး၊

အေးစက်စက်အထိအတွေ့နှင့်ယှဉ်ပါးစပြုနေပြီဖြစ်၍ ထိုပျော့အိအိကြီး၏ အေးစက်မှုကို ကျွန်တော် လျစ်လျူရှုနိုင်ခဲ့သည်၊ သေ - မြေကြီး၊ ရှင် - ရွှေထီး - ပေါ့ကွာ၊ လက်ရဲဇက်ရဲလျှောက်စမ်းကြည့်လိုက်တော့မှ ထိုပျော့အိအိကြီးက ဆိုဖာခုံရှည်ကြီးတစ်လုံးဖြစ်နေကြောင်း သိလိုက်ရသည်၊

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာမှန်း သိလိုက်ရသည့်ခဏ ကျွန်တော် နည်းနည်းသက်သာမကောင်းဖြစ်သွားသည်။ ပြန်ပေးသမားများကတော့ ဆိုဖာပါသည့် အဲယားကွန်းခန်းမျိုးမှာ ကျွန်တော့်ကို ပိတ်လှောင်ထားလောက်မည်မထင်ပါ။ ချက်ချင်းပဲ စောစောက စမ်းမိခဲ့သော ပျစ်ချွဲချွဲအရည်များနှင့် အတူ အေးစက်စက်မာကျောကျော အရာကြီးကို ပြန်သွားစမ်းကြည့်သည့် အခါ အရက်ပုလင်းတွေ ဖြစ်နေပါပေါ့လား။

အသီးဖျော်ရည်တွေ - အရက်ပုလင်းခွံတွေ - ဆိုဖာခုံရှည်တွေနဲ့ - ဒီအခန်းက ဘာလဲ။

ကျွန်တော့်စိတ်ထဲ ရေးတေးတေး ပေါ်လာသလိုလိုပါပဲ။

☆☆☆

ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားကာ ခါးမှာ ချိတ်ထားလေ့ရှိသော လက်ကိုင်ဖုန်းဆီသို့ လက်ရောက်သွားသည်။ အကယ်၍ ပြန်ပေးဆွဲထားတာ သေချာလျှင်တော့ ဖုန်းက ခါးမှာ ရှိလိမ့်မည် မဟုတ်ပါ။

“ဟောဗျာ၊ ဖုန်းရှိသားပဲ”

အံ့ဩဘနန်း ဖြစ်သွားတာလည်း မဆန်း၊ ခါးမှာ ဟန်းဖုန်းကြီးက ရှိလျက်သား။ ကမန်းကတန်းဆွဲထုတ်ကာ တစ်စုံတစ်ယောက်ကို ဆက်ဖို့လုပ်တော့ ဘက်ထရီအားကုန်နေတာကိုတွေ့သည်။ သွားပြီ - မျှော်လင့်ချက် မဲ့သွားပြန်ပြီ။

မည်သို့ဖြစ်စေ - ဟန်းဖုန်းလည်း ရှိနေ၊ အရက်ပုလင်းနှင့် ဆိုဖာခုံရှည်လည်း ရှိနေသောကြောင့် ကျွန်တော် ရောက်ရှိနေတာ ဘယ်နည်းနှင့်မှ ပြန်ပေးဆွဲခံရသည့်အခန်း မဖြစ်နိုင်၍ ကြောက်စိတ်တို့ လျော့ပါးသွားသည်။ အဖြေမှန်ကို သိရဖို့အတွက် ဤအခန်းက ရအောင်ထွက်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

“ဟုတ်ပြီ - တံခါးကို ရအောင်ရှာရမယ်”

မှောင်မည်းနေသည်မှန်ပေမယ့် တစ်နေရာရာမှာတော့ တံခါးချက်ကိုစမ်းမိမည်သာ။ မတ်တတ်ထရပ်ပြီး လက်ကို ဆန့်တန်းကာ ရှေ့သို့ဖြည်းဖြည်းချင်း တိုးသွားသည်။ အေးစက်စက်အရာတွေကို စမ်းမိပြန်သည်။ ဘာတွေလဲ။ ရှေ့မှာ ဘာတွေရှိနေတာလဲ။ LED မျက်နှာပြင်တစ်ခုဟု ထင်တာပါပဲ။ ထိုအရာများကို ဖြည်းဖြည်းချင်း ရှောင်တိမ်းပြီး ရှေ့သို့ ဆက်



တိုးသွားလိုက်တော့ နံရံတစ်ခုနှင့် တိုက်မိသည်။

နံရံကို စမ်းမိသဖြင့် ကျွန်တော် မှန်းဆ၍ ဆက်ရွေ့လာခဲ့သည်။ နံရံကို တွေ့ပြီမို့ တံခါးကိုလည်း တွေ့နိုင်ကောင်းပါရဲ့ဟု ကျွန်တော် မျှော်လင့်မိသည်ပဲလေ။ တံခါးကို တွေ့လျှင်ရော အဆင်ပြေပါ့မလား။ ကျွန်တော် မသိနိုင်သေးပါ။ ဘာပဲဖြစ်ဖြစ် လွတ်မြောက်ရန်ကြိုးစားရမည်။

မှောင်မည်းခြင်းတို့ မင်းမူနေသည့်အခန်း၊ ဘယ်အခန်းထဲကို ကျွန်တော် ရောက်နေတာလဲ။ ဘယ်လို ဘယ်ပုံ ရောက်နေတာလဲဆိုတာ ကျွန်တော် မသိ၊ စဉ်းစား၍လည်းမရ၊ အစမှာတော့ ပြန်ပေးဆွဲခံရတာဟု ထင်မိခဲ့သည်။ သို့သော် လျှောက်စမ်းကြည့်မှ အဆင့်မြင့်အခန်းတစ်ခန်းဖြစ်နေကြောင်း သိလိုက်ရသဖြင့် ပြန်ပေးဆွဲခံထားရတာ မဖြစ်နိုင်ဟု သုံးသပ်မိပြန်သည်။

ဟုတ်တာပဲ၊ ပြန်ပေးသမားတွေကတော့ များသောအားဖြင့် ဂိုဒေါင်လို စတိုခန်းလို မြေအောက်ခန်းလိုနေရာမျိုးမှာပဲ ဖမ်းထားလေ့ရှိသည်၊ ဟိုတယ်လိုအခန်းမျိုးမှာ ဇိမ်ရှိရှိ ဖမ်းထားလိမ့်မည် မထင်၊ နောက်ပြီး ဟန်းဖုန်းကိုလည်း ခါးမှာ သည်အတိုင်းထားခဲ့ပါ့မလား။ သို့ကြောင့် ကျွန်တော်စိတ်ရဲသွားကာ ပတ်ဝန်းကျင်သို့ စမ်းတဝါးဝါး လျှောက်သွားရင်း လွတ်လိုလွတ်ငြား တံခါးကို ရှာဖွေမိသည်။

မိနစ်ပိုင်းလောက် စမ်းတဝါးဝါး လျှောက်မိသည့်အခါ တံခါးလက်ကိုင်ဘုတစ်ခုကို ဆုပ်ကိုင်မိသွားခဲ့ပြီ။ ပျော်လိုက်သည်ဖြစ်ခြင်း။ ဘာမှန်းညာမှန်း မသိဘဲ ရောက်ရှိနေသောအခန်းကြီးကနေ လွတ်မြောက်ရတော့မည်မို့ ဝမ်းသာအားရဖြစ်ကာ ထခုန်မိတော့မတတ်၊ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်သံ “ဂျောက်”ခနဲက တိုးတိုးဖွဖွ ဆိုပေသိ တိတ်ဆိတ်ငြိမ်ဝပ်နေသောပတ်ဝန်းကျင်ဝယ် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်သွားခဲ့၏။

“အမလေးဟဲ့ - သေစမ်း”

တံခါးကို ဖွင့်၊ အလင်းရောင်သဲ့သဲ့ကိုမြင်ရ၊ ကျေနပ်အားရအပြင်သို့ထွက်ချအလာ တွေ့လိုက်ရသည့်မျက်နှာစာကြောင့် ကျွန်တော့်ပါးစပ်က ထိုသို့အော်ချလိုက်မိပြီ၊ “Princess KTV”တဲ့။ ဆိုင်းဘုတ်ကြီးကို ဟည်းထလို့။

ချက်ချင်းပဲ လန့်မနိုးလာခင် သို့ မဟုတ် သတိလစ်အိပ်ပျော်မသွားခင်က အဖြစ်အပျက်တချို့ကို ကျွန်တော် ပြန်သတိရသွားသည်။ ခေါင်းတစ်ခုလုံးက

www.burmeseclassic.com

www.burmeseclassic.com



တော့ ယနေ့တိုင် ညည်းစီစီ ကိုက်ခဲနေတုန်း ...၊ မှတ်မိပြီ ... မှတ်မိပြီ၊ ဩော် ... အဲဒါကြောင့်ပဲ ခေါင်းတွေကတဆစ်ဆစ် ကိုက်ခဲနေရတာကိုး၊ ပြန်သတိရသည့် အခိုက် ကိုယ့်ကိုယ်ကိုယ်သာ ထုရိုက်ပစ်လိုက်ချင်တော့သည်။

ကျွန်တော် ၏အောင်မြင်လာမှု အပေါ်ဂုဏ်ယူလိုသော သူငယ်ချင်းတချို့က သူတို့ကို မပြုစုသေး၍ မကျေမနပ်ဖြစ်နေသောကြောင့် အားလပ်ရက်တစ်ရက်၌ စားသောက်ဆိုင်သို့ ချိန်းဖြစ်ခဲ့သည်။

တချို့က လူလွတ်တွေ၊ တချို့က အိမ်ထောင်သည်တွေ။ အသက်အရွယ်တွေက (၃၀)ကျော်တွေဆိုတော့ လူကြီးလည်းမဟုတ်၊ လူငယ်လည်းမမည်၊ ဟိုမရောက်သည်မရောက်အရွယ်တွေဆိုပါတော့။ ဘာပဲဖြစ်ဖြစ်၊ သည်တစ်ညတော့ အိမ်သားအားလုံးကို ခရီးထွက်သွားသည်ဟု သတင်းလွှင့်ထားပြီး ဟိုတယ်တွင် အခန်းငှားကာ ကျွန်တော်တို့ ငယ်ပေါင်းတစ်စု ညနက်ချိန်ထိ အပြတ်အသတ် ကဲခဲ့ကြသည်။

ကျွန်တော်က သောက်သောက်စားစား လူမင်းသား မဟုတ်ပါ။ ရံဖန်ရံခါ အပေါင်းအသင်းကောင်းမှပဲ တို့ထိတို့စိ သောက်တတ်သူမျိုး။ သို့ဖြစ်၍ အလွန်အကျူး မသောက်မိရအောင် ထိန်းရသည်၊ သောက်မိလျှင် သတိလက်လွတ်ဖြစ်ကာ နီးလာသည့်အခါ ဘာလုပ်မိမှန်းမသိ ဖြစ်တတ်၍ မိန်းမနှင့် ပြဿနာမတက်အောင် အရက်ကို ရှောင်ရသည်ပေါ့။

ယနေ့ညမှာတော့ ရှောင်မလွတ်တော့။ သူငယ်ချင်းတွေကကာရာအိုကေဆိုင် သွားမည်တဲ့ ။ သောက်လည်းသောက်၊ ဆိုလည်းဆို၊ အသားကုန်လွှတ်ပျော်နေကြတာကိုး၊ ကျွန်တော်လည်း ပျော်ပျော်နှင့် စွတ်သောက်မိပြီလေ။ အဲသည်မှာပဲ ပြဿနာတက်ခဲ့ရသည်၊ သတိလက်လွတ်ဖြစ်ခြင်းက ကျွန်တော့်ကို ဒုက္ခပေးခဲ့သည်။

အခုမှပဲ တရေးရေးပြန်သတိရလာပါပြီ၊ သောက်လိုက်ဆိုလိုက်ဖြင့် အပျော်လွန်နေစဉ် ကျွန်တော် ဆီးသွားချင်လာ၍ အိမ်သာသို့သွားသည်၊ ထိုမှအပြန် သတိလွတ်၊ ယိမ်းယိုင်လျက်သားနှင့် ဘယ်သွား၍သွားမှန်းမသိ၊ တခြားအခန်းထဲသို့ ယောင်ယမ်းဝင်ရောက်သွားခဲ့၏။ ထိုအခန်းကလည်း customer လွတ်သွားပြီဖြစ်၍ မပိတ်ခင် ခဏဖွင့်ထားသည့်အခန်း။ ဆိုင်ကလည်းနောက် နာရီပိုင်းဆို ပိတ်တော့မည်ပဲလေ။



နောက်ဆက်တွဲ ဇာတ်လမ်းကတော့ ရိုးရိုးလေးနှင့်ဆန်းပါဘိ။ အခန်းထဲဝင်ချသွား၊ စားပွဲပေါ်က အရက်ပုလင်းတချို့ကို ဆွဲယူကာ ဆိုဖာနောက်တွင် ထိုင်သောက်ပြီး လဲကျအိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။ စားပွဲထိုးတွေကလည်း အခန်းထဲမှာ ကျွန်တော် ရှိနေမှန်းမသိ၊ တံခါးကို ပိတ်သွား၏။ အပြင်က သော့ပိတ်ရတာမျိုးမဟုတ်၍သာတော်ပါသေးသည်။

သူငယ်ချင်းများအားလုံးကတော့ ကျွန်တော် ပျောက်နေသဖြင့် စိုးရိမ်ကောင်း စိုးရိမ်လိမ့်မည်။ သို့မဟုတ် ဖုန်းဆက်၍ မရသဖြင့် ဒေါသထွက်ကောင်းထွက်နေလိမ့်မည်၊ မိန်းမလွှမ်း၍ အိမ်ပြန်သွားတာနေမှာဟု ထင်သူက ထင်မည်။ ကျွန်တော့်အဖြစ်ကိုသာ ပြန်ပြောပြလျှင် သူတို့ရယ်ကြဦးမှာ၊ စောစောကရင်တုန်ခဲ့သမျှ၊ ငိုခဲ့မိသမျှ ကိုယ့်ဘာသာကိုယ် ရှက်မိပါသည်။

ဖြစ်ပျက်သမျှကို သတိရသွားခဲ့ချိန်မှာတော့ “Princess KTV”ဆိုသော ဆိုင်းပုဒ်ကြီးကို မော့ကြည့်ရင်း ကျွန်တော့်မှာ ခေါင်းစင်းစင်း၊ အမှောင်ထုက သတိလစ်သွားခဲ့သူ ကျွန်တော့်ကို စိတ်ကစဉ့်ကလျားဖြစ်အောင် သွေးဆောင်ဖြားယောင်းနိုင်ခဲ့ပါသည်။ ။

စေတနာရှေ့ထားလျက်

➛ ဂါဦးနွန်းကို


| | |
|---|---|
| နား | တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ |
| လေ | အပွင့်ကို လက်သုပ် သုပ်စားပါ။ |
| ထွက် | သခေါ်ရွက်ကို မီးကင်၍ တို့စရာအဖြစ် တို့စားပါ။ |

**နားပြည်ယို ...**

ကြက်သွန်နီ အရည်ညှစ်၍ထည့်ပါ။
ကြွက်မှန်ရွက်ခြောက်မှုန့်နှင့် အုန်းဆီ ဝစ်ဝစ်ဖျော်၍ နားကျပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



**"အမယ်လေး"**

"ဗုန်း"

"အား-လာကြပါဦး၊ ကူညီကြပါဦးရှင်။
ဝိုက်ဆံအိတ်လုသွားလို့၊ ကူညီကြပါဦးရှင်"

"ဝေါ-ဂူး"

"လာကြပါဦး-ကူညီကြပါဦး-အား-ကျွတ်-ကျွတ်"

အချိန်က မနက်ဖေလီဖေလင်း။

ငါးနာရီခွဲ ဝန်းကျင်ခန့်။

အတိတ်ကာလက
ချမ်းငြိမ်း၍ အပြစ်ကင်း
သော မြို့ကလေးသည်
ယခုအခါ ရာဇဝတ်မှုများဖြင့်
ကျိုးလန့်စာစားသကဲ့သို့
ဖြစ်လာပုံ ..

မောင်ညိုမှိုင်း(သန်လျင်)

# နှလုံးသားမရှိတဲ့မြို့

သရုပ်ဖော်ပန်းချီ ဝေမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲဖွဲ ရွာနေလို့ အမျိုးသမီးတစ်ဦးရဲ့ စိုးရိမ်ထိတ်လန့်အော်သံကို ခပ်လှမ်းလှမ်းရှိ အိမ်တွေက မကြားကြ။

ဒီအချိန်က အချို့အိပ်လို့၊ နပ်လို့ကောင်းတဲ့အချိန်။

သို့သော် ...။

စဉ်ဆက်မပြတ် အော်နေသံ၊ ငိုနေသံကြောင့် လမ်းထဲက အိမ်တံခါးတွေ ပွင့်လာကြတယ်၊ လူအချို့နိုးလာကြတယ်။

"ဘယ်ကအော်တဲ့အသံတုံးဟဲ့"

"လာကြပါဦး - ကူညီကြပါဦးရှင်၊ ကျွန်မပိုက်ဆံအိတ် လုသွားလို့၊ ကူညီကြပါဦးရှင့် - ဟီး - ဟီး"

"ဟ - ပိုက်ဆံအိတ်လုသွားလို့တဲ့ဟေ့"

"မိန်းကလေးငိုသံ၊ အော်သံပဲရှင့် - ထွက်ကြပါဦးဟဲ့၊ ပြေးကြည့်ကြပါဦး"

လမ်းထဲက လူအချို့အော်ဟစ်ငိုယိုသံရှိရာ ရောက်တော့ အသားဖြူဖြူ မိန်းကလေးတစ်ဦး၊ ကွန်ကရစ်လမ်းပေါ်မှာ မထနိုင်ပဲ ငုတ်တုတ်။

သူ့တံတောင်နဲ့ ဒူး၊ ခြေသလုံးမှာ ပွန်းပဲ့ဒဏ်ရာတွေနဲ့ သွေးတွေစီးကျလို့၊ သူ့အနီးကို အမျိုးသား၊ အမျိုးသမီးတွေ၊ လမ်းသွားလမ်းလာတွေ ဝိုင်းအုံရောက်ရှိလာကြတယ်၊

"မိန်းကလေး ဘယ်လိုဖြစ်တာတုံး"

"ကျွန်မ - ကျွန်မ - ဈေးကိုသွားမလို့ ထွက်လာတုန်းမှာ ဆိုင်ကယ်တစ်စီးက ကျွန်မကို ဝင်ပွတ်တိုက်ပြီး ပိုက်ဆံအိတ်ကို လုပြေးသွားလို့ပါ၊ ဦးကြီးတို့ရယ် - ကူညီကြပါဦးရှင်"

"ဝင်တိုက်လုယူပြေးတဲ့ ဆိုင်ကယ်သမားကို မှတ်မိလိုက်လား ကလေးမ"

"မျက်နှာကို မ - မမှတ်မိဘူး ဦးလေး၊ မျက်နှာကာ ခေါင်းဆောင်း ဦးထုပ်ဆောင်းထားတယ်၊ ဘောင်းဘီရှည်အနက်၊ အကျႌအညိုရောင်လက်ရှည်နဲ့ - အား - ကျွတ် - ကျွတ်"

"ဟဲ့ - ဒါ - ဒါ - မသိန်းဝင်းကြည်မဟုတ်လားဟဲ့ - ဟင်"

"ဟုတ် - ဟုတ်ကဲ့ရှင့် - အား"

"အလို တော် - သိန်းဝင်းကြည်ဘယ်လိုဖြစ်တုံးအေ့"

သူမရဲ့အသိမိတ်ဆွေအချို့ရောက်လာလို့ဝမ်းနည်းပက်လက်ငိုပြီး ဖြစ်ပျက်ကို ပြောပါရော။

ကလေးမလေး သိန်းဝင်းကြည်က မြို့မဈေးကြီးအတွင်း လူသုံးကုန်၊ အိမ်သုံးပစ္စည်းဆိုင်လေး ဖွင့်ထားတယ်။



နေ့စဉ်ဒီလို ငါးနာရီခွဲခန့်မှာ အိမ်ကနေ ထွက်လာလေ့ရှိတယ်တဲ့၊ ဈေးတံခါးက (မ်း၁၅)နာရီမှာ ဖွင့်တော့ စောစောထွက်လာ၊ ဈေးဆိုင်ကို စောစောခင်းကျင်း။

ဒါ - နေ့စဉ် နံနက်တိုင်း ပြုနေကျအလုပ်။

ဒီနေ့မနက်မိုးပွားလေးကဖွဲဖွဲကျလို့ ထီးကို ဘယ်လက်နဲ့ ကိုင်၊ ညာလက်က ထမင်းချိုင့်ဆွဲခြင်းကိုင်ပြီး ချိုင်းကြားမှာ ပိုက်ဆံအိတ်ညှပ်လို့ ဈေးရှိရာ ရှေးရှုလာနေတုန်း ...

လူနည်းနည်းရှင်းတဲ့ ကုလားဘုရားကျောင်းရှေ့အရောက်မှာ အသံမကြားအောင် ကပ်လာတဲ့ ဆိုင်ကယ်လုယက်သူက သူမချိုင်းကြားက ပိုက်ဆံအိတ်ကို ဆတ်ခနဲ ဆွဲလု၊

ဒီမှာ ဆိုင်ကယ်လုယက်သမားက သူမကို တွန်းပစ်လိုက်ရော ထီးရယ်၊ ဆွဲခြင်းရယ်၊ လူရယ် ဖရိုဖရဲ လဲကျလွင့်စဉ်သွားတယ်၊

သိလိုက်ပြီ။

ငါတော့ ပိုက်ဆံအိတ် အလုခံလိုက်ရပြီ။

တံတောင်ဆစ်နဲ့ ဒူးဒဏ်ရာက အရေပြားစုတ်ပြဲ သွေးထွက်တော့ နာလွန်းလို့ ဖြုန်းခနဲ မအော်နိုင်၊

သူမ အော်နိုင်တဲ့အချိန်မှာ လုယက်ဆိုင်ကယ်သမားအရှိန်မြှင့်ပြီး တရကြမ်း မောင်းပြေးသွားခဲ့ပြီ။

"မနက်အစောကြီး ရှိသေးကွာ"

"သူတို့က ဒီလိုမနက်စောစော လူရှင်းချိန်ကို အမဲရှာပြီး လုတာဗျ"

"ပတ္တရောင်ရဲတို့၊ လှည့်ကင်းတို့ မတွေ့ကြဘူးလားဟေ့"

"သူတို့လည်း တစ်ညလုံး ကင်းလှည့်ကြရလို့ ထင်ရဲ့ - ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ အချို့ထိုင်နေဆိုပဲ"

"သွားခေါ်ကြစမ်းကွာ - တောက်"

"ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်လိုက်ပါလား"

"ခုနေဆက်တော့ ဘာထူးမှာတုံး၊ ပိုက်ဆံအိတ်က ပါသွားပြီလေဗျာ"

"ဟဲ့ကလေးမ"

"ရှင် - ရှင်"

"ပိုက်ဆံအိတ်ထဲမှာ ငွေဘယ်လောက်ပါသွားတုံး - တူမ"

"ငွေက တစ် - တစ်သိန်း - ခုနစ်သောင်း၊ ငါးမူးသား နားကပ်က တစ် - တစ်ရံ - ပြီး - ပြီး -"

"ပြီး - ဘာပါသွားသေးတုံး ဟဲ့ - ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘဏ် - ဘဏ် - စာအုပ်ပါသွားတယ်၊ ဘဏ်စာအုပ်ထဲမှ - ငွေ - ဆယ်သိန်းစာရင်းဝင်ရှိ - ဟီး - ဟီး"

"ဖြစ်ရလေကွာ"

"တို့မြို့ကတော့ မဖြစ်ဘူး၊ မကြားဘူးတာတွေကြားရဖြစ်နေကြပြီပေါ့ကွာ။ ဟိုဘက်လတုန်းကလည်း မင်းကျောင်းရှေ့မှာ အလုပ်ပြန် မိန်းကလေးရဲ့ဆွဲကြိုးကိုဆိုင်ကယ်သမားကဖြတ်လုပြေးသွားတာ၊ ပါသွားပါရောလား"

"တိုက်အိမ်ကိုတောင် ဝင်ဖောက်သွားတဲ့ဥစ္စာဗျာ"

"ဟိုစာရေးဆရာကြီးသမီးတိုက်ကို ညဥ့်ဦးပိုင်း လူအပြင်သွားခိုက် ဖောက်ထွင်းခိုးယူနေတုန်း စာရေးဆရာကြီးသားမက်ကတွေ့လို့လင်ရောမယားရော အော်ဟစ်တော့ဖောက်ထွင်းသမားတွေက လက်နက်ကိရိယာတွေ ပစ်ချပြီး အုတ်တံတိုင်းကျော်ပြေးကြတာတဲ့၊ ဖောက်ထွင်းသမားတွေကအတွေ့အကြုံရှိတဲ့ ဖောက်ထွင်းသမားတွေဆိုတော့ နှစ်စုခွဲပြီးပြေးကြတာဗျ၊ ရပ်ကွက်ထဲက လူတွေကလည်း နှစ်ခုခွဲပြီး သင်းတို့နောက်ကနေ အော်ဟစ်လိုက်နေတုန်း လမ်းလျှပ်စစ်မီးတွေ ရုတ်တရက် ပျက်ပြီး မှောင်ကျသွားရော၊ သူခိုးလိုက်တဲ့ ရပ်ကွက်သားတွေရှေ့ဆက်မလိုက်ရဲကြတော့ဘူး"

"သူခိုးတွေ ပြေးနေတုန်း လမ်းမီးပျက်သွားတာ"

"ဟုတ်ပဗျာ - မသိရင် ဖောက်ထွင်းသမားတွေနဲ့ လျှပ်စစ်မီးနဲ့ ချိန်ကိုက်ညှိထားသလား မှတ်ရတယ်ဗျ၊ ဖောက်ထွင်းသမားတွေ ကံကောင်းသွားတာပေါ့၊ မှောင်မည်းနေတော့ မလိုက်ရဲကြဘူး၊ မီးထိုးရှာပေမယ့် အချိန်ကြာသွားတော့ လွတ်သွားတာပေါ့ဗျာ"

"ဘယ်လောက်ပါသွားတုံးတဲ့"

"သိန်းနှစ်ဆယ်ဝန်းကျင်လောက် ရွှေထည်ပစ္စည်းတွေ ပါသွားတယ်၊ အိမ်ရှင်ရောက်လာလို့ပြေးလွှားရင်း ကျန်ရစ်ခဲ့တဲ့ တန်ဖိုးကြီး လက်ဝတ်လက်စားအချို့ကျကျန်ခဲ့လို့ တော်သေးတယ်လို့ ပြောရမှာပဲတဲ့"

"ဖောက်ထွင်းသူခိုးတွေကိုသိလား မိလားဗျ"

"ဖောက်ထွင်းသမားတွေရဲ့ဖုန်းကျကျန်ရစ်ခဲ့တော့ သဲလွန်စရတာပေါ့ဗျာ။ သတင်းရလို့ ဟိုနေရာသွားဖမ်းရင် ဖောက်ထွင်းသမားတွေ မရှိတော့ဘူး၊ လစ်သွားကြပြီ"

"ဟင်"

"နောက်တစ်နေ့ အသေအချာသိလို့ ညဥ့်နက်မှာ သွားဝိုင်းတော့လည်း ဖောက်ထွင်းသမားလင်မယားတော့ မမိဘူး၊ ဗျာနဲ့ အိပ်ရာခင်းပဲ တွေ့ရတော့တယ်၊ အမျိုးကောင်းသား ဖောက်ထွင်းသူခိုးက ဘယ်လိုသတင်းရလို့လဲမသိ၊ ကြိုပြီးတောင် လစ်သွားရဲ့တဲ့"

"အံ့သြစရာပါလားဗျာနော်၊ ဒါဆိုမမိဘူးပေါ့"

"ခြောက်လကျော်ကြာတယ်၊ ဖောက်ထွင်းသူခိုးလူစုကို မမိဘူး၊ စုတော့ အခြားမြို့နယ်မှာ ဖောက်လို့မိသွားတယ် ကြားတယ်၊ ရဲက စစ်ဆေးတော့စာရေးဆရာကြီးသမီးအိမ်ဖောက်တဲ့ ဖောက်ထွင်းသမားနာမည်ကြီးသူခိုးတွေ ဖြစ်နေတာပေါ့၊ အမှုပေါ်ရော"

"ပါသွားတဲ့ပစ္စည်းတွေတော့ ပြန်ရမှာပေါ့နော်"

"အင်း - ရမယ်နဲ့တူတာပဲ၊ ရဲတပ်ဖွဲ့ကတော့ကြိုးစားနေတာပဲလို့သိရတယ်"

"ကျုပ်တို့မြို့က ရာဇဝတ်မှု အထူပြောဆုံးမြို့စာရင်းမှာ နံပါတ်သုံးလို့



သတင်းစာမှာ ဖော်ပြထားတာ ဖတ်ရတယ်ဗျ"

"မြို့တည်နှစ်ပေါင်း (၂၅၀၀)ကျော်မှာ ဒီတစ်ခါ ရာဇဝတ်မှုတွေများတဲ့မြို့ဆိုပြီး အသိအမှတ်ပြုခံရတာ ဂုဏ်ယူစရာပဲပေါ့ဗျာ - နော"

"ဗွီ"

☆☆☆

ကျွန်ုပ်က နံနက်စောစောထပြီး လမ်းလျှောက်တဲ့ ကျန်းမာရေးအလုပ် လုပ်ခဲ့တာ နှစ်နဲ့ ချီနေပြီပေါ့ဗျာ။

လမ်းလျှောက်အတွေ့အကြုံ မရှိသေးတဲ့အစကနဦးရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ နာရီနဲ့ ကြိမ်တုတ်ကလေးကိုင်ပြီး စမတ်ကျကျ လမ်းလျှောက်တာပေါ့၊

ဟိုး - နာမည်ကျော် ရေကန်ကြီးတွေဆီကို တစ်ယောက်တည်း နွေနဲ့ဆောင်းမှာ ခပ်ရဲရဲ လျှောက်ခဲ့တာပေါ့ဗျာ၊

ဒီနေရာက အမှန်က လုယက်လို့ကောင်းတဲ့နေရာပဲဗျ၊ သို့သော် လမ်းလျှောက်ဖော်တွေတွေ့တော့မကြောက်ဖူးပေါ့၊

ဟော - ဘာကြာလိုက်လို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရေကန်အနီး မိန်းမလျာ နတ်ကတော်တစ်ဦးကိုသတ်ပြီး ရေကန်ထဲ ပစ်ချခဲ့သတဲ့။

နတ်ကတော်မိန်းမလျာကို သတ်တဲ့လူသတ်သမားက သိတယ်မဟုတ်လား။ဟိုဒင်းလည်းပြုထား၊ပစ္စည်းလည်း ယူ၊ လူလည်း သတ်ခဲ့တော့ ...။

မလွယ်ဘူး။

ရွှေချစ်တဲ့ကျုပ်လည်း သားကောင်ဖြစ်သွားနိုင်တယ်၊ ကျုပ် – အဲဒီနာမည်ကျော်ရေကန်ကြီးများဘက်ကို မနက်စောစော လုံးဝခြေဦးမလှည့်တော့ဘူး။

လမ်းလျှောက်နေရာ ပြောင်းလိုက်တယ်။

ပြည်တော်သာလမ်းမကြီးနဲ့ အ.ထ.က(–)ကျောင်း တောင်ဘက်ကွန်ကရစ်လမ်း။

ကောင်းမှကောင်း၊ ရှယ်မှ ရှယ်ဗျာ။

မြို့ထဲက ခေတ်မီသူတိုင်း အဲဒီပြည်တော်သာလမ်းမကြီးကနေ အ.ထ.က (–)ကျောင်းရှေ့ကို ဖြတ်၊ ပြီး – ဂေါက်ကွင်းထိပ်မှာ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ကြ။

မနက်အရုဏ်ကျင်းတာနဲ့ လမ်းလျှောက်သူတွေ၊ စက်ဘီးစီးသမားတွေ အစီအရီပါဗျာ၊

လှလှပပ အရွယ်ကောင်း အချော လေးတွေလည်း ပါရဲ့။

ဘော်ဒီဖရိန် ရှဲ့စောင်းစပြုနေတဲ့ လေးဆယ်ကျော် ကျန်းမာရေးလိုက်စား သူတွေလည်း လျှောက်ကြပါရဲ့။

အချို့က ဂျင်းဘောင်းဘီရှည်နဲ့။

အချို့က ဂျင်းဘောင်းဘီတိုနဲ့။

ဝေါကီးရှူးနဲ့။

အချို့က အသားကပ် အားကစား ဘောင်းဘီကျပ်၊ ဘောင်းဘီပွနဲ့ လမ်းလျှောက်စုပေါင်း လေ့ကျင့်ခန်းလုပ်နေကြတာ အားရစရာ၊ အားကျစရာပဲ ခင်ဗျ။

လမ်းလျှောက်သူတွေထဲမှာ ...

ဗိုက်ရွှဲရွှဲနဲ့ အငြိမ်းစား အရာရှိကြီးတွေပါတယ်။ အချို့တုတ်ကောက်လေး ကိုင်လို့။အချို့ကအလှမီနီယံစတိုင်တုတ်ကောက်လေးနဲ့၊ အရပ်မြင့်မြင့် ခပ်လှလှ အစ်မတစ်ဦးကတော့ ချိုင်းကြားမှာ တံတောင်ခန့် သံတုတ်တိုလေးညှပ်ပြီး လျှောက်ရဲ့ခင်ဗျ။ ပြီး – ကတော်ကြီးတွေ ပါတယ်။ သူဌေးတွေလည်း တွေ့ရတယ်၊

ကျောင်းသူကျောင်းသားပျိုရွယ်သူ တွေပါတယ်။ တင်ကောက်၊ ပြားချပ်၊ ဗိ ကပ်၊ ပုကွ၊ နိမ့်တိုတွေလည်း ပါတယ်၊

ခေတ်မီမော်ဒယ်တွေနဲ့ ယိုးမှားရတဲ့ လှပနုကြွကျန်းမာသန်စွမ်း၊မိခင်လောင်းတွေလည်း ပါကြတယ်။

မြို့ထဲက စာရေးဆရာတချို့လည်း မနက်စောစော လမ်းလျှောက်လာကြရဲ့၊ အရွယ်မျိုးစုံတို့ဟာ အပြုံးတွေနဲ့ လန်းဆန်းတက်ကြွ လှပနေကြရဲ့ဗျာ။

တစ်ခါတစ်ရံ နိုင်ငံခြားသား (အမေရိကန်)ဖနီးမောင်နံက လမ်းလည်း လျှောက်၊ ပြေးလည်း ပြေးဗျ။

တရုတ်ပေါက်ဖော်ကြီးတွေ၊

ဟိန္ဒူ၊ မွတ်ဆလင်အမျိုးသားကြီးတွေကို အားပါတဲ့အပြုံးတွေ၊ စင်ကြယ်သန့်ရှင်းတဲ့ အပြုံးခွန်အားတွေနဲ့ ဆေးသား စတင်ခြယ်မှုန်းနေသလိုပါပဲဗျာ။

တစ်ယောက်နဲ့ တစ်ယောက် လမ်းလျှောက်ရင်း ဆုံကြရင်း "မောနင်း"လို့ နှုတ်ဆက်ကြ၊ "မင်္ဂလာပါ"လို့ ဦးညွှတ် နှုတ်ဆက်ကြ၊

လက်အုပ်လေးတွေ ရင်မှာချီပြီး "မင်္ဂလာပါ ဆရာ"၊ "မင်္ဂလာပါ အစ်ကို"၊ "မောနင်းဘရားသား"၊အို – ကျက်သရေရှိတဲ့မနက်ခင်းတွေ၊နေခြည်နုနုအောက်မှာ မင်္ဂလာတွေ၊ နှင်းမှုန်ဖွေးဖွေးရှေ့မှာ ဂါရဝအဥ္ဇလီတွေ၊မိုးဖွဲဖွဲညလေးအောက်မှာ မွေးဖွားကြတဲ့ သန့်စင်အပြုံးတွေ၊

☆☆☆

မြောက်ပြန်လေနဲ့ သင်းထုံဝေရဲ့ ဖူးပွင့်နေကြရဲ့ဗျာ၊ ဟော – အခု – အပြုံးဖျက်တဲ့ လက်တွေ ပေါ်လာတယ်၊ အကြည့်တွေမှာ သံသယမျက်လုံးကို ခေတ္တတပ်ပြီး လူအကဲခတ်ရတဲ့ မနက်ခင်းတွေ ဖြစ်လာခဲ့ရတယ်ဗျာ၊

ကျွန်တော်တို့ရဲ့ အသိမိတ်ဆွေ ရခိုင်လူပျော်ကြီးကိုဆိုင်ကယ်နဲ့လုယက်သူတွေက မနက်မင်္ဂလာအချိန်မှာ ရိုက်နှက်လုယက်ကြတယ်။

ကြားရချက် စိတ်မကောင်းစရာ၊

ကိုယ်လည်း ခရီးသွားနေလို့ လမ်းမလျှောက်ဖြစ်တာ တစ်ပတ်ခန့် ရှိသွားတယ်၊ လမ်းပြန်လျှောက်တဲ့နေ့မှာ သူငယ်ချင်းလမ်းလျှောက် ဘက် ကိုကြည်ဝင်းနဲ့ ကိုလှဝေကြီးတို့က –

"ကိုမှိုင်း – ပျောက်လှချည်လား သူငယ်ချင်း"

"ဟုတ်တယ် သူငယ်ချင်းရေ၊ ခရီးသွားနေလို့ဗ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုမှိုင်းကို သတိပေးရဦးမယ်ဗျ”

“ဘာများပါလိမ့် - ကိုလှဝေ”

“ကိုမှိုင်း - လက်နှစ်ချောင်းမှာ စွပ်ထား၊ ဝတ်ထားတဲ့ ရွှေလက်စွပ်တွေ လမ်းလျှောက်ရင် မဝတ်ခဲ့နဲ့”

“ဗျာ…”

“ပြီး - မနက်စောစော ကျိုးမနီး၊ လူမနီးချိန် တစ်ယောက်တည်း လမ်းမလျှောက်နဲ့ဟေ့”

“ဟာ - ဖိုးကြည်ဝင်းနဲ့ ကိုလှဝေ - ဘာတွေဖြစ်နေကြလို့တုံး - ရှင်းပါဦး”

“မနက်စောစော လမ်းလျှောက်လေ့ရှိတဲ့ ကိုရရိုင်ကြီးကို သိတယ်မဟုတ်လား”

“သိတယ်လေ၊ ရိုးတော်ရပ်ကွက်မှာနေတဲ့ ကိုရရိုင်ကြီး မဟုတ်လား၊ ဘာဖြစ်လို့တုံး သူငယ်ချင်း”

“ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ဆိုင်ကယ်သမားသုံးဦး ရိုက်လုလို့ ငွေရော ဖုန်းရော ပါသွားပြီ”

“ပစ္စည်းပါသွားတာ တော်သေးတယ်၊ ခုဟာက လူကိုပါ ဝိုင်းရိုက်ပြီး ပြေးတာဗျ၊ ကိုရရိုင်ကြီး ကွဲပြဲပြီး လမ်းမလျှောက်နိုင်ရှာဘူး ကိုမှိုင်း”



စာရေးဆရာကြီး ဆရာ တက္ကသိုလ် ဘုန်းနိုင်က စာပေဟောပြောပွဲမှာ ဟောခဲ့တယ်ကွ၊ လူဆိုတာ မြို့ချစ်စိတ် ရှိရမယ်တဲ့၊ ကိုယ်နေတဲ့မြို့ရဲ့ အလှသဘာဝကို မြို့သူမြို့သားတွေက စောင့်ရှောက်ထိန်းသိမ်းရမယ်တဲ့၊ မြို့ချစ်ရှိမှ မျိုးချစ်စိတ်ဆိုတာ ဖြစ်လာမှာတဲ့၊ ငါတို့မြို့က မြို့ချစ်စိတ်တကယ်ရှိတဲ့လူတွေကို မြို့ချစ်စိတ်မရှိတဲ့ အချောင်သမား၊ လုယက်မှု၊ တစ်ပွဲစား၊ ပေါင်းစား၊ ပုံစား၊ ရိုက်စား၊ ဟောက်စား၊ အကြံအဖန်၊ ခွင်ရှာ၊ လာဘ်စား ကိုယ်ကျိုးရှာ အတ္တသမား လူနည်းစုက အနိုင်ယူနေသလို ဖြစ်နေတယ်၊

www.burmeseclassic.com



“ဟာကွာ - ဖြစ်မှ ဖြစ်ရလေကွာ၊ ဘယ်နားမှာ လုယက်ခံရတာလဲ၊ လုယက်တဲ့ဆိုင်ကယ်သမားတွေရော ဖမ်းမိသတဲ့လား - ဟင် - ဟင်”

“လုယက်တဲ့ဆိုင်ကယ်သမားတွေ မိ၊ မမိတော့ မသိဘူး၊ တို့လူ ကိုရရိုင်ကြီး ခမျာမှာတော့ သိန်းကျော်တန်ဖုန်းရော၊ ငွေရော ပါသွားတဲ့အပြင် အရိုက်ခံထားရတဲ့လက်နှစ်ဖက်က ဖွန်းတောင် ကိုင်လို့မရရှာဘူး”

“တောက် - ငါရိုးမသားတွေကွာ၊ ယုတ်မာလိုက်တာ”

မနက်မင်္ဂလာအချိန်အခါပါဗျာ၊

“မောနင်း”ဆိုတဲ့စကား၊ “မင်္ဂလာပါ” ဆိုတဲ့စကားအစား ကျွန်တော် ကြားရချက်ကြောင့် ဒေါသဖြစ် ဆဲရေးမိခဲ့တယ်၊

“ကိုရရိုင်ကြီးပြီးရင် ကိုမှိုင်းအလှည့်ရောက်လာနိုင်တယ်၊ မောင်ရင်က ရွှေလက်စွပ်တွေပြူးနေအောင်ဝတ်ထားလို့လေ”

“လမ်းလျှောက်ထွက်ရင် အိမ်မှာ ချွတ်ထားခဲ့ပါ ကိုမှိုင်းရာ”

“အခုတစ်လော ကိုယ်တို့မြို့လေးမှာ ဆိုင်ကယ်စီးပြီး ဆွဲကြိုးဖြတ်ပြေးတယ်၊ ဖုန်းလုပြေးတယ်၊ ငွေအိတ်လုပြေးတယ်၊ မူးယစ်ဆေးဝါး ရောင်းလို့မိတယ်၊ မကြားဖူးတာတွေ ကြားနေရတယ်၊ သီလဝါသွားတဲ့လမ်း၊ ရေတစ်ဘက်သွားတဲ့လမ်းမှာ ကယ်ရီဆိုင်ကယ်ငှားစီးပြီး ကယ်ရီသမားကို လမ်းမှာ ဓားထောက်ရိုက်လုတယ်၊ အကြွေးတောင်းရင်း စကားများလို့ ကြွေးရှင်က ကြွေးယူသူကိုအိမ်ပေါ်မှာပဲ ဓားနဲ့ထိုးသတ်တယ်၊ တရားခံပြေးရာဇဝင်လူဆိုးတစ်ယောက်က အိုက်ကီဒို၊ ဂျူဒိုကျွမ်းတဲ့ နယ်ထိန်းရဲအရာရှိနှစ်ဦးကို စက္ကန့်ပိုင်းပဲခြားပြီး ဓားနဲ့ အသေထိုးသတ်တယ်၊

စဉ်းစားကြည့်စမ်း သူငယ်ချင်းတို့၊ တို့မြို့မှာ လူစုံနယ်စုံ ရောက်နေတယ်၊ လူသတ်သမား၊ သူခိုး၊ ခါးပိုက်နှိုက်၊ ဖောက်ထွင်းသမား၊ မုဒိမ်းကောင်၊ လုယက်၊ မူးယစ်ဆေးရောင်းသူ၊ လူကုန်ကူးသူ၊ ပြည့်တန်ဆာ၊ ဖဲသမား၊ ကြက်သမား၊ ချဲဒိုင်၊ လက်ခွဲဒိုင်၊ ဆိုင်ကယ်သူခိုး၊ လူသတ်ဝရမ်းပြေး အကုန်ရှိနေတယ်၊ ရဲအဖွဲ့က သင်းတို့ကို ဖမ်းမိလို့ ရုံးတင်တရားစွဲ၊ တရားရုံးက ပြစ်ဒဏ်စီရင်၊ ဟိုအစိုးရကဓားပြသူခိုးလူသတ်သမားတွေကို လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်ပေးနိုင်ငံရေးအကျဉ်းသားဆိုရင် ရွေးစစ်နဲ့စစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှစ်ဦးပဲ လွှတ်၊ သူတို့ လွှတ်ပြီမ်း ချမ်းသာအခွင့်အရေးနဲ့ လွှတ်ပေးလိုက်တဲ့ လက်မရှိ ရာဇဝတ်သားတွေက ထောင်ပြင်ရောက်ရင် ကောင်းကောင်း မွန်မွန် လုပ်ကိုင်မစားသောက်ကြဘဲပြန်ပြီးရာဇဝတ်မှုကြီးတွေကျူးလွန်ကြတော့ အခုကြားတဲ့အတိုင်းပဲ၊ လုံခြုံရေးတာဝန်ယူရတဲ့ လူဆိုးထိန်းရဲအရာရှိတွေပါ။ ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်။ ဘယ်သူ့ကို အပြစ်ပြောကြမလဲ၊ ပြောလိုက်ရင် အကုန်ဆင်ခြေတွေ၊ အကာအကွယ်တွေ၊ အကြောင်းပြချက်တွေနဲ့။ အများစုခံလိုက်ရတာက ရိုးသားတဲ့မြို့သူမြို့သား၊ နာမည်ပျက်ဂုဏ်သရေမဲ့နေတာ ငါတို့ ဇာတိမြို့ကွ။ ငါ့အမေရဲ့ ရွှေပုလဲနားကပ်တစ်ရံကိုလူလိမ်တွေက တို့ဆေးနဲ့ ဈေးအနောက်ဘက်ကုက္ကိုပင်အောက်အကြော်တဲမှာ ဖြုတ်ယူသွားတာကွ၊ အမေသတိရလို့ပြန်ကြည့်တော့ ဘိုးဘွားအမွေ ရွှေပုလဲနားကပ်မရှိတော့ဘူး၊ စက္ကူနဲ့ ထုပ်ပေးထားခဲ့တဲ့ ကျောက်စရစ်ခဲလုံးလေးနှစ်လုံးပဲ တွေ့ရတယ်။ အခု ငါ့အမေ ကွယ်လွန်သွားခဲ့တာ ကြာပြီ၊ စိတ်ပါထိခိုက်သွားခဲ့တာ၊ ဒီနေ့အထိ အဲဒီလူလိမ်၊ ဖြုတ်အုပ်စုကို မမိဘူး။ သူတို့ "ဖြုတ်"အုပ်စုမှာ မိန်းမတွေလည်းပါတယ်ကွာ။ ကိုင်း-ငါတို့ ဘယ်သူ့ကို အားကိုးရမလဲဟင်၊ ငါတို့ဘာသာ ငါတို့ တရားခံကို လိုက်ရှာ၊ အပြတ်ရှင်းလိုက်ပြန်ရင်လည်း ဥပဒေဘောင်ကျော် လုပ်တယ်တဲ့၊ ဘာတို့နဲ့ ကိုယ်ပါ တရားခံပြန်ဖြစ်၊ ထောင်ထဲ ဝင်ရဦးမယ်၊ ငါတို့မွေးရပ်ဒေသမြို့ဟာ တစ်နေ့တခြား နာမည်ပျက်၊ နာမည်ဆိုးနဲ့ ကျော်စောနေတာ ရှက်စရာကောင်းတယ်ကွာ။ စာရေးဆရာကြီး ဆရာတက္ကသိုလ်ဘုန်းနိုင်က စာပေဟောပြောပွဲမှာ ဟောခဲ့တယ်ကွ၊ လူဆိုတာ မြို့ချစ်စိတ် ရှိရမယ်တဲ့၊ ကိုယ်နေတဲ့မြို့ရဲ့အလှသဘာဝကိုမြို့သူမြို့သားတွေက စောင့်ရှောက်ထိန်းသိမ်းရမယ်တဲ့၊ မြို့ချစ်ရှိမှ မျိုးချစ်စိတ်ဆိုတာဖြစ်လာမှာတဲ့၊ ငါတို့မြို့က မြို့ချစ်စိတ် တကယ်ရှိတဲ့လူတွေကိုမြို့ချစ်စိတ်မရှိတဲ့အချောင်သမား၊ လူယုတ်မာ၊ တစ်ပွဲစား၊ ပေါင်းစား၊ ပွးစား၊ ရိုက်စား၊ ဟော်ကစား၊ အကြံ့အဖန်၊ ခွင်ရှာ၊ လာဘ်စား၊ ကိုယ်ကျိုးရှာအတ္တသမား လူနည်းစုက အနိုင်ယူနေ့သလိုဖြစ်နေတယ်၊

အသရေပျက်အောင်လုပ်နေသလို့ဖြစ်နေတယ်၊ တို့ဘကြီးပြောသလိုပြောရရင် "ပြောပြန်တော့ ဒေါကန်တယ်၊ ရိုက်ပြန်တော့ ပထွေးဆန်တယ်၊ ဟော့-မယားပါသားဆိုးတာကျတော့ ဘယ်-မအေရိုးမှ မသိဘူးကွ"တဲ့၊

"ဟုတ်ပါပြီ၊ ခံစားချက်တွေကို နောင်မှာ စာရေးပြီး ပုံဖော်ပါ၊ အခုအကြံပေးချင်တာက မနက်အစောကြီး တစ်ယောက်တည်း လမ်းမလျှောက်နဲ့၊ လျှောက်သင်တဲ့အချိန်ကလေး လူသွားလမ်း၊ လမ်းလျှောက်လမ်းမပေါ်မှာ လိုအပ်လို့ လမ်းလျှောက်ဘက်တွေရှင်ပါလျှောက်သင့်တဲ့အချိန်ပဲ သူငယ်ချင်း၊ လမ်းလျှောက်ထွက်ပြီဆိုတာနဲ့ ရွှေလက်စွပ်၊ မြလက်စွပ်တွေကို အိမ်မှာထားခဲ့ပြီး လျှောက်ပါ၊ ဒါ-အန္တရာယ်အကင်းဆုံးပါ၊ ဒါတောင်-တန်ဖိုးကြီး "ဖုန်း"ကိုင်ထားတာမြင်ရင် လုချင် လုနိုင်တာမို့ စားသတိ၊ သွားသတိ၊ လာသတိတော့ ရှိပါသူငယ်ချင်း၊ တို့များကတော့အကျီအိတ်ထဲမှာ လက်ဖက်ရည်သောက်ဖို့ငွေတစ်ထောင်နှစ်ထောင်ပဲအမြဲရှိတာမို့သမ္မာဒွေဂါထာ ရွတ်ထားသလို ကာပြီးသား ဖြစ်နေတယ်၊ သင်းတို့လိုချင်ရင် ပေးလိုက်မယ်၊ နှစ်ထောင်၊ နည်းရင် အမေ တစ်ယောက်လုံး ပေးခဲ့တဲ့ တစ်ထောင်တန်ကို ချွတ်ပေးလိုက်မယ်၊ ကြိတ်ယူ၊ မကြိုက်မယူနဲ့"

"ဟား-ဟား-ဟား-ဟား-ဟား"

"အဟတ်-အဟတ်-အဟတ်"

"မင်း တစ်ထောင်က ဆိုင်ကယ်လုယက်သမားတောင် မြင်တာနဲ့ လန့်ပြေးနိုင်တယ် ဟော့-ဟား-ဟား-ဟား-ဟား-ဟား"

မင်္ဂလာမနက်ခင်းရှိန်ပါဗျာ၊

သို့သော်...

ဆိုင်ကယ်နဲ့ မနက်စောစောလုညီလည် အမဲကောင်ရှာ လုယက်နေတဲ့ အကုသိုလ်ကောင်တွေကြောင့် ကိုယ့်ပါးစပ် ဒေါသဖြစ်ပြီး အယုတ္တ အနတ္တ စကားတွေပါထွက်ခဲ့ရတော့၊

ဆောရီးပါ-မောနင်း၊

ကျုပ်ကို ခွင့်လွှတ်ပါဗျာ-နော၊ မင်္ဂလာမနက်ခင်း။

☆☆☆

ကိုရနိုင်ကြီးက မနက် (၄း၃၀) နာရီဆိုအိမ်ကနေ လမ်းလျှောက်ဖို့ထွက်တာတဲ့ ခင်ဗျ။ သူ "ကျားဘုရား" ရှေ့ကညပုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင်မှာ အဆာပြေမုန့်နဲ့လက်ဖက်ရည်သောက်တယ်။ ကျိုက်ခေါက်ဘုရားလမ်းအတိုင်း လမ်းလျှောက်ဖော်ပါရင်း အဖော်နဲ့၊ အဖော်မပါရင် တစ်ယောက်တည်း လျှောက်မယ်။ ပြည်တော်သာလမ်းကို ပတ်မယ်။ ပြီးရင် - အ.ထ.က(-) ကျောင်းလမ်းမှာ ဆုံရပ်လုပ်။

နာရီဝက်ခန့် လေ့ကျင့်ခန်းလုပ်ကြ။

လေ့ကျင့်ခန်းလုပ်ရင်းစကားစမြည်ပြောကြ၊ စီးပွားရေး၊ လူမှုရေး၊ ဟိုအရေး၊ ဒီအကြောင်း (၆း၃၀) နာရီကျော် (၇း၀၀) နာရီဆိုရင် လမ်းလျှောက်သူတွေ အသီးသီး အိမ်ပြန်ကြ။

မြို့ထဲက လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြ။

အချို့မိန်းမသားများက မြို့မဈေးကြီးထဲ ဝင်၊ မနက်စာချက်ဖို့ ဈေးဝယ်ပြီးပြန်။

ကျွန်တော်လည်း သူတို့နည်းတူ။

လမ်းလျှောက်ကအပြန်ဈေးထဲဝင်၊ မနက်စာချက်ဖို့ ဟင်းသီးဟင်းရွက် အသားငါးဝယ်၊ အိမ်ပြန်။

ထုံးစံအတိုင်း ကိုရနိုင်ကြီး အိမ်ကနေ စောစောထွက်၊ လက်ဖက်ရည်ဆိုင်



အဟိတ် တိရစ္ဆာန်ဖြစ်တဲ့ တိုးကန်းတွေက သူနားရွက်ကို အစာအဖြစ်၊ မထိုးဆိတ်ကြ၊ သူ့လက်က နာရီကို အလုမခံကြ၊ သူ့ကိုကြည့်ပြီး ပေါင်နေတဲ့ ငွေးတစ်ကောင်ဖာလည်း ခြင်းမှာ ကျန်သေးတဲ့ အကိုလက်ရည်နဲ့ ဘောင်းဘီရှည် ချွတ်ပေးခဲ့ပါ၊ အပေါင်ဆိုင်မှာ ပေါင်ပြီး နံနက်စာ ပဲပြုတ်နဲ့ နံပြား ဝယ်စားချင်လို့ လုံးဝမပြော။



မှာ (၁၀) မိနစ်ခန့်ထိုင်ပြီး ရိုးတော်ရပ်ကွက်အတိုင်း လျှောက်နေကျအတိုင်း လျှောက်လာ။

ရိုးတော်ရပ်ကွက်ဆိုတာ "န.ဝ.တ" အစိုးရအုပ်ချုပ်တဲ့ ၁၉၈၈ - ခုနှစ်အလွန် စစ်အုပ်ချုပ်ရေးကာလတုန်းက အသစ်ထူထောင်ပေးလိုက်တဲ့ မိုးကျရွှေကိုယ် ရပ်ကွက်။

နေရာကောင်း၊ အကွက်ကောင်း၊ အေးချမ်းရိပ်ငြိမ် ရွှေရပ်ကွက်၊ ပလတ်စတစ်ကောက်ရောင်းတဲ့ အိမ် မရှိ၊ ဘူးသီးကြော် ကြော်ရောင်းတဲ့အိမ်မရှိ၊ ခွက်ပုန်းအရက်ရောင်းတဲ့အိမ် မရှိ၊

ရေ၊ မီး၊ (၂၄) နာရီ အပြည့် "ရှယ်"၊

ကွန်ကရစ်လမ်းတွေ၊ နီယွန်မီးချောင်းတွေနဲ့၊

တကယ့် ပုဂ္ဂိုလ်ထူးတွေ၊ ရှယ်တွေနေတဲ့ရပ်ကွက်၊

ငါးပြားဆယ်ပြားအဆင့်နဲ့ အဲဒီရပ်ကွက်မှာမြေတစ်ပေဝယ်လို့မရ၊ ပိုက်ဆံရှိရမယ်၊ ရာထူးကြီးကြီး ရှိခဲ့ဖူးရမယ်၊ အနည်းဆုံးတိုင်းပြည်ကိုအနှစ်နှစ်ဆယ် ဖာလုပ်အကျွေး ပြုခဲ့ဖူးရမယ်၊ သူများပြောတာ ပြောရတာပါဗျာ၊

ရွှေပေါ်မြတင်၊ စိန်စီထမင်းပန်းကန်နဲ့ ထမင်းစားဖူးပြီး လက်ညှိုးထိုးတာနဲ့ ပင်လယ်မဖြစ်တောင် ရေမြောင်းဖြစ်သွားနိုင်တဲ့အဆင့်တွေနဲ့၊ ပါရမီသံယောဇဉ်ရှိခဲ့ဖူးရမယ်၊

ပြီး - တိုက်ဆောက်နိုင်ရမယ်၊

တစ်ဖက်ရပ်တဲ မဆောက်ရ၊

ကားစီးနိုင်ရမယ်၊ နွားလှည်းမဝင်ရ၊ "ညှော်ကြမယ်ဗျို့" အော်သံမကြားရ၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့လို့ စိန်ခေါ်လက်ခမောင်းခတ်မယ့်သူ မရှိ၊ ငမူးတွေ မရှိ၊

အားလုံး ၁၉၈၈ အလွန်မှာ သိန်း (၄၀) ကျော်တန် (G.S.M) ဖုန်းတွေနဲ့၊ အာဂလူတွေနေတဲ့ရပ်ကွက်၊

မြို့ဂုဏ်တင့်တဲ့ ရပ်ကွက်ပေါ့ဗျာ၊ နော၊

အဲဒီ ပတ္တမြားအခင်း၊ ရွှေခြေနင်းရတဲ့ရပ်ကွက်လမ်းမကြီးအတိုင်း မြို့စားကြီးများ ကုန္ဒြေမျိုးနဲ့ ကျုပ်တို့မိတ်ဆွေလို ရခိုင်ကြီး ရွှေရွှေ့ရှုရှု လမ်းလျှောက်လာချိန်၊ နရီက အရှက်ကျင်းစ၊

ကျတ်တွင်းကျောင်းအရပ်က ငှက်တွေ အိပ်ရာနိုးထပျံချိန်၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေဗဟိုစည်သံအစား ရဲစခန်းရှိရာဟို ခပ်ဝေးဝေးက နံနက် ငါးနာရီ မိုးသောက် ကင်းသံချောင်းခေါက်သံကြားရချိန်၊ လူရှင်းတဲ့ စံရိပ်ငြိမ်လမ်းထဲကို ...။

ရှေ့တူရှုကနေ ဆိုင်ကယ်တစ်စီး ဖြည်းဖြည်းလာနေတယ်၊ ကိုရနိုင်ကြီး အနီးမှာ ရပ်လိုက်တယ်တဲ့။

ဆိုင်ကယ်နောက်မှာ လူရွယ်နှစ်ယောက်ထိုင်လို့၊

ဆိုင်ကယ်မောင်းသူကတစ်ယောက်၊ ပေါင်းသုံးယောက်။

"အစ်ကိုကြီး ဘယ်နှနစ်နာရီ ထိုးပြီလဲ ခင်ဗျ"

ဆိုင်ကယ်ရပ်ပြီးမေးတာ၊ မေးရင်း ဆင်းလာတာ။

"ငါးနာရီ ဆယ်မိနစ် ရှိပကွ"

ရနိုင်သံဝဲဝဲနဲ့ တန်ဖိုးသင့်နာရီကို ကြည့်ပြီး ပြောလိုက်ချိန် ဆိုင်ကယ်နောက်က အရပ်မြင့်မြင့်လူရွယ်တစ်ဦး သူ့ရှိရာ လှမ်းလာပြီး –

"ဆေးလိပ်သောက်ချင်လို့ဗျာ၊ မီးခြစ်ပါရင် တစ်တို့"

"မပါဘူး"

"ဒါ – ဘာလဲဗျ"

မြန်လိုက်တဲ့ကောင်နယ်၊ ကိုရနိုင်ကြီးအင်္ကျီအိတ်ထဲမှာ ထည့်ထားတဲ့ဖုန်းကို ဆတ်ခနဲ နှိုက်ယူလိုက်လို့၊ ကိုရနိုင်ကြီးက –

"မင်း – မင်း – ဒါ – ဒါ ဘာလုပ်တာလဲ"

"ဖုန်းပေးခဲ့၊ ပိုက်ဆံရော၊ ပါရင် ထုတ်ပေးစမ်း"

"ဘာ – မင်းတို့ – မင်းတို့ – ငါ့ဖုန်းကို လုယူ"

"ဖောင်း"

"အား"

"ဖောင်း"

"အင့်"

"ဒုတ်"

"အမလေး – အာ"

"ဖြောင်း"

"အား – ကျိုးပါပြီဗျ – အား – ကျွတ်ကျွတ်"

"အမြန်မောင်း"

ဆိုင်ကယ်နောက်ကလူနှစ်ယောက် ပလတ်စတစ်ပတ်ထားတဲ့ တုတ်တို (နံပါတ်တုတ် အလုံးအရှည်ခန့်ရှိတုတ်) နဲ့ နှစ်ယောက်ညှပ် ထိုးကြိတ်ကြတာ၊

ကိုရနိုင်ကြီးက လက်နဲ့လည်း အနာခံပြီးကာရဲ့။



သူတို့ကို ပြန်ပြီးဝင်လုံး။

ဒီမှာ ပြင်းထန်တဲ့ တုတ်ရိုက်ချက်နဲ့ သူလဲကျသွားချိန် လုယက်သမားသုံးဦး ဆိုင်ကယ်ပေါ်တက်၊ အပြင်းမောင်းပြီး ပတ္တမြားအခင်း၊ ရွှေခြေနင်းတဲ့လမ်းမကြီးအတိုင်း ဒုန်းစိုင်းမောင်းပြေးသွားချိန်၊

ကိုရနိုင်ကြီး နာကျင်မှုဝေဒနာနဲ့ ကြိုးစားအားယူ ထရပ်လိုက်တယ်၊ သူ့ညာလက်၊ ဘယ်လက်က သွေးတွေစို့ပြီး ဖူးယောင်နေပြီ။ နည်းနည်းလှုပ်ရင် နည်းနည်းနာ။

ပါးစပ်လည်း ကွဲပြီး သွေးတွေစီးကျနေလို့၊

သူ့လက်က နာရီမရှိတော့၊

ဖုန်းတစ်လုံး မရှိတော့။

ငွေစက္ကူအချို့မရှိတော့၊

ငါ ဘာလုပ်ရမလဲ၊ ကယ်ကြပါဦးဗျလို့ အသံကုန်ဟစ်အော်လိုက်ရမှာလား၊ အော်ရအောင် ဒါက လူကုံထံရပ်ကွက်၊ အိမ်ပြန်ပြီး မိသားစုကို ဖြစ်စဉ်အရင်ပြောရမလား၊

ဒါမှမဟုတ် ... လှမ်းမြင်နေရတဲ့ လမ်းလျှောက်လာသူကို အကျိုးအကြောင်း ပြောပြပြီး ရဲစခန်းကို အရင်သွားတိုင်ချက်ဖွင့်ရင် ကောင်းမလား၊

အလို ...၊

ခေါင်းထဲမှာ ရီဝေဝေနဲ့၊

ကောင်းကင်မှာအိပ်ရာထကျီးကန်းတွေအသံပေးပြီး အစာရှာထွက် ပျံသန်းကြပြီ၊

ခွေးတစ်ကောင်ရဲ့ လှမ်းဟောင်သံကိုလည်း ကြားရရဲ့၊ အဟိတ် တိရစ္ဆာန်ဖြစ်တဲ့ ကျီးကန်းတွေက သူ့နားရွက်ကို အစာအဖြစ်၊ မထိုးဆိတ်ကြ၊

သူ့လက်က နာရီကို အလှူမခံကြ၊

သူ့ကိုကြည့်ပြီး ဟောင်နေတဲ့ ခွေးတစ်ကောင်ကလည်း ခင်ဗျားမှာ ကျန်သေးတဲ့ အင်္ကျီလက်ရှည်နဲ့ ဘောင်းဘီရှည် ချွတ်ပေးခဲ့ပါ၊ အပေါင်ဆိုင်မှာ ပေါင်ပြီး နံနက်စာ ပဲပြုတ်နဲ့ နံပြား ဝယ်စားချင်လို့ လုံးဝမပြော၊

ကျီးကန်းတွေထက် ပိုအတင့်ရဲပြီး ခွေးထက်မိုက်မဲ စုတ်ပဲ့တဲ့ အဓမ္မသမား ဆိုင်ကယ်နဲ့ လုယက်အစာရှာ လူဆိုး လူသွမ်းသုံးဦးကတော့ ...

ခုလောက်ဆို ...

ဘယ်နေရာသုခရိပ်မြုံမှာ ဝေစုခွဲပြီး နံနက်စာကို မြိန်ရှက်စွာ သုံးဆောင်နေကြပါလိမ့်၊

လမ်းလျှောက်ဘက် မိတ်ဆွေ ကိုရနိုင်ကြီးသို့ အမှတ်တရ၊ ခုတော့ –

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး မနက်စောစော လမ်းလျှောက်ရမှာ တွေးပူစိုးရိမ်နေကြရဲ့၊ ဒါတောင် - ကျွန်တော် တစ်ယောက်တည်း လမ်းလျှောက်နေချိန်မှာ ဘယ်နနာရီထိုးပြီလဲ အန်ကယ်(လ်)ဟု ဆိုင်ကယ်စီး လူနှစ်ဦးသုံးဦးက နစ်ကြိမ်သုံးကြိမ်ခန့် အချိန်မေးနေတာကြုံခဲ့ရရဲ့၊ ထိုအခါ လက်ထဲက ထန်းသားတုတ်ကောက်ကို ခပ်တင်းတင်း အသင့်ကိုင်ပြီး "ငါ့နာရီက အချိန်မမှန်ဘူးကွ" ဟု ဖြီးလိုမ့်၊ သတိထားပြောနေဆဲပါခင်ဗျာ။

မှတ်ချက် ။ ။ ဒီမြို့ကလေးမှာ မနက်စောစော အေးရန်ကင်းရှင်းစွာ လမ်းလျှောက်၊ ကားမှတ်တိုင်မှာ ကားစောင့်၊ ဈေးကို၊ ကျောင်းကို အန္တရာယ်ရန်မရှိ သွားလာနိုင်ခွင့်ဝန်ဆောင်မှုပေးနိုင်ကြပါစေ။ ။

➸ မောင်ညိုမှိုင်း (သန်လျင်)

**➯ ဆင်ခြေထောက်ရောဂါ**

ဖြေကြီးမြစ်ကို ဆန်ပုံးရည်ဖြင့် သွေး၍ပါးပါးလိမ်းပါ။

**➯ ညှောင်းညာကိုက်ခဲ**

မြင်းခွာရွက်ကို ဆီးဖြူခေါက်နှင့် ရော၍ ဆားအတန်ထည့်။ မြေအိုးသစ်နှင့် သုံးခွက်တစ်ခွက် တင်ကျို၍ နံနက်တိုင်း သောက်ပါ။

**➯ ဒူလာမီးယပ်ဆေး**

သက်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ်တို့ကို ဆတူ ရော၍ ငါးခွက်တစ်ခွက် တင်ကျို၊ ထန်းလျက်ဖြင့် စိမ်သောက်ပါ။

**➯ ဒူလာမြင်းသရိုက်**

ဆီးဖြူသီး စားပေးပါ။




www.burmeseclassic.com

www.burmeseclassic.com



**ဘကြီးရွှေ** ဘုရားကျောင်းဆောင်ပေါ်မှာ ညက်တော်တစ်မိုက်သာသာရှိတဲ့ ကြေးဘုရားကို ဖူးတွေ့ရတိုင်း ရင်ထဲမှာပဲ မျိုသိပ်ပြီး စံစားနေရတဲ့ ဝေဒနာ၊ ပြီးတော့ သည်အဖြစ်ကိုလည်း ချောင်းဝတစ်ရွာလုံးသိလို့မဖြစ်၊ ချောင်းဝရွာတစ်ရွာလုံး သိသွားရင် ဘကြီးရွှေကို အမနာပစကားတွေ ပြောလို့ဆုံးမှာမဟုတ်ဘူး။

ကြည့်လေ၊ ဘကြီးရွှေကိုယ်တိုင် ဧည့်သည်တွေလာတုန်းက ပြောခဲ့တဲ့ စကားကရှိခဲ့တာကိုး။

"ရပ်ဝေးမှာနေတဲ့ ငှါအမျိုးအရင်းတွေကွ၊ ငါ့နာမည်ကို မေးပြီး တကူးတက လာတွေ့ကြတာ"

ဘကြီးရွှေ ပြောလည်း ပြောစရာ၊ ဘကြီးရွှေအမျိုးတွေလို့ ပြောတဲ့သူက လင်မယားနှစ်ယောက်။ ဒီလင်မယားနှစ်ယောက် ဘကြီးရွှေဆီ ရောက်လာပုံကလည်း ထူးထူးဆန်းဆန်းပါပဲ။

တစ်ညနေ လှေတစ်စင်းနဲ့ ရောက်လာတာ။ ပြီးတော့ သူတို့မိုးမှောင်လို့ခေါ်တဲ့ ခွေးတစ်ကောင်လည်း အတူပါလာတယ်။ သူတို့ လင်မယား လှေဆိုက်ပြီး ချောင်းကမ်းနဲ့ မနီးမဝေးမှာရှိတဲ့ ဘကြီးရွှေအိမ်ဆီသို့တန်းတန်းမတ်မတ်ရောက်လာပြီး -

"ဘကြီးနာမည်က ဘကြီးရွှေဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ကွယ် - မောင်ရင်တို့က ဘကြီးရွှေရဲ့ဆွေမျိုးအရင်းကြီးတွေ ဗျ။ ကျွန်းညိုကြီးမှာ နေတာ၊ ဘကြီးရွှေတို့နဲ့ ဆွေမျိုးစာရင်းပြတ်နေတာ ကြာပြီလေ။

သက်ကြီးရွယ်အို တစ်ယောက်ကို ယုံကြည် အောင် စည်းရုံးပြောဆိုပြီး နောက်ဆုံးတွင် ..

အဲဒီလူရဲ့စကားကြောင့် ဘကြီးရွှေအပြန်ပြန် အလှန်လှန် စဉ်းစားနေမိတာ။ သူတို့ပြောသလိုလည်း ဟုတ်နိုင်သားပဲ၊ ဟိုတုန်းက ဘကြီးရွှေ၊ ကျွန်းညိုကြီးဘက်ကို ဘောက်တူ သမ္ဗန်ကြီးနဲ့ သွားပြီး ထင်းအရောင်းအဝယ်လုပ်ခဲ့တာ။ အဲဒီကျွန်းညိုကြီးမှာ ဘကြီးရွှေနဲ့ ညီနောင်ဝမ်းကွဲတော်တဲ့ စိမ်းမောင် ထင်းလှေလိုက်ရင်း အိမ်ထောင်ကျကျန်ခဲ့တာ။

"အေးကွာ - အဘက အသက်ကြီးပြီဆိုတော့ အမှတ်သညာက နည်းပါးသွားပြီကွ၊ အဝေးက ရပ်ဆွေရပ်မျိုးဆိုတော့ ဘကြီးအိမ်မှာ တည်းလို့ ခိုလို့ရပါတယ်ကွယ်"



ဘကြီးရွှေစကားကြောင့် အဲဒီလူက သူ့မိန်းမဘက်ကိုကြည့်ပြီး -

"ငါမပြောဘူးလား၊ ဘကြီးက ငါ့အမျိုးရင်းကြီးဆိုတာ မယုံဘူးမဟုတ်လား။ ကဲ - ကြံ့တုန်းကန်တော့ရအောင်"

အဲဒီလူကပြောပြောဆိုဆိုပါလာတဲ့ စားဖွယ်ရာလေးနဲ့ ကန်တော့တယ်။ ပြီးတော့ ဘကြီးရွှေ မိန်းမနဲ့ သားသမီးတွေကို သင့်ရာပစ္စည်းလေးတွေနဲ့ လက်ဆောင်ပေးနေတာ၊

"တော်ကြပါတော့ကွယ်။ ကိုယ့်ဆီလာတဲ့ ဆွေမျိုးဧည့်သည်ကို ကိုယ်ပဲ ပြုစုရမှာမဟုတ်လား"

"မဟုတ်တာ - ဘကြီးရယ်၊ ဘကြီးနဲ့ ကျုပ်တို့က ကြံ့ဖို့ဆိုတာ မလွယ်ဘူး၊ ခုလာတာကလည်းဒီနယ်ဘက်မှာဘယ်လိုအရောင်းအဝယ်များ ထွန်းကားမလဲဆိုတာ စနည်းနာကြည့်တာ၊ အဲဒါကြောင့် ကုန်ပစ္စည်းတောင် မယူခဲ့ဘူး၊ ဘကြီး လင်မယားနှစ်ယောက် ဘကြီးကိုပဲ မေးစမ်းပြီး လာခဲ့ရတာ"

"မောင်ရင့်နာမည်ကရော"

ဘကြီးရွှေ ဧည့်သည်နှင့် စကားကောင်းနေလို့ နာမည်တောင် မမေးမိဘူး၊ စကားပြောရင်းသတိရပြီးကောက်မေးမိတယ်၊

"ဟုတ်ပေသားပဲ - ဘကြီးရာ၊ ဘကြီးနဲ့ တွေ့ရလို့ ဝမ်းသာမိပြီး မပြောမိဘူး။ ကျုပ်နာမည်ကမဲတူလို့ခေါ်တယ်၊ သူက မယ်ချိုတဲ့ - မှတ်ထား ဘကြီး"

"အေးကွယ် - အေးအေး - ဆွေမျိုးတွေကို နာမည်သိထားတော့ ကောင်းတာပေါ့ကွယ်"

"ဩော် - သတိရပြီး ဘကြီးကိုးကွယ်ဖို့ ကျုပ် ဘုရားလေးတစ်ဆူ ပင့်လာခဲ့တယ်၊ ဘုရားလေးက ကျုပ်တို့ဘိုးဘွားတွေလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့ ဘုရားလေးပဲ - ဘကြီး"

မဲတူက သေသေချာချာ အဝတ်စနဲ့ ပတ်ထားတဲ့ ဘုရားလေးကို ဘကြီးရွှေကိုပေးလိုက်တယ်၊ ဘကြီးရွှေက ဘုရားလေးကို ကြည့်ပြီး အံ့သြသွားတယ်၊ ဟုတ်တယ်လေ၊ ဘကြီးရွှေ ဘုရားကျောင်းဆောင်မှာကိုးကွယ်ထားတာက ဘုရားဓာတ်ပုံပဲရှိတာ၊ ခုလို ဘုရားဆင်းတုတော်စစ်စစ် ဖူးရဖို့ဆိုတာ မလွယ်ဘူး မဟုတ်လား၊

"သာဓု ခေါ်ပါတယ် - မဲတူရယ်၊ ဘကြီးလည်း မြို့ကို မရောက်တော့ ဘုရားကိုယ်ပွားရုပ်ထုတော်ကိုကိုးကွယ်ဖို့ စိတ်သာရှိပြီး အလုပ်မအားလို့မဝယ်နိုင်သေးဘူးကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးရွှေ မဲတူ ကမ်းပေးတဲ့ ကြေးဘုရားလေးကိုယူပြီး ရေသပ္ပာယ်ကာ ဘုရားကျောင်းဆောင်ပေါ်တွင် တရိတသေ ထားလိုက်တယ်၊ အဲဒီကစပြီး ဘကြီးရွှေတို့အိမ်မှာ မဲတူတို့လင်မယားရယ် မိုးမှောင်ဆိုတဲ့ခွေးနဲ့ စည်ကားနေတာ။ နဂိုကတည်းက ဘကြီးရွှေမှာ သားနဲ့သမီးက အိမ်ထောင်ကျပေမယ့် ဘကြီးရွှေ အိမ်ဘေးနားမှာပဲ သူ့အိုးသူ့အိမ်နဲ့ နေထိုင်ကြတာ။

ဘကြီးရွှေသားသမီးတွေဆို တပြုံးပြုံးနဲ့နေတာ၊ ဧည့်သည်စားဖို့ဆိုတာ နေ့ညမပြတ်၊ ဟင်းအမည်က စုံတာ။ ကြာတော့ ဧည့်သည်လင်မယားဖြစ်တဲ့ မဲတူနဲ့ မယ်ချိုတောင် တားယူရတာ၊ ချောင်းဝရွာကလူတွေဆို ဘကြီးရွှေအိမ်တည်းတဲ့ လင်မယားအခြေအနေကို ကြည့်နေတာ။

ချောင်းဝရွာသားတွေ မကြည့်လို့မဖြစ်ဘူး။ ဘကြီးရွှေတို့ရဲ့ဘိုးစဉ်ဘောင်ဆက်က ဒီချောင်းဝရွာမှာပဲ နေထိုင်ခဲ့ကြတာ။ ခု ဘကြီးရွှေရဲ့ ရပ်ဝေးအမျိုးက လင်မယားဧည့်သည်ဆိုတော့ အထူးအဆန်းဖြစ်နေကြတာ။

ထူးခြားတာက ဘကြီးရွှေရဲ့ လယ်က နှစ်တိုင်း စပါးကလည်း အထွက်တိုး



ချောင်းဝရွာသား တကတ္တ စကားကြောင့် ဘကြီးရွှေ အာမေဍိတ်သံ ထွက်သွားမိရင်း အလိုလို ရင်ခုန်သွားတယ်။ ဘကြီးရွှေ ရင်မခုန်လို့မဖြစ်။ ဘကြီးရွှေ အိုစာမင်းစာလေးအဖြစ် သိမ်းဆည်းထားခဲ့တဲ့ ရွှေ။ ဘကြီးရွှေ အဝေယာင်ဝေယောင် အမှားမှားဖြင့် ချောင်းထဲသို့ ကြည့်မိလျက်သား ဖြစ်နေတယ်။ မဲတူတို့ လေ့ကလေးကို အစအနတောင် မတွေ့ရတော့ဘူး။



တိုးနေတာ၊ ဒါပေမဲ့ – ဘကြီးရွှေက သားသမီးတွေကို ဝတ်စားဆင်ယင်မှုက ပပလွှားလွှား မနေနိုင်းဘူး၊ ဒါကလည်း အကြောင်းရှိတယ်။ ဘကြီးရွှေကပိုက်ဆံကြိတ်စုပြီး လယ်ပဲဝယ်တာ၊ ဒါကလည်း သားသမီးတွေအတွက်ပဲ။

မဲတူနဲ့ မယ်ချိုလင်မယားကလည်း ကြာလာတော့ ဧည့်သည်နေ၊ ဧည့်သည်စား မဟုတ်တော့ဘူး။ မဲတူဆို ချောင်းရိုးထဲမှာ ငါးရှာ၊ ဖားရှာ။ မဲတူမိန်းမ မယ်ချိုက ဘကြီးရွှေမိန်းမနဲ့အတူ မီးဖိုချောင်ထဲမှာ ချက်ဟယ်ပြုတ်ဟယ်နဲ့ဆိုတော့ အိမ်ရှင်ဖြစ်တဲ့ ဘကြီးရွှေက ဧည့်သည်တွေကို အားနာပြီး အတန်တန် တားလည်း မရဘူး။ မဲတူဆို ပိုဆိုးသေးတယ်၊

"ဘကြီးရွှေရယ် – ကျုပ်တို့က ဧည့်သည်မဟုတ်တော့ပါဘူး၊ ရောက်တုန်းရောက်ခိုက် ခုလိုကူညီပြီး ဝိုင်းလုပ်ပေးရတာ ပျော်ပါတယ်"

ကြာတော့ ဘကြီးရွှေနဲ့ မဲတူတို့လင်မယားဆိုတာ ဆွေမျိုးရင်းချာတောင် မဟုတ်တော့ဘူး။ မိဘနဲ့ သားသမီးလိုဖြစ်နေတာ၊ တစ်နေ့ ဘကြီးရွှေ အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်ပြီး လက်ဖက်ရည်သောက်နေတုန်း မဲတူလည်း လက်ဖက်ရည် ဝင်သောက်ပြီး –

"ဘကြီးရွှေကို မပြောမဖြစ်လို့ပြောရဦးမယ်၊ ကျုပ် ဘကြီးရွှေဆီမှာ ရောက်နေတာကို ထန်းတစ်ပင်ရွာက အမျိုးတွေက သိပြီး သူတို့ အလှူပွဲကို လာပါလို့ ဖိတ်ကြားနေတာ၊ ဒါပေမဲ့ – ဘကြီးရွှေရယ် – မယ်ချိုက စိတ်မကောင်းဖြစ်နေတာ"

"ဘာဖြစ်လို့ – မယ်ချိုက စိတ်လက်မကောင်းဖြစ်နေတာလဲ – မဲတူ"

ဘကြီးရွှေ မဲတူကို မမေးမမြန်းလို့မဖြစ်၊ မဲတူတို့လင်မယားက သားလိုသမီးလိုဖြစ်နေတာ၊ ဘကြီးရွှေတတ်စွမ်းသမျှ ကူညီပံ့ပိုးရမည်မဟုတ်ပါလား။

"ပြောလေ – မဲတူ၊ မယ်ချိုက ဘာလိုအပ်နေလို့လဲ"

"ဒီလိုပါ ဘကြီးရွှေရယ် – ကျုပ်တို့က ဘကြီးရွှေ ဒီအရပ်မှာ ရှိတယ်လို့ သတင်းကြားပြီး တွေ့ချင်လွန်းလို့ ကမန်းကတန်း ထွက်လာခဲ့ရတယ်ဆိုတော့ မယ်ချိုမှာ ဝတ်စရာအပိုမပါဘူး။ ပြီးတော့ ကျုပ်လည်း ခါးဝတ်ခါးစားနဲ့ အပိုတစ်စုံပဲပါခဲ့တာ"

မဲတူစကားကိုကြားတော့ ဘကြီးရွှေ အလိုလိုပင် ကရုဏာသက်သွားမိတယ်၊ မဲတူပြောလည်း ပြောစရာ၊ မဲတူနဲ့မယ်ချိုက ဆွေမျိုးအားကိုးနဲ့ ရပ်ဝေးက

www.burmeseclassic.com

www.burmeseclassic.com



လာကြတာမဟုတ်လား၊ ဘကြီးရွှေစဉ်းစားပြီး –

"ဘာမှ အားမငယ်ပါနဲ့ – မဲတူရယ်၊ မင်းတို့ အလှူအတန်းသွားဖို့ အဝတ်အစားနဲ့ လိုအပ်တာအားလုံးကို ဘကြီး ဆင်ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ – ဘကြီးရွှေရယ်"

မဲတူက ဝမ်းသာအားရနဲ့ သူ့မိန်းမဖြစ်သူ မယ်ချိုကို ကြည့်ပြီး ပြောလိုက်တယ်၊

"ဒါ မပြောဘူးလား – မယ်ချို၊ ငါတို့ အတိဒုက္ခရောက်နေတာကို ဘကြီးရွှေ ကူညီမယ်ဆိုတာလေ"

"ဟုတ်ပါတယ် – မဲတူရယ်၊ ဒါဆို ကျွန်မတို့ အလှူပွဲ သွားရတာ အောက်မကျတော့ဘူးနော်၊ ရွာမှာ ကျန်ခဲ့တဲ့ အမျိုးတွေသာ ဘကြီးရွှေစိတ်ဓာတ်ကို သိရင် သိပ်ဝမ်းသာကြမှာ"

"ဟုတ်တယ် – ဘကြီးရွှေ ကျုပ်တို့ ရွာပြန်ရောက်ပြီး နောက်တစ်ခေါက် ဘကြီးရွှေကျေးဇူးကို ဆပ်ဖို့ လာဦးမှာ"

ဘကြီးရွှေက မဲတူနှင့် မယ်ချိုစကားကို ကြားလိုက်ရလို့ ပြုံးပြုံးကြီးနဲ့ ပီတိဖြစ်သွားတယ်၊

"အေးကွာ – မင်းတို့ ရွာပြန်ရောက်ရင် အမျိုးတွေကို သတိရကြောင်း ပြောလိုက်ကွာ"

"ပြောမယ် – ဘကြီးရွှေ – စိတ်သာချ"

☆☆☆

မဲတူနဲ့ မယ်ချိုတို့လင်မယား အလှူသွားဖို့ဘကြီးရွှေတင်မကသားသမီးတွေ ပါဝိုင်းပြီး ဆင်ယင်ပေးခဲ့ကြတာ၊ ဒါတွင်မကဘူး၊ မယ်ချိုအတွက် ဘကြီးရွှေအိမ်ထောင်ဦးပစ္စည်းဖြစ်တဲ့လက်ကောက်၊ နားကပ်၊ ဆွဲကြိုးကြီးပါ ထုတ်ဆင်ပေးလိုက်တယ်၊

ချောင်းဝရွာသားတွေက ဘကြီးရွှေနဲ့ ညည့်သည်လင်မယားဖြစ်တဲ့ မဲတူနဲ့ မယ်ချိုရဲ့ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး အံ့သြနေတယ်၊ ကြည့်လေ၊ ဘကြီးရွှေမိန်းမ ဘယ်တုံးကမှ မဝတ်ဆင်ပဲ သိမ်းထားတဲ့ ရွှေစရွှေနတွေ၊ ဧည့်သည်လင်မယားကအဝတ်အစားသစ်နဲ့လက်ဝတ်ရတနာဆင်ပြီး သူတို့လာတုန်းက ပါလာတဲ့ လှေပေါ်တက်နေတာ၊

"ဘကြီးရွှေ – ကျုပ်တို့ အလှူပွဲပြီးပြီးချင်း ပြန်လာမယ်"



"အေး – အေး"

ဘကြီးရွှေ စကားသံနဲ့အတူ ဧည့်သည်လင်မယားက လှေကလေးကျော်ပြီး ထွက်သွားလို့ ဝေးမှ ဘကြီးရွှေ ကွပ်ပျစ်ပေါ်ထိုင်ပြီး ရေနွေးကြမ်းသောက်နေတယ်၊

"ဘကြီးရွှေ"

"ဟေ"

"ဘကြီးရွှေ အမျိုးဧည့်သည်တွေ ဝတ်ကောင်းစားလှတွေ ပြင်ဆင်ပြီး ဘယ်သွားကြတာလဲ"

"ထန်းတစ်ပင်က အမျိုးတွေ အလှူပွဲကို သွားကြတာလေကွာ၊ အလှူပြီးရင် ပြန်လာမယ်လို့ ပြောသွားကြတယ်"

"ဟာ – ဘကြီးရွှေတော့ဒုက္ခရောက်ပြီထင်တယ်၊ ကျုပ် ဟိုရက်က ထန်းတစ်ပင်ရွာ ရောက်ခဲ့တယ်၊ ရွာမှာ ဘာအလှူအတန်းမှမရှိဘူး၊ ရှိခဲ့ရင်စကားကမ်းတာဘကြီးရွှေလည်း သိသားပဲ"

"ဟေ – ဟုတ်လား"

ချောင်းဝရွာသား တက်တူ စကားကြောင့် ဘကြီးရွှေအာမေဍိတ်သံ ထွက်သွားမိရင်း အလိုလို ရင်ခုန်သွားတယ်၊ ဘကြီးရွှေ ရင်မခုန်လို့မဖြစ်၊ ဘကြီးရွှေကိုတမင်းစာလေးအဖြစ် သိမ်းဆည်းထားခဲ့တဲ့ ရွှေ၊ ဘကြီးရွှေ အယောင်ယောင် အမှားမှားဖြင့် ချောင်းထဲသို့ ကြည့်မိလျက်သား ဖြစ်နေတယ်၊ မဲတူတို့ လှေကလေးကို အစအနတောင် မတွေ့ရတော့ဘူး၊

"အေးကွာ – ဘကြီး အခြေအနေ ကြည့်ဦးမယ်၊ သူတို့က ဘကြီးနဲ့ ဆွေမျိုးအရင်းအချာတွေဆိုတော့ ခက်သကွ"

ဘကြီးရွှေက လူကြီးပီပီ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်မိသော်လည်း ရင်ထဲတွင် အပူမီးတောက်နေတယ်၊ ပြီးတော့ ရွှေထည်ပစ္စည်းကို မျက်စိထဲတွင် မြင်ယောင်နေမိတယ်၊ မဲတူနဲ့ မယ်ချိုကို ဘကြီးရွှေ တစ်ရက်ပြန်လာနိုး၊ နှစ်ရက်ပြန်နိုးနဲ့ မျှော်သာမျှော်လည်း ပေါ်မလာသည်က သုံးလေးလရှိခဲ့ပြီ၊

ကြာတော့ သားသမီးတွေကပါ ဘကြီးရွှေကို အပြစ်တင်စကား ဆိုလာတယ်၊ ဘကြီးရွှေကတော့ သူ့အပြစ်နှင့်သူမို့ မဲတူကို လုပ်ရက်လေခြင်းဟု စိတ်ထဲတွင် ကြိတ်ကြိတ်ပြီး ဒေါသဖြစ်နေမိတယ်၊ ချောင်းဝတစ်ရွာလုံးကလည်း ဘကြီးရွှေရဲ့အတွင်းကျကျအဖြစ်ကို မသိကြသေးလို့တော်ရဲ့၊

တစ်ညနေ ကျွန်းညိုကြီးမှာ အိမ်ထောင်ကျနေတဲ့ဘကြီးရွှေညီနှစ်မကြဲ

www.burmeseclassic.com



စိမ်းမောင် ရောက်လာတယ်။ စိမ်းမောင် ရောက်ရောက်ချင်း ဘကြီးရွှေ မနေနိုင်ဘူး။ တန်းမေးတော့တာပဲ။

"စိမ်းမောင် – မင်းတို့ ကျွန်းညိုကြီးဘက်မှာနေတဲ့ ငါတို့ ဆွေမျိုးလင်မယားနှစ်ယောက် ငါ့ဆီမှာအလည်လာနေတာ တစ်လလောက် ကြာသွားတယ်ကွ"

"ဟာ – အစ်ကိုကြီးကလည်း – ကျွန်းညိုကြီးဘက်က ဆွေမျိုးဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတာလေ။ ဘာဖြစ်လို့လဲ – အစ်ကိုကြီး"

စိမ်းမောင်စကားကြောင့် ဘကြီးရွှေ စိတ်ထဲ ဗိုဖြိုးထူပူသွားမိတယ်။ ပြီးတော့ စိမ်းမောင်ကို မပြောပဲ ရေငုံနှုတ်ဆိတ်နေလို့ မဖြစ်ဘူး။ ဘကြီးရွှေက သူ့အဖြစ်ကို ပြန်တွေးမိတိုင်း ဒေါသဖြစ်နေရတာက အခါခါ။

"ဒီလိုစိမ်းမောင်ရ – ပြောရရင်တော့ကွာ – တစ်နေ့ အဲဒီလင်မယားက အလှူပွဲသွားချင်တယ်ဆိုလို့ အဝတ်အစားနဲ့ မင်းအစ်မ ရွှေထည်ပစ္စည်းတွေကို ငါ ဆင်ပေးလိုက်တာကွ။ အဲဒါပြန်လာနိုးနဲ့ မျှော်နေတာ။ ခုအထိပြန်မလာသေးဘူး"

"သူတို့လင်မယားနာမည်က ဘယ်သူများလဲ – အစ်ကိုကြီး"

"သူ့တို့အပြောကတော့ မဲတူနဲ့ ... မယ်ချိုလို့ ပြောတာပဲကွ။ သူတို့က ငါ့ကို ကြေးဘုရားလေးတစ်ဆူ တော်င ... ကိုးကွယ်ဖို့ ပေးထားခဲ့သေးတယ်"

"အစ်ကိုကြီးပြောမှ ကျုပ် အမှတ် ... မိတယ်။ အဲဒီလင်မယားပဲဖြစ်မယ် ... ကျွန်းညိုကြီးက ကျုပ်အသိမိတ်ဆွေ ... ကငွေတွေလိမ်ပြီးထွက်ပြေးနေကြတာ ... အစ်ကိုကြီးနဲ့မှ ဆုံတတ်ပါလေရော"

"အဲဒီမဲတူဆိုတဲ့ကောင်ကို တွေ့ ... ရင် ငါ့ကို ပြောစမ်း – စိမ်းမောင်"

ဘကြီးရွှေက မျက်နှာကြော ကြ ... တင်းလာပြီး အံတကြိတ်ကြိတ်နဲ့ ခံစ ... နေရတာ။ ဘကြီးရွှေကို စိမ်းမောင်ကြ ... ပြီး –

"ဒေါသစိတ်ကိုလည်း လျှော့စမ်း ... ဦး – အစ်ကိုကြီးရယ်။ ဖြစ်ပြီးမှတော့ ဘ ... တတ်နိုင်မှာလဲ"

"မင်းစဉ်းစားကြည့်စမ်း စိမ်းမော ... ငါမှဖြင့် မရှိမဲ့ ရှိမဲ့လေးနဲ့ ဆွေမျိုးဆို ... ပြုစုလိုက်ရတာ။ ဒင်းက လုပ်ရက်လို ... တာကွာ"

"ကဲ – အစ်ကိုကြီး – ကျုပ်ရွာပြန် ... သတင်းကြားလာတာက အဲဒီလင်မ ... ပဲဖြစ်မယ်။ ရွာတစ်ရွာမှာ ဝင်လိမ် ...



အပြန် လူလိမ်တွေမှန်းသိလို့ လိုက်ကြတော့ လင်မယားနှစ်ယောက်စလုံးထွက်ပြေးရင်း ရေနစ်ပြီး သေဆုံးသွားတယ်လို့ ကြားရတယ်။ သူတို့သွားကြပါပြီ အစ်ကိုကြီးရယ်။ စိတ်ထဲ မထားပါနဲ့တော့"

စိမ်းမောင် စကားသံနဲ့အတူ ဘကြီးရွှေအလိုလိုအကြည့်ရောက်သွားမိတာက ဘုရားကျောင်းဆောင်ပေါ်တွင် သပ္ပါယ်စွာ ဖူးတွေ့လိုက်ရသည့် ကြေးဘုရားလေး ဘကြီးရွှေယူပြီး စိမ်းမောင်ကို ပေးလိုက်တယ်။

"အဲဒါ – သူတို့လင်မယား ယူလာခဲ့တဲ့ ကြေးဘုရားလေးပဲ စိမ်းမောင်။ ကြည့်စမ်းပါဦး"

"ဒါ – ရှေးလက်ရာဘုရားလေးပဲ အစ်ကိုကြီး။ အစ်ကိုကြီး – ကိုးကွယ်ထိုက်လို့ ကိုးကွယ်ရတာ"

စိမ်းမောင်စကားကို ဘကြီးရွှေ အလိုလို သဘောပေါက်သွားတယ်။ ဘကြီးရွှေအဖြစ်က အရှုံးထဲက အမြတ်တစ်ခု ရလိုက်ခြင်းဟု စိတ်ထဲတွင် ဖြေသိပ်လိုက်မိတယ်။ ခုတော့ နံနက်တိုင်း ဘကြီးရွှေဝတ်မပျက် ကြေးဘုရားလေးကို ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပြီး သတ္တဝါဝေနေယျကို မေတ္တာပို့၊ အမျှဝေကာ သာဓုခေါ်သံနှင့်အတူ ကြေးစည်သံလေးက ချောင်းဝရွာလေးတွင် ဖုံးလွှမ်းခဲ့ပြီးမဟုတ်ပါလား။

➻ ဇလွန်ကျော်ဦး

**ငှက်ပျောဖြစ်သော်**

မြင်းခွာရွက်ရည်ကို
ငရုပ်ကောင်းနှင့် ရော
ကြိတ်၍သောက်ပါ။
မြင်းခွာရွက်၊ ပင်စိမ်း၊
ငရုပ်ကောင်းမှုန့်
ဆတူရော၍ သုံးရွေးခန့်
လုံးပြီး တစ်နေ့နစ်လုံး
သောက်ပါ။

**စိန်တားမိသော်**

ကန်စွန်းရွက်နှင့် ရှားရွက်ကို
ရော၍သောက်ပါ။

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"**မြသလွန်ဘုရား**အနောက်ဘက်စောင်းတန်းမှာကောင်မလေးတစ်ယောက်အလောင်းတွေ့သတဲ့"

"သေဲမှာပေါ့၊ အများမစံတဲ့နတ်ကြီးတဲ့ဘီလူးဂေဟာနားမှ သွားပြီး နန့်ကြောဆွဲကြတာကိုး။ သေတာတောင် နည်းသေး"

ဘယ်မြင်းလှည်းသမား၊ ဘယ်ဆိုက်ကားသမားက ဖွလိုက်သည်မသိ။

မကွေးတစ်မြို့လုံးထိုသတင်းကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားသည်။

ဤဖြစ်ရပ်မှာ ယခု စာရေးနေသည့်အချိန်နှင့်တွက်ချက်ကြည့်လျှင် အနှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီ။ သို့သော် ထိုခေတ် ထိုအခါက ရေးခွင့်မရ၍ ယခုမှ ရေးသားတင်ပြလိုက်ရခြင်းဖြစ်သည်။

မကွေးတစ်မြို့လုံး မြင်းလှည်းတွေလည်း မအား၊ ဆိုက်ကားတွေလည်း မအား၊ မြသလွန်ဘုရားတောင်ခြေတွင် လူများ စည်ကားနေတော့၏။

လာတဲ့ လူတွေ၊ ပြန်တဲ့ လူတွေ ယောက်ယက်ခတ်နေသည်။ တစ်နှစ်တစ်ခါ ကျင်းပသည့် မြသလွန်ဘုရားပွဲတော်ထက် စည်ကားနေတော့၏။

> **ချစ်သူနှစ်ဦး ချိန်းဆို တွေ့ဆုံရာမှ မိန်းကလေး ရုတ်တရက် သေဆုံး**
>
> သွားရပုံကို ပဟေဠိဆန်စွာ ဖတ်ရှုရပါမည် ..

မြသလွန်ဘုရားကား လမ်းတစ်[...]လျှောက် မြင်းလှည်း၊ ကား၊ ဆိုက်ကား[...] နှင့် ခြေကျင်သမားများကြောင့် တစ်[...] ယောက်နှင့်တစ်ယောက် ရှောင်လို့ပင်[...] မရ၊ ရှုပ်ထွေးနေ၏။

ဒီအထဲ အရှောင်စားပေါက်မိနေသူ[...] များက လှေသမားဖြစ်သည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆို[...] သည့် အတိုင်း ဧရာဝတီမြစ်ရေက[...] မြသလွန်ဘုရားချောင်းထဲထိ ဝင်နေ[...] သည်။ ဘုရားပေါ်တက်သည့် လူသွားတံတားနှင့် ကား[...] လမ်းပေါ်မှာပါ ရေလွှမ်းမိုး[...] နေရာ ဘုရားကို ရောက်[...] အောင် လှေဖြင့် တစ်ဆင့် ကူးရသည်။

ပို၍ဆိုးနေသည်က အမျိုး[...] သမီးအလောင်းမှာ မြသလွန်ဘုရား[...] အနောက်ဘက် ဧရာဝတီမြစ်ကမ်း[...] နံဘေး ဘီလူးဂေဟာတွင် သေဆုံးနေ[...] ခြင်းဖြစ်သဖြင့် ထိုနေရာသို့ လှေဖြင့်[...] သွားပါက အဆင်ပြေလေ၏။ ထို့ကြော[...] လှေသမားများ အလုပ်ဖြစ်နေခြင်း ဖြစ်[...] သည်။

မြသလွန်ဘုရား၏ မြောက်ဘက်[...] တွင် အလယ်ချောင်းရွာ၊ သဖန်းဆိပ်ရွာ[...]



နှင့် ဝါးတောချောင်းရွာ ဟူ၍ သုံးရွာရှိ၏။

ထိုရွာများမှ ရွာသူရွာသားများသည် ရေကျချိန်တွင် မြသလွန်ဘုရားအခြေမှ လူတစ်ယောက်စာသာ လျှောက်၍ရသော လူသွားလမ်းကလေးမှ မကွေးသို့ လာကြရ၏။ ယခုကဲ့သို့ ရေကြီးချိန်တွင် လှေဖြင့် လာကြရသည်။ လှေမစီးလိုသူများက မြသလွန်ဘုရား၏ မြောက်ဘက်တွင်ရှိသော (ရွှေလင်မျှော်) တောင်ပေါ်လမ်းမှ လာကြရ၏။

မြသလွန်ဘုရား၏အနောက်ဘက်လမ်းမှာ ကျောက်တုံး၊ ကျောက်ခဲ၊ ချိုင့်ဝှမ်းများ ပေါသည့်အပြင် သစ်ကြီးဝါးကြီးများလည်း ရှိ၏။ လူသွားလူလာနည်းသဖြင့် တစ်ယောက်တည်း မသွားရဲကြ၊ အဖော်တစ်ယောက်ပါမှ သွားရဲကြ၏။

ပို၍ကြောက်ကြသည်မှာ မြသလွန်ဘုရားတောင်ခြေတွင် ဘီလူးရုပ်တု၊ နတ်ရုပ်တု၊ ဒီကျောင်းရုပ်တုနှင့် စေတီဝယ်များစုစည်းကာ တည်ထားသောနေရာကို ဖြတ်သွားရသောကြောင့် ဖြစ်၏။

ထိုနေရာသည် မြသလွန်ဘုရား၏ သမိုင်းဝင်နေရာတစ်ခုဖြစ်ပြီးတော့ကြမ်းသည်ဟု အယူရှိကြ၏။ ထိုနေရာတွင် ကျင်ကြီးကျင်ငယ် စွန့်မိ၍သော်လည်းကောင်း၊ မကြားဝံ့ မနာသာစကားဆိုမိလျှင်လည်းကောင်း အထူးသဖြင့် ချစ်သူစုံတွဲများ ချိန်းဆိုတွေ့ဆုံမိပါက အသက်အန္တရာယ်ပေးတတ်သည်ဟု သတင်းကြီး၏။

သစ်ဆိမ့်ပင်၊ ညောင်ကြွတ်ပင်၊ သခွတ်ပင်၊ ဆီးပင် စသဖြင့် သစ်ပင်ကြီးများ အထပ်ထပ်ပေါက်နေရာ မြသလွန်ဘုရားရင်ပြင်ပေါ်မှလည်းကောင်း၊ အောက်ခြေလူသွားလမ်းမှလည်းကောင်း ထိုနေရာသို့ကြည့်ပါက တော်တော်တန်တန်ကိစ္စများကို မမြင်နိုင်ကြပေ။

ထို့ကြောင့် အယုံအကြည်မရှိသော ချစ်သူစုံတွဲများက ထိုနေရာကို ကြိုက်နှစ်သက်ကြ၏။ ယခုသေဆုံးနေသော အမျိုးသမီး၏အလောင်းမှာ ထိုနေရာမှာဖြစ်နေ၍ ထိုနေရာကို ဘီလူးဂေဟာဟု ခေါ်ကြခြင်းဖြစ်သည်။

မြသလွန်ဘုရားရင်ပြင်သည် ဧရာဝတီကမ်းဘက်၌ ရေကာတာအဖြစ် လှေခါးထစ်များကိုအဆင့်ဆင့်လုပ်ထား၏။ ထိုဘီလူးဂေဟာသည် ဧရာဝတီမြစ်၏ အထက်(၁၀)ပေကျော်တွင် ရှိသော်လည်း ယခုကဲ့သို့သောရာသီတွင် ရေသည် (ဘီလူး)ရုပ်တု၏ ခြေထောက်သို့ ရောက်၏။ ထိုရုပ်တုများသည် မြသလွန်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၏ ရာဟုထောင့်တွင်ရှိပြီး ထိုနေရာသို့ သွားလိုပါက ဘုရား၏ မြောက်ဘက်ရင်ပြင် (ရှင်ဥပဂုတ္တ)တန်ဆောင်းမှ ဆင်းရ၏။

ဘုရားပေါ်မှ ဆင်းလျှင် ခက်ခက်ခဲခဲ ဆင်းရလေရာ စုံတွဲများသာ (တကျာ) ဖော့နှင့် ဆင်းကြလေသတည်း။

☆☆☆

"ချိန်းပြီး တွေ့စရာရှားလား၊ ဒီနေရာမှ လာတွေ့ရသတဲ့လား။ သေတာတောင် နည်းသေးတယ်"

"ဒီဘီလူးဂေဟာက နတ်ကြီးတယ် ဆိုတာ မသိဘူးတဲ့လား။ စကားကြမ်းလည်း အပြောမခံ၊ သေးတောင်မှ အပေါက်မခံတဲ့ ဒီနေရာလာပြီး မဖွယ်မရာ လုပ်ရတယ်လို့ အေ။ ငါဖြင့် တွေးတောင် မတွေးဝံ့ပါဘူး"

လာရောက်ကြည့်ရှုသူအားလုံးက တစ်ယောက်တစ်ပေါက် ထင်ကြေးတွေ ပေးနေသည်။

သေဆုံးသူ အမျိုးသမီးမှာ အသက် (၁၇)နှစ်ပဲ ရှိသေး၏။ လုံးကြီးပေါက်လှ၊ လှမှ လှပဲဖြစ်၏။ နှုတ်ခမ်းတွေ မည်းနေသည်၊ ထမီတစ်ထည်လုံးမှာလည်း သွေးများ ပေကျံနေသည်။



ထိုနေရာသည် မြသလွန်ဘုရား၏ သမိုင်းဝင်နေရာတစ်ခုဖြစ်ပြီး တောကြမ်းသည်ဟု အယူရှိကြ၏။ ထိုနေရာတွင် ကျင့်ကြီးကျင့်ငယ် စွန့်မိ၍သော်လည်းကောင်း၊ မကြားဝံ့မနာသာစကား ဆိုမိလျှင်လည်းကောင်း အထူးသဖြင့် ချစ်သူစုံတွဲများ ချိန်းဆိုတွေ့ဆုံမိပါက အသက်အန္တရာယ် ပေးတတ်သည်ဟု သတင်းကြီး၏။



"ကြည့်စမ်းပါဦး၊ နှမချင်း မစာမနာ၊ ကိုယ်လိုရာယူပြီး လူကို သတ်သွားရတယ်လို့တော်၊ ဒီလောက်စိတ်ဓာတ်ယုတ်ညံ့တဲ့ အကောင်၊ ဝဋ်ကောင်းကောင်း လည်ပါစေတော်"

ဟု ဆုတောင်းသူများက ဆုတောင်းကြ၏။

"ဟဲ့ - ဒီဘီလူးကလည်း မျက်နှာလိုက်တယ်တော်။ ယောကျ်ားကလေးတော့ မသတ်ပဲနဲ့ မိန်းကလေးပဲ သတ်ရသတဲ့လား။ နှစ်ယောက်စလုံးကို အပြစ်ပေးရမှာပေါ့"

ဟု တစ်ယောက်က ပြော၏။

"ဟုတ်ပါရဲ့တော်"

ဟု ထောက်ခံသူက ထောက်ခံ၏။

"ကိုင်း - ကိုင်း - ဖယ်ကြစမ်းပါဦး။ ကျုပ်တို့ရဲ့အလုပ် လုပ်ပါရစေဦး"

ဟု မကွေး(၁)စခန်းမှ ရဲများက လာရောက်ကြည့်ရှုနေသော လူအုပ်ကြီးကို ခေါ်ဖယ်နိုင်းပြီး ရပ်ကွက်လူကြီးများ၏ အကူအညီကိုယူကာ ရှာဖွေပုံစံကို လိုအပ်သည်များ ရေးသားမှတ်ယူပြီး အလောင်းကိုလှေဖြင့် သယ်ကာယူသွားကြလေတော့၏။

☆☆☆

"ကိုတောက်ထိန် - ကျွန်မ အခုတစ်လော ဘာဖြစ်တယ်မသိဘူး။ အော့ချင်၊ အန်ချင်စိတ်တွေ များနေတယ်၊ ဆံပင်တွေလည်း နီကြောင်ကြောင် ဖြစ်ပြီး အဖျားမှာ နှစ်ခွတွေ ဖြစ်နေတယ်၊ နောက်ပြီးတစ်ကိုယ်လုံးလည်းဟိုနေရာကဆစ်ခနဲ ကိုက်၊ ဒီနေရာက ဆစ်ခနဲ ကိုက်နဲ့တစ်ကိုယ်လုံး ယားယံနေတယ်"

ဟု မယ်လှက တောက်ထိန်၏ ရင်အုပ်ထဲ ခေါင်းထိုးထည့်ကာ မှုကာနွဲ့ကာဖြင့် ချွဲပျစ်ပျစ်ကလေး ပြောနေ၏။

"မှန်း - မယ်လှ - ကြည့်ရအောင်"

တောက်ထိန်က မယ်လှ၏ ဆံစများကို ယူကြည့်၏၊ ဟုတ်ပေ၏၊ ဆံစကလေးများ နှစ်ခွဖြစ်နေသည်၊

"ရင်တွေ ပျို့ပြီး အန်ချင်နေတယ် ဟုတ်လား"

"ဟုတ်တယ်တော့် - ကိုတောက်ထိန်၊ အန်ချင်လို့ အန်တော့လည်း လေတွေပဲ အန်တယ်၊ ကျွန်မ တစ်ခုခုတော့ ဖြစ်နေပြီ"

"တန်တော့ - နင် ကိုယ်ဝန်ရှိနေပြီ ထင်တယ်"

"ဘာ - ဘာပြောလိုက်တယ်၊ ကျွန်မ ကလေးရှိနေပြီ - ဟုတ်လား"

"အေး - ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ - ကျုပ်တို့ဘာလုပ်ကြရတော့မလဲ"

"ဟား - ဟား - ဟား - ငါ့အမေက မြေးနဲ့ နေချင်လှပြီတဲ့၊ နင် မိန်းမ မယူသေးဘူးလားလို့ ခဏခဏမေးနေတာ၊ ငါ့အမေတော့ ဝမ်းသာလုံးဆို့နေတော့မှာပဲ၊ မနက်ဖြန် နင်တို့ရွာကို ငါတို့မြို့က လူကြီးတွေ ခေါ်ခဲ့မယ်၊ နင့်ကိုငါ တောင်းရမ်းလက်ထပ်မယ်၊ နင်က နင့်ရွာက ရပ်မိရပ်ဖတွေကို စုထား"

"အို - ကိုတောက်ထိန် ဖြည်းဖြည်း၊ တအားဖက်ထားတော့ အသက်ရှူလို့တောင် မရတော့ဘူး"

"ချစ်လို့ပါ - မယ်လှရဲ့"

ဒီလိုနဲ့(၁၅၀၀)နှံ့ထဲမှာတောက်ထိန်နဲ့ မယ်လှတို့ ဆွေမေ့မျိုးမေ့ စုန်းစုန်းမြုပ်၍သွားကြလေတော့၏။

တောက်ထိန်က မင်းဘူးမြို့သား၊ မယ်လှက အလယ်ချောင်းသူ၊ တောက်ထိန်က ရေလယ်ကျွန်းက ဖရဲသီးတွေယူပြီး မကွေးမြသလွန်တောင်ဘက်၊ အတက်လမ်းမှာ တောဈေးရောင်းတဲ့လူ၊

မယ်လှက သဖန်းဆိပ်ရွာ၊ အလယ်ချောင်းရွာက ဘူးရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းတို့ရောင်းတဲ့ဈေးသည်၊ တစ်ဆိုင်နဲ့တစ်ဆိုင် ကပ်နေတော့ ငြိကြတာပေါ့၊ နှစ်ယောက်စလုံး မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ချစ်ကြပေမယ့် လောကဓာတ်ရဲ့ လှည့်စားမှုကြောင့် အချစ်နယ်ကျွံနေရိုက် မယ်လှတစ်ယောက် ဘာဖြစ်မှန်းမသိ၊ နှုတ်ခမ်းတွေပြာလာပြီး ဆန့်ငင်၊ ဆန့်ငင် ဖြစ်ကာ အသက်ထွက်သွားလေတော့၏။

"ဟော့ - မယ်လှ၊ ဘာဖြစ်တာတုံး၊ မျက်လုံးဖွင့်ပါဦး"

တောက်ထိန်တစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေ၏၊ မယ်လှကိုလှုပ်၍နှိုးပါသော်လည်းမနိုးသောအိပ်ခြင်းဖြင့် အိပ်သွားပြီဖြစ်၏၊

တောက်ထိန်က မယ်လှကို နှစ်ဦးသဘောတူ အချစ်နယ်ကျွံသည်မှလွဲ၍ ဘာမှမလုပ်ရပါပဲ မယ်လှ သေဆုံးသွားလေတော့ရာ ပြေးမိပြေးရာထွက်၍ပြေးသွားလေတော့သတည်း၊

☆☆☆

လူဆိုးထိန်း မောင်ကြီး၊

အမှုလိုက်မောင်ပိုက်နှင့် ဆားပုလင်း မြသင်းတို့ သုံးယောက်သည် အလောင်းကို စစ်ဆေးရန် အတွက်



မကွေးဆေးရုံကြီးမှ လူသေများကို စစ်ဆေးသော ရင်ခွဲရုံသို့ ရောက်နေ၏၊

"ဒီလူးစားလို့ သေတဲ့ ကောင်မလေးတဲ့"

ဆိုတဲ့ဆိုက်ကားသမား၊ မြင်းလှည်းသမားတို့ရဲ့ ကောလာဟလသတင်းကြောင့် (၇)မိုင်မျှဝေးသော ကျေးရွာများကပင် ကားနှင့်တစ်သွယ်၊ ရထားဖြင့်တစ်နည်း လာကြရာ မကွေးဆေးရုံကြီးမှာ လူများပြည့်ကြပ်နေတော့၏၊

"ကိုမောင်ကြီး - ခင်ဗျားက အမှုကိုမရှည်၊ ရှည်အောင် လုပ်နေတာပဲ၊ လူသတ်ကောင်၊ မုဒိမ်းကောင် တောက်ထိန်ကို မိလို့ မကွေးအချုပ်ထဲ တောင်ရောက်နေပေါ့ပဲဟာ၊ ဘယ်ကလူသတ်ကောင်ကို ရှာဦးမှာလဲဗျ"

ဟု အမှုလိုက်မောင်ပိုက်က လူဆိုးထိန်းမောင်ကြီးကို မေးသည်၊

"ဟုတ်ပါရဲ့ - ကိုမောင်ကြီးရာ၊ လူကောင်ကြီးကို မိပြီပဲဟာ၊ ခြေရာကို ရှာနေဦးမလို့လား"

ဟု ဆားပုလင်းမြသင်းက ထပ်ဆင့်မေး၏၊

"နေစမ်းပါဦး - တောက်ထိန်ကိုမေးတော့ ဘယ်လိုဖြေသလဲ၊ ကောင်မလေးကို သတ်တယ်လို့ ဖြေသလား"

"ရော - ခက်ပေါ့ပဲ၊ သူ့နိုးက နိုးပါတယ်လို့ ဘယ်တုံးက ဝန်ခံဖူးလို့လဲဗျ၊ တောက်ထိန်က သူ ကာမယှက်စပ်ခဲ့ပါတယ်လို့ဖြောင့်ချက်ပေးကတည်းက သူသတ်တာပါလို့ ဝန်ခံတာပဲမဟုတ်လား ကိုမောင်ကြီးရဲ့"

ဟု ဆားပုလင်းမြသင်းက အချက်ကျကျ မေး၏၊

"ဒီမယ် - ကိုပိုက်နဲ့ ကိုမြသင်း - သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ကြလို့ လူကြီးမိဘတွေကိုနားဖောက်ပြီး တောင်းရမ်းလက်ထပ်ဖို့ လုပ်နေတဲ့လူက သူယူတဲ့မိန်းမကိုလက်လွှတ်စံပယ် သတ်မတဲ့လားဗျာ"

"ကဲ - ကဲ - ကျုပ်ကို ကူကြပါဦး၊ မယ်လှအလောင်းကို မှောက်ပေးစမ်းပါဦး"

ပက်လက်ထားတဲ့မယ်လှအလောင်းကို ခက်ခက်ခဲခဲ မှောက်လိုက်ကြ၏၊

လူဆိုးထိန်းမောင်ကြီးတစ်ယောက် မယ်လှ၏ ကျောပြင်ကို သေသေချာချာ ကြည့်ရှုစစ်ဆေးရာ မယ်လှ၏တင်ပါးနှစ်ခုစလုံးတွင် (အပ်စိုက်) ရာများကို တွေ့ရလေ၏၊ မယ်လှ၏ တောင့်တောင့်တင်းတင်းတင်းပဆုံနှစ်ခုတွင် အပ်ဖြင့်ထိုးစိုက်ထားသော အပေါက်ကလေးများ ဗရပွ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိလေရာ လှူဆိုးထိန်းမောင်ကြီးက အားပါးတရ လက်ဖြောက်တီးကာ -

"တရားခံအစစ် တွေ့ပြီဗျို့၊ ကျုပ်တို့ တရားခံကို ဖမ်းဖို့ မြသလွန်ဘုရားကို သွားကြစို့"

ဟု ပြောကာ ရင်ခွဲရုံထဲမှ ထွက်ခဲ့သဖြင့် ဆားပုလင်းမြသင်းနှင့် အမှုလိုက်မောင်ပိုက်တို့ပါ ကယောင်ကတမ်းဖြင့် လှူဆိုးထိန်းမောင်ကြီး နောက်မှ လိုက်ခဲ့ကြသည်၊

"ဖမ်းဝရမ်း မယူတော့ဘူးလားဗျ"

"ခုခံရင် ဘယ်လိုလုပ်မလဲ၊ လက်နက်ပါ ယူခဲ့ရအောင်ဗျာ"

ဟု အမှုလိုက်မောင်ပိုက်နှင့် ဆားပုလင်းမြသင်းတို့က စိုးရိမ်စိတ်ဖြင့် သတိပေး၏။

"မလိုဘူး၊ မလိုဘူး။ အခုလောက်ဆို တရားခံလူသတ်ကောင်တွေ သေနေလောက်ပြီဗျ"

"မဟုတ်မှလွဲရော၊ လူသတ်ကောင်က ဘီလူးဂေဟာက ဘီလူးကျောက်ရုပ်နှစ်ကောင်လား"

အမှုလိုက်မောင်ပိုက်က ထင်ကြေးပေးသည်။

"ကောင်မလေးက ဘီလူးစားလို့ သေတာဆိုတော့ ဒီကျောက်ရုပ်ဘီလူးနှစ်ကောင်ကိုပဲ ထုခွဲပြီး ယူခဲ့ရတော့မှာပေါ့"

ဟု ဆားပုလင်းမြသင်းက လှူဆိုးထိန်းမောင်ကြီးကို သရော်သလိုလို၊ လှောင်သလိုလိုဖြင့် ပြော၏၊

"ကိုင်းပါဗျာ၊ တရားခံ ဘယ်သူလဲဆိုတာ ဟိုရောက်တော့ သိရမှာပေါ့။ တရားခံတောက်ထိန်ကိုစခန်းဝင်ပြီးခေါ်ရဦးမယ်ဗျို့၊ ဒါမှ သူတို့ ကျူးကျော်ခဲ့တဲ့နေရာ အတိအကျသိမှာ"

ဟု ပြောပြီး စက်ဘီးကိုယ်စီဖြင့် မကွေး(၁)စခန်းသို့ ထွက်ခဲ့ကြလေတော့သတည်း။

☆☆☆

"လှူဆိုးထိန်းမောင်ကြီးက ဘီလူးဂေဟာက ဘီလူးရုပ်တွေကိုလူသတ်မှုနဲ့ ဖမ်းမလို့တဲ့"

"ကောင်မလေးရဲ့ တင်ပါးပေါ်မှာ ဘီလူးကိုက်ထားတဲ့အစွယ်ရာတွေတွေ့သတဲ့"

တစ်ယောက်တစ်ပေါက်နဲ့ ထင်ကြေးတွေ ပေးနေကြတဲ့ လူအုပ်ကြီးက မြသလွန်ဘုရားသွားတဲ့ လမ်းပေါ်မှာ ပြည့်ကြပ်နေပြန်သည်။



လှူဆိုးထိန်းမောင်ကြီးတို့စီးလာတဲ့ ရဲကားက ထိုလူများကို မတိုက်မိ၊ မခိုက်မိအောင် သတိထား၍ မောင်းသွားကြ၏။

မြသလွန်ဘုရားတောင်ဘက်မုခ်သို့ရောက်သော် အချင်းဖြစ်ရာနေရာသို့ လှေဖြင့် သွားကြရ၏။ အချင်းဖြစ်ရာနေရာတွင်စပ်စုလိုသော မြို့လူထုက ရောက်ရှိနေ၏။

"ကိုင်း - တောက်ထိန် - မင်းတို့နှစ်ယောက်ထိုင်တဲ့နေရာ ဘယ်နေရာလဲ"

"ဟိုနေရာပါ - ဆရာ"

သစ်ရွက်များက ပြားချပ်နေသည်၊ ဖြစ်မှဖြစ်ရပလေ။ ဟိုကီစွဆန္ဒတွေ စောနေကြတော့ သစ်ရွက်အခြောက်များကို ပင်မဖယ်နိုင်ပဲ ဒီအတိုင်းအမှိုက်များပေါ်မှာပင် ထိုင်လိုက်မိခြင်း ဖြစ်ပေမည်၊

လှူဆိုးထိန်းမောင်ကြီးသည် လက်ညှိုးခန့် အထုပ်ရှိသော မာမာတောင့်တောင့် သစ်ကိုင်းခြောက်တစ်ခြောက်ကို ယူ၍ တောက်ထိန်နှင့် မယ်လုတို့ အသုံးပြုခဲ့သောနေရာမှ သစ်ရွက်ခြောက်များကို တစ်ခုချင်း ဖြည်းဖြည်းချင်း လှန်လိုက်ရာ ၎င်းသစ်ရွက်ခြောက်များအောက်မှ မသေမရှင်ဖြစ်လျက် ပြားချပ်နေသော မွေးခါစ (တီကောင်)သာသာ သာရှိသော မြွေပေါက်ပေါက်စ (၅)ကောင်ကို တွေ့ကြရလေ၏။

"မြွေတွေဟေ့"

"မြွေတွေကွ"

"အောင်မယ်လေး - မြွေပေါက်လေးတွေပါလားကွ"

"ပြေး - ဟေ့ပြေးဟ"

"ဗွမ်း"

"အောင်မယ်လေး၊ ကယ်ကြပါဦး"

တစ်ယောက်က အံ့ဩစွာဖြင့် မြွေတွေဟု အော်လိုက်ရာ မမြင်ရသူတစ်ယောက်က သံယောင်လိုက်ပြီး မြွေပေါက်တွေဟု အော်လိုက်သဖြင့် သစ်ရွက်ခြောက် အမှိုက်များပေါ်တွင် မကြောက်မရွံ့ ရပ်ကြည့်နေသူများ သူ့ထက်ငါဦး တိုးဝှေ့ပြေးကြရာ။

အချင်းဖြစ်ရာ နေရာမှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် ဖြစ်နေ၍ တချို့ရေထဲ ပြုတ်ကျကုန်ပြီး တချို့မှာ မြသလွန်တန်ဆောင်း လှေခါးပေါ်တွင် တိုက်မိနိုက်မိကြပြီး လဲကျ၍နေကြလေတော့၏။

လှူဆိုးထိန်းမောင်ကြီးကတော့ သေနေသောမွေးခါစမြွေကလေးများကို ရဲမှူးခင်းမှတ်တမ်းတင် ဓာတ်ပုံဆရာ ဘထီကိုဓာတ်ပုံရိုက်ခိုင်းပြီး တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ချင်းစီကို ပုလင်းအခွံထဲသို့ ထည့်ယူ၍ သက်သေခံပစ္စည်းအဖြစ် ရှာဖွေပုံစံတွင် ရေးသွင်းပြီး စခန်းသို့ ယူခဲ့လေတော့၏။

တကျောစိတ် လွှမ်းမိုးခြင်းခံရသော မယ်လှမှာ ကိုယ်ထိုင်နေသော ဖင်အောက်တွင် မြွေပေါက်စများ ရှိပြီး ၎င်းတို့ ကိုက်နေသည်ကိုပင် သစ်ကိုင်းခြောက်များ ထိုးခံရ၍ နာသည်ဟုပင် ထင်ကာ မဖယ်ရှားမိရာမှ သေဆုံးခဲ့ရခြင်း ဖြစ်ပေသတည်း။

မောင်တောက်ထိန်တစ်ယောက် လူဆိုးထိန်းမောင်ကြီး၏ကူညီပေးမှုအရ (လူသတ်မှု)မှ ကွင်းလုံးကျွတ်လွတ်ပြီး မုဒိမ်းမှုဖြင့် ထောင်(၃)နှစ် ကျခံသွားရလေတော့၏။


သဗ္ဗေ၊ အနိစ္စ၊ သခါရ

➤ မကွေး ညိုစိမ့်

| ထုံး ကျဉ် ကိုက် ခဲ | ချင်းနှစ်ကျပ်သား၊ ငရုတ်ကောင်း(၁၂)ပဲသား၊ ဆားတစ်ကျပ်သား အမှုန့်ပြု၍ နှမ်းဆီနှင့် ဖျော်လိမ်းပါ။ |
|---|---|

**နားကိုက်**

မြန်မာကုက္ကိုရွက်ကို အရည်ညှစ်၍ မီးဖြင့် နွေးပြီး နားတွင် ထည့်ပါ။ တောင်မရိုးအစေးကို နှမ်းဆီဖြင့်ရော၍ နားကျပ်ပေးပါ။




www.burmeseclassic.com

www.burmeseclassic.com

**လူမင်းမင်း** သည် ရန်ကုန်ဘူတာကြီး၏ပလက်ဖောင်းပေါ်ရှိခုံတန်းလျားတစ်ခုပေါ်တွင် တည်ငြိမ်စွာထိုင်နေသည်၊ ၁၉၄၇–ခုနှစ်ဦးပိုင်းဖြစ်သည်၊

ဗဟိဒ္ဓ အသွင်သဏ္ဍာန်အားဖြင့် တည်ငြိမ်နေသော်လည်း သူ၏ အဇ္ဈတ္တတွင် ပကတိ လှုပ်ရှားနေသည်၊ သူ့ဘေးတွင် လက်ဆွဲအိတ်အညှိစားတစ်လုံး ရှိသည်၊

လက်ဆွဲအိတ်ထဲတွင် တိုက်ရာပါ ရတနာများ ...

လူမင်းမင်းသည် တစ်ကိုယ်တော်အနုကြမ်းသမားဖြစ်သည်၊ မကြာသေးမီက စိန်ရွှေရတနာဆိုင်တစ်ဆိုင်ကိုလုယက်ခဲ့သည်၊ ဆိုင်ရှင်က ရဲဌာနသို့ တိုင်ချက်ဖွင့်ခဲ့ရာတွင် ရဲအရာရှိက လူဆိုးမှတ်တမ်းဝင်ဓာတ်ပုံဖိုင်တွဲကို ပြသခဲ့သည်၊ ထိုအခါ စိန်ရွှေရတနာဆိုင်ပိုင်ရှင်သည် လူမင်းမင်း၏ဓာတ်ပုံကိုမှတ်မှတ်ရရထောက်ပြနိုင်ခဲ့သောကြောင့် သူ့ကို ရဲတပ်ဖွဲ့ဝင်များက အသည်းအသန် အပူတပြင်း ရှာဖွေနေကြသည်၊

လူမင်းမင်းသည် ဥပမိရုပ်အားဖြင့် ရုပ်ရှင်မင်းသားတစ်ယောက်ပမာကြည့်ပျော်ရှုပျော် ရှိသည်၊ လောလောဆယ်အချိန်တွင် သူသည် နက်မှောင်တွန့်ကောက်သောဆံပင်ကို လိုင်းတွန့်များသဖွယ် ဖီးထားပြီး နှုတ်ခမ်းမွေး တိုနံ့နံ့တပ်ဆင်ထားသည်၊ နေကာမျက်မှန်ဆီးနှစ်ရောင်နှင့်ဖြစ်သည်၊

သူသည် မီးရထားဖြင့် အထက်အညာနယ်မြေဒေသတစ်ခုသို့ခရီးထွက်မည်၊ ထိုမှတစ်ဆင့် ရှမ်းပြည်နယ်တစ်နေရာသို့ ဆက်လက်ခြေရာဖျောက်ရန် ရည်ရွယ်ထားသည်၊

> **ကမ္ဘာ့စစ်အတွင်းက မြန်မာပြည်တွင် ပြည်ပထုတ်ယူရန် ကျန်ရစ်နေသေးသည့် ရတနာများကို ထုတ်ယူရန် ကြံစည်ရာမှ ..**

သူ့တွင်ပါသော တိုက်ရာပါ ပစ္စည်းများကို ထုခွဲလိုက်ပါက နှစ်ကာလအားဖြင့် ဆယ်စုနှစ်တစ်ခု စောစောသီသီ သုံးနိုင်လောက်သည်၊ သို့ရာတွင် လောလောဆယ် ထုခွဲရောင်းချရန် တိုက်ရာပါ ခိုးရာပါ ပစ္စည်းများ လက်ခံဝယ်ယူလေ့ရှိသောဆိုင်များ ဝန်းကျင်တွင် ရဲတပ်ဖွဲ့ဝင်တို့သည်ယူနီဖောင်းဖြင့်တစ်မျိုး၊ အရပ်ဝတ်အရပ်စားဖြင့်တစ်ဖုံ မသင်္ကာသူမှန်သမျှကိုဆွဲစေရန် စောင့်ဆိုင်းနေကြလိမ့်မည်၊

ထို့နည်းတူလေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်နှင့် ရန်ကုန်ဘူတာကြီးတို့တွင်လည်း ရဲတပ်ဖွဲ့ဝင်များ ခြေရာချင်းထပ်နေကြလေပြီ၊ အထူးသဖြင့် လူမင်းမင်းနှင့် အပြန်အလှန် သိနေကြသော ရဲစုံထောက်ကျော်မိုးသည်ရန်ကုန်ဘူတာကြီး၏ ပလက်ဖောင်းအတိုင်း လျှောက်လာသည်ကို လူမင်းမင်းက ရှေးဦးစွာ မြင်လိုက်ရသည်၊

ရဲစုံထောက်ကျော်မိုးနှင့် ခြေလှမ်းဆယ့်ငါးလှမ်းမျှအကွာသို့အရောက်တွင် လူမင်းမင်းက အဆီပြန်နေသော မျက်နှာကို သုတ်သည့်သဘောမျိုးဖြင့် သူ၏ဂျာကင်အကျီအိတ်တွင်းလက်ကိုင်ပဝါကို ထုတ်လျက် မျက်နှာကို ကွယ်လိုက်သည်၊

ရန်ကုန်ဘူတာတစ်ခုလုံးတွင် သူ့အကြောင်းနှင့်သူ သွားလာလှုပ်ရှားနေကြသူ ခရီးသည် အများအပြားထဲတွင် မိမိလျှောက်လာသည်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် လက်ကိုင်ပဝါကိုထုတ်၍မျက်နှာကွယ်ဝှက်လိုက်သောလူတစ်ယောက်ကို ရဲစုံထောက်ကျော်မိုးက ထူးထူးခြားခြား သတိပြုမိသည်၊

ထို့ကြောင့် သူ၏ခြေလှမ်းများက ပိုမိုသွက်လက်စွာဖြင့် ထိုသူထိုင်နေရာခုံတန်းလျားဆီသို့ ဦးတည်လျှောက်သည်၊

အခြေအနေ မဟန်တော့သည်ကို ရိပ်စားမိသော လူမင်းမင်းသည် မိမိဘေးတွင် ချထားသော လက်ဆွဲအိတ်ကို ဆွဲယူကာ ထိုင်ရာမှ ဖျတ်ခနဲထသည်၊ စောစောက လက်ကိုင်ပဝါဖြင့် မျက်နှာကို ပွတ်သုတ်စဉ်က တပ်ဆင်ထားသော နှုတ်ခမ်းမွေးအတုတစ်ဖက်သည် ပြုတ်ကျသွားသည်၊

"မကြိုးစားပါနဲ့တော့ – ကိုယ့်လူ၊ အေးအေး လိုက်ခဲ့တော့"

ရဲစုံထောက်ကျော်မိုးက လူမင်းမင်း လက်ကို ဖမ်းဆုပ်ကိုင်သည်၊ မည်သည့်အချိန်က မည်သို့ဆွဲထုတ်လိုက်သည်ကို မသိလိုက်သော လက်ထိတ်သည် လူမင်းမင်း၏ လက်ကောက်ဝတ်ကို ကလစ်ခနဲ မြည်သံနှင့်အတူ ခပ်မြဲသွားဖြစ်သွားသည်၊

လူမင်းမင်းသည် ရဲစုံထောက်လက်မှ လွတ်စရာအကြောင်း မရှိတော့ကြောင်း နားလည်သဘောပေါက်စွာဖြင့် ရဲစုံထောက်နှင့် ဘေးချင်းယှဉ်လျက် ခြေလှမ်းညီညီ လှမ်းသည်၊ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်းမျှအရောက်တွင် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးလူတစ်ယောက်သည် လူမင်းမင်း၏ဘေးမှ ပွတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်လျက် အသားကုန် သုတ်ခြေတင်ကာ အရှိန်အဟုန်ဖြင့် ဖြတ်ပြေးသွားသည်။

ယင်းသို့ ပြေးသွားသူနောက်မှ သံမဏိရောင် ဓားသွားတစ်လက်က ထက်ကြပ်မကွာ လိုက်ပါလာသည်။ သို့ရာတွင် ထိုဓားမြှောင်သည် အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးလူကိုမထိပဲရဲစုံထောက်နှင့်အတူ ဘေးချင်းယှဉ်လျက် ပုံမှန်လျှောက်လာသော လှမင်းမင်း၏ ခန္ဓာကိုယ်ကြီးကို ဖောက်ထွင်းစူးဝင်သွားသည်။

စက္ကန့်တစ်ဝက် မျှသာ အချိန်အတွင်း လှမင်းမင်းသည် ဒူးညွှတ်ပျော့ခွေလျက်သမံတလင်းပေါ်သို့ပစ်ကျသွားသည်။ သူ၏ ဘယ်ဘက်ရင်အုံသို့ ဓားသွားတစ်ဆုံး စူးဝင်နစ်မြုပ်သွားသော ဒဏ်ရာမှ သွေးတို့သည် ယိုစီမ့်စီးဆင်းလာလေသည်။

☆☆☆

လောလောဆယ်အားဖြင့် ရဲစုံထောက် ကျော်မိုးသည် "ဆွမ်းခံရင်းငှက်သင့်သောအဖြစ်" မျိုးနှင့် ကြုံတွေ့နေရလေသည်။

တိုက်ရာပါ ရွှေငွေရတနာများနှင့်အတူ တစ်ကိုယ်တော် ဒစရိုက်သမားလှမင်းမင်းကို ပိုင်ပိုင်နိုင်နိုင် လက်ထိတ်ခတ် ဖမ်းမိနိုင်ပါလျက်နှင့် မိနစ်ပိုင်းအတွင်းမှာပင် တရားခံ လှမင်းမင်း ဇီဝိန်ကြွေသွားသည်။

သူတို့အနီးမှ ဖြတ်ပြေးသွားသူကိုလည်း ရာဇဝတ်မှုကျူးလွန်သူများ မှတ်တမ်းဖိုင်ထဲတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုသူ၏အမည်မှာ ရွှေလှ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ရဲစုံထောက် ကျော်မိုးသည်အထက်အရာရှိဖြစ်သူ၊ မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်မိုက်ကယ်လ်ဟုမ်း၏ နှိပ်ကွပ်ခြင်းကို ရေရေလည်လည် ခံနေရသည်။

"မောင်မင်းအနေနဲ့ ပြစ်မှုကျူးလွန်သူလို့ယူဆထားသူကိုတိုက်ရာပါရွှေငွေရတနာတွေနဲ့အတူ ဖမ်းမိခဲ့တဲ့အတွက် ကျွန်ုပ် ချီးကျူးပါတယ်။ ဒါပေမဲ့ - မောင်မင်းရဲ့လက်ထဲမှာ လက်ထိတ်ခတ်ပြီး ဖမ်းထားတဲ့ တရားခံဟာ မောင်ရင်နဲ့အတူ လိုက်ပါလာချိန်မှာ တစ်စုံတစ်ယောက်ရဲ့လက်ချက်နဲ့ အသတ်ခံသွားရတယ်။ ဒါကိုမောင်မင်းအကာအကွယ်မပေးနိုင်ခဲ့ဘူး။ ဒါကြောင့် - မောင်မင်းကို ကျွန်ုပ်ပြစ်တင်ရှုတ်ချတယ်"



"အဲဒီ့ဓားနဲ့အပေါက်ခံရမယ့်သူဟာ ရွှေလှ"

ရဲစုံထောက်ကျော်မိုးက သူ့အပြစ်မဟုတ်ကြောင်း စောဒကတက်ရန်ပြောလိုက်သော်လည်း ရာဇဝတ်ဝန်ထောက်မိုက်ကယ်လ်ဟုမ်းက ခါးခါးသီးသီး ဦးခေါင်းခါပြသည်။

"ရွှေလှကိုရည်ရွယ်ပြီးဓားနဲ့ပေါက်တာဖြစ်စေ၊ မောင်မင်းကိုယ်တိုင် ဖမ်းထားတဲ့လှမင်းမင်းကိုတရားရုံးတော်မှာ စစ်ဆေးပြီး ထောင်ဒဏ်စီရင်ခြင်းခံရတဲ့အထိ သူ့ရဲ့လုံခြုံမှု၊ အသက်အန္တရာယ်အကာအကွယ်ပေးမှုတို့ဟာ ကျွန်ုပ်တို့တာဝန်ဖြစ်တယ်။ မောင်မင်းဟာ အဲဒီ့တာဝန်ပေါ့ဆပျက်ကွက်ခဲ့တဲ့အတွက်လူသားတစ်ယောက်ရဲ့အသက်သေဆုံးသွားခဲ့ရတယ်၊ ဒါကြောင့် မောင်မင်းအပြစ်ကို ပြန်လည်အဖတ်ဆယ်ဖို့အတွက် အပြင်းအထန် ကြိုးစားရတော့မယ်၊ ဒါပဲ - မောင်မင်း သွားနိုင်ပြီ"

မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်ကြီးက ထိုင်ရာမှ ထလိုက်သည်၊ ထိုမိုက်အတန့်တွင်ရဲစုံထောက်ကျော်မိုးက တစ်စုံတစ်ရာ ပြောရန် "ကျွန်တော်" ဟူ၍ အစပျိုးလိုက်သေးသည်၊ သို့ရာတွင် သူ၏စကားကို ဆက်လက်နားထောင်လိုခြင်းမရှိတော့သော အမူအရာဖြင့် မျက်နှာလွှဲ၍ ရုံးခန်းထဲမှ ထွက်သွားသည်။

လိပ်ခဲတည်းလည်း၊ ဆန့်တငံ့ငံ့ဖြင့်ကျန်ရစ်ခဲ့သော ရဲစုံထောက်ကျော်မိုးသည် သက်ပြင်းမောတစ်ချက်ကို လေးလေးပင်ပင်ကြီး ချပစ်လိုက်လေသည်။ သူ အရင်ဆုံး စတင်ဆောင်ရွက်ရမည်မှာ ရွှေလှကို ရှာဖွေရန်...။

☆☆☆

ရွှေလှသည် အသက်အားဖြင့် သုံးဆယ်ကျော်ရုံမျှသာ ရှိသေးသည်။ သို့ရာတွင် နောက်ထပ်ဆယ်နှစ်စာမျှ ပိုမိုအိုစာနေလေသည်။ သူ့တစ်ကိုယ်လုံးတွင် အမာရွတ်များ နေရာအနှံ့အပြား ရှိနေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ မြန်မာပြည်ကျရောက်ခဲ့စဉ်က ဖက်ဆစ်ဂျပန်တို့၏ ငရဲခန်းဟု ခေါ်ဆိုအပ်သော "ကင်ပေတိုင်" အကျဉ်းစခန်းမှ ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များ ဖြစ်လေသည်။ ထိုကင်ပေတိုင်အကျဉ်းစခန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ရရှိခံစားခဲ့ရသော ဝေဒနာတို့သည်နလုံးသွေးပျက်ခမန်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးသောကာလတွင် သူသည် "အတိတ်မဲ့လူသား" တစ်ဦးအဖြစ် ခြေဦးတည့်ရာ လျှောက်သွားခဲ့ရသည်။

ထိုအချိန်ကဆိုလျှင် သူ မှတ်ဉာဏ်ထဲတွင်ဟာလာဟင်းလင်းဖြစ်နေဆဲပင်၊ သူ့နောက်ကြောင်းနှင့်ပတ်သက်၍ သူသိတာတစ်ခုသာ ရှိသည်။ သူ့နာမည် "ရွှေလှ" ဟူ၍ဖြစ်သည်။

သူ့အားဖမ်းထားသောကင်ပေတိုင်အကျဉ်းစခန်းမှ "ဟေ့ကောင် – ရွှေလှ၊ မင်းသွားလိုရာ သွားနိုင်ပြီ" ဟူ၍ နောက်ဆုံးကြားခဲ့ရသောစကားအရ မှတ်မိနေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ရွှေလှသည် တော်လှန်ရေးကာလတွင် အတိတ်ပျောက်ဆုံးသည်အထိ နှိပ်ကွပ်ခြင်း ခံခဲ့ရသောအညတြ ရဲဘော်တစ်ယောက် ဘဝသို့အလိုအလျောက် ရောက်ရှိသွားခဲ့သည်။

သူသည်ရန်ကုန်မြို့သို့မရောက်ရှိမီ မန္တလေးမြို့စွန်ရှိ ပေါက်ဖော်ကြီးပွဲစားရုံတွင်စားပွဲထိုးအလုပ်သမားတစ်ယောက် အလိုရှိကြောင်း ကြော်ငြာတွေ့ရှိခဲ့သောကြောင့် ဝင်ရောက်လျှောက်ထားခဲ့သည်။ အလွယ်တကူပင်စားပွဲထိုးအလုပ်ကို ရရှိခဲ့သည်။

နေ့ရေးထိုင်ရေးနှင့် စားသောက်ရေးသာမက ဝင်ငွေနှင့် သောက်ဆေးဟူသောတစ်ကျပ်၊ တစ်ပြားအပိုဝန်ဆောင်ကြေးလေးများကြောင့် ရွှေလှ ဘဝအဆင်ပြေပြေ တည်ငြိမ်လာစ ပြုလာလေသည်။

ယင်းသို့ တည်ငြိမ်နေရာမှ တစ်လတင်းတင်းပြည့်သောနေ့တွင် ဘဝရေမျက်နှာပြင်ပေါ်သို့ ခဲလုံးတစ်လုံး ပစ်ချခြင်း ခံလိုက်ရသည့်ပမာ ကြီးမားသောဂယက်တစ်ခု ဖြစ်ပေါ်လာလေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပ်တစ်ခုမှာ "ပေါက်ဖော်ကြီးပျော်ပွဲစားရုံ" သို့ အနောက်တိုင်းဝတ်စုံဖြင့် သားသားနား နား ဝတ်ဆင်ထားသော မျက်နှာပြည့် ဖောင်းဖောင်း ဂင်တိုတိုပုဂ္ဂိုလ်ကြီးတစ် ယောက် စားသောက်ရန် ရောက်ရှိလာ ခြင်းဖြစ်သည်။

ထိုသူကို မြင်လိုက်သည်နှင့်တ ပြိုင်နက် ရွှေလှ၏ အတိတ်မေ့ဖြစ်စ တစ်ခုလုံး ပြန်လည်မှတ်မိလာသည် ဖက်ဆစ်ဂျပန်ခေတ်၏ အရက်စက်ဆုံး



အား လပေါင်းများစွာ လူမဆန်သော နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သူ ယာမာမိုတို ဖြစ်ကြောင်း မှတ်မိလာရသည်။

ရွှေလှသည် သူ့စိတ်ကိုသူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပဲ ယာမာမိုတို၏လည်ပင်းကို ဖျစ်ညှစ်၍ အသေသတ်ရန် တစ်နည်းအားဖြင့် ထိုဖက်ဆစ်ဂျပန်သားခေါင်းဆောင်ဖြစ်ခဲ့သူ၏ဝိညာဉ်ကို ခန္ဓာကိုယ်မှ ထုတ်ပယ်ပစ်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်။

သို့ရာတွင် ပျော်ပွဲစားရုံ ပိုင်ရှင်ပေါက်ဖော်ကြီးနှင့်တကွသော စားပွဲထိုးနှင့် ဝန်ထမ်းများက ရွှေလှအား ဝိုင်းဝန်းဆွဲဖြေ၍ ဆိုင်ပြင်ပသို့ခေါ်ထုတ်သွားကြသည်။ မကြာမီ ရဲတပ်ဖွဲ့ဝင်တို့၏ လက်တွင်းသို့ သက်ဆင်းကျရောက်ခဲ့သည်။ သူ့အား ယာယီ စိတ္တဇဝေဒနာရှင်တစ်ယောက်ဟူ၍သတ်မှတ်ကြသည်။ သူ၏ထွက်ချက်အပြည့်အစုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်နှင့် ဓာတ်ပုံရိုက်ယူထားပြီးနောက်လွှတ်ပေးလိုက်ကြသည်။

သူ့ထွက်ဆိုချက်များကို မည်သူကမှ အလေးအနက် မယုံကြည်ကြ၊ ပျော်ပွဲစားရုံပိုင်ရှင်ကလည်း ရွှေလှအားအလုပ်ဆင်းခွင့် မပြုတော့ပဲ လခတစ်လစာ ငွေအနည်းငယ်ပေး၍ ထုတ်ပယ်ခဲ့လေသည်။

ထိုညတွင် သူတည်းခိုရာအပေါစားတည်းခိုခန်းငယ်တစ်ခုသို့ လူ့ဘီလူးကြီးတစ်ယောက် ရောက်ရှိလာသည်၊ ရွှေလှ၏ ကိုယ်လုံးနှင့် ယှဉ်လျှင် သုံးဆနီးပါးထွားကျိုင်းသောကြောင့် ထိုသူ၏စကားလုံးများကိုသာ နားထောင်လိုက်သည်။

"ကိုယ့်လူ – မနေ့က ပျော်ပွဲစားရုံမှာဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီးအလုပ်ထုတ်ခံခဲ့ရတဲ့အတွက် စာနာထောက်ထားမှုအရ အခုလိုလာတွေ့တာပါ။ ကိုယ့်လူက ယာမာမိုတိုလို့ အထင်မှားနေတဲ့ပုဂ္ဂိုလ်ဟာ အမှန်တကယ်တော့ ရုပ်ချင်းဆင်ဆင်တူတဲ့ ကိုးရီးယားစီးပွားရေးသမားတစ်ယောက်သာ ဖြစ်ပါတယ်၊ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီးကိုယ့်လူရဲ့အသိဉာဏ်ထဲကနေ အပြီးအပြတ် မေ့ပစ်လိုက်ဖို့အတွက် မေ့ဖျောက်ခအဖြစ် ဟောဒီမှာ"

ထိုလူ့ဘီလူးကြီးက တစ်ဆယ်တန်ငွေစက္ကူအစည်းများကို ရွှေလှ၏ရှေ့မှောက်သို့ နေရာချပေးသည်။

"အဲဒီပုဂ္ဂိုလ်ကြီးဖြစ်စေချင်သလိုဖြစ်ဖို့အတွက် ငွေ စုစုပေါင်း သုံးသိန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူ ပိုင်ဆိုင်ပါလိမ့်မယ်။ ဒါဆိုရင် ကျန်တဲ့ ကိုယ့်လူရဲ့ဘဝသက်တမ်းတစ်လျှောက် အေးအေးချမ်းချမ်း သုံးစွဲနေထိုင်သွားနိုင်မှာပါ။ တကယ်လို့ကိုယ့်လူက လက်မခံပဲ ငြင်းဆန်ခဲ့ရင်တော့ အသက်ရှည်ရှည်နေရဖို့လမ်း ရှိမှာမဟုတ်တော့ဘူး"

"ဟေ့ - ဒီမှာ ဖြိတ္တာကြီး - အဲဒီ့ငရဲသားကြီးမြိမ်းခြောက်တိုင်းကြောက်မယ့်လူစားမဟုတ်ဘူးလို့ ပြောလိုက်၊ မသန့်ရှင်းတဲ့ သူ့ငွေတွေကိုလဲ လုံးဝလက်မခံဘူး။ ပြန်ယူသွားစမ်းကွာ၊ မင်းကိုကြည့်ရတာ ကျက်သရေမရှိဘူး။ သွားစမ်း၊ မြန်မြန်"

ရှေလူက အော်ဟစ်မောင်းထုတ်လိုက်သည်၊

ထိုလူကြီးက ငွေစက္ကူများကို သိမ်းကြုံးလျက် ပြန်ယူသွားလေသည်၊

☆☆☆

ထိုအချိန်မှစ၍ရှေလူတစ်ယောက် "မနသသသားကောင်"ဘဝသို့ တစ်မဟုတ်ချင်း ရောက်ရှိသွားသည်။ ရန်ကုန်မြို့တွင် စားဝတ်နေရေး အဆင်ပြေပြေ တင့်တင့်တယ်တယ် နေထိုင်လျက်ရှိသော အစ်မထံသို့ သွားရောက်ရန် သန္နိဋ္ဌာန်ချလိုက်သည်၊ တစ်ရက်ကြို တင်၍လည်း သူလာမည့်အကြောင်းကို ကြေးနန်းဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်သည်၊ မီးရထားဖြင့် ခရီးထွက်ခဲ့သည်၊



ထိုသတ္တဝါကြီးသည် ကြီးမားထွားကျိုင်းသော ကိုယ်ခန္ဓာနှင့်မလိုက်သော လျင်မြန်မှုဖြင့် ခုန်ထလိုက်သည်၊ စိန်ကြည်နှင့် ကျော်ဘတို့သည် အခြေအနေ မဟန်တော့ကြောင်း ရိပ်စားမိကြသောကြောင့် ညီခုန်းထဲမှ လစ်ထွက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်၊



သို့ရာတွင် ရန်ကုန်ဘူတာကြီးသို့ ခရီးရောက်မဆိုက်မှာပင် ဖက်ဆစ်ကြီး၏ လက်မရှုံ့ပါးကွက်သားတစ်ယောက်ဖြစ်ဟန်တူသူတစ်ယောက်က သူ့အား ပစ်မှတ်ထား၍ ဇီဝိန်ချွေရန် ကြိုးစားခဲ့သေးသည်၊

မည်သို့ပင်ဖြစ်စေ၊ ရှေလူသည် သူ့အား နောက်ယောင်ခံလိုက်နေသူ၏ လက်မှကိုယ်လွတ်ရုန်း၍ခြေရာဖျောက်ခဲ့ပြီးနောက် အပေါ်စား တည်းခိုဆောင်တစ်ခုတွင် ရောက်ရှိတည်းခိုနေခဲ့သည်၊ ယခုကာလတွင်အစ်မထံသို့ သွားတွေ့ရန် မသင့်သေးဟူ၍ နားလည်သဘောပေါက်ထားသည်၊ အစ်မ၏ နေထိုင်ရာ ဝန်းကျင်တွင် စောင့်ကြည့်နေကြလိမ့်မည်ဟု ယူဆရသည်၊

☆☆☆

ရဲစုံထောက်ကျော်မိုးသည် မျက်နှာ ကြီး ရာဇဝတ်ဝန်ထောက် မိုက်ကယ်လ် ဇုံး၏ ပြစ်တင်ရှုတ်ချခြင်းကို မကျေမနပ်ဖြင့် နားထောင်ခဲ့ရပြီးနောက် သူ့ နေနှင့် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စကို ဘက်စုံထောင်စုံမှ ဖြစ်နိုင်ချေရှိသည့်အပိုင်းအစများကို ဆက်စပ်ကြည့်ရှုသည်၊

သူ၏ တွဲဖက်ဖြစ်သော ရဲဆာဂျင်မြင့်သိန်းအောင်နှင့်အတူ ဆွေးနွေးသည်၊

"ရှေလူ - အခု ဘယ်ရောက်နေတယ်ဆိုတာရယ်၊ ဖက်ဆစ်ကင်ပေတိုင် ရာဇဝတ်ကောင်ကြီး ယာမာမိုတိုတို့ဟာ ဘာကိစ္စနဲ့မြန်မာပြည်ကိုပြန်ရောက်လာသလဲဆိုတာရယ်၊ အဲဒီ့အချက်နှစ်ချက်ဟာ ထပ်တူထပ်မျှ ပေါင်းစပ်နိုင်မယ့် အဖြေတစ်ခု ဖြစ်နိုင်တယ်ကွ။ ငါသိချင်တဲ့အချက်တွေနဲ့ပတ်သက်ပြီး အဖြေရရှိနိုင်သူဟာ ဦးထက်မြက်စံကလွဲလို့ တခြားသူ မဖြစ်နိုင်တော့ဘူး"

နောက်ဆုံးတွင် ရဲစုံထောက်ကျော်မိုးက နိုင်မာစွာ ကောက်ချက်ချလိုက်လေသည်။ သမိုင်းပညာနှင့် ပါမောက္ခကြီး ဦးထက်မြက်စံသည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်၌ ဖက်ဆစ်ငရဲခန်းကြီးကိုဖန်တီး၍မြန်မာပြည်သားတို့အား ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သော စစ်ရာဇဝတ်ကောင်များနှင့်ပတ်သက်၍အချက်အလက်များ အကြောင်းအရာနှင့် ဖြစ်စဉ်များ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ထိုဖက်ဆစ်တစ်ဖြစ်လဲ ပုဂ္ဂိုလ်တို့၏ အခြေ အနေ လှုပ်ရှားမှု စသည်တို့ကို တတ်နိုင်သမျှ သတင်းဓာတ်ပုံများအပါ အဝင် စာအုပ်စာတမ်း ပြုစုလျက်ရှိသည်။

ထိုစာအုပ်ကို "ဒုတိယကမ္ဘာစစ် အတွင်း မြန်မာပြည်၏ ဖက်ဆစ်ရဲခန်း များ" ဟူသောခေါင်းစဉ်ဖြင့် အင်္ဂလိပ် ဘာသာပြန် ဆိုကာ ကမ္ဘာတစ်ဝှမ်းရှိ စာပေတိုက်များနှင့်ဆက်သွယ်၍ ထုတ် ဝေဖြန့်ချိရန် ကြိုးစားအားထုတ်နေသူ ဖြစ်သည်။

ဦးထက်မြက်စံထံ၌ တွေ့ရှိခဲ့သော ယာမာမိုတို၏ အကြောင်းနှင့်ပတ်သက် သမျှ စုဆောင်းထားရှိသော ဖိုင်တွဲ ကြောင့် စုံစုံလင်လင် သိခဲ့ရသည်။ မိုးကုတ်တွင်းစားမျိုးရိုးတွင်အလွန်တရာ ချမ်းသာကြွယ်ဝသောပုဂ္ဂိုလ်တစ်ဦးထံ မှ မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်၍ ရယူထားသော အဖိုးထိုက် အဖိုးတန် ပတ္တမြားအချို့ကို ယာမာမိုတိုသည် စစ် သုံ့ပန်းအဖြစ် ဂျပန်ပြည်သို့ပြန်ပို့ရာတွင် သူနှင့်အတူ ဂျပန်ပြည်သို့ ခိုးဝှက်ယူ ဆောင်သွားနိုင်ခြင်းမရှိကြောင်း သိရ သည်။ သို့ဖြစ်လျှင် ယခုတစ်ကြိမ် မြန်မာ ပြည်သို့ ယာမာမိုတို ပြန်လည်ရောက်ရှိ လာခြင်းသည် ထိုအဖိုးထိုက်အဖိုးတန် ကျောက်မျက်ရတနာများနှင့် ပတ်သက် နေသည်ဟု တစ်ထစ်ချယူဆနိုင်သည်။

"ယာမာမိုတိုရဲ့လက်စွဲတော်အဖြစ် ယုံကြည်စိတ်ချစွာ ပေါင်းသင်းခိုင်းစေခဲ့ သူဟာ သူရဲ့အလိုတော်ရိ စကားပြန် ကျော်ဘဖြစ်တယ်။ တကယ်လို့မန္တလေး မှာ ရှေ့လူ တွေ့ခဲ့သူက ယာမာမိုတိုအစစ် အမှန်ဖြစ်ခဲ့ရင် ဘယ်နည်းနဲ့မဆို သူ့ လက်စွဲတော်ကြီး ကျော်ဘနဲ့ မလွှဲမသွေ ပြန်လည်ဆက်ဆံမှာပဲ။ ဒါကြောင့် – လို မည်ရကျုပ်မှတ်သားထားတဲ့ ကျော်ဘ လိပ်စာကိုပါ တစ်ခါတည်း ကူးယူသွား နောက်ပြီး ခင်ဗျားတို့ မြေရာခံရှာဖွေ ကြသူ ရှေ့လူရဲ့ အစ်မဟာ မစိန်ခင် ဖြ တယ်။ ဒါပေမဲ့ – ဂျပန်ခေတ်မှာ လူပေ တွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့ကြ သီချင်းထဲကလို "စိန်ကြည်နော် × × စိန်ကြည် × × × လင်ယူပက်စက်သ နိပွန်ကြီးက တိုကျိုပြန် × × × ဗိုက်တ လုံးနဲ့ ကျန် × × × " ဆိုတဲ့ အတို စိန်ကြည်လို့ ပြောင်းသွားတယ်။ တော့ – ကျော်ဘနဲ့ တွဲနေကြသတဲ့။



ရဲစုံထောက်ကျော်မိုးနှင့် သူ၏တွဲ ဘက်ရဲဆာဂျင်မြင့်သိန်းအောင်တို့သည် မိမိတို့ သိလိုသမျှ အကြောင်းအရာများ ကိုဦးထက်မြက်စံထံမှ စုံစုံလင်လင်ပြည့် ပြည့်ဝဝ သိရှိခဲ့ကြရသည်။ ထို့ကြောင့် သမိုင်းပညာရှင် ပါမောက္ခဆရာကြီး ဦးထက်မြက်စံအား ရှိသေလေးစားစွာ ဖြင့် ကန်တော့နှုတ်ဆက်၍ပြန်ခဲ့ကြလေ တော့သည်။

☆☆☆

ပျက်စီးနေသော မြို့စည်းရိုးတွင် နွယ်များလွှမ်းခြုံရစ်ပတ်နေသည်။ မြို့ထဲ တွင်တိုက်နှင့်ကပ်လျက်ရေကန်ရှိသည်။ ဥယျာဉ်တွင်းရှိဖူးပွင့်ဝေမြနေသောပန်း ပွင့် လေးများပေါ်သို့ နံနက်ခင်း၏ နေရောင်ခြည်ကျရောက်နေသည်။ တိုက်နံရံတစ်ခုလုံး၌ ပြုပြင်ထိန်းသိမ်း မှုမရှိသောကြောင့် ရေညှိများပေါင် ဆက်နေလေပြီ။ တစ်ချိန်က ဗြိတိသျှစစ် အရာရှိကြီး နေထိုင်ခဲ့ပြီး ဂျပန်ခေတ်တွင် ကင်ပေတိုင်ရဲစခန်းကြီးအဖြစ် ယာမာ မိုတို သိမ်းပိုက်ခဲ့သည်။

ညှဉ့်ခန်းအတွင်းရှိ ကုလားထိုင် ဆက်တီပေါ်တွင် လူလေးယောက်ထိုင် နေကြသည်။ တစ်ယောက်ကကိုးရိုးယား စီးပွားရေးသမားအသွင် ရုပ်ဖျက်၍ ပြင် ဆင်ထားသော ယာမာမိုတို သူနှင့်ဘေး ချင်းယှဉ်လျက် ထိုင်နေသူမှာ သူ၏ လက်မရှိပါးကွက်သားလူ့ဘီလူးကြီးတစ် ဦး၊ မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်တွင် ကျော်ဘနှင့် စိန်ကြည်စုံတွဲ နေရာယူထားကြသည်။

"သိပ်ယုံကြည်ရတဲ့မိန်းမ – ငါမဖြစ် မနေ ပြန်လာပါမယ် ဆိုရက် သားနဲ့၊ မစောင့်နိုင်ဘူး။ ကျော်ဘနဲ့ လင်ငယ်နေ တယ်၊ ကျော်ဘ ...ကောင်ကလဲ စိန်ကြည်ကို စော...ရောက်ဖို့ ...နိုင်ယူ ထားပြီး အခုတော့ – ...ဖောက်ပြီး အပိုင်စီးလိုက်တ...ရွှေ

"ဒါတွေပြော...ချိန်ကုန်၏ တယ်။ ရှင်ပြန်လာမယ့်ရက်က မသေချာ ဘူး။ ရှင့်ရဲ့လူယုံတော်ကျော်ဘက ကျွန်မ ကို အိပ်ဆေးခပ်ပြီး အနိုင်ယူလိုက်တာ ကို ခံခဲ့ရတာ။ ကဲ – ပြီးတာတွေပြီးပြီ၊ ချေးခြောက်ရေနှူးမနေနဲ့တော့။ ရှင်ဘာ ကိစ္စနဲ့ ဒီကိုလာခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေကိုစွန့် လာခဲ့တာ၊ နင့်မောင်တစ်ဝမ်းကွဲတော်တဲ့ ရွှေလူနဲ့ ငါမန္တလေးမှာ တွေ့ကြတော့ သူ ငါ့ကို မှတ်မိတယ်၊ ဒါပေမဲ့ – သူ့ကို အများက ဦးနှောက်ပျက်နေတယ်ဆိုပြီး ဘယ်သူကမှ သူ့စကားကို အလေးမထားကြဘူး၊ သူ အစုရန်ကုန်ရောက်နေပြီ၊ နင့်အိမ်ကိုရောက်နေသလားလို့ ငါလာရှာတာ"

"ဒါပေမဲ့ – ဒီအိမ်ကိုသူရောက်မလာသေးဘူး၊ ရှင့်ပစ္စည်းတွေကို ဘယ်မှာ ဝှက်ထားခဲ့လဲဆိုတာ ကျွန်မမှမသိပဲ"

"မင်းသိအောင် ဝှက်ခဲ့ရင် အစုလောက်ရှိ သေတ္တာခွံတောင် ကျန်မှာ မဟုတ်ဘူး" ဟူ၍ ယာမာမိုတိုက ပစ်ပစ်ခါခါပြောလိုက်သည်၊ ထို့နောက်သူ့ခေါင်းတွင် ထိုင်နေသော လူ့ဘီလူးကြီးကို "လုပ်ငန်းစပေတော့" ဟူသောအမူအရာဖြင့် မေးတစ်ချက် ဆတ်ပြသည်၊

ထိုသတ္တဝါကြီးသည် ကြီးမားထွားကျိုင်းသော ကိုယ်ခန္ဓာနှင့်မလိုက်သော လျင်မြန်မှုဖြင့် ခုန်ထလိုက်သည်၊ စိန်ကြည်နှင့် ကျော်ဘတို့သည် အခြေအနေ မဟန်တော့ကြောင်း ရိပ်စားမိကြသောကြောင့်ဧည့်ခန်းထဲမှလစ်ထွက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်၊

လူထွားကြီးက သူတို့နှစ်ယောက်၏ လည်ကုပ်များကို ဆုပ်ကိုင်၍ ဦးခေါင်းချင်း ရိုက်လိုက်သည်၊ ခွပ်ခနဲ အုန်းသီးချင်း ထုခွဲသည့်အသံမျိုး ထွက်ပေါ်ကာ နှစ်ယောက်စလုံးပျော့ခွေကျသွားသည်၊ ထိုလူ ပြိတ္တာကြီးက စိန်ကြည်နှင့် ကျော်ဘတို့နှစ်ယောက်ကို ပူးတွဲဆွဲထူကာ နှစ်ယောက်ထိုင်ကုလားထိုင်သို့ပစ်တင်၍နေရာချလိုက်သည်၊ ခွေခွေခေါက်ခေါက်နှင့် နှစ်ယောက်သား သတိလစ်နေသည်၊

"နှစ်ယောက်စလုံး ကျောချင်းကပ်လျက် ကြိုးတုပ်ပြီး အိပ်ခန်းထဲက ခုတင်ပေါ်မှာ ချထားလိုက်"

ယာမာမိုတိုက အမိန့်ပေးသည်၊ လူ့ဘီလူးကြီးကတစ်သဝေမတိမ်းလိုက်နာဆောင်ရွက်သည်၊ ထို့နောက် လူ့ဘီလူးကြီးသည် အိမ်ပြင်သို့ထွက်ကာ အိမ်ရှေ့တံခါးမကြီးကို အပြင်မှ သော့ခတ်ပြီးလျှင် နောက်ဖေးတံခါးပေါက်မှ ပြန်ဝင်သွားသည်၊

အကယ်၍ တစ်စုံတစ်ယောက် ရောက်ရှိလာပါက ကျော်ဘနှင့်စိန်ကြည်တို့နှစ်ယောက်စလုံး တိုက်တံခါးကို အပြင်မှ သော့ခတ်၍ တစ်နေရာရာသို့ သွားနေသည့်သဘောမျိုး ဖန်တီးထားခြင်းဖြစ်သည်၊

သို့မှသာယာမာမိုတိုသည်သူကိုယ်တိုင်ဖွက်ခဲ့သော ပတ္တမြားနှင့် ကျောက်မျက်ရတနာများကို အနှောင့်အယှက်ကင်းမဲ့စွာ အေးအေးလူလူ ပြန်လည်ရှာဖွေရယူနိုင်မည်၊ သို့ရာတွင် ထိုတစ်ထပ်တိုက်လေးဝန်းကျင်၏ လှုပ်ရှားမှုများကို မြစည်းရိုးအပြင်ဘက် နွယ်ပင်များ နွယ်ယှက်ပေါက်ရောက်နေသောအကွယ်မှ လူတစ်ယောက် ချောင်းမြောင်းကြည့်ရှုနေခြင်းကို ပြိတ္တာကြီးက လုံးဝသတိမထားမိပါချေ၊

မည်သို့ပင်ဖြစ်စေ၊ ယာမာမိုတိုသည် တိုက်ကလေး၏ အတွင်းဘက် စတိုခန်းရှိ မြေတိုက်ခန်းသို့ ဆင်းရန်အတွက် သတ္တုအဖုံးကို တူးရှင်းဖြင့် ကန့်လန့်၍ ဖွင့်နေသည်၊ သံချေးများ ထပ်ထပ်တက်နေသောကြောင့် ခက်ခက်ခဲခဲ ကြိုးစားပမ်းစား ဆောင်ရွက်နေရာမှ –

"ဟော့ကောင် – ငမိုး – ခဏ လာခဲ့စမ်း"



ယာမာမိုတို၏အမိန့်အတိုင်းပြိတ္တာကြီး ရောက်လာသည်၊ ကာယကိုသာလျှင် အားကိုးအားထားပြုသူဖြစ်သည့် အားလျော်စွာ အကြမ်းပတမ်းသံတူးရှင်းနှင့် ပေါက်တူးကို အသုံးပြု၍ဖွင့်ရာ အံဖုံးတံခါးမှာ ပြန်လည်သုံးမရလောက်အောင် ပျက်စီးသွားလေတော့သည်၊

ထိုအံဖုံးပေါက်မှ ဆင်းရန် လှေကားထစ်သုံးထစ်ကို တွေ့ရသည်၊ အောက်ခြေတွင် ရေစပ်စပ် စွတ်စိုနေသည်၊ ပထမဆုံး နေထိုင်ခဲ့သော ဗြိတိသျှစစ်အရာရှိအနေနှင့် ထိုမြေတိုက်ခန်းကို မည်သည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်အသုံးချခဲ့သနည်းဟု စဉ်းစားရန်မလွယ်ကူ၊ စိန်ကြည်သည် ဤတိုက်တွင် ယာမာမိုတိုနှင့် ဂျပန်ခေတ်တွင် အတူနေခဲ့ကြပြီး ဒုတိယကမ္ဘာစစ်ပြီး၍ လက်နက်ချစစ်သုံ့ပန်းအဖြစ်နှင့် ယာမာမိုတို ဂျပန်ပြည်သို့ပြန်သွားသောကာလတစ်လျှောက်လုံး နေထိုင်ခဲ့သည်၊

သူမအနေနှင့် ဤမြေတိုက်ခန်းထဲတွင် မည်သည့်အဖိုးထိုက် အဖိုးတန်ပစ္စည်းမှ ရှိလိမ့်မည် မထင်ပါချေ၊ တစ်ကြိမ်တစ်ခါက မြေတိုက်ခန်းထဲသို့ စပ်စုလိုသောစိတ်ဖြင့် ဆင်းခဲ့ရာတွင် စွတ်စို

www.burmeseclassic.com

www.burmeseclassic.com



နေသောမျက်နှာကျက်နှင့် နံရံများ ပွထနေသော သမံတလင်း အခင်းကြမ်းပြင်ကိုသာ တွေ့ရသည်။ မြေတိုက်ခန်းထောင့်ဘက်တွင် မြင့်မားသော အဆင့်တစ်နေရာရာ ကွက်ကွက်လေးတွင် ကြွက်သိုက်တစ်သိုက်ရှိသည်၊ ကြွက်ပေါက်စလေးများ၏ တကျီကျီ အော်မြည်သံ ကြားလိုက်ရသောအခါ သူမသည် မြေတိုက်ခန်းထဲမှ မည်သို့တက်လာခဲ့မိသည်ကိုပင် မမှတ်မိလောက်အောင် အလျင်မြန်ဆုံး၊ အသွက်လက်ဆုံးစံချိန်ဖြင့် ပြေးတက်ခဲ့သည်၊ မြေတိုက်ခန်းကိုလည်းအသေပြန်ပိတ်ထားသည်၊ နောက်ထပ် ဆင်းစရာလည်းလုံးဝအကြောင်းမရှိတော့ပါချေ။

ယင်းသို့ အမျှင်မပြတ် တွေးနေသောစိန်ကြည်သည် သူ၏မောင်ဖြစ်သူ ရွှေလှ တိုက်ထဲဝင်လာသည်ကို မြင်လိုက်သောအခါ အထိတ်တလန့်ဖြင့် ပြူးတူးပြဲတဲဖြစ်သွားသည်။

"ငါတို့ကို ကြိုးဖြေပေးစမ်း၊ ငါကနင်သေပြီထင်နေတာ"

အဆီအငေါ်မတည့်သောစကားနှစ်ခွန်းဖြစ်သည်၊ ရွှေလှက ကြိုးဖြေပေးလိုက်ပြီးနောက် -

"ကျွန်တော် - ဒီကိုလာတာ ယာမာမိုတို ဆိုတဲ့ ကင်ပေတိုင်ဂျပန်ကြီး တွေ့ဖို့သက်သက်ပါ။ သူ - အခု ဘယ်မှာရှိလဲ"

စိန်ကြည်က ရှုံးခနဲ အသံဖြင့် နှုတ်ခမ်းပေါ်တွင် လက်ညှိုးကို ကန့်လန့်ဖြတ်ထောင်ပြပြီးနောက် ကြမ်းပြင်ကို လက်ညှိုးညွှန်ပြသည်။

"ဒါဆို သူနဲ့ သူ့ပြိတ္တာကြီး မြေတိုက်ခန်းထဲ ရောက်နေပြီပေါ့ - ဟုတ်လား။ သူတို့ ဘာတွေရှာနေတယ်ထင်လဲ"

ရွှေလှက တိုးတိုးမေးသည်။

"ငါ ဘယ်သိမလဲ၊ သူ - ဂျပန်ခေတ်တုန်းက အဖိုးထိုက် အဖိုးတန် ပစ္စည်းတစ်ခုခု ဖွက်ခဲ့တာလို့ ထင်တာပဲ"

စိန်ကြည်က မရေမရာ ဖြေလိုက်သည်။

☆☆☆

မြေတိုက်ခန်းသည် တိုက်သော ဘက်ရှိ ရေကန်၏ အောက်တည့်တည့်တွင် ရှိနေသောကြောင့် မြေတိုက်ခန်းမျက်နှာကျက်မှရေများ ယိုစိမ့်ထွက်ကနေသည်။ နှစ်ကာလအတန်ကြာခဲ့ပြီဖြစ်သောကြောင့် အင်္ဂတေကိုင်ထားသော



အတွင်းနံရံတို့သည် နူးအိပွယောင်းနေချေပြီ။

"အဲဒီ့အုတ်နံရံထောင့်ကို ထွင်းပြီး သစ်ကနက်သားသေတ္တာပြားပြားလေးတစ်ခု ထည့်မြှုပ်ညှပ်သွင်းထားတယ်။ အပေါ်က အင်္ဂတေနဲ့ သရိုးကိုင်ပြီး ပြန်ပိတ်ထားတာ။ တူးရှင်းနဲ့ ထိုးကော်ကြည့်စမ်းကွာ၊ ရေကန်အောက်မှာဆိုတော့ အင်္ဂတေသရိုးကိုင်ထားတာ သိပ်မာကျစ်နေလိမ့်မယ်မထင်ဘူးကွ"

လောကဦကိုယ်ခန္ဓာ အလွန်တရာကြီးမားကြံ့ခိုင်လွန်းအားကြီးသူတိုင်းကာယအားကိုးကြသူများဖြစ်သောကြောင့်ဦးနှောက်အရှယ်အစားမှာထိုက်သင့်သည်ထက် သေးငယ်နေလေ့ရှိသည်၊ ထို့ကြောင့် မည်သည့်အကြောင်းကိစ္စမဆို တဖောက်ကန်း တစ်ဖွတ်ထိုးလုပ်လေ့လုပ်ထရှိသည်ဟူ၍ ပညာရှင်များက လေ့လာတွေ့ရှိ မှတ်ချက်ချခဲ့ကြသည်။

ထိုမှတ်ချက်သည် အလွန်တရာမှန်ကန်နေသည်ကိုမကြာမီတွေ့ရှိရပေတော့မည်။ ပြိတ္တာကြီးသည် ယာမာမိုတို၏ခိုင်းစေချက်ကိုသာ ပဓာနထား၍ ရှိရှိသမျှ တစ်ကိုယ်လုံးမှ ခွန်အားများကို စုစည်းကာ ဆုပ်ကိုင်ထားသော သံတူးရှင်းထဲသို့ ထည့်သွင်းလိုက်သည့်ပမာ အားရပါးရ တူးရှင်းဖျားဖြင့်အုတ်နံရံစပ်ကြားသို့ တစ်ချက်ပြီးတစ်ချက် အကြိမ်ကြိမ် အဖန်ဖန် ဆောင့်ထိုးနေလေသည်။

နောက်ဆုံးတွင် မြေတိုက်ခန်း၏ မျက်နှာကျက်ထောင့်မှ အစပြု၍ ပဲ့ကျလာသော အင်္ဂတေအစိုင်အခဲကြီးနှင့် တောက်လျှောက်မျက်နှာကျက်တစ်ပြင်လုံး ပြိုကျလာသည်။

ယာမာမိုတိုနှင့် လက်မရွံ့ပါးကွက်သား ပြိတ္တာကြီးတို့နှစ်ယောက်စလုံး အင်္ဂတေအစိုင်အခဲများဖြင့် ဖိသတ်နှစ်မြှုပ်ခြင်းခံရသည့်ပမာ သင်္ဂြိုဟ်ပြီးသားဖြစ်သွားသည်။

သူတို့နှစ်ယောက်စလုံးလူ့လောကကြီးထဲမှ အပြီးတိုင် ထွက်ခွာသွားကြသည်၊ ယင်းသို့ မျက်နှာကျက် အင်္ဂတေအစိုင်အခဲကြီးနှင့် ပူးတွဲတည်ဆောက်ထားခဲ့သောမြေတိုက်ခန်းအုတ်နံရံလေးဖက်လေးတန်စလုံးသည်လည်းအပေါ်မှ ရေကန်၏ရေအလုံးအရင်းတို့အပါအဝင်တစ်ဟုန်ထိုး ဖုံးအုပ်လွှမ်းခြုံလိုက်လေတော့သည်။

www.burmeseclassic.com



ထို အသံဗလံများ ဆူညံကျယ်လောင်စွာ ဖြစ်ပေါ်နေချိန်တွင် အကြီးအကျယ် အံ့အားသင့်နေကြသော စိန်ကြည်၊ ရွှေလှုနှင့် ကျော်ဘတို့သည် သုံးယောက်သားတိုင်ပင်ထားသည့်ပမာ ဝုန်းခနဲ လျှပ်တစ်ပြက် ခုန်ထလိုက်မိကြသည်၊

တစ်ချိန်တည်းမှာပင် သူတို့ တိုက်ကလေး၏ဧည့်ခန်းတွင်းသို့ ရဲစုံထောက်ကျော်မိုးနှင့် သူ၏တွဲဘက် ရဲဆာဂျင်မြင့်သိန်းအောင်တို့သည် လျှပ်တစ်ပြက်ရောက်ရှိလာလေသည်၊

➼ ဆွေမြင့်

### ဒူလာသရေနာ

ဆီးဖြူသီး၊ နနွင်းဥကြီးနှစ်ပါး အမှုန့်ကြိတ်၍စားပါ။ (ဆီးသွားရာ အခါခါ ကိုက်ပြီး အဖြူဖတ်များပါသောရောဂါ)

### ဒူလာသွေးဝမ်းကျ

ဆီးဖြူသီးခြောက်ကို ငါးရှဉ့်သားနှင့် ချက်စားပါ။

### ဒူးခေါင်းကြီးရောဂါ

ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။

### နားကိုက်

ပင်လယ်ကသစ်ပွင့်သတ္တုရည်ကို နားထဲသို့ခတ်ပါ။



# ပင်းနှီရိုက်
# ထူးဆန်းသော စွမ်းရည်ပိုင်ရှင်ကံထူး

www.burmeseclassic.com

www.burmeseclassic.com



**ကုန်းဘောင်**ခေတ် (၁၀) ဆက်မြောက် မင်းတုန်းမင်းလက်ထက်တွင် အပြေးလျင်မြန်သောကြောင့် မင်းတုန်းမင်းကိုယ်တိုင် အံ့ဩအရေးတယူ ပြုရှာရသော သူကြီးတစ်ဦးရှိ၏။ ထရံကာရွာကို အုပ်ချုပ်အပိုင်စားရသဖြင့် "ထရံကာ သူကြီး" ဟု ထင်ရှား၏။

ယင်းသည့်ကလေးသူငယ်အရွယ်ကပင် လူကြီးသူမများက ချီးမွမ်းခံရလောက်အောင်ပင် အပြေးသန်လှသူဖြစ်၏။ မင်းတုန်းမင်း၏ နောင်တော် "ပုဂံမင်း" လက်ထက်၌ကပင် ထရံကာရွာသူကြီးအဖြစ် သူကောင်းပြုခံခဲ့ရသည်။

မင်းတုန်းမင်းတရား လက်ထက် ရောက်ပြန်တော့ ထိုရာထူးနှင့်ပင် အမှုတော် ဆက်လက်ထမ်းစေခဲ့ခြင်းပြန်သည်။ သူ၏ ထူးခြားချက်မှာ လေကဲ့သို့ပင် လျင်မြန်စွာ ပြေးလွှားနိုင်ခြင်းဟူသောထူးကဲသည့်ဝိသေသကြောင့် ထရံကာ သူကြီးဟု ထင်ရှားကျော်စောခြင်း ဖြစ်ရ၏။

မြန်မာလူမျိုးများ၏ စွမ်းရည်ထူး၊ သတ္တိထူး ရှိသူများ ရှိသည် စိတ်ဝင်စားဖွယ် ဖတ်ရှုရမည် . .

ရတနာပုံမြို့တည်နန်းတည်တော်မူသော မင်းတုန်းမင်းတရားသည် ၁၂၁၄ ခုနှစ်၌ နောင်တော် ပုဂံမင်း၏ အရိုက်အရာကို ဆက်ခံပြီးနောက် (၂၆)နှစ်ကာလလုံး သာသနာထွန်းကားပြန့်ပွားရေးနှင့်ပြည်သူတို့၏စီးပွားရေး၊ကြီးပွားရေးတို့ ဆောင်ရွက်ရာတွင် အခါအားလျော်စွာ ကျွမ်းထိုး၊ ချောတိုင်တက်၊ တန်းလျှောက်၊ သိုင်း၊ နပန်း၊ ပြေးပွဲတို့ကို ကျင်းပပြုလုပ်ပေးခဲ့သည်။

ထိုသို့ ပွဲများကျင်းပတိုင်းလည်း ထရံကာလူကြီးကို မည်သူမျှ မမီ၊ ဥပမိရုပ်လည်းကောင်း၊ထောင်ထောင်မောင်းမောင်း၊ အသားအရေသန့်ရှင်းလတ်ဆတ်ခြင်း၊ သျှောင်ထုံး၊ နှုတ်ခမ်းမွေးနှင့်ခန့်ငြားလွန်း၍ ကနောင်မင်းကဲ့သို့ ပုဂ္ဂိုလ်ကအစ စိတ်ဝင်စားခြင်းခံရသူ ဖြစ်၏။ ထူးခြားချက်မှာ နှုတ်ခမ်းမွေးကျင်စွယ်အဖျားကိုသူနားပေါက်ထဲထည့်သွင်းက ကျင်စွယ်အဖျားမှာ နားပေါက်အပြင်ဘက်၌ လက်သုံးသစ်မျှ ရှည်ထွက်၍ ကောက်ရိုတ်နေသည်က ထူးလှချေ၏။

တစ်နေ့သ၌ ...

မင်းတုန်းမင်းတရား၏အမိန့်တော်အရ ထရံကာသူကြီးသည် ရှေ့တော်မှောက်ဝင်ရောက်ခစား၍နေလေသည်။

"မောင်မင်း – ထရံကာသူကြီးမင်း"



"အမိန့်တော်ရှိပါ အရှင်မင်းမြတ်ဘုရား"

"မောင်မင်းသည် လွန်စွာမှ အပြေးသန်လှသည်ဟု ကျော်စောခြင်း ရှိတော်မူလေသည်။ ငါကိုယ်တော်မြတ် အကြိမ်ကြိမ် ကြားသိနေရပေသည်။ သဟာကြောင့် မောင်မင်း၏အစွမ်းကို ငါကိုယ်တော်မြတ် သိလို၍ ငါ၏ စီးတော်မြင်းနှင့် အပြေးပြိုင်ရမည်၏"

ထရံကာသူကြီးအဖို့ ဘေးကြပ်နံကြပ်ဖြစ်မည့်ပုံ၊ မပြိုင်ရဲ၍မဟုတ်၊ မင်းတရားကြီး၏မြင်းကို နိုင်အောင် ပြေးနိုင်စွမ်း၏၊ သို့သော် ဘုရင်၏ မြင်းကို အနိုင်ရအောင် ပြေးပါက နောင်အရှည်မှာ မင်းတို့အမျက်က မအေးဖွယ် အရေးဖြစ်လာနိုင်ချေက မခက်ပါလား။

သို့သော် အမိန့်တော်ဆိုသည်မှာ ဦးထိပ်ပန်ဆင်နေသည့် ဖြစ်၍လည်း မငြင်းဆန်ဝံ့။

ထို့ကြောင့် မင်းတရား၏ မြင်းပေါ်တွင်သူရဲကောင်းမြင်းစီးတစ်ယောက်က စီး၍ ထရံကာသူကြီးက ခြေလျင်ပြေးလျက် ယှဉ်ပြိုင်ကြလေသည်။ ထရံကာသူကြီးမှာ အမြော်အမြင်ကြီးသူ ဖြစ်ရကား နောင်အခါ ဖြစ်လာမည့်အရေးကို တွေးဆလျက် နှိုင်းချင့်ပြေးတန်ပြေး၏၊ လျှော့တန်လျှော့၏၊ နောက်ဆုံးတွင် လက်ရွေးစင် စီးတော်မြင်းကို ကပ်မီရုံလေး ပြေးလိုက်လေတော့၏။ သို့သော် မင်းတရားကြီးက ထရံကာသူကြီး၏ အစွမ်းအစကို သိထားပြီး အတွေးအခေါ်ရှိသူမို့ကြောင်လက်သည်းဝှက်နေသည်ကို ရိပ်စားမိတော်မူသဖြင့် စီးတော်မြင်းနှင့် ယှဉ်ပြိုင်ခြင်း မပြုစေတော့ဘဲ –

"မောင်မင်း – ထရံကာသူကြီး၊ အစွမ်းရှိသမျှ ဒါပဲလား"

"ဘုန်းတော်ကြောင့်မလိမ်ညာဝံ့ပါ။ ကျွန်တော်မျိုးကြီး ကိုဖျင်တစ်လိပ်တော့ မစတော်မူပါ ဘုရား"

ထိုအခါ (၂၃)တောင်ခန့် ရှည်လျားသော ဖျင်လိပ်ကို ပေး၏၊ ဖျင်လိပ်ကို နှစ်တောင်ခန့် မိမိကိုယ်ကို ပတ်စည်း၍ ကျန်သော (၂၁) တောင်ကို နောက်ကျောမှ ချထားပြီးလျှင် ...

ယခု ပြေးပါတော့မည်၊ ရှုစားတော်မူပါ ...

ထရံကာသူကြီးသည်တစ်ပြိုင်နက် ပြေးထွက်လေရာ မင်းတရားနှင့်တကွ မှူးမတ်ဗိုလ်ပုံပရိသတ်မှာ ရင်သပ်ရှုမောဖွယ်ဖြစ်လောက်အောင် ဖျင်တန်းကြီးမှာ လေမှာလွင့်သော ကြိုးတန်းကြီးသဖွယ် တန်းမတ်၍သာ ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အံ့သြဘနန်း ထူးစွမ်းလှချည့်ရဲ့ဟု မြည်တမ်းတကြ၍ ထရံကာသူကြီးအား မင်းတုန်းမင်းတရားကြီးနှင့် နန်းတွင်း ပရိသတ်တို့က ဆုလာဘ်တော်များ ချီးမြှင့်မြှောက်စားကြလေတော့သည်။

မြန်မာ့သူရဲကောင်းလူစွမ်းကောင်းတွေ ဆိုတာ ဟိုးတစ်ချိန်တုန်းက ရှိခဲ့သလို သည်မှာဘက်ခေတ်မှာလည်း ရှိကြပါလေသည်။ မြန်မာ့သူရဲကောင်း၊ လူစွမ်းကောင်းတွေဟာ ကမ္ဘာမှာ ယှဉ်နိုင်သည့် အဆင့်အတန်းရှိသလို သူရဲဘောမကြောင်၊ သတ္တိသွေးကားစွေးစွေး နီရဲ၏။

ဤသို့ ဤနယ် ထူးခြားသော စွမ်းရည် ပိုင်ဆိုင်ထားကြသူများကို ရှာဖွေတင်ပြရမည်ဆိုပါလျှင် ကျွန်ုပ် မြေလတ်မြို့လေးတစ်မြို့တွင် ကြုံတွေ့ခဲ့ရသော ကိုကံထူးလို ပုဂ္ဂိုလ်မျိုးအကြောင်းအား ရေးသားတင်ပြအပ်ပါသည်။

☆☆☆

**ထူးခြားသော ကိုကံထူး**

အမည်က ထူးခြားသလို လူပုံကလည်း ထူးဆန်းလှ၏။

ကျွန်ုပ်သည် ၁၉၉၅ - ခုနှစ်တွင် ဌာနဆိုင်ရာ လုပ်ငန်းဖြင့် ပင်လယ်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ မြေလတ်မြို့တစ်မြို့သို့ သွားရောက်တာဝန် ထမ်းဆောင်ခဲ့ရပါသည်။

မြေလတ်မြို့တွင် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်သား။ ကျွန်ုပ်ထက် အသက်အရွယ်ကြီးရင့်သော အညာသားကြီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ပြီးလျှင် ကျွန်ုပ်ကလည်းမိခင်ဌာနလုပ်ငန်းတာဝန်ဖြင့်အထက်အညာဒေသနှင့် ဧရာဝတီမြစ်ရိုးကိုစုန်ဆန်သွားလာနေခဲ့ရာမှ ကျွန်ုပ်၏ မိတ်ဆွေကြီးမှ ထူးဆန်းသောအကြောင်းအရာ ဂမ္ဘီရသဘောဆန်သော ဖြစ်ရပ်များကို ပြောပြခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီး၏ အမည်သည် ဦးစောအောင်ဖြစ်ပြီး စလင်းမြို့နယ် ကန်ပေါင်အနောက် ငါးလင်ပန်းကျေးရွာသားတစ်ယောက် ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေကြီးသည်ကျွန်ုပ်အား သူ၏ ဘဝတစ်လျှောက် ကြုံဆုံခဲ့ရပုံများကို အမှတ်တရပြောပြလေ့ရှိပြီး ယခုဆိုလျှင် အသက်အားဖြင့် (၇၉) နှစ်ရှိပြီး ကျွန်ုပ်ထက် အတွေ့အကြုံများသူ ဘဝ လောကဓံတရားများကို ကြုံကြုံခံ



ရင်ဆိုင်ခဲ့ရသူလည်းဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီးတွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်းသည် ယနေ့ခေတ် အလိုအရဆန့်ကျင်ဖွယ်ရာဟု ထင်မှတ်ရသော်လည်း ထိုစဉ်က ခေတ်အခြေအနေအရလည်းကောင်း ဂမ္ဘီရပညာရပ်များကဲ့သို့ လျှို့ဝှက်မှုများနှင့် ရောထွေးကာ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတစ်ခုကို လေ့လာရှာဖွေ၍ တင်ပြခဲ့ရပါသည်။

အချိန်က ၁၉၃၅ လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်က ဖြစ်၏။ မကွေးတိုင်း၊ မင်းဘူးခရိုင်၊စလင်းမြို့နယ်တွင်ကျေးရွာအုပ်စုပေါင်း(၁၀၈) အုပ်စုရှိသည့်အနက် ပေါက်မရွာသည်လည်း အပါအဝင်ဖြစ်သလိုထိုပေါက်မရွာသည်ပင်အုပ်စု (၃) စု ခွဲခြားထားပါသေးသည်။ ထိုပေါက်မရွာတွင် ကိုကံထူးဆိုလျှင် ထိုနယ်တစ်ကြောတွင် မသိသူမရှိ၊ အဘယ်ကြောင့်ဆိုသော် ကိုကံထူးဆိုသည့်အတိုင်းသူ၏ ထူးခြားဆန်းကြယ်မှုက ကံထူးဆိုသည့် ဂုဏ်ပုဒ်ကိုပင် ထပ်ဆင့်၍ကျော်စောစေသည့် ဝိသေသအမှန်းရှိ၍ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ကံထူးကို မိခင်ဖြစ်သူ မွေးဖွားခဲ့စဉ်က ထူးခြားစွာ သူတို့ အညာအရပ်ဒေသ "ပေါက်မ" ရွာတွင် အချိန်အခါမဟုတ် မိုးရွာသွန်း၍ လျှပ်စီးလျှပ်နွယ်များ ဝင်းလက်ခဲ့၏။ အနီးအနားတောတွင် တောတက်နေသည့်ဖခင်ဖြစ်သူ၏နွားတစ်ရှဉ်းကသော လှည်းရပ်ထားသည့် ငါးရုံများမှ ငါးများ သူ့အလိုလို ဝေါခနဲ အသံပေး၍ ပြိုလဲယိမ်းယိုင်ကြ၏။ ဤသို့ ကံထူး၏ ငယ်ဘဝသည် ထူးခြားမှုနှင့် အစပျိုးလာခဲ့သည်။

"စောအောင်ရေ - ဟေ့စောအောင် မနိုးသေးဘူးလားဟ"

"နိုးပါပြီ - အရီးရဲ့"

(ဦးလေး၊ ဘကြီးကို အညာအခေါ်)

"နွားမတောင်တက် ခါနီး ထမင်းကြမ်း လွေးနေတာ၊ လှည်းပေါ်တော့ ရိက္ခာခြောက် အကုန်တင်ပြီး အရီးတို့ အလာစောင့်နေတာ စောအောင်ရယ်၊ ရိက္ခာခြောက်တွေ ဘာတွေ မလိုပါဘူး။

တို့တောတက်မှာက ကြာလှ (၃) ရက်ပေါ့၊ မင်းလည်း တောတက်ပါဦး။ ပေါက်မလယ်က ကံထူးကို (၃) ရက်စာ တစ်ထိုင်တည်း လွေးနေတာလားကွ၊ ကံထူးဆိုလို့ အရီးရယ်၊ ကျုပ်တို့နဲ့က အသက်အရွယ်ချင်း ကွာလှတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကိုကံထူးအကြောင်းကို အဘကလည်း မကြာခဏ ပြောတယ်။ အမကလည်း ပြောတယ်၊ အခု အရီးလေးက ပြောနေပြန်တော့ ကိုကံထူးမှာ ထူးခြားမှုကတော့ တစ်စုံတစ်ခု ရှိနေလို့နဲ့ တူတယ် – အရီးရယ်”

“ဟ – ထူးဆိုလို့ ဒီကံထူးဟာ တော်တော်ထူးတဲ့ကောင်ကွ။ ငါတို့နဲ့ သက်တူရွယ်တူ သူက ပေါက်မလယ်ရွာဘက်က ငါတို့က ငါးလင်ပန်းရွာသားဆိုပေမယ့် အညာမှာ ရွာတွေက တစ်ဆက်တည်းလိုလို ဖြစ်နေတော့ တစ်ရွာအကြောင်း တစ်ရွာက သိနေတာ မဆန်းလှဘူး။ ကိုယ်ကသာ မသိပေမဲ့ တို့နိုင်ငံမှာလည်း လူထူးလူဆန်း လူသန် လူစွမ်းကောင်းတွေဆိုတာမှ ရှိပေ့ါကွယ်။

ဘယ်လို လူထူးလူဆန်း လူသန် လူစွမ်းကောင်းတွေလဲ အရီးရဲ့။ ဟိုး – ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ဗျတ်ဝိဗျတ္တ ဆိုတဲ့ လူစွမ်းကောင်း၊ ကျန်စစ်သား၊ ငါးလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ငထွေးရူး မင်းလက်ဝါး၊ ထရံကာ သူကြီးရမန်ငထွေးတို့ဆိုတာရေအောက်မှာ မိကျောင်းနဲ့ လုံးထွေးသတ်ပုတ်ပြီး စွမ်းတဲ့ သူရဲကောင်းတွေ။ ကိုယ်မသိတဲ့



အမဲနံ့ရလို့ပြီး တောထဲမှ ကျားတစ်ကောင်မှ ကံထူးတို့ လှည်းနောက်မှ ထက်ကြွစ်မကျွ လိုက်လာ၏။ ကျား၏အနံ့ကို ရသဖြင့် ကံထူး၏ နွားတစ်ရှဉ်းမှာ ဝနာမငြိမ် ဖြစ်လာခဲ့ပြီး တရှူးရှူး တရှဲရှဲ အသံထွက်ကာ ဘေးဘီကို ကြည့်၍ ခြေလှမ်းများ နှေးကွေး လာသဖြင့် ကံထူးက မသင်္ကာဖြစ်လာပြီး ထော်ဝန်းကျင်သို့ လှမ်းကြည့်စဉ်နေစဉ် ...



တိုင်းရင်းသားလူစွမ်းကောင်းတွေလည်း ရှိပ့ါမောင်။ ကိုကံထူးက ဒီဘက်ခေတ်ရဲ့ လူထူးဆန်းလို့ အရီး ပြောချင်တာလား”

ဟုတ်ပ့ါ – မောင်ရင်ရယ်။ ငါတွေ့ဖူးခဲ့တဲ့ လူတွေထဲမှာတော့ ကံထူးဟာ ထူးလည်း ထူးတယ်၊ ဆန်းတဲ့ကောင်ကွယ်။

ဒါဆိုရင် အရီးလေးတွေ့ကြုံခဲ့ရတယ်။ ဦးကံထူးအကြောင်း ပြောပြဗျာ။ ကံထူးဆိုသည်မှာ ထူးလွန်းလှတယ်ကွယ့်ဟု အစချီ၍ ဤသို့ ပြောပြခဲ့ပါလေသည်။

☆☆☆

မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ပေါက်မရွာသားဖြစ်သူ ကိုကံထူးသည် လွန်စွာ ထူးခြားလှပေသည်။

သူများထက် ထူးခြားလှသောကိုယ်ခန္ဓာကာယကို ပိုင်ဆိုင်သူဖြစ်၍ ရင်အုပ်ကားကားအရပ်အမောင်းထောင်ထောင်မောင်းမောင်း၊ အသားညိုလူညိုထွားကြီးဖြစ်သည်၊ မည်သူနှင့်ပဲ ယှဉ်ယှဉ် ကံထူးကို တစ်မူထူးစွာ တွေ့နေရ၏။

အနေဆန်းသလောက်လူကလည်း ဆန်းလှ၏။ အဘယ်ကြောင့်ဆိုသော် ကံထူး တောတက်တော့မည်ဆိုလျှင် ထင်းတိုက်ဝါးခုတ်တော့မည် ဆိုပါလျှင် ...

ဒီတောဒီတောင်ကိုကံထူးကဘယ်နှစ်ရက် ကြာမည်၊ ရိက္ခာဘယ်လောက်လိုမည်၊ ရေမည်မျှလိုမည်ဆိုတာ သူ့အာရုံတွင် သိနေတတ်၏။

ထို့ကြောင့် (၅) ရက်တန်သည့်ခရီးကို (၅) ရက်စာ ထမင်းနှင့် ရေကို တစ်ထိုင်တည်း အပြီးဆုံးဆောင်၏။

(၇) ရက်တန်သည့်တောကို (၇) ရက်စာ ရေနှင့် ထမင်းဟင်းကို တစ်ထိုင်တည်း သုံးဆောင်ပြီးမှ နွားနှစ်ရှဉ်းကသော လှည်းနှင့် တောတက်လေတော့သည်။

သူ သတ်မှတ်ထားသည့် ရက်အတွင်း တောတက်ထမ်းတိုက်ပြီးမှ ထမင်းမစား၊ ရေမသောက်ဘဲ ရွာသို့ပြန်၏။ ထို့နောက် ရွာရောက်မှ ပုံမှန် ထမင်းတစ်နပ်နှင့် ရေကိုသောက်သုံးလေ၏။ ဤသို့သော ထူးခြားမှုနှင့် ပြည့်စုံသော မြန်မာလူမျိုး ကံထူးဖြစ်လေ၏။

မြန်မာလူမျိုးတို့၏သူရဲကောင်းတွေဆိုတာ ရှေးဘုရင်မင်းမြတ် လက်ထက်က တင်မက ယနေ့ခေတ်တွင် ကံထူးလို

www.burmeseclassic.com

www.burmeseclassic.com



လူစားမျိုးတွေ ပေါ်ထွက်လာပါသေး သည်။

သို့သော် - ကံထူး၏စွမ်းရည်မှာဤ လောက်နှင့်မပြီးသေးပါ။ တစ်နေ့ကံထူး တောတက်၍ပြန်အလာ လှည်းပေါ်တွင် ဝါးသစ်များနှင့်တင်၍ တောင်ပေါ်က အဆင်းတွင် ပါလာသော ဝါးလုံးက (၁၀၀)။ သို့သော် ကံထူး၏ နွားများက အမဲတင်သောလှည်းဖြစ်၍အမဲနံ့ရရှိပြီး တောထဲမှကျားတစ်ကောင်ကကံထူးတို့ လှည်းနောက်သို့ထက်ကြပ်မကွာလိုက် လာ၏။ ကျား၏အနံ့ကိုရသဖြင့်ကံထူး၏ နွားတစ်ရှဉ်းမှာ ဂနာမငြိမ် ဖြစ်လာခဲ့ပြီး တရှုးရှုး တရှဲရှဲ အသံထွက်က ဒေါသဘီ ကို ကြည့်၍ ခြေလှမ်းများ နေးကွေးလာ သဖြင့် ကံထူးက မသင်္ကာဖြစ်လာပြီး ပတ်ဝန်းကျင်သို့ လှေ့လာစူးစမ်းနေစဉ်

"ဂရောင်း - ဂရူး - ဂရောင်း - ဝေါင်း - ဝမ်းဘဲ - ဝမ်းဘဲ"

အသံများကြား၍ လှည်းဆီ ကံထူး ပြန်လာသောအခါတွင် သူ၏ နွားတစ် ကောင် မရှိတော့ ကျားဆွဲသွားလေပြီ။ နွားလှည်းမှာလည်း တခြမ်းစောင်းလုံ လျက်ရှိသဖြင့် ကံထူးသည် နောက်ဆုံး တွင် လစ်လပ်နေသော သူ၏ နွားတစ် ကောင်နေရာတွင် သူကိုယ်တိုင် ထမ်းပိုး ဝင်ထမ်းပြီးရွာအရောက်နွားတစ်ကောင် နှင့်လူဆွဲသောလှည်းဖြင့်ပြန်လာခဲ့သော လူစားမျိုးဖြစ်လေသည်။

ကံထူး၏ ထူးခြားမှုများက ပေါက်မ ရွာတစ်ခွင်တွင် ပြော၍မဆုံးအောင် တစ် နေ့တခြား သတင်းကြီး၍ လာပါတော့ သည်။ လူများနှင့်မတူသော ခွန်အားဗလ နှင့် ထူးခြားသော စွမ်းရည်များကြောင့် ထိုအချိန်က ကံထူး၏ သတင်းကိုကြား သော သူကြီးများနှင့် လေးရွာသူကြီး၊ ကိုး ရွာသူကြီးများမှာ တစ်နေ့ ကံထူးမှ ထကြွ ပုန်ကန်ခဲ့သော် မခက်လား။ အစိုးရိမ်ပို ကာကံထူးကဲ့သို့လူစွမ်းလူစတစ်ယောက် ရှိသူကိုမင်းတို့၏ပရိယာယ်နှင့်မှုးလျက် ထန်းတောထဲတွင် ထန်းရည်အမူးတိုက် ကာ ကံထူး၏ သူငယ်ချင်းတဲတွင် သွား ရောက်ထားခဲ့လေသည်။

ကံထူးကံကြမ္မာ ဝင်လေပြီ၊ ထန်း ရည်မူးပြီး ကံထူး ညအိပ်ခဲ့သော တဲတွင် သူငယ်ချင်း၏ ညီမငယ်နှင့် ကံထူး မှောက်မှားပြီးနောက် မနက်မိုးလင်း သော်စိတ်ညစ်ညစ်နှင့်ကံထူးထန်းတော ထဲတွင် ထန်းရည်သောက်ပြီး မူးနေခိုက် ကံထူးအား သူကြီး၏ တပည့်များက ဖိုး



လုပ် (လုပ်သေနတ်)ဖြင့် လုပ်ကြံခဲ့၍ ကံထူး သေဆုံးခဲ့လေတော့၏။ ဤသို့ ဖြင့် တစ်ခေတ်တစ်ခါက မယုံကြည်နိုင် ဖွယ်ရာ ထူးခြားမှုများ သတ္တိစွမ်းပကား ရှင် တစ်ယောက်မှာ ပဒေသရာဇ် စံနစ် ဆိုးတစ်ခု၏ လုပ်ကြံမှုအောက်တွင် မရှ မလှ သေဆုံးသွားရသည်မှာ သံဝေဂ ရဖွယ် နမြောတသဖွယ်ပင် မဟုတ်ပါ လား ...။

(စလင်းမောင်တမ်းတ၏ဖြစ်ရပ်မှန် ကိုပြန်လည်ရေးဖွဲ့ပါသည်)

➽ မင်းနန္ဒရိန်

ဆံ ဆို့ နာ

တမာခေါက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး တစ်ကျပ်သားစီ ကြိတ်၍ ကွမ်းရွက်တွင် သင့်ရုံထည့်ပြီး ငုံပေးပါ။ သခေါ်ဘသီးအစိမ်းကို လက်သုပ်လုပ်စားပါ။ အခွံ ကို လှီးမပစ်ရပါ။ သို့မဟုတ် သခေါ်ဘသီးစိမ်း သင့်လျော် ရုံမျှအခွံပါလှီးပြီး ဆားထည့် ၍မီးဖုတ်၊ ပြာကျလျှင်ညက် စွာ ထောင်း၍ မကြာခဏ လျက်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

လယ်ယာမြေကို မှီခိုပြီး
ကြီးပြင်းလာရသူသည်
လယ်မြေကို ချစ်ရမည်၊
လယ်မြေသည် ကျေးရွာရှင်သန်မှုနှင့်
သဘောမပေါက်ပဲ လယ်ယာမြေကို
ဖျက်ဆီးမည်ဆိုလျှင် ..

**ကိုဖိုးလုံး** အရက်ဖို[illegible] လူတွေက စည်စည်ကားကား၊ အချို့က အိမ်ထဲရှိ စားပွဲပေါ်မှာ၊ အချို့က ခုတင်ပေါ်မှာ၊ အချို့က အိမ်အနောက်ဘက် စောင်းတဲထဲမှာ ကိုယ့်လူနှင့်ကိုယ်၊ ကိုယ့်အဖွဲ့နှင့်ကိုယ်၊ မိမိမိတ်နှင့်မိမိ၊ စကားပြောကြ၊ ရယ်ကြ မောကြ၊ အာသွက်လျှာသွက်နှင့် နှုတ်သွက်လက်သွက် ဖြစ်နေပြီ။





www.burmeseclassic.com

www.burmeseclassic.com


တင်အောင်တို့က ကိုဖိုးလုံး၏ အိမ်တောင်ဘက် မာလကာပင်အောက်ဝယ် တောအဖြူတစ်လုံးနှင့် မြိန့်နေသည်။ ပုလင်းထဲမှာ အရက်တစ်ဝက်သာ ကျန်တော့သည်။ အမြည်းက ဇီးဖြူသီး (ဆီးဖြူသီး) ဆားရည်စိမ်ကို လက်ဖက်ရည်ပန်းကန်ထဲ ထည့်ပေးထားသည်မို့ ဖန်ခါးခါး ဆီးဖြူသီးအခြမ်းကိုကိုက်ရင်းအရက်သောက်ရသည်က အရသာအပြည့်၊ စည်းစိမ်အပြည့်။

မိမိရှေ့ရှိ ဖန်ခွက်ထဲက အရက်ကို မော့သည်။ "ဟား" ခနဲ အရက်ငွေ့များကို ပါးစပ်ဟပြီး ထုတ်ပစ်ကာ ဆီးဖြူသီးတစ်ခြမ်းကို ဝါးသည်။ ပြီး - မိမိရှေ့က ဖိုးတင်ကို ပြုံးစေ့စေ့ကြည့်သည်။ တင်အောင်ရှေ့က ဖန်ခွက်ထဲသို့ ဖိုးတင်က ပုလင်းကို ငှဲ့ပေးရင်း -

"ထပ်ချကွာ"

ဟူသောသဘောနှင့် မေးငေါ့ပြသည်။ ပြီး - ဖိုးတင်ကိုယ်၌က သူ့ရှေ့က ဖန်ခွက်ထဲက အရက်များကို ပွတ်ခနဲ မြည်သည်အထိ မော့သည်။

"မင်း စဉ်းစားကွာ၊ ငါတော့ မင်းတို့ နွားကို ရောင်းစေချင်တယ်၊ အဲ - ရောင်းရင်လဲ ဘယ်သူ့ဆီမှမရောက်စေချင်ဘူး၊ ငါ့ဆီပဲ ရောင်း၊ သူများပေးတဲ့ကြေး ပေးမယ်ကွာ"

ဖိုးတင်က တင်အောင်ကို စူးစူးရဲရဲ ကြည့်ရင်းပြောသည်၊ တင်အောင်က ဆီးဖြူသီးခြမ်းကို ကိုက်စားရင်း ပြုံးကာ ခပ်တွေတွေ စဉ်းစားသည်။

"အင်း - ငါ့အနေနဲ့ ဆိုရင်တော့ ရောင်းပြီးတာ ကြာပြီကွ။ ကိုကြီးတင်မောင်နဲ့ အဖေက တားနေ၊ နှမြောနေလို့၊ သူတို့က ဒီရွှေသွေးအပေါ်ကို အတော် သံယောဇဉ်ကြီးတာကွ။ အင်းလေ၊ ရောင်းဖြစ်ရင်တော့ မင်းဆီပဲ ရောက်ရစေမယ်"

"မင်းကလည်းကွာ - ရောင်းဖြစ်ရင် ဆိုတာ သေချာတဲ့စကားမှ မဟုတ်တာ။ ရောင်းဖြစ်အောင် ရောင်းမယ်၊ သေချာပေါက် ရောင်းမယ်ဆိုတဲ့စကားမျိုး လုပ်စမ်းပါကွာ"

"ငါပြောပြီးပြီကွာ၊ ငါ့ဆန္ဒအရဆိုရင် အိုကေမှာ ဆိုက်နေပြီ"

တင်အောင်တို့အိမ်က ခြံပေါက်နွား (အိမ်တွင်ကျသောနွား) ရွှေသွေးကို ရောင်းရေး မရောင်းရေးနှင့် စကားပြောရင်းအရက်သောက်ရင်းအရက်တစ်လုံး ကုန်သွားပေပြီ၊ ဖိုးတင်က အရက်တစ်



လုံး ထပ်မှာသည်၊ ဆက်သောက်ကြသည်။

"သောက်ကွာ - တင်အောင်၊ ဒီကနေ့ ငါ့တာဝန်၊ ကြိုက်သလောက် သောက်"

ရယ်သံအက်အက်နှင့် ပြောရင်းဖန်ခွက်တွေထဲ အပြည့်ငှဲ့သူက ဖိုးတင်။ တကယ်တော့ အရက်တိုက်ရင်း အလိုလိုက် အကြိုက်ဆောင်နေခြင်းပင်၊ ထောင်မြင်လို့ရာစွန့်နေခြင်း။ ဒါဖိုးတင်၏ အတွင်းစိတ်၊ တင်အောင့်အလိုကိုလိုက်လျောရင်းနှင့် အကြိုက်ဆောင်ကာ တင်အောင့်အိမ်က ရွှေသွေးဟူသော နွားကိုအရယူရန်ကြံနေခြင်းဆိုသည်ကို တင်အောင်မသိ၊ ဖိုးတင်၏အတွင်းစိတ် ကောက်ကျစ်နေပုံကို မသိသော တင်အောင်သည် အရက်ကိုသာ အာရုံခံရင်း ရှိနေသည်။

ရွှေသွေးအတွက် အရင် ရက်တွေကတည်းက ပြောထားပြီးသား။ တောထဲမှာ ထွန်သည့်ယာနှင့် ထယ်ထိုးသည့်ယာအထိ လိုက်ပြီး ကပ်ပြောခဲ့သည်။ တောထဲမှာပြောသလို အိမ်မှာလည်း တင်အောင့်ကို ပြောသည်၊ ပြီး - အရက်မှာဆို ပိုပြီးဆိုးသည်၊ တင်အောင်နှင့် တွေ့တိုင်း ဖိုးတင်ရဲ့စကားက ရွှေသွေး အကြောင်းမပါလျှင် မပြီး။ တွေ့တိုင်းပြော၊ နေ့တိုင်းပြောသည်မို့ကြားရသည့် တင်အောင်ပင် နားကြားပြင်းကတ်လာပြီ၊ ရွှေသွေးကို အသေအလဲကြိုက်နေသည့်ဖိုးတင်စကားတွေကြောင့်ရွှေသွေး အတွက် ဂုဏ်ယူနေမိပြန်သည်။

သည်တော့ ပေးသည့် ဈေးနှင့် ရောင်းသာပစ်လိုက်ချင်သည်၊ ရွှေသွေးကို လိုချင်သူတွေက ဒုနှင့်ဒေး။ မိမိရွာမှာသာမဟုတ်၊ အခြားရွာများကပါ -

"ကြေးကြီးပေးမယ်၊ ရောင်းပါ၊ ကြိုက်ဈေးပြော၊ ပေးပါ"

နှင့် ငွေအိတ်လွယ်ပြီး လိုက်လာသည့် နွားပွဲစားတွေက များလှပြီ၊ အဲ - ခက်သည်က အဖေနှင့် အစ်ကို တင်မောင်က လုံးဝမရောင်းလိုခြင်းပင်၊ အဖေရော၊ အစ်ကိုပါ အမျိုးမျိုး တောင်းခဲ့သည်၊ ပြောဆိုခဲ့သည်။

"ဒီနွားကိုတော့ သားရေဖင်ထိုင် (သရေဖင်ထိုင်)ထားမယ်ကွာ"

ဟု အဖေနှင့် အစ်ကိုက ယတိပြတ် ပြောခဲ့သည်၊ သရေဖင်ထိုင်ဆိုသည်က အခြားဝယ်လက်မရောင်းဘဲအိမ်မှာခိုင်း၊ အိမ်မှာ အသေခံပြီး ကိုယ်ခြံနွားက နွားသားရေချပ်ကိုယူပြီး သိမ်းထားမည်ဆိုသည့် သဘော၊ အဆုံးပြောရလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးသားရေရှုပ်ကိုပင်အမြတ်တနိုး ထားမည်ဆိုသည့်သဘော၊ သိမ်းဆည်း ထားမည်၊ အမှတ်တရဖြစ်စေရမည့် သဘော။

နေစောင်းတော့ လူခွဲ ပြန်ခဲ့ကြ သည်။ ရိဝေဝေနှင့်နောက်ကျိကျိဖြစ်နေ ရင်းမှ ဖိုးတင်ကို နှုတ်ဆက်ပြန်သည်။ ဖိုးတင်ကတော့ ရွှေသွေးအကြောင်းကို အပ်ကြောင်းထပ်အောင်ပြောရင်း ပြန် သွားသည်။ တင်အောင် အိမ်ထဲရောက် တော့အစ်ကိုဖြစ်သူက နွားများကိုဖုန်ခါ ပေးနေသည်။ ဂုန်နီအိတ်အစုတ်နှင့် တဖုန်းဖုန်းတဖျန်းဖျန်းအသံမြည်အောင် ပုတ်ခါပေးလိုက်၊ လက်နှင့်သပ်ရင်း စုပ် သပ်လိုက်နှင့်။ ခြော် – နွားတွေအပေါ် အတော်သံယောဇဉ်ကြီးတဲ့ အစ်ကို။ အစ်ကို့လုပ်ရပ်ကိုကြည့်ရင်းတင်အောင် တစ်ယောက်ပြုံးရင်းရှိနေသည်။

☆☆☆

ရွာဦးကျောင်းက ဆယ်နာရီ တုံး မောင်းခေါက်သံကြားရသည်။ ထိုအချိန် ထိ တင်မောင် အိပ်မပျော်။ ဘယ်ယာကို ဘယ်သီးနှံ ကြဲမည်၊ ဘယ်သီးနှံက ဈေး ကောင်းသည် စသည့်အကြောင်းများ တွေးရင်းရှိသည်။ သဲတောကိုနှမ်း၊ ပဲစင်း

ငုံ၊ မတ်ပဲ၊ ပဲနတော်ကြဲဖို့ စိတ်စဉ်ပြီးပြီ။ တ… နယ်မြေများကိုတော့ ဂျုံ၊ ပြောင်း၊ … နေကြာကြဲမည်။ ဒါ ဖခင်ဖြစ်သူနှင့် တို… ပင်ပြီးသား။ အဲ – ညီဖြစ်သူ တင်အော… နှင့်တိုင်ပင်လို့မဖြစ်။ ဒီကောင်ကအရေ… သမား၊ ဖဲသမား၊ မိန်းမလိုက်တတ်သူ… လုပ်ငန်းကိုစိတ်ဝင်စားသည့်အကော… မဟုတ်၊ ဟိုယောင်ယောင် ဒီယော… ယောင်နှင့် အီးယောင်ဝါးလုပ်နေသည်…



အတင်း – တွက်ရေးတာ စက် သူဌေး
တွက်ကြည့်တော့ စက်မရှိဆိုတဲ့ အကောင်…
မြတ်ဦးနောက်လေးနဲ့တွေး ပုရွက်ဆိတ်
ပွေးလောက်နဲ့ ဘဝင်ကိုက်တဲ့အကောင်…
လယ်ယာမြေက တွေးနေတာကို
လယ်ယာမြေကို ချစ်ရမှန်းမသိ၊
အသက်သခင်တွေးနေရင် နွားတွေကို
တွေးရမှန်းမသိတဲ့အကောင်။



အကောင်။ ယာထွန်ဖို့စိတ်မပါသလို နွား ကျွေးဖို့လည်းစိတ်မကူးသည့်အကောင်။ လက်ကြောမတင်း၊ အချိန်ပြည့် ကျော ခင်းပြီး အရက်ဖိုနှင့် လောင်းကစားဝိုင်း မှာသာ အချိန်ကုန်နေသည့်အကောင်။

တကယ်တော့ – တင်မောင်တို့ မိသားစုသည် မိသားစုလေးဦးသာရှိ သည်။ တင်မောင်ကအကြီး၊ တင်အောင် က အငယ်။ တစ်နှစ်ကြီး တစ်နှစ်ငယ် အရွယ်ဆိုပေမယ့်ကိုယ်လုံးကိုယ်ပေါက် က တင်မောင်ထက် ထွားကြိုင်းသူက တင်အောင်၊ တင်အောင့်အသက်က (၂၄)နှစ်၊ တင်မောင့်အသက်က (၂၅) နှစ်။ အရပ်အမောင်းအတူတွေ၊ အဖေ နှင့် အမေ့အသက်က ခြောက်ဆယ်နား ကပ်နေပြီ။ လူကြီးပိုင်းဝင်လို့ တောထဲ တောင်ထဲ မထွက်နိုင်တော့။

အဖေ့တာဝန်က ထွန်ချိန်ထွန်၊ ယက်ချိန်ယက်၊ အလုပ်ကို ပြီးအောင် လုပ်ကြဖို့၊ သူ့အချိန်နဲ့သူ ထွန်ယက်ဖို့၊ ပြီး ဘယ်အချိန် ဘယ်မျိုးကြဲ၊ ဘယ်ယာ ဘယ်သစ်စေ့ကြဲစသည့်အဓိကအချက် များ ညွှန်ကြားရုံသာ ဖြစ်တော့သည်။ အဖေကစီစဉ်ပေး၊ တင်မောင်က အဖေ့ သဘောကျ ထွန်၊ ကြဲ၊ ရိတ်၊ သိမ်း လုပ်ရ သည်၊ တင်အောင်ကတော့ ထွန်သည့် ယက်သည့်ဆီ လိုက်ရပေမယ့် ခရေစေ့ တွင်းကျမလေ့လာ၊ ကောင်းကောင်းစား ရဖို့၊ ကြော့နေအောင်ဝတ်ရဖို့ပြီး – ညနေ စောင်းလျှင်ယမကာမှိုဝဲဖို့ဒါတင်အောင့် အလုပ်။

ဟိုယခင်ကတော့ တင်အောင် အရက်သောက်တာ၊ ထန်းရည်မူးလာ တာ၊ ဖဲရိုက်၊ ကြက်တိုက်တာကို ကြိမ် (နွားရိုက်ကြိမ်)နှင့် ဆုံးမဖူးသည်။ ရိုက် တုန်းသာ –

“ဟုတ်ကဲ့ – နောက် မလုပ်တော့ပါ ဘူး”

ဟု ပြောပေမယ့် မိဘကွယ်ရာမှာ တော့ထင်ရာလုပ်တတ်သည့်အကောင်၊ ခွေးမြီးကောက် ကျည်တောက်စွပ်ပုံစံ မျိုး။ ပြန်မပြောနားမထောင်သည့်လူစား၊ အဖေက အမြင်မတော်လို့ ရိုက်လို့က တော့ရိုက်စမ်း၊ မျက်ရည်မကျ၊ အံကြိတ် ပြီး ခံနေတဲ့အကောင်။ တုတ်ပြီး ဓားပြီး ဆေး ပါသလားမသိ၊ အတော် အရိုက်ခံ နိုင်သည့်အကောင်။

အဲ – လွန်ခဲ့သည့်သုံးနှစ်လောက် က တင်အောင်အရက်သောက်လို့ဆိုပြီး အရက်ဝိုင်းမှာ အခေါ်သွားခဲ့ဖူးသည်။ တစ်ဦးနှင့်တစ်ဦး လက်သီးချင်းယှဉ်ပိုး ခဲ့ရသည့် အဖြစ်မျိုးနှင့် ကြုံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တင်အောင်နှင့် အရက်သောက်တတ်သူက ဖိုးတင်၊ ဒီကောင် ဖိုးတင်နှင့် အမြဲသောက်တတ်သည်၊ ဖိုးတင်၏မိဘများနှင့် တင်မောင်တို့မိဘများက အဆင်မပြေကြ၊ စီးပွားပြိုင်ဘက်တွေ၊ အရာရာပြိုင်ဘက်၊

အရက်သောက်ရင်း ဖိုးထင်က တင်အောင်ကိုမြှောက်ပေးသည်၊ အစွန်နှင့်မသည်၊ အဆင်းဘီးတစ်ပေးသည်၊ ညီအစ်ကိုအရင်းချင်း သွေးခွဲပေးသည်၊ ဖိုးထင်၏ မကောင်းသောအကြံ၊ မကောင်းသော စိတ်ယုတ်၊ စိတ်ပုပ်များကို သိပါသည်၊ သိလို့ တားပြန်တော့လည်း မရ၊ အစ်ကိုကို ရန်သူထင်ပြီး ရန်မူသည်က တင်အောင်၊

သည်တော့ တင်မောင်အနေနှင့် ဘာမှမပြောတော့၊ ညီမိုက်နှင့် တုဖက်ပြီး မဆိုးချင်တော့၊ သူ့လမ်းနှင့်သူ သွားလိမ့်မည်ဟု လွှတ်ထားလိုက်တော့သည်၊

"အင်း - အစ်ကိုကြီး အဖရာ ထားရမယ်ဆိုတဲ့စိတ် မရှိတဲ့အကောင်၊ ဒင်းထိုက်နဲ့ ဒင်းပဲ ခံရမှာ၊ မင်းက ခွာရည်တူတော့ပြိုင်ပြီပေါ့"

ဟုသာ စိတ်ထဲတွေးရင်း ဥပေက္ခာပြုခဲ့သည်က ယနေ့ထက်ထိ၊ အဖေကလည်း အသက်က ကြီး၊ တရားဘက်လိုက်နေပြီမို့စိတ်လျှော့ခဲ့ပြီ၊ တင်အောင်ကို မဆူမဆဲ မရိုက်တော့၊ နှုတ်ချိုဆေးတစ်ပါးဆိုသလိုအနုနည်းအပျော့ဆွဲနှင့် သာသာနှင့် နာ်နာနက်သည့်စကားမျိုးများနှင့် ဆုံးမတော့မည်ဟု တေးပြီးမှတ်ထားသည့်အဖေ၊ ဆူဆူပူပူပြောလည်း ဒီစကား၊ အေးအေးဆေးဆေး ပြောလည်းဒီစကား၊ ဆဲပြောလည်းဒီစကား၊ ဆူပြောလည်း ဒီစကား၊ သည်တော့ တစ်ဖက်သားနားဝင်ချိုအောင်၊ မလျှော့မတင်း လုပ်ခဲ့သည်က အဖေ၊

ခုလည်းကြည့်၊ မြံပေါက် နွားရွှေသွေးကို တင်အောင်က ရောင်းချင်သတဲ့၊ ရွှေသွေးတင်မက အခြားနွားပြာတစ်ရှဉ်းကို ရောင်း၊ တစ်နယ်မြေ၊ သဲတောမြေများပါ ရောင်းပြီး ရွှေပေါင်ငွေတိုးလုပ်စား၊ ပြီး - ကုန်သည်ပွဲစားအလုပ် လုပ်ချင်ပြီတဲ့၊

"အဟင်း - တွက်ရေးက စက်သူဌေး၊ တွက်ကြည့်တော့စက်မရှိဆိုတဲ့အကောင်၊ ဖြုတ်ဦးနောက်လေးနဲ့တွေး၊ ပုရွက်ဆိတ်သွေးလောက်နဲ့ ဘဝင်ခိုက်တဲ့အကောင်၊ လယ်ယာမြေက ကျွေးနေတာကို လယ်ယာမြေကို ချစ်ရမှန်းမသိ၊ အသက်သခင်ကျေးဇူးရှင် နွားတွေကို ကျေးရမှန်းမသိတဲ့အကောင်"

ဟုသာ တွေးရင်း မျိုသိပ်ခဲ့ရတာကြာပြီ၊ တင်အောင်ကတော့မပြောင်းလဲသောအကြောင်းတရားများဖြင့် ဖိုးတင်နှင့်ပေါင်းပြီး အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားလုပ်ဖို့ကြနေပြီ၊ စီးပွားပျက်အောင် လမ်းကြောင်းနေပြီ၊

တွေးရင်း နွားစာတိုက်အောက်ရှိ နွားများကို လက်နှိပ်မီးနှင့် အိပ်ရာထက်က ထိုးကြည့်မိတော့ နွားများသည် ဝပ်ရင်း စားမြုံ့ပြန်ရင်း ခေါင်းတခါခါ၊ နားရွက်တဖျန်းဖျန်း ပုတ်ကာနေ၏၊

☆☆☆

ခေါင်းထက်က ကျနေသောသွေးများကို သုတ်သည်၊ သုတ်ရင်းက ပေါက်ပြဲသွားသောနေရာကို အပိုယူလာသောပုဆိုးနှင့်ဖိရင်း ဖိရင်းနှင့် နွားပြာတစ်ရှဉ်းကို ရှာဆီ အသော့မောင်းခဲ့သည်၊ ရွာ၏အရှေ့အရပ်ရှိ ထန်းတစ်ပင်ကွင်းသည် ရွာနှင့်နှစ်မိုင်ခန့် ဝေးသည်၊ ထန်းတစ်ပင်ကွင်းသည် တစ်နယ်မြေ၊ ထိုမြေများကို တစ်ရွာလုံး ထွန်ကြပြီ၊ တစ်နယ်မြေပြင်ကို ဂျုံ၊ နေကြာ စသည်တို့ စိုက်ကြမည်ဖြစ်သည်၊



ဝါဆိုဝါခေါင်လက ရွာသောမိုး၊ တော်သလင်းလဆန်းအထိ ရွာခဲ့သည်၊ ဒီနှစ် မိုးကောင်း၊ ရေကောင်းသည်၊ မိုးရေအောင်ပြီး တိုးရေအောင်ပြီ၊ တင်မောင်တို့ ဂျုံနှင့် နေကြာချမည့် တနယ်ကွင်းပြင်သည် အစိုဓာတ်ရပြီ၊ မိုးက ရပ်သွားပြီ၊ မရွာတော့၊ နေက ပူလာပြီ၊ တော်သလင်းနေ ပူစွန်သေဆိုသလို နေအပူရှိန်ကြောင့် တစ်နယ်မြေမျက်နှာပြင်အပေါ်ယံသည် ခြောက်လာသည်၊ ထွန်ယက်ဖို့အခွင့်ပေးလာပြီ၊ ထို့ကြောင့် အဓိက သီးနှံဖြစ်သော ဂျုံကြဲဖို့ရာ ထွန်ရပြီ၊ အစိုဓာတ်မီအောင် ထွန်ရသည်၊ စိတ်ကြိုက်ထွန်ပြီးမှ ဥတုအခြေအနေကြည့်ပြီး ဂျုံချ၊ (ဂျုံကြဲ)ရမည်ဖြစ်သည်၊ တော်သလင်းလကုန်၍ သီတင်းကျွတ်လထဲ ဝင်ပြီး တစ်ရွာလုံး ထွန်ကြသည်က ထန်းတစ်ပင်ကွင်း၊ ထနောင်းသုံးပင်ကွင်း၊ တောရိုင်းကွင်း၊ ကြက်ဆူပင်ကွင်း စသည့်ကွင်းများ ထွန်ကြပြီ၊

ရာသီဥတုအခြေအနေပေးတုန်း ထွန်ရသည်မို့အရေးကြီးသည်၊ ယာထွန်ယက် နောက်ကျခံလို့မဖြစ်၊ အစိုဓာတ်မမီပါက ဂျုံပင်မဖြစ်၊ သည်တော့ကိုအိမ်က နွားပြာတစ်ရှဉ်းကိုအမောခံထား၊ ဒိုင်ခံထားပြီးတော့ ထွန်စပြု(အထွန်ကျင့်ပြီး)

www.burmeseclassic.com



ဖြစ်သော "ရွှေသွေး" ကိုလက်တည့်စမ်း ထွန်ရန် ဦးလေးရွှေမောင်းထံက နွားတစ်ကောင်ငှားပြီး နှစ်ရှဉ်းထွန်ရန် အဖေက အကြံပြုသည်။ အစီအမံပေးသည်။

"လူလေး - ရွှေသွေးနဲ့ တွဲထွန်မယ့် နွား အဖေ့ညီ ရွှေမောင်းထံက နွားဝါကို ငှားကွာ။ မင်းက တစ်ရှဉ်းထွန်၊ ဟိုအငယ်ကောင်က တစ်ရှဉ်းထွန်"

ဟု ပြောခဲ့၍ နွားငှားပြီး ထွန်သည်။ ပြီး - ထွန်များကိုပြုပြင်ပြီး တင်အောင်နှင့် အတူထွန်ထွက်သည်။ တင်မောင်က နွား ပြာတစ်ရှဉ်းကို ကိုင်သည်။ တင်အောင်က "ရွှေသွေး" နှင့် "နွားဝါ" တစ်ရှဉ်းကို ကိုင်၏။ ထွန်ရင်းက နေက ပူလာသည်။ ဤတွင် တင်အောင်က "ရွှေသွေး" ကို ရန်လုပ်သည်။

"မအေပေး နွား၊ ကဲ - ကွာ - ကဲ - ကဲ"

"ဖြောင်း - ဖြောင်း"

တင်အောင်၏ဆဲသံနှင့် ရိုက်သံကြောင့် ထွန်ရင်းဖြင့် တင်မောင် ရပ်သည်။

"တင်အောင် - နွားပဲကွာ၊ ဒီနွားက ဒီနှစ်မှအထွန်ကျင့်တာ။ ဒါ - မင်းမသိဘူးလား။ ဘာပြုလို့ အမွှေရိုက်ရတာလဲ။ မလုပ်နဲ့ကွာ၊ ချော့နိုင်းမှပေါ့"

ဟု ပြောသည်။ တင်အောင် ဘာမှ ပြန်မပြော။ ဆက်ထွန်သည်။ မကြာ၊ ဆဲသည်၊ ဝေါက်သည်၊ ရိုက်ပြန်သည်၊ ရွှေသွေးခမျာ ကြိမ်ဒဏ်ကို ကျောကော့အောင့်ခံရင်း ခေါင်းတယမ်းယမ်း၊ နာတရှူး ရှူးမှုတ်ကာ မျက်ကလူးဆန်ပျာနှင့် သွားနေရှာသည်။ ဤသို့ ခြေကုန်သွန်ပြီး သွားတာကိုပင် ဆက်ရိုက်သူက တင်အောင်။

"ဒီမယ်၊ ကျုပ် ရိုက်ချင် ရိုက်မယ်၊ သတ်ချင် သတ်မယ်၊ ဒါ ခင်ဗျားနွား မဟုတ်ဘူး။ မိဘတွေရဲ့နွား၊ ကျုပ်နဲ့လည်း ဆိုင်တယ်၊ ကဲကွာ - ကဲကွာ"

"ဖြန်း - ဖြန်း"

"ဖြောင်း - ဖြောင်း"

ကြိမ်ကိုဝင့်ရမ်း ဝှေ့ရင်း ရွှေသွေး၏ ကျော၊ နံဘေးနှင့် တင်ပါးဆုံများကို ရိုက်တော့ တင်မောင်က ထွန်ပေါ်မှနေ၍ ပြေးဆင်းခဲ့သည်။ တင်အောင်က လက်ထဲက ကြိမ်ကိုကိုင်ရင်း စောင့်သည်။ တင်မောင် အနားအရောက်၊ တင်အောင်က ကြိမ်နှင့် ဆီးရိုက်သည်။ ခွပ် - ခွပ်သံ နှစ်ချက်၊ ခေါင်းထဲ မူးဝေနောက်သွား၏။ မေ့လဲမကျရန် စိတ်ကိုထိန်းရင်း ညီဖြစ်သူကို ကြည့်သည်၊ လက်ထဲက ကြိမ်ကိုမြေပြင်မှာ လွှတ်ချလိုက်သည်။ ပူနေသော၊ နာကျင်သော ခေါင်းထက်က သွေးများ စီးကျသည်ကိုပင် အရေးမထား။ အရာရာ အရှုံးပေးစိတ်ထားခဲ့သည့် တင်မောင့်စေတနာ။ တင်အောင့်ထံ အေးဆေးစွာနှင့် ကြည့်ရင်းပြောသည်။

"မင်းကျေနပ်ပြီလား၊ အေး - မင်းကို ကြောက်လို့ငါပြန်မလုပ်တာမဟုတ်ဘူး။ ငါ့ရဲ့သွေး၊ ငါ့ရဲ့သား၊ အဖေနဲ့အမေက မွေးတဲ့ တစ်ဝမ်းတည်းကျွတ်တဲ့ ညီအစ်ကို အရင်းဆိုတဲ့အသိကြောင့် မလုပ်တာ၊ မင်းဆိုတဲ့အကောင်က အရိုပ်ရန်သူထင်၊ ညီအစ်ကိုအချင်းချင်းတောင် ရန်မူတဲ့ အကောင်၊ ဆက်ရိုက်လေ၊ ရိုက်ပါကွ၊ ရိုက်စမ်း"

တင်မောင် ပြောရင်း တင်အောင့် ရှေ့ရပ်ပေးသည်။ ရဲရဲတောက်နေသော တင်အောင့်မျက်လုံးများနှင့် အကြည့်ဆုံသည်၊ တင်မောင့်မျက်လုံးများကတော့ ဖြင့် အေးစက်စက်နှင့် မျက်ရည်များ ဝေ့ဝေ့ဝဲဝဲ။ ပြီး - ပါးပြင်မှာ ချွေးနှင့် သွေးတို့ ရောပြီးစီးကျဆဲ၊ ထိုအချိန် ယာနားနီးချင်းများရောက်လာသည်၊ တင်မောင်က အဖြစ်အပျက်အလုံးစုံကို ရှင်းပြသည်။ တင်အောင့်ကို လာရောက်တားသည့် လူများက အပြစ်တင်သည်။

ဤတွင် တင်မောင် ဆက်မထွန်၊ ခေါင်းက အတော်ပြဲ၊ ကွဲသွားပုံရသည်။ သွေးကလည်း အတော်ထွက်သည်။ ခေါင်းကလည်းမူးဝေဝေမို့ လှည်းနှင့်ပြန်ခဲ့ရသည်၊ ထိုအကြောင်းများကိုတွေးဆဲ အချိန် … လှည်းသည် အိမ်ရှေ့ရပ်နေပြီ။

"ဟင် - မင်းပြန်တာ စောလှချည်လား၊ ဟာ - ခေါင်း - ခေါင်းက"

အဖေက အိမ်ရှေ့တွင် အဖန်ရည်ပန်းကန်လုံးကိုကိုင်ရင်း ပြောသည်၊ တင်မောင့်ခေါင်းက သွေးများကိုမြင်တော့ အဖန်ရည်ပန်းကန်ပင် ကြမ်းပြင်ပေါ်လွှတ်ကျသွားသည်၊ ပြီး - တင်မောင့်ဆီ ပြေးလာ၏၊ အဖေ၏ မေတ္တာအရှိန်ကြောင့် အဖန်ရည်သတ္တုအိုးကို တိုက်မိသွား၏။ လက်ဖက်ခြောက်ခတ်ထားသော ရေနွေးများက အဖေ့ခြေထောက်ကို အပူလောင်ခဲ့ပြီ။ သို့သော် အလေးမမူခဲ့၊ တင်မောင့်ကို အသေအချာကြည့်သည်။ အဖေ့နှုတ်ခမ်းများ တုန်နေသည်။

"လူလေးကြီး - မင်း - မင်း - ဘာ - ဘာဖြစ်လာတာလဲ ဟင်"

"ဘာမှမဖြစ်ပါဘူး - အဖေ"

ဟု တင်မောင်က ပြောရင်း လှည်းပေါ်က ဆင်းသည်၊ ထိုအချိန် အမေက မီးဖိုချောင်ထဲက အပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - လူလေး၊ သွေး - သွေးတွေ"

အမေ့ စကားသံ များက ဗလုံး ဗထွေးနှင့်၊ တင်မောင်က အပြုံးနှင့် အားယူပြီး ရှင်းပြသည်၊

"ဟင်း - ခွေးကောင်"

ဟု အဖေက ဒေါသနှင့် ပြောသည်၊

"ဘာ - မင်း - မင်းညီက မင်းကို ရိုက် - ရိုက်"

"ဟာ - အမေ - အမေ"

"ဟာ - အေးကျင် - အေးကျင်"

ဆူဆူညံညံအသံများကြောင့် ဘေးအိမ်ကလူများ ရောက်လာသည်၊ အမေ့မှာ တင်မောင်၏သွေးများကိုမြင်တော့ မူးမေ့လဲကျသွားသည်၊ အမေ့အဖြစ်ကို မြင်ရတော့ တင်မောင့်မှာ ခေါင်းက ဒဏ်ရာ၊ သွေးများကိုပင် သတိမရတော့၊ ဆရာမကို ပင့်သည်၊ အမေ့ကို သတိရအောင် ပြုစုသည်၊ နာရီဝက်အကြာ သတိရလာသည်၊ အမေ သတိရမှ တင်မောင်၏ခေါင်းက ဒဏ်ရာကို ဆက်ကုသည်၊ သုံးချက်ချုပ်ရသည်၊ ဆေးထိုးရသည်၊ စားဆေးပေးသည်၊

"တင်အောင်က သူ့အစ်ကိုကို ရိုက်လို့တဲ့"

"ဟုတ်တယ်၊ တင်အောင် လို အကောင် မြေမျိုမယ့်အကောင်ပါအေ"

"သူတို့အမေ ဒေါ်အေးကျင်လဲ သွေးတွေမြင်ပြီး လန့်လဲကျသွားသတဲ့"

"အင်း - ဒီအဖွားကြီးကနှလုံးရောဂါ အခံ ရှိတယ်အေ့"

"တင်အောင့်ကိုဖိုးတင်တို့အုပ်စုက မြှောက်ပေးနေတာ"

စသည့် သတင်းများက တောမီး ပမာ၊

☆☆☆

တင်အောင်တစ်ယောက်အိမ်မပြန် တော့၊ ထိုရက်က လှည်းနှင့် နွားများကို အခြားလူတစ်ဦးအား ပေးလိုက်သည်၊

"ဟင်း - ခွေးလိုအကောင်၊ အစ်ကို မှန်းမသိ၊ နွားလောက် အသိမရှိတဲ့ အကောင်၊ လာခဲ့၊ လာရင် ငါကိုယ်တိုင် ဓားနဲ့ ခုတ်သတ်မယ်"

အဖေက ဓားကြိမ်း ကြိမ်းသည်၊ တင်အောင်ခမျာ အပြစ်ရှိသူမို့ နောင်တ ရလေသလား၊ ကြောက်လေသလား၊ ရှက်လေသလား မသိ၊ ရွာထဲက အရိ လေးအိမ် နေလိုက်၊ ဦးကြီး ဦးလေးတို့ အိမ် အိပ်လိုက်နှင့်၊ မကြာပါ၊ ဂျုံချရပြီ မိုးလည်း မရွာတော့ပြီ၊ နောက်ထ မိုးရွာဖို့အရိပ်အယောင်မတွေ့ရ၊ မြောက် လေသွင်း (မြောက်အရပ်လေ) တိုက်ပြ



မြောက်လေတိုက်လျှင် မိုးကုန်သည်၊ ဆောင်းသွင်းစ ပြုသည်၊ အေးလာပြီ၊ ရွာပေါ်မှာ စွန်တွေဝဲပါက မိုးကုန်သည်ဟု ရှေးလူကြီးများ ပြောခဲ့သလို မှိုအုံးနက် (မှိုဦးနက်) ပေါက်လျှင်လည်း မိုးကုန်သည်ဟု ဆိုခဲ့ကြသည်၊

ဂျုံချပြီး မိုးရွာပါက ဂျုံပင် မပေါက်၊ ပေါက်ပြန်တော့လည်း အနှံမအောင်ဖြစ်တတ်သည်၊ ယခုတော့ မိုးကုန်လို့ ဆောင်းရာသီသွင်းပြီမို့ ဂျုံချကြပြီ၊ ဂျုံချတော့ အခြားသူကို ငှားချသည်၊ တင်အောင့်ကို မခေါ်၊

"အဖေရယ်၊ ညီလေးကို ပြန်ခေါ်ပါနော်၊ ကျုပ် အငြိုးမထားပါဘူး"

"ဒီမယ် - လူလေး၊ မင်းအငြိုးမထား ပေမယ့် ငါ ရှက်တယ်ကွ"

အဖေ့ကို နားချသည်၊ မရ၊ သို့ဖြင့် အဖေစိတ်ချမ်းသာလျှင်ပြီးရောဆိုသည့် ဆန္ဒနှင့် တင်အောင့်ကို ပြန်မခေါ်၊ လူငှားနှင့်သာ ဂျုံပြီးအောင်ချသည်၊ မကြာပါ၊ ဂျုံချပြီးသည်၊ ထိုအချိန် ...

အမေတစ်ယောက်အမောဖောက် လာသည်၊ ပန်းနာရင်ကြပ်က တစ်မျိုး၊ နှလုံးရောဂါက တစ်ဖုံ၊ ရောဂါက စုံကျ လာသည်၊ ဆရာမနှင့်ကုရင်းမှ မြို့ဆေး ရုံကို လွှဲသည်၊ အမေက ဆေးရုံကြီးကို အပို့မခံ၊

"ကိုသာလှ - ကျုပ်သေရင် ရွာမှာပဲ နေမယ်၊ မြို့သွားပြီး မသေချင်ဘူး"

"မဟုတ်ပါဘူး - အေးကျင်ရာ၊ ရောဂါသက်သာအောင်"

"ကျုပ်ရောဂါ ကျုပ် သိပါတယ် တော်၊ ကျုပ်သားရဲ့ခေါင်းက သွေးတွေ မြင်ပြီးကတည်းက ကျုပ် လန့်ပြီး ရောဂါ ပိုဆိုးခဲ့သလို ကျုပ်သား အငယ်ကောင်ကို မမြင်ရတာကြာတော့ ..."

ဟု အမေက ငိုရင်းပြောသည်၊ ဪ - လိမ္မာပြန်တော့လည်း လိမ္မာသလို၊ မိုက်ပြန် ဆိုးပြန်တော့လည်း မိုက်လို့ ဆိုးလို့ ချစ်ခဲ့သည့် အမေ၊ အချစ်မလျော့သည့်အမေ၊ ရေပြင်လို မှန်သားပြင်လို သားတွေအပေါ် အချစ်ဆိုသည့် ရေပြင်သည် တစ်ပြေးညီ ထားသည်ကို သိရတော့ တင်မောင် မျက်ရည်ကျမိပြန်သည်၊

"အမေရယ် - စိတ်ချမ်းသာအောင် နေပါနော်၊ ညီလေးကို ကျုပ် ခေါ်ပေးပါ့မယ်"

"အင်း - မင်းညီလူဆိုးကြီးကိုအမေ တွေ့ချင်တယ်၊ ပြောစရာရှိတာတွေပြော ချင်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



အဖေက တင်မောင်နှင့် အမေတို့ ပြောသည့်စကားများကို နားထောင်ရင်း အံတကြိတ်ကြိတ်။

"ဒီလောက်ဆိုးတဲ့အကောင် သူ့ဟာသူ ဘယ်နေနေ၊ ဘယ်သေသေ"

အဖေက ကရုဏာဒေါသောနှင့် ပြောနေသော်လည်း တင်အောင့်အပေါ် အချစ်မပျက်မှန်း တင်မောင်သိပါသည်။

"လူလေး - မင်းခေါင်းက အနာသက်သာရဲ့လား ဟင်"

"အမေရယ် - ကျုပ်ခေါင်းက ဒဏ်ရာ ပျောက်ပါပြီ။ ချုပ်ရိုးတောင် ဖြေပြီးပြီ။ ဟော့ - ကြည့် - ကြည့်စမ်းပါ - အမေ၊ ပျောက်ပြီဗျာ၊ ကျုပ် မနာပါဘူး - အမေရာ"

"အင်း - မင်းကတော့ ဆွေမျိုးစိတ် အပြည့်အဝထားပြီး ညီလေးအပေါ် ခွင့်လွှတ်နိုင်တယ်၊ မင်းညီလေးအပေါ် အငြိုးမထားနဲ့နော်၊ သိလား။ မလိမ္မာတာကို သိအောင်၊ လိမ္မာအောင် ဖျောင်းဖျ သွန်သင် သိလား"

"စိတ်ချပါ - အမေရာ၊ အမေသာ စိတ်ချမ်းသာအောင်နေ"

အမေ့၏ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် အသွေးအသားဟူသော အသိတရားများနှင့် သံယောဇဉ်စကားများ ပြောခဲ့သော်လည်း ဝေဒနာက မသက်သာခဲ့။ တစ်ရက်နှင့်တစ်ရက် ဆိုးလာသည်၊ ဝမ်းသာလွန်းလျှင်လည်းဖြစ်၊ ဝမ်းနည်းလွန်းပြန်လျှင်လည်း ဖြစ်ဆိုသော နလုံးရောဂါသည် အမေ့ကို ဘဝကူးရန်အတွက် ဖိစီးနေပြီ၊ နှိပ်စက်နေပြီ၊ အမေ့အခြေအနေ မကောင်း။

တစ်လအကြာတွင် အမေ ဆုံးပါးခဲ့ပြီမို့၊

အမေ့အသုဘကို စည်ကားစွာ ချခဲ့သည်၊ အမေ့ရုတင်ကို ကျောင်းမှာ လှူခဲ့သလို အမေ့အဝတ်အစားများကို မရှိနွမ်းပါးသူများအား စွန့်ကြဲခဲ့သည်၊ အမေ့ပိုင်သော ရွှေထည်များကို ရွာဦးကျောင်းဘုရားပြင်ရန် လှူခဲ့သလို ရွာရှိ သံဃာကုန်ပင့်၍ လှူဖွယ်ဝတ္ထုများ လှူပြီး အမျှဝေသည်၊

ရက်လည်ဆွမ်းသွတ်တော့လည်း ရွာလုံးကျွတ်ကျွေးပြီး ဆွမ်းတရားနာသည်၊ နောက်ရက် အမေ့ကို ရည်စူးပြီး သင်္ကန်းကပ်သည်၊ ဘုရားပြုပြင်ဖို့ ငွေလှူခဲ့ပြန်သေးသည်၊

တင်အောင်ခမျာ အမေရဲ့အသုဘရက်နှင့် ရက်လည်ဆွမ်းသွတ်သည့်နေ့က မငုံ့မရဲနှင့်လာသည်၊ အဖေက ဘာမျှမပြော၊ သို့သော် တင်အောင့်ကိုကြည့်ပြီး ငိုသည်၊ အံကြိတ်တောက်ခေါက်သည်၊



"ခွေး - ခွေးလိုကောင် - မင်းအမေကို သတ်တာ မင်းကွ။ မင်းကြောင့် အေးကျင် သေရတာ"

အဖေက ဒေါသူများကြားအောင် ပြောသည်၊ တင်အောင်က အမေ့ အလောင်းကို ဖက်ပြီး ငိုခဲ့သေးသည်၊ ရက်လည်ဆွမ်းသွတ်ပြန်တော့လည်း ရှိုက်ကြီးတငင် ငိုပြန်သည်၊

"ငိုမနေပါနဲ့ - ညီလေးရာ - နော်"

ဟု တင်မောင်က ပခုံးကို ဖက်ထားရင်း နှစ်သိမ့်ခဲ့သည်၊

ယခုတော့ ဂျုံတွေသိမ်းပြီး နွေဦးပေါက် တပေါင်း၊ တန်ခူးလ ဝင်ပြီ၊ ထိုလများသည် တင်မောင်တို့ရွာ၏ ဂျုံသိမ်းသောနေ့၊ ဂျုံတလင်းထဲ ဂျုံများပုံပြီးစက်နှင့် လှေ့သော လ၊ လူစည်ကားပြီး ဈေးသည်များ ရောင်းရဆုံးသောလ၊ တစ်ရွာလုံး ငွေရွှင်သောလ၊

ဂျုံတွေ ရိတ်သိမ်းချိန် ကျမှ တင်အောင့်ကို တင်မောင်က ပြန်ခေါ်သည်၊

"ညီလေး - မင်းအိမ်ကိုပြန်လိုက်ခဲ့ပါကွာ - နော်"

"အဖေက ကျုပ်အပေါ် အခဲမကျေဖြစ်တုန်းဗျာ"

"မိဘဆိုတာ ခဏတစ်ဖြုတ်တော့ ဒီလိုပဲပေါ့ကွာ၊ ဘယ်သားသမီးအပေါ်မှ အဆင့်ခွဲခြားပြီး အနိမ့်အမြင့်ဆိုတဲ့ ချစ်ခြင်းမျိုးမရှိပါဘူးကွာ၊ မင်းကသာအလုပ်ကြိုးစားလုပ်၊ အရက်သောက်တာလျှော့ကွာ၊ မိုက်တယ်ဆိုတာ လွယ်တယ်ကွ၊ လိမ္မာတယ်ဆိုတာသာ ခဲယဉ်းတာ"

ဟု ပြောခဲ့၍ ဂျုံရိတ်အမီ ပြန်ခေါ်ခဲ့သည်၊ အဖေကတော့ ဘာမျှမပြော၊

ဂျုံတွေသိမ်းပြီး အမေ့စိတ်နှင့်ပင် အဖေသည် ကျန်းမာရေး ချုချာလာသည်၊ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်၊ ပါးတွေချိုင့်၊ နားထင်တွေ ခွက်လာသည်၊ ယခင်ကလို စကားမပြောတော့၊ အဖေ့၏ရုပ်ရည်သည် အလွန်အမင်း အိုစာလာ၏၊ စိတ်ထောင်းကိုယ်ကျေ၊ စိတ်လေကိုယ်ပန်း၊ စိတ်နွမ်းကိုယ်ကျေဖြစ်ခဲ့ပြီမှန်း တင်မောင် သိပါသည်၊

တင်မောင်ကတော့ တောထဲထွက်လိုက်၊ နွားကျွေးလိုက်၊ အဖေ့ကို ပြုစုလိုက်နှင့် တင်အောင်ကတော့ အချိုးပြောင်းစ ရှိသေးသည်၊ အရက်ကတော့ မပြတ်၊ နှစ်ရက်ခြားသုံးရက်ခြားဆိုသလို အရက်ဗိုက်ကို ပြေးတတ်စမြဲ၊ ဖိုးတင်နှင့် ပြန်ပေါင်းခန်းထုတ်တတ်စမြဲ၊ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အရက်မူးလာပေမယ့် တင်မောင့်ကို ရန်စကားမပြောသည်က ကျေးဇူးတင်ရဦးမည်၊ သည့်အတွက် ကြိတ်ပြီး ဝမ်းသာရသည်က အမှန်။

☆☆☆

အဖေ၊ အမေနှင့် မိစုံဖစုံ နေခဲ့သည့် ဘဝမှ မပြန်လမ်းကို ထွက်သွားသော အမေ မရှိသည့်နောက် တင်မောင်၏ ရင်ထဲမှာ ဟာတာတာ ဖြစ်ခဲ့သည်က အမှန်။ ပြီး၊ အဖေကလည်း စိတ်လျှော့မာန်လျှော့နှင့် ကျန်းမာရေး ချူချာလာပြန်တော့ ပိုဆိုးပြန်သည်။ မီးစာကုန် ဆီခန်းစ ပြုလာသော အဖေ၊ ပျို့မျှစ်နနယ်ခြင်း၏ နိဂုံးဖြစ်သော အိုမင်းခြင်းဘဝတာကို ဆိုက်ခဲ့သော အဖေ့ကို ကြည့်မိတိုင်း စိတ်မကောင်းခဲ့။

"လူလေးတို့နှစ်ယောက် အဖေ့ဆီ ခဏ"

ဟု အဖေက အိပ်ရာထက် ထထိုင်ရင်း ခေါ်သည်။ သည်နေ့ တောမထွက်ရ။ ယာတွေက ထွန်ပြီးပြီမို့ နားရသည်။

"အင်း - မောင်တင်မောင့်အတွက်ကတော့ အဖေ စိတ်အေးရတယ်"

အဖေကပြောရင်း တင်အောင့်ကို ကြည့်သည်၊ တင်မောင့်အတွက် စိတ်အေးရတယ်ဟုဆိုခြင်းသည်တင်အောင့်အတွက် စိတ်ပူရခြင်းဟု အဓိပ္ပာယ် ဖွင့်ပြလိုက်ခြင်းပင်။

"အင်း - အဖေလည်း ဘဝနေဝင်ချိန် ရောက်ပြီ။ မှာစရာ ပြောစရာကို အဖေ ပါးစပ်ဟနိုင်တုန်း ပြောခဲ့ချင်တယ်ကွာ။ သေခြင်းတရားဆိုတာ မျက်စိတစ်မှိတ်အတွင်း ဘယ်အချိန်မှာ ဘယ်အရပ်က ဘယ်လိုပုံစံနဲ့ ဘယ်လိုသေမယ်ဆိုတာ မသိနိုင်ဘူး။ အေးလေ၊ ပြောရရင် အငယ်ကောင်အတွက်ပဲ။ မင်း စဉ်းစားကွာ။ လယ်ယာဆိုတာ မိဘ၊ ကျွဲနွားဆိုတာ ကျေးဇူးရှင်။ ဒါတော့ အငယ်ကောင် သဘောပေါက်။ ဆန်စပါးဆိုတာ မြေပြင်ကရတာ။ ဒီလိုရဖို့ ကျွဲ၊ နွားကို အသုံးပြုရတယ်။ ဆန်စပါးရမှ ငွေဆိုတာ ပေါ်တာ။ မင်းမြင်တာက ဆန်ဆိုတာ အိုးထဲမှာရှိတယ်၊ ငွေဆိုတာ မိဘတွေအိတ်ထဲမှာ အပြည့်လို့ထင်နေတာ"

အဖေက ပြောရင်း တင်အောင့်ကို အကဲခတ်ဆဲ။ အတော်ကြာမှ ဆက်ပြော၏။

"ထားပါတော့ကွာ၊ အခုအဖေပြောနေတာက မြေနဲ့ ကျွဲနွားတွေရဲ့ အကျိုးတရား။ အမိက ပြောချင်တာက အသိတရား။ ဟုတ်တယ်၊ အသိ၊ အဲဒီအသိ



တရားရှိရင် ဘယ်ကိစ္စမဆို ဆုံးဖြတ်ချက် အမှန်အကန်နဲ့ ရပ်တည်နိုင်ရမယ်။ မင်း မှန်ကန်တဲ့ဆုံးဖြတ်ချက်၊ အတွေးအခေါ် အယူအဆမရှိလို့ မိဘရဲ့စကား နားထောင်ခြင်းမရှိလို့အစ်ကိုဖြစ်သူကိုသွေးထွက်အောင် ပြုခဲ့တယ်။ ပြီး - ဘေးပြောစကားကို အမှန်ပါလို့ယူဆပြီး မိဘနဲ့ အစ်ကိုအပေါ် ရန်သူလို့ မြင်ခဲ့တယ်။ ဘယ်သူက သွေးခွဲတာလည်းဆိုတာ မင်းသိသင့်ပြီ။ ဘယ်သူက တကယ်ချစ်တာလဲ၊ မင်း ဝေဖန်ပိုင်းခြားသင့်ပြီ။ မင်းကိုမြှောက်ပေးတဲ့လူ၊ ဘယ်သူလဲဆိုတာ မင်းအသိဆုံး၊ အဖေက အားလုံးသိတယ်။ အေး - ဘေးက သွေးခွဲလို့ လူတောင် မကဘူး၊ ခြံပေါက်ရွှေသွေးကိုတောင် မင်းက သူတစ်ပါးဆီ ဝကွက်အပ်ချင်တဲ့လူ"

အဖေ၏ အားမာန်မလျှော့သော အသံက ခပ်မာမာ။ အဖေပြောသလို ရွှေသွေးအကြောင်း စဉ်းစားမိပါသည်။ အဖေနှင့် အမေရပြီးအိမ်ထောင်ခွဲတော့ တစ်နယ်မြေ နစ်ဖေကသာ ပါသည်။ နွားမရှိ၊ ဤတွင် အဖေ့ဆွဲကြိုးတစ်ကုံးနှင့် အမေ၏ နားတောင်းတစ်ရံရောင်းပြီး နွားမတစ်ကောင် ဝယ်သည်။ မကြာပါ၊ အကျိုးပေးတော့ အကြောင်းထင်သလို နွားပြာမက နွားပိုက် (အထီး)ကလေးကျသည်၊ ကျတိုင်း (မွေးတိုင်း) အထီးတွေချည်း။

နွားမရှိတော့ ယာကို နွားရှည်းငှားပြီး ထွန်ရာက ဂျုံအထွက် ကောင်းခဲ့သည်၊ မြိုးခြံရွှေတာသော အဖေနှင့်အမေသည် နွားတစ်ရှဉ်း ဝယ်နိုင်သည်၊ အိမ်က နွားမ မှကျသော နွားများကိုလည်း နိုင်းရှယ်ရောက်သည်အထိ ဂရုစိုက်မွေးခဲ့သည်၊ မကြာပါ၊ အတိုးအပွားပေးရင်းနှင့် မြေများ၊ သဲတောများ တိုးပွားလာသည်၊ ယခုနိုင်းနေသော နွားပြာနစ်ကောင်ထဲမှ တစ်ကောင်သည် နွားပြာမက ကျသော နွား။ ယခုနောက်ဆုံးကျခဲ့သော ရွှေသွေးသည်လည်း နွားပြာမ၏နောက်ဆုံးသား၊ ရင်သွေး။

ရွှေသွေးကို နွားပြာမသည် ခက်ခဲစွာ မွေးဖွားပြီး သေဆုံးခဲ့သည်၊ နွားပြာမသည် အကျိုးပြုခဲ့သည့်ကျေးဇူး မနည်း။ နွားမက အိုလှပြီ၊ သို့သော် ရွှေသွေးလေးကိုတော့ ကြိုးစားပြီး ဖွားပေးခဲ့သည်၊ နောက်ဆုံး ရင်သွေးလေးနဲ့ နွားလေးကို အမည်မှည့်ကြသည်၊

"ရွှေသွေး" ဟု။

ရွှေသွေး ကျအပြီး နို့မခွဲခင် (သား မခွဲခင်) နွားပြာမဆုံးတော့ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်သလိုဂရုစိုက်ရသည်ကအမော၊ ယခု ရွှေသွေးကြီးပြီ၊ ထွန်ထယ်လို့ရပြီ၊ ထမ်းပိုးကျင့်ပြီးပြီ၊ ချစ်စရာလက္ခဏာနှင့် ပြည့်သည့်နွား၊ အကောင်းလက္ခဏာနှင့် ပြည့်သည့်နွား။ သို့ဆိုလျှင် တင်အောင် တစ်ယောက် ရွှေသွေးကို အဘယ့်ကြောင့် မုန်းနေသနည်း။ ပြီး - ယာမြေတွေကို ဘာပြုလို့ မထွန်မယက်ချင်သနည်း။

"အဖေနဲ့ အမေတို့က ကြိုးစားပြီး စီးပွားရေးလုပ်လာတာဟာ မင်းတို့အတွက်ပါကွာ။ အခု - မင်းတို့အမေသေခဲ့ပြီ၊ အမေ့ဆီ ဘာတွေများ ပါသွားခဲ့သလဲ၊ အဲ - အဖေလည်း သေရမှာပဲ၊ အဖေ့နောက် ဘာမှယူလို့ ထည့်ပေးလို့မရဘူး၊ ခြေဗလာ၊ လက်ဗလာဖြန့်ပြီး သေရမှာ၊ ဆိုလိုတာကဓိဘဆိုတာ သားသမီးတွေအတွက် အလုပ်လုပ်ကြ၊ စုဆောင်းကြရတာချည်းပဲ၊ အေး - မင်းတို့လည်း အိမ်ထောင်ပြုဦးမှာပဲ၊ မင်းတို့ ရင်သွေးတွေရလာရင် အဖေတို့လိုပဲ သားသမီးတွေအတွက်မင်းတို့ကြိုးစားပေးကြရဦးမှာပါကွယ်"

စကားရှည်ရှည်ပြောရင်း မောပုံရ၏၊ စကားကို ရပ်သည်၊

"ကဲ - အငယ်ကောင်၊ အဖေ့ကိုရှေ... အစ်ကို့ကိုပါချစ်ရင် ပြောစမ်း၊ မင်း ဘာ... ပြုလို့အရက်သောက်တတ်တာလဲ၊ ဘာ... ပြုလို့မြေယာကိုမချစ်တာလဲ၊ ဘာပြုလို... နွားတွေကိုသံယောဇဉ်မတွယ်တာလဲ"

ဟုအဖေက မေးသည်၊ အဖေ ပြော... သလိုတင်မောင်တို့ဆွေမျိုးထဲမှာအရက်... သမားမရှိ၊ ယခုတော့ တစ်မပေါက်၊ တင်... ယောက်ထွန်းဆိုသလို တင်အောင်က... အရက်သမား၊ ဖဲသမားဖြစ်နေသည်က... ထူးဆန်းသည်ဟု ဆိုရမည်၊

အဖေ၏အမေးကို တင်အော... မဖြေ၊ တင်မောင်က တင်အောင့်ကို ပြ... ပြ၏၊ တင်အောင် ခေါင်းငုံ့ထားသည်၊

"အင်း - တကယ်တော့ - မင်း... ပင်ကိုစိတ်က လယ်ယာမြေကိုချစ်မှာပါ... ကွ၊ နွားတွေအပေါ် သံယောဇဉ်ရှိမှာပါ... ဒါပေမဲ့ - အခြားလူတွေရဲ့သွေးထိုးစကား... တွေကြောင့်"

အဖေကစကားမဆက်၊ တင်အော... က ခေါင်းဆတ်ပြသည်၊

"လူလေးဟာ အသိရှိပါတယ်... အသိအရှိဆုံးဆိုတဲ့လူသားထဲကလူ... ယောက်ပဲကွာ၊ အေး - လူ့ထက်နိမ့်... တိရစ္ဆာန်အောင် အသိရှိသေးတာပဲ"

☆☆☆



မိုးက မနှစ်ကလိုပဲ ကောင်းခဲ့၊ ရွာခဲ့သည်မို့ သဲတောလုပ်သီးနှံနှင့် တစ်နယ်မြေလုပ် သီးနှံတို့ သည်နှစ်လည်း မနှစ်ကလိုပင် တင်းပြည့်ကျပ်ပြည့်ရမည်ကအမှန်၊ တင်မောင်ကတော့ အဖေ့ကျန်းမာရေးကို အလေးဂရုပြုရင်း တောအလုပ်ကိုလည်း မလစ်ဟင်းအောင် ထောင့်စေ့ အကွက်စေ့ လုပ်ခဲ့သည်၊ ပြီး ညီဖြစ်သူကိုလည်း အနနည်းနှင့် ဆုံးမခဲ့ရသေးသည်၊ အဖေ၏စကား၊ အစ်ကို့အပြောတို့ကြောင့် မူပြောင်း ခြေလှမ်းပြောင်းလာသည်က တင်အောင်၊ တင်အောင့်အတွက် ဝမ်းသာရသလို စိတ်ချမ်းသာရသည်က အမှန်၊

တင်မောင်ကတော့ နိုင်းနွားနွားပြာ တစ်ရှဉ်းအပြင် ကျပြီး (မွေးပြီး)ကတည်းက အရိပ်တကြည့်ကြည့် နေလာသော ရွှေသွေးကိုလည်းအကျွေးအမွေးမပျက်ခဲ့၊ ကြည့်စမ်း - ဟိုယခင်ကလိုမဟုတ်၊ ထွန်၊ ထယ်ပိုနပ်ပြီ၊ ပြီး၊ လှည်းအလှမောင်းရာမှာ မောင်းလို့ရပြီ၊ ခြေနှစ်ဖက်လက်နှစ်ဖက်က တင်းတင်းပြည့်ပြည့်၊ ခွာလေးလုံးဆိုလျှင် ပန်းကန်လုံးလေးတွေ မှောက်ထားသလို ခွာပေါက်လှသည့် နွား၊ အမွေးက အပြာ၊ သို့ဆိုလျှင်လည်း ခပ်ပါးပါးနှင့် ခပ်ရှိတ်ရှိတ်၊ ကျောပြင်ဆိုလျှင် လူတစ်ဦးတက်အိပ်လို့ရသည်အထိပြားပြားပြန့်ပြန့်၊ လည်ပေါက်ဆိုလျှင် ကုလားအုပ်လည်ပေါက်မျိုး၊ တုတ်တုတ်ရှည်ရှည်၊ ဗွေလွှတ်၊ အပြစ်လွှတ်သည့်နွား၊ ခြောက်ပြစ်ကင်း သဲလဲစင်သည့်နွား၊ ခြုံ၍ဆိုရလျှင် အမွေးကအစ ကိုယ်လုံးကိုယ်ထည်အထိ ကြံ့ခိုင်အစုံနှင့် ပြည့်စုံသည့်နွားမို့ ရပ်အကြိုက်၊ ရွာအကြိုက်၊ အများအကြိုက် နွားသမားကြီးတွေအကြိုက်၊

တင်မောင်တွေးမိသည်၊ ထိုနွားကျပြီးကတည်းက စီးပွားရေးတက်လာသည်မို့ ပိုဖြိုးဂရုစိုက်ခဲ့သည်ကို တင်အောင် မသိ၊ ဒီကောင်ကတော့ ရောင်းမည်တကဲကဲ၊ မပိုင်ဝက်မွေးလုပ်နေသော်လည်း အဖေနှင့် တင်မောင်ကတော့လုံးဝမရောင်းဟု ပိုင်းဖြတ်ပြီးသား၊

မိုးစဲသွားတော့တစ်နယ်မြေကိုထွန်ဖို့ ထွန်ထယ်ပြင်ကြရပြီ၊ အဖေ့မှာ သားငယ် အရက်မသောက်တော့ပြီကိုသိလို့ စိတ်ချမ်းသာပြီထင်၏၊ စိတ်ချမ်းသာပြီးနာလန်ထူလာသည်၊ ယခင်ကလို အိပ်ရာထဲလှဲရင်း ငေးငေးငိုင်ငိုင် မနေတော့၊

www.burmeseclassic.com

www.burmeseclassic.com



သားနှစ်ဦး အလုပ်လုပ်တာကြည့်ရင်း ဝီတီတဝေဝေ။ ပြီး၊ ဆုံးမစကား ရှမ်းရှမ်းစားစားပြောရင်း ခံစားနေရသော ရင်ထဲက ဝေဒနာကို ကုစားနေသည်ဟု တင်မောင် သိသည်။

ထွန်ရတော့မည်။ တစ်ရွာလုံး ထွန်ယက်ဖို့ပြင်ကြပြီ။ ဂျုံချမည့်တစ်နယ်မြေသည် အစိုဓာတ်မီရန် ထွန်မှသာ ဂျုံနှင့်နေကြာက အထွက်ကောင်းသည်မို့။

☆☆☆

သီတင်းကျွတ် လဆန်း၊ဖြိ၊ တင်မောင်တစ်ယောက်၏ စောစောထ လက်ဖက်ရည်အိုးတည်ပြီး၊ထမင်းကြမ်းကြော်၊ အဖေ့အတွက် ထမင်းချက်၊ အတော်ကြာမှ တင်အောင့်ကို နှိုးသည်။ လက်ဖက်ရည်ဝိုင်းမှာ ထမင်းကြော်နှင့်စားကြရင်း နွားကျွေးထားသည့်လှေ (နွားစာကျင်း)ကို အစာထည့်ရသည်ကလည်း မမောနိုင်။ နွားလည်းဝ၊ လူလည်း ဝိုက်ပြည့်တော့ လှည်းနှစ်စီးနှင့် အထွန်ထွက်ခဲ့သည်၊ ထိုအချိန် ထွန်လှည်းများသည် တစ်သီတစ်တန်းကြီး ထွက်လာကြသည်မို့ အရုဏ်တက်အချိန်ဝယ် စိုစိုပြည်ပြည် ဖြစ်လာပြီ။ တစ်နာရီအကြာ ယာခင်းကို ရောက်သည်၊ ထွန်များကို ပြင်ပြီး စထွန်သည်၊ ထိုအချိန်အထိ အလင်းရောင်က မပေါ်သေး။ စောသေးသည်။ စောစောထွန်၊ စောစောပြန်။ ဒါမှ လူရောနွားပါ သက်သာမည်၊ ဒါ တောင်သူတွေရဲ့ဓလေ့ထုံးစံ။

နွားပြာတစ်ရှဉ်းကို တင်မောင်က ထွန်၊ ရွှေသွေးနှင့်အငှားနွားတစ်ကောင်ကို တင်အောင်က ထွန်။ ဤသို့ ထွန်ရင်းရှိစဉ် အခြား ယာနားနီးချင်း အထွန်သမားများ၏သီချင်းသံကိုကြားရသည်။ အချို့က ဆေးလိပ်မီး တဖွားဖွား ဖွာရင်း မို့မီးရဲရဲကိုမြင်နေရသည်၊

တင်မောင်၏ နွားပြာတစ်ရှဉ်းက ခပ်သွက်သွက် သွားနေကြသလို တင်အောင်၏ နွားလေးတစ်ရှဉ်းကလည်း ခပ်ကြော့ကြော့ နင်နေဆဲ၊ ထိုအချိန်ရွှေသွေးသည်အမြီးတယမ်းယမ်း၊ ခေါင်းတခါခါနှင့် နှာတဖူးဖူးမှုတ်ကာ ဘေးဝဲယာကိုကြည့်ပြီး လန့်နေပုံရသည်၊

"ဟေ့-ရွှေသွေး-ဘာပြုနေတာလဲကွ"

နွားပြာကြီးတစ်ရှဉ်းကို ထွန်ရင်းမှ ရပ်ပြီးတင်မောင်က တင်အောင်ထွန်ရာ ရွှေသွေး၏အခြေအနေကိုအကဲခတ်ရင်း မေးသည်၊



"ဟုတ်တယ် -အစ်ကို၊ ရွှေသွေးဘာလန့်နေမှန်း မသိဘူး"

တင်အောင်က ရွှေသွေးတို့ကို စုတ်သပ်မောင်းရင်း ပြောသည်။

"အင်း-ဒီကောင် အတော်ထူးတာပဲကွ"

ဟု တင်မောင်က ပြောသည်၊ ပြီး၊ မိမိ နွားတစ်ရှဉ်းရပ်ထားရာ ပြန်လာရင်း-

"ချော့မောင်းကွ၊ ဒီကောင် ဘာမြင်ပြီး လန့်နေမှန်းမသိဘူး"

ဟု တင်မောင်က ပြောပြီး ဆက်ထွန်သည်၊ တင်အောင်ကလည်း ထွန်ရေးအသစ်ဖွင့်ပြီး ဆက်ထွန်သည်။ တင်အောင်ထွန်က ရှေ့က၊ တင်မောင်ထွန်က နောက်က။ ထွန်အိမ်အသစ်ကို တင်မောင်ကဖွင့်လိုက်၊တင်အောင်ထွန်က နောက်က လိုက်ထွန်လိုက်နှင့်။

"ဖူး-ဖူး"

"ရှူး-ရှူး"

ဟူသော နှာသံ အာသံများပေးရင်း လိပ်ပြာသန့် သွေးလန့်သလိုမျိုးနှင့်၊ ရွှေသွေးကိုကြည့်ရသည်က ဘာကိုမြင်ပြီး လန့်နေမှန်းမသိ၊ ထိုအချိန် ရွှေသွေးက ရှေ့ခြေနှစ်ချောင်းကို မြေပြင်မှ လုံးဝမကြွဘဲ နောက်ခြေနှစ်ချောင်းကိုသာ ဘေးဝဲယာယမ်းရင်းအမြီးခါရင်းနှာမှုတ်ရင်း ပါးစပ်က တဘဲဘဲ အော်နေသည်။ အော်ရင်းက ရှေ့ကို လုံးဝမသွားတော့။

"ဘဲ-ဘဲ"

"ဖူး-ဖူး-ရှူး"

"ဖြန်း-ဖြန်း"

ဟူသော ထွန်သံ၊ နှာမှုတ်သံ၊ နားရွက်ခတ်သံများပြုပြီး လုံးဝရပ်နေသော ရွှေသွေးကိုတင်အောင်ကကြိမ်နှင့်တို့ပြီး ပါးစပ်က အော်ငေါက်ရင်း ချော့၍မောင်းသော်လည်း မရ။ မရွေ့ မသွား။ အခြားတစ်ဖက်နွားကပါ လန့်သလို ဖြစ်နေပြီ။ အမှောင်ထုက ခပ်ပါးပါးပေမယ့် ဝန်းကျင်ရော မြေပြင်ပါ သဲသဲကွဲကွဲ မမြင်ရသေး။

"အစ်ကို-အစ်ကို၊ မောင်းမရတော့ဘူး၊ ရွှေသွေး ဘာဖြစ်တာမှန်း မသိဘူး"

တင်အောင်က အလန့်တကြားခေါ်သည်။ ခေါ်သံကြောင့် ထွန်ကို ရပ်ပြီး တင်မောင် အပြေးလာခဲ့သည်။ နွားတွေ ဘာဖြစ်တာပါလိမ့်၊ ဘာကို လန့်နေတာပါလိမ့်။

"တင်အောင်-နွားတွေကို ချော့ထား၊ ရှေ့မရွေ့စေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် – ဟုတ်"

ဟု ပြောရင်း စုတ်သပ်ကျွတ်ထိုးပြီး ချော့ထားပေမယ့် ရွှေသွေးက လန့်ဆဲ။ သို့သော် ရှေ့ခြေနှစ်ဖက်ကိုတော့ လုံးဝ မကြွ။ တင်မောင်က အကဲခတ်ကြည့်သည်။ ပြီး၊ လှည်းရပ်ထားရာ ပြန်လာပြီး မီးခြစ်ကို ယူ၊ ကန်သင်းပေါင်ပေါ်ရှိ ထန်းရွက်ခြောက်တစ်လက်ကို ယူလာသည်၊ မီးရှို့သည်။ မီးတောက်အရောင်ကြောင့် ဝင်းထိန်သွားသည့်အချိန် လက်ထဲမှာ အရန်သင့်ကိုင်ထားသောကြိမ်ကို သတိနှင့် ကိုင်ထားသည်။

"ချော့ – ရွှေသွေးကို ချော့ထား"

ပြောရင်း ရွှေသွေးဘေးမှာ ခပ်လှမ်းလှမ်းမှရပ်ပြီး တဖြည်းဖြည်းချင်း တိုး ကြည့်လိုက်သည်။

"ဟာ – မြွေပွေးကြီးကွ"

"ဗျာ – မြွေ – မြွေက ဘယ်မှာလဲ"

"ရွှေသွေးရဲ့ရှေ့ခွာအောက်၊ ခေါင်းကို ဖိနင်းထားတယ်ကွ"

မှန်သည်။ ခပ်စောစောကတည်းက ရွှေသွေးသည် မြွေကို မြင်ခဲ့၏။ နွားဟူသော သတ္တဝါသည် ညအမှောင်မှာ အမြင်အာရုံကို သဲကွဲစွာ မြင်နိုင်စွမ်းရှိသည်၊ ယခု ရွှေသွေးက မြွေပွေးကို မြင်ခဲ့သည်၊ မြွေက ထွန်မှ (သသွား) ထွန်သွား



မြွေ၏အကွက်များ ရေတွက်ကြည့်တော့ အကွက်ဆက်ပေါင်း လေးဆယ်ကျော်သည်၊ ဝမ်းဗိုက်ကို လှန်ကြည့်ပြန်တော့ ဖြူဖြူဖွေးဖွေး အကြေး‌ခွံတွေအကြားဝယ် အနက်စက်တွေနှင့်၊ ဩ … နဂါးစက်၊ နဂါးကွက်ဟု ခေါ်သည်၊ မြွေဆိုးတွေ၏ လက္ခဏာ၊ အဆိပ်ပြင်းမြွေတွေရဲ့သင်္ကေတ

နှင့် ထိမိတော့ ဒေါသထွက်နေပြီ၊ ထို အချိန် ထွန်ကြောင်းအသစ် ပြန်မောင်း လာချိန် ရွှေသွေးက စင်းစင်းကြီး ပေါက် ရန်ပြင်နေသော မြွေ၏ခေါင်းကို ရှေ့ခွာ နှင့် ဖိထားသည်၊ ခေါင်းပိုင်းရှိ အောက် အနားဖိထား၍ခေါင်းက ခွာနှင့် လွတ်နေ သည်။

ခွာကြွလိုက်ပါက နွားကို ပြန်ကိုက် မည်ကအမှန်။ သည်တော့ရွှေသွေးသည် ခွာကို လုံးဝမကြွ၊ နွားများသည် မြွေမြင် လျှင် လန့်တတ်ကြစမြဲ၊ မြွေအနံ့ရလျှင် ပင် နှာမှုတ်ပြီး လိပ်ပြာလွင့်မတတ် ကြောက်တတ်စမြဲ၊

"မင်း နွားတွေကို ချော့ထား၊ ခွာကြွ လိုက်ရင် မြွေရဲ့ခေါင်းက ပြန်ကိုက်မှာ"

တင်မောင်က သတိပေးရင်း ရွှေသွေးရှေ့မှပတ်ကာ ခွာနှင့်လွတ်ရုံသာ မြေပြင်မှာ လူးလွန့်ရင်း၊ အမြီးက မြေပြင် ကို တဘုတ်ဘုတ်ပုတ်ကာ ဒေါသထနေပြီ၊ တင်မောင်က ကြိမ်နှင့် မြွေ၏ခေါင်းကို စက်ခဲစွာ ရိုက်သည်၊ လေးငါးချက် ဆင့် ပြီးရိုက်သည်။

"တင်အောင် – လှည်းဆီသွား၊ ခက်ရင်းယူခဲ့"

"ဟုတ်"



တင်အောင် လှည်းဆီပြေးသည်၊ ခက်ရင်း ယူလာသည်၊ ထန်းလက်မှ လောင်နေသော မီးရောင်ကို အားပြုပြီး ခေါင်းကိုအသေအချာထိုးချလိုက်သည်၊ ပြီး၊ ရွှေသွေးကိုချော့ပြီး ထွန်တံကိုဖြုတ် ကာ နောက်ဆုတ်ခိုင်း၏ သည်တော့မှ ရွှေသွေးနှင့် အခြားနွားက နောက်ဆုတ် ၏၊ ထိုအချိန် လက်မောင်းလုံးခန့် အကွက်စိပ်စိပ်၊ ခေါင်းပြားပြား၊ နှာတိုတို၊ အမြီးခြောက်ခြောက်နှင့် မြွေပွေးကြီးကို ခက်ရင်းနှင့် ကော်ယူသည်၊ ကိုယ်လုံး ကြီးက ခက်ရင်းကို ပတ်သည်၊ တင်အောင်က ရိုက်သည်၊ မကြာ၊ မြွေ ကြီးငြိမ်ကျသွားသည်။

"အင်း – အဖေပြောသလို အဟိတ် တိရစ္ဆာန်နွားတောင်မှ အသိရှိတယ်ဆို တာ အဲဒါပြောတာကွ၊ ကြည့်လေကွာ၊ ဒီမြွေကိုက်ရင် သေမယ်ဆိုတာ သိချင် သိမယ်၊ ဒီမြွေဟာ သူတို့ရဲ့အသက်ကို သေစေနိုင်တယ်ဆိုတဲ့အသိတရားက နွားတွေရဲ့သဘာဝတရားကို ပေးအပ် ထားတာဆိုတော့ ရွှေသွေးက မြွေကို နင်းထားပြီးခြေထောက်လုံးဝမကြွတော့ တာပေါ့ကွာ၊ ဒါ သူတို့ရဲ့သဘာဝပေး အသိ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်၊ တကယ်လို့ ခြေကြွလိုက်ရင် ရွှေသွေးကို ကိုက်မိရင် ကိုက်မယ်။ ဒါမှမဟုတ် ထွန်တုံးပေါ် စီးလာတဲ့ကျုပ်ကို ကိုက်ချင် ကိုက်မယ်"

"အင်း – ခွာနဲ့လွှတ်ရင်တော့ လူကို ကိုက်မှာ အမှန်ပဲ။ မနစ်ပိုင်းက ကိုကျော်လှရဲ့နွားတစ်ကောင် သေသလို သရက်သာရွာက ကိုခင်မောင်လည်း နွားနင်းပြီးတဲ့မြွေကိုက်လို့သေသတဲ့ မင်းလည်းကြားမှာပါကွာ။ အင်းလေ – ကုသိုလ်ကံကြီးတယ်လို့ပဲ သဘောထားရမှာပဲ"

မြွေ၏အကွက်များ ရေတွက်ကြည့်တော့ အကွက်ဆက်ပေါင်း လေးဆယ်ကျော်သည်။ ဝမ်းဗိုက်ကို လှန်ကြည့်ပြန်တော့ ဖြူဖြူဖွေးဖွေး အကြေးခွံတွေအကြားဝယ် အနက်စက်တွေနှင့်။ ဒါ နဂါးစက်၊ နဂါးကွက်ဟု ခေါ်သည်၊ မြွေဆိုး တွေရဲ့လက္ခဏာ၊ အဆိပ်ပြင်းမြွေတွေရဲ့သင်္ကေတ။

"ကဲ – မင်း – ရွှေသွေးကို မုန်းသေးလား"

"ဟာ – ကျုပ် မမုန်းပါဘူး။ ဟိုတုန်းကဖိုးတင်မြှောက်ပေးလို့အရက်သောက်ခဲ့တယ်၊ မိဘတွေနဲ့ အစ်ကိုအပေါ် မကောင်းမြင်ခဲ့တယ်။ တကယ်တော့ ဒီကောင်က ဟောဒီမြွေပွေးလိုပဲ"

"ဟုတ်တယ်ကွ၊ တိုတိုပြောရရင် အဖေတို့နဲ့ ဒီကောင့်မိဘတွေက စီးပွားပြိုင်ဘက်တွေလေ၊ ပြိုင်ဘက်ဆိုတော့ အတ္တနဲ့အနိုင်ယူချင်ကြတာပေ့ါ။ ရှင်းရှင်းပြောရရင် စီးပွားပျက်စေချင်တာပဲ၊ ဒီမယ် ငါ့ညီ၊ ဒီရွှေသွေးကို သူတို့ ဘာပြုလို့လိုချင်တာလဲ – သိလား၊ ဒီကောင်က ဒီရွှေသွေးကိုဝယ်၊ အခြားယဖ်ပူဇော်မယ့်ဆီ သိန်းပေါင်းများစွာနဲ့ ရောင်းမှာကွ"

"ဗျာ – ယဖ်ပူဇော်တယ်"

"အင်း – ဟုတ်တယ်၊ ရွှေသွေးရလို့ကတော့ ဘယ်လောက်ပေးရပေးရ ဝယ်ခဲ့ဆိုတော့ မင်းဆီကပ်ပြီး ရပ်ရေးရွာရေးပေး၊ ဒီကောင်က အမြတ် ဆယ်ဆလောက်တင်ပြီး အပ်မယ့်အကောင်။ ထားပါကွာ၊ မင်းလည်း ဘေးစကားနဲ့ သွေးစကား ဘယ်သွေးက မှန်တယ်၊ နီရဲတယ်ဆိုတာ မင်း သိနေမှတော့ ..."

"ကျုပ် မှားတယ်ဗျာ၊ ကျုပ် လယ်ယာမြေကိုရော၊ နွားတွေကိုပါ ချစ်တတ်ပါပြီ။ ပြီး၊ သွေးကပြောလာတဲ့ စကားတွေကိုလဲ ..."

ထိုအချိန် ရောင်နီသမ်းလာပြီ။ ဝန်းကျင်ရှိ ထွန်သူများ ထွန်နွားများကို မြင်ရပြီ၊ တင်မောင်တို့ကတော့ လူကို သေစေနိုင်သော မြွေပွေးကြီးကိုကြည့်ရင်း စကားကောင်းဆဲ။ ထိုအချိန် ရွှေသွေးဆိုသော မြဲပေါက်နွားပြာလေးကတော့ အန္တရာယ်ကင်းပြီမို့ စားမြုံ့ပြန်ရင်း ဆက်ပြီးထွန်ရန် အားယူနေသည်ကိုကြည့်ရင်း ...



တင်အောင် ပြုံးသည်၊ ထိုအပြုံးသည်နက်နဲ၏၊ သိမ်မွေ့၏၊ နားလည်၏၊ ပြီး မိမိလုပ်ငန်း မိမိနွားနှင့် မိမိသွေးကသာ မိမိကို ချစ်မည်၊ ထာဝရချစ်မည်ဟု သိသောအချိန် တင်အောင် ခေါင်းတညိတ်ညိတ်။

➸ တွင်းကြီးသား တင်ဝင်းဦး

| | |
|---|---|
| **ဆံပင်** **နက်** **ဆေး** | ရှားပန်းစေ့နှင့် ရှားမြစ်ခေါက်တို့ကို အညီအမျှယူ၍ မီးရှို့ပြာချ၊ ထိုပြာကို အုန်းဆီနှင့်ရော၍လိမ်းပါ။ ဆံပင်များနုးညံ့ပျော့ပျောင်း၍ ဆံပင်နက်မှောင်ကာ ဆံပင်သန်သည်။<br>ဆံပင်ဖြူလျှင်ကြိတ်မှန်ရွက်၊ နမ်းနက်ဆတူ အမှုန့်ပြု၊ တစ်လပြည့်အောင် စား၍ နွားနို့ကိုမှိဝဲလျှင် ဆံကေသာနက်မှောင်၍ အင်အားပြည့်ဖြိုးလာမည်။ |

www.burmeseclassic.com

www.burmeseclassic.com





"**မင်းတို့** သေရာစဉ်းစား၊ ဝန်ခံစရာရှိရင် ဝန်ခံ၊ တပ်သိက္ခာ အကျမခံနိုင်ဘူး၊ ငါ အခု လူပြစစ်ဆေးမှု လုပ်တော့မယ်၊ ကာယကံရှင် တဲထဲမှာ ရောက်နေပြီ၊ သူကမြင်လိုက်ရလို့ဘယ်သူ ဆိုတာ ပြနိုင်တယ်တဲ့၊ ဆရာ ဌေးမောင်၊မင်းတပ်စိတ်ကိုတစ်ယောက်ချင်း သေရာထပ်မေးပါ၊ ငါးမိနစ်အချိန်ပေးမယ်၊ ပြည့်ရင် လာသတင်းပို့၊ ရှင်းလား"

"ရှင်းပါတယ်"

"ရှင်းရင် ဆက်လုပ်"

မြစ်ကြီးနားတစ်ဖက်ကမ်း၊ ပိုင်းမော် နှင့် ဝါရှောင်ထည်ကြားရှိ ဝူယမ်ရွာတွင် ကျွန်တော်တို့ ကွန်မန်ဒိုလှုပ်ရှားတပ်ခွဲ ခေတ္တအခြေပြုစဉ်ကဖြစ်ပါသည်၊ ၁၉၇၉ - ၈၀ ဝန်းကျင်ခန့်ကဆိုတော့ကြာခဲ့ပါပြီ၊ ကြာခဲ့ပြီဆိုသော်လည်း မမေ့နိုင်သေးပါ၊

ကွန်မန်ဒိုတပ်ခွဲက တစ်ခွဲတည်းမဟုတ်ပါ၊ ကျွန်တော်တို့တပ်ခွဲတွင်တပ်ရင်းသုံးရင်းမှ တပ်စုသုံးစုကိုစုစည်းထားခြင်းဖြစ်ပြီး အခြားတပ်ရင်းတစ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးစီးသည့် တပ်ခွဲရုံးက လာရောက်ကွပ်ကဲပါသည်၊

ကျွန်တော်သည်ကျွန်တော်တို့တပ်ရင်းမှ ဖွဲ့စည်းစေလွှတ်သည့် ကွန်မန်ဒိုတပ်စု၏ တပ်စုမှူး ဒုတိယဗိုလ်ဖြစ်ပါသည်၊ ကျန်သောတပ်စုမှူးနှစ်ဦးမှာ တစ်ဦးက ဗိုလ်အဆင့်၊ တစ်ဦးက ဗိုလ်ကြီးအဆင့်၊ တပ်စုမှူးသုံးဦးမှာ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊

**တပ်မတော်သည် ပြည်သူ့အတွက်သာမက စည်းကမ်းကြီးသော တပ်မတော်ဖြစ်ရန်လို ကြောင်း ပြသခဲ့သည့် ဝတ္ထုတစ်ပုဒ် ..**

အခြားအဆင့်မှအရာရှိဖြစ်လာခဲ့၍ အတွေ့အကြုံ အတန်အသင့်ရှိသည်မှန်ငြား၊ အရာရှိလုပ်သက် အနုဆုံးဖြစ်သူကျွန်တော့်ကို မညှာတမ်းပြောလျှင် ဗိုလ်ပါးမဝသေးသူဟု ဆိုနိုင်ပါသည်၊ အကြောင်းတစ်ခုခုရှိလျှင်ရဲဘော်ဘက်က စဉ်းစားလေ့ရှိသည်၊ သို့မဟုတ် ထိုသို့စဉ်းစားလေ့ရှိသည်ဟု အထင်ခံရလေ့ ရှိတတ်ပါသည်၊ အချို့သောကိစ္စများတွင်မှန်သော်လည်းအချို့သောကိစ္စများတွင်မမှန်ပါ၊ယခုကိစ္စတွင် ရွာသားက သူ့မျိုးကြက်ဖကြီး ပျောက်သွား၍ တိုင်ကြားလာခြင်းဖြစ်သည်၊ သက်သေကအခိုင်အမာမရှိရဲဘော်များကလည်းဝန်မခံ၊ ဇရိယာက ကိုယ့်တပ်စုတာဝန်ယူသည့်ဇရိယာ၊မဖြေရှင်းလို့မရ၊ ပြဿနာက ကိုယ့်ခေါင်းပေါ်မှာ၊ ကြက်

www.burmeseclassic.com

www.burmeseclassic.com



လည်ဆံမွေးတချို့သဲလွန်စရထားသည်။ ဖော်ထုတ်မလား၊ မဖော်ထုတ်ဘူးလား။ ဘယ်လိုလုပ်ရမလဲ။

ကျွန်တော်တို့ တပ်စုအတွက် ဤကိစ္စသည် ဒုတိယအကြိမ် ဖြစ်နေပါသည်။

ပထမအကြိမ်မှာ လွန်ခဲ့သည့် နှစ်ဆယ်ရက်ခန့်က ဖြစ်သည်။ ယခုလိုခေတ္တအခြေပြုစဉ်၊ ကျွန်တော်တို့ တပ်စုတပ်ဖြန့်ထားသော ဧရိယာအတွင်းရှိ အိမ်တစ်အိမ်မှ နို့ဆီလေးလုံး ပျောက်သွားသည်။ ယခင်တပ်က စစ်သည်များထံက ဝယ်ယူထားသည်ဆိုသော နို့ဆီဘူးများတောင်ယာသွားနေ၍အိမ်တံခါးပိတ်ထားခဲ့စဉ်မီးဖိုဆောင်မှပျောက်သွားခဲ့ခြင်းဖြစ်သည်။ ခြံတွင်းမြေပျော့တွင် တောစီးစစ်ဖိနပ်ခြေရာများတွေ့ရသည်။

ထိုစဉ်ကလည်း သက်သေက မရှိ၊ ရဲဘော်များကလည်း ဝန်မခံ။ ဖော်ထုတ်လို့က မရ၊ သဲလွန်စအချို့ရှိသော်လည်း မသေချာ၍ပိုမိုသင့်လျော်မည်ထင်သည့် နည်းဖြင့် ဖြေရှင်းပေးခဲ့ရသည်။

တပ်စိတ်သုံးစိတ်က တစ်လုံးစီ၊ တပ်စုရုံးက တစ်လုံး။ မိမိက နှစ်လုံးကျခံ၍နို့ဆီဘူးခြောက်လုံးစုစည်းကာတပ်စုတပ်ကြပ်ကြီးကို စေလွှတ်၍ ပေးလျော်တောင်းပန်စေခဲ့ပါသည်။ အိမ်ရှင်က နို့ဆီလေးလုံးကိုသာ လက်ခံသဖြင့် တပ်စုတပ်ကြပ်ကြီးနှင့်အတူ မိမိကိုယ်တိုင် ထပ်မံသွားရောက်ကာ ကျေအေးခွင့်လွှတ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ထပ်မံ၍ တောင်းပန်ဂုဏ်ပြုစကား ဆိုခဲ့ရပါသည်။ ကျန်နို့ဆီနှစ်လုံးကို သာကူဇေ့ထပ်ဝယ်စေကာ နို့သာကူကျို၍ တပ်စုတစ်စုလုံး ဝေငှသောက်လိုက်ကြပါသည်။

ထိုအကြောင်းကို တပ်ခွဲမှူးထံ ဝန်ခံအသိပေး တင်ပြခဲ့ပြီးဖြစ်ရာ ယခုတစ်ကြိမ်လည်းသတင်းမပို့၍ဖြစ်မည်မဟုတ်ပါ။

☆☆☆

တပ်စုတပ်ကြပ်ကြီးကို ကင်းများလိုက်စစ်ဆေးစေပြီး အသင့်ရှိနေစေပါသည်၊ ကွန်မန်ဒိုတပ်စုတွင် တပ်ခွဲအသီးသီးမှ အကြပ်စစ်သည်များဖြင့် အချိုးကျပေါင်းစပ်ဖွဲ့စည်းကာတာဝန်ထမ်းဆောင်ရသည်ဖြစ်၍ ကိစ္စရပ်တိုင်းတွင် တပ်စုတပ်ကြပ်ကြီးကိုချည်း လွှဲ၍မရပါ။ မိမိဘာသာ ကိုယ့်အားကိုယ်ကိုး ဦးဆောင်စဉ်းစားဆုံးဖြတ်ရသည်များ ရှိပါသည်။



“ဗိုလ်ကြီး – ငါးမိနစ် အချိန်ပြည့်သွားပါပြီ”

“အေး – လာ – ထိုင်၊ ပြောပါဦး”

“ကျွန်တော် အထပ်ထပ် မေးပြီးပါပြီ – မထူးပါဘူး”

“ကောင်းပြီ – ဒီလူတွေကို မင်းသိသလား”

“မသိပါဘူး – ဗိုလ်ကြီး”

“မင်း အပြင်ထွက်၊ တပ်စိတ်ကပဲ ပြန်စောင့်ပါ”

တပ်ကြပ်ဌေးမောင်နှင့်သူ့တပ်စိတ်က ရဲဘော်တစ်ဦးချင်းကို ကျွန်တော် အကဲခတ်ကြည့်သည်၊ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် တစ်လှည့်လောက် ခွာပြီး ရပ်စေသည်။

“ဆရာဌေးမောင် – တဲထဲကနေ လှမ်းကြည့်ရင်မင်းတို့ကို သေချာမြင်နိုင်ပြီမလား”

“ဟုတ် – သေချာမြင်နိုင်လောက်ပါတယ် – ဗိုလ်ကြီး”

“ကောင်းပြီ – မင်းတို့ အားလုံး ဓါးဘက်ကို မျက်နှာမူထားကြ”

ကြက်ဖပိုင်ရှင်ညွှန်ပြသူကိုသေချာအောင် အတည်ပြုပြီးသောအခါ ကျွန်တော် အဖြေရှာရ၊ ညှိနှိုင်းရပေပြီ။ ဌေးမောင်ကို ပြန်ခေါ်ပြီး ကာယကံရှင်များရှေ့တွင်ပင် ပြောရပါသည်။

“ဌေးမောင် – ကျူးလွန်တဲ့သူကို ငါ သိသွားပြီ၊ မင်းတပ်စိတ်က ရဲဘော်ပဲ၊ ဒါပေမဲ့ – ဘယ်သူဆိုတာ ငါထုတ်မပြောချင်သေးဘူး။ဒီကိစ္စအတွက်ကျူးလွန်တဲ့သူရယ်၊မင်းရယ်၊ငါရယ်၊ဘယ်လိုတာဝန်ရှိသလဲ”

“တပ်စုတစ်စုလုံးအတွက် ဗိုလ်ကြီးတာဝန်ပါ။ ကျွန်တော့်တပ်စိတ်အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျူးလွန်တဲ့ရဲဘော်မှာလည်းတာဝန်ရှိတယ်ဆိုပေမယ့် သူ့အတွက်ပါ ကျွန်တော့်မှာ တာဝန်ရှိပါတယ် – ဗိုလ်ကြီး”

“အေး – ကျူးလွန်တဲ့ ရဲဘော်မှာ ကျူးလွန်တဲ့အတွက်သာ တာဝန်ရှိပေမယ့် မကျူးလွန်အောင် လုပ်ရမယ့် တာဝန်ကတော့ ငါတို့တာဝန်ပဲ၊ တပ်စုတစ်စုလုံးအတွက် ငါ့မှာ တာဝန်အရှိဆုံးလို့ ငါခံယူတယ်”

“ဟုတ် – ကျွန်တော့်မှာလဲ တာဝန်ရှိတာပါပဲ – ဗိုလ်ကြီး”

“အေး – ကြက်ပိုင်ရှင်ကတော့ သူ့ကြက်ဖရဲ့သတ်မှတ်တန်ဖိုးအလျော်ပေးပြီး တောင်းပန်ရင် ကျေနပ်ပါတယ်လို့ ပြောနေပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဖိုးကိုကျွန်တော်တာဝန်ယူလျော်ပေးချင်ပါတယ်။ ပြီးတော့ ကျေနပ်နှင့်လွှတ်ဖို့နဲ့နောက်အပြစ်မဖြစ်ရအောင် သေချာထိန်းသိမ်းကြပ်မတ်ပါ့မယ်လို့ ဗိုလ်ကြီးကိုရော၊ သူ့ကိုပါ ကတိပြုတောင်းပန်ပါတယ်။ ကျွန်တော် ရှက်လဲရှက်ပါတယ် - ဗိုလ်ကြီး"

"အေး - ဒါကတော့ ကာယကံရှင်က သဘောတူ ကျေနပ်တဲ့အတွက် ငါ သဘောတူနိုင်တယ်၊ ဒါပေမဲ့ - မင်းတို့ တပ်စိတ်ကို ထိုက်တန်တဲ့အပြစ်ဒဏ်ပေးရဦးမယ်၊ စစ်စည်းကမ်းအရ အရေးယူလို့လည်းရတယ်၊ ကြီးတဲ့အမှု ငယ်အောင်၊ လုပ်ဆောင်ရမှာတွေလည်း မကျယ်အောင် ငါအပြစ်ဒဏ်တစ်ခုပေးမယ်ဆိုရင် ငါပေးမယ့်အပြစ်ဒဏ်ကို ကျေနပ်စွာ ခံယူနိုင်သလား"

"ကျေနပ်စွာ ခံယူနိုင်ပါတယ် ဗိုလ်ကြီး"

"ကောင်းပြီ - ဒါဆိုရင်မင်းငါနဲ့အတူ လိုက်ခဲ့"

တပ်စိတ်ရှေ့သို့ပြန်ရောက်လာကြသည်၊ ဆရာဋ္ဌေးမောင်ကို အကျိုးအကြောင်းရှင်းပြစေသည်။ ပြီးတော့မှ -

"ကဲ - မင်းတို့ တပ်စိတ်မှူးရဲ့အစီအစဉ်ကို ငါလည်း သဘောတူ ခွင့်ပြုတယ်။ တို့အားလုံး မျက်နှာငယ်ရတဲ့ ဒီကိစ္စအတွက် မင်းတို့ကို ငါ အပြစ်ဒဏ်ပေးတဲ့အနေနဲ့ လုပ်ငန်းတစ်ရပ် ပေးမယ်ဆိုရင် ငါပေးမယ့်အပြစ်ဒဏ်လုပ်ငန်းကို မင်းတို့ ကျေနပ်စွာ ခံယူနိုင်မလား။ မင်းတို့ကိုငါအပြစ်ဒဏ်ပေးရမလား။ အားလုံးပြော"

"ပေးပါ ဗိုလ်ကြီး၊ ကျေနပ်ပါတယ်"

"ဗိုလ်ကြီးပဲ ကျွန်တော်တို့ကို အပြစ်ပေးပါ"

"ဗိုလ်ကြီးကောင်းသလို စီစဉ်ပါ၊ လိုက်နာပါမယ်"

"အေး - လုပ်စရာရှိတာ ဆက်လုပ်ကြ၊ တန်းဖြုတ်"

☆☆☆

တစ်ခါတစ်ရံတွင် ဘယ်တုံးက ဘယ်သူ၊ ဘာကို ဘယ်လိုဘယ်မျှ ကျူးလွန်၍ ဘယ်လောက်အပြစ်ဖြစ်သည် ဆိုသည်ကို သိရပြီးနောက် ဘာဆက်လုပ်မည်ဆိုသည်က ပို၍အရေးပါလာ တတ်သလို အလေးထားကာ စဉ်းစား ပြန်ဖါသည်။ တစ်စုံတစ်ရာ သိက္ခာက သွားပြီဆိုပါက ဘယ်လိုပြန်ဆယ်လျှ ကောင်းမည်နည်း။



မျက်နှာပူပူဖြင့် တပ်ခွဲမှူးထံ သတင်းပို့ရပြန်ပါသည်။ ကျွန်တော်ကိုယ်တိုင် ဦးဆောင်၍ လုပ်ဆောင်မည့်အစီအစဉ်၊ အသုံးပြုမည့်အချိန် လုပ်ဆောင်မည့်နည်းလမ်းများ တွက်ချက်တင်ပြရာ သဘောတူခွင့်ပြုချက် ရခဲ့ပါသည်။

အဖြစ်က တပ်စုမှူး စစ်ခေါင်းဆောင်ဘဝမှ မဟုတ်မဟတ် ခေါင်းဆောင်ဘဝ ရောက်ရမည့်အဖြစ်မျိုး။ မတတ်နိုင်ပါ။ မိမိရဲဘော်၏ကိစ္စသည် မိမိ၏ကိစ္စပဲ မဟုတ်ပါလား။

ကျေးရွာတာဝန်ရှိသူနှင့် ကျောင်းအုပ်ဆရာကြီးတို့ကို တွေ့ပြီး ကျွန်တော်နှင့် တပ်ကြပ်ဋ္ဌေးမောင် ကျေးရွာအမကာ ကျောင်းပတ်ဝန်းကျင်ကိုလိုက်ကြည့်ကြပါသည်၊ ကျောင်းပတ်ဝန်းကျင်က သန့်ရှင်းသန့်ပြန့်နေသည်၊

ကျွန်တော် ဆုံးဖြတ်လိုက်သည်၊ လုံခြုံရေးအပါအဝင် အသေးစိတ် စီစဉ်သည်၊ မနက်စာစားပြီးနေ့လယ်တစ်နာရီမှာလုပ်ငန်းစကြဖို့ ချိန်းဆိုလိုက်ပါသည်၊ တပ်စုတပ်ကြပ်ကြီးအား ကျန်သည့်တပ်စုဖွဲ့အင်အားများကို အသင့်ရှိကြစေရေး ကွပ်ကဲထားဖို့ တာဝန်ပေးထားလိုက်ပါသည်။

"ဘယ့်နှယ်လဲ - ဆရာဋ္ဌေးမောင် တပ်စိတ် - ငါနဲ့အတူ မင်းတို့ လုပ်နိုင်သလား၊ လုပ်ကြမလား"

"ဟာ - ဗိုလ်ကြီးတောင် လုပ်နိုင်တာပဲ၊ လုပ်နိုင်ပါတယ်၊ လုပ်ပါမယ် ဗိုလ်ကြီး"

☆☆☆

နေ့လယ်တစ်နာရီက စခဲ့ကြသည့် လုပ်ငန်းမှာ ညနေသုံးနာရီတွင် လေးပုံသုံးပုံ ကျော်ပြီးသွားပါပြီ၊ မြေက သဲဆန်သည့်မြေနီမြေမာဖြစ်သည်၊ ကျောင်းက အနည်းငယ်နိမ့်သောမြေညီမြေပြန့်တွင် ရှိပြီး ကျောင်းအိမ်သာများက ဝါးရုံပင်တန်းနောက်မလှမ်းမကမ်း၊ အနည်းငယ်ပိုမြင့်သော ကုန်းဆန်ဆန်နေရာ ကုန်းတန်းကလေးပေါ်မှာ သပ်ရပ်စွာ ရှိနေကြပါသည်၊

ကျောင်းဖွင့်ရက်ဖြစ်၍ကလေးများ ကျောင်းတက်၊ စာသင်၊ စာအံနေကြပါသည်၊ ခေတ္တအားလပ်ချိန်တွင် ကျောင်းရှေ့ကစားကွင်းမှာ သူတို့ ပျော်ရွှင်စွာ ကစားကြပါသည်၊ စာသင်မပျက်၊ အကစားမပျက်၊ ညနေ လေးနာရီခန့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်တွင် ကျောင်းသားအားလုံး ကျောင်းဆင်းသွားကြသည်။

ကျောင်းနောက်ဘက် ဝါးရုံပင်များနောက်တွင် လှုပ်ရှားနေကြသူများကတော့ ကျွန်တော်တို့လူစု။

☆☆☆

"ဗိုလ်ကြီး - ဆရာမ တစ်ယောက်က တွေ့ပါရစေတဲ့"

"ဟာကွာ - မင်းကလဲ၊ နောက်မှတွေ့ပါလို့ ပြောလိုက်"

"မဟုတ်ဘူးဗိုလ်ကြီး - ခဏပဲ တွေ့ခွင့်ပေးပါတဲ့"

"မရဘူး ဗိုလ်ကြီး၊ ဒီမှာ ဗိုလ်ကြီးရှိနေတာမှန်ရင် သူတွေ့ရမှဖြစ်မယ်တဲ့၊ တခြားပြဿနာမရှိပါဘူးတဲ့ ။ ဒီနားရောက်နေပြီ"

"ဟေ - ဒါဆို - ကျင်းထဲကို တစ်ယောက်ဆင်းခဲ့ဦး"

"ကျွန်တော် ဆင်းခဲ့မယ်"

"ဒီမှာဒီနေရာကိုနည်းနည်းရှပ်ခုတ်ချမယ်၊ ပါးပါးပဲနော်၊ ကျင်းအောက်ပိုင်းက အပေါ်ပိုင်းထက် ကားပြီး ကျယ်သွားလို့မဖြစ်ဘူး၊ ကျင်းမြန်မြန် ပြိုကျသွားလိမ့်မယ်၊ ဒါပြီးရင် လက်စသတ်မယ်၊



အေး - ဒါကတော့ ကာယကံရှင်က သဘောတူ ကျေနပ်တဲ့အတွက် ငါ သဘောတူနိုင်တယ်။ ဒါပေမဲ့ - မင်းတို့ တပ်စိတ်ကို ထိုက်တန်တဲ့အပြစ်ဒဏ် ပေးရဦးမယ်။ စစ်စည်းကမ်းအရ အရေးယူလို့လည်းရတယ်။ ကြီးတဲ့အမှု ငယ်အောင်၊ လုပ်ဆောင်ရမှာတွေလည်း မကျယ်အောင် ငါ အပြစ်ဒဏ်တစ်ခု ပေးမယ်ဆိုရင် ငါပေးမယ့်အပြစ်ဒဏ်ကို ကျေနပ်စွာ ခံယူနိုင်သလား။



လက်စသတ်ပြီး သိမ်းပြီးမှ တို့အားလုံးအတူတူပြန်ကြမယ်၊ ဟုတ်ပြီလား၊ မင်းကိုစိတ်ချမယ် ဒွေးမောင်"

"ဟုတ်ကဲ့ - စိတ်ချပါ၊ ပြီးလည်းပြီးတော့မှာပဲ"

ကျွန်တော် ကျင်းပေါ်ရောက်တော့ အသက်လေးဆယ်ခန့် ကျောင်းဆရာမတစ်ဦးကို တွေ့ရပါသည်၊ ကာယကံရှင်က သူ့အမျိုးသားပါတဲ့၊ ဗိုလ်ကြီးတို့ ခရီးသွားဖို့တွေ၊ ဘာတွေရှိရင် မတွေ့လိုက်ရမှာစိုးလို့တဲ့၊ ဗိုလ်ကြီးတို့အားလုံးကိုလေးစားပါတယ်တဲ့၊ ကျောင်းကစီစဉ်ထားတဲ့ ရေနွေးကြမ်းပွဲလေးကိုတော့ဖြင့် လက်ခံပေးကြစေချင်ပါတယ်တဲ့၊

"ကျွန်တော်တို့အတွက် ဒုက္ခမရှာပါနဲ့လို့ ပြောထားလျက်နဲ့ ဆရာမတို့ရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ဗိုလ်ကြီး"

☆☆☆

ရေပုံး၊ ရေခွက်၊ ဆပ်ပြာ၊ လက်သုတ်ဝတ်များအဆင်သင့်၊ အလုံအလောက်၊ ကျွန်တော့်ရဲဘော်များလည်း ချွေးအလူးလူး၊ ကျွန်တော်လည်း ချွေးအလိမ်းလိမ်း၊ ရေနွေးကြမ်းကျကျနှင့် ထန်းလျက်ခဲဖြူဖြူများက ကျွန်တော်တို့အား အမောပြေစေခဲ့ပါသည်။

"ဒီရွာမှာ ကျွန်တော် သေချာသတိပြုမိတာ ရှိပါတယ်၊ အိမ်တိုင်းမှာ ရေသုံးတဲ့ယင်လုံအိမ်သာ ရှိကြတယ်၊ ရေတွင်းတိုင်းမှာ အပေါ်က အမိုးနဲ့ တွင်းအဝမှာ သီးခြားအဖုံးဖုံးထားကြတယ်၊ အင်မတန်လေးစားအားကျ၊ အတုယူဖို့ ကောင်းပါတယ်"

"ဗိုလ်ကြီးတို့တပ်မတော်သားတွေလဲ တစ်ခါတစ်ရံ အမှားနဲ့ မကင်းပေမယ့် စည်းကမ်းအလွန်ကြီးကြတာ လေးစားရပါတယ်"

"ဟုတ်ကဲ့ - တပ်မတော်ခေါင်းဆောင်ကြီးတစ်ဦးက တပ်မတော်ဟာ စည်းကမ်းအဓိကဖြစ်လို့ စည်းကမ်းရှိဖို့ အလွန်လိုအပ်ကြောင်း၊ စည်းကမ်းမရှိတဲ့ တပ်ရှိမယ့်အစား တပ်မရှိတာက တိုင်းပြည်အတွက် ပိုကောင်းကြောင်း ဒီလိုတောင် တင်စားပြီး မိန့်မှာခဲ့ဖူးပါတယ်၊

ဒီရေနွေးကြမ်းဝိုင်းက ထန်းလျက်ခဲဖြူဖြူလေးတွေနဲ့ အခါးရည်ကျကျလေးကိုသောက်လိုက်ရတာ အမောပြေသွားကြပြီ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ခွင့်ပြုကြပါဦး၊ အားလုံး ကျေးဇူးကမ္ဘာပါ”

“ကောင်းပါပြီ၊ ဗိုလ်ကြီးတို့အားလုံးကိုလည်းပဲ ကျေးဇူးကမ္ဘာပါ”

ဝူယမ်ကျေးရွာအမကာအတွက်အနံ့သုံးပေခွဲ၊ အကျယ်ရှစ်ပေ၊ အနက်ခုနစ်ပေခန့်၊ အိမ်သာကျင်းအသစ်တစ်ကျင်း၊ လက်ဆောင်တူးဖော်ပေးနိုင်ခဲ့ပြီး တစ်ခါက ဤသို့ ခရီးသမိုင်းဝင်ခဲ့ဖူးပါသည်။

➳ နောင်လွင်

| | |
|---|---|
| ချောင်း | ဇီးကြမ်းငှက်ပျောသီး ဖျော်ဖျော်ကို သကြားမွှေ၍ |
| ခြောက် | ထမင်းလွတ် အဝစားပါ။ သံပုရာမြစ်၊ နွယ်ချို၊ ဆား၊ |
| ဆိုး | အမျှသွေး၍လျက်ပါ။ နွယ်ချို၊ မန်ကျည်းမှည့်၊ သိန္ဓောဆား |
| လျှင် | အမှုန့်ကြိတ်၍စားပါ။ |

**ခြေတုန်လက်တုန်သေ**
ကြိတ်မှန်ရွက် ယိုဆေးစားပေးပါ။

# မြဝတီ

## သစ္စာမဲ့သူတို့ဝင်္ကပါ

သရုပ်ဖော်ပန်းချီ ဝေမှန်လင်း



www.burmeseclassic.com

www.burmeseclassic.com



**လောဘဇော**၏ လှုံ့ဆော်မှုကြောင့် ထောင်နန်းစံ လူသတ်တရားခံ ဗိုလ်နီနှင့် ထောင်ဆရာဝန် မဖွန်းဒါးတို့သည် မှုသား တစ်ကွက်ကို လှည့်ချက်အဖြစ်သုံးကာ တစ်ဦးအပေါ်တစ်ဦး ကွက်ကျော်နိုင်ကြ၏။ ဗိုလ်နီနှင့်မဖွန်းဒါးတို့ ဉာဏ်ရည်ပြိုင်မှု၌ မကောင်းမှုကို အသုံးပြုကြသောကြောင့် ဆုံလာကြုံလာရသောရလဒ်ကား ...။

☆☆☆

၁၉၄၆ – ခုနှစ်။

ရန်ကုန်ထောင်ကြီး၏ ဆေးရုံတွင် တက်ရောက်ကုသနေသော အကျဉ်းသား ဗိုလ်နီသည် ရုတ်တရက် သေဆုံးသွားလေသည်။

ဗိုလ်နီကား ဓားပြမှု၊ လူသတ်မှုများကြောင့် ထောင်တစ်သက် အပြစ်ပေးခံရသော နစ်ကြီးအကျဉ်းသမားတစ်ဦးဖြစ်သည်။

သူသည် မြစ်ဝကျွန်းပေါ်တွင် ဓားပြမှုများကျူးလွန်ရုံမက ရန်ကုန်မြို့မဂိုလမ်းရွှေဘုံသာလမ်းရှိစိန်တိုက်တစ်တိုက်ကို သူ့တပည့်များနှင့် ဝင်စီးခဲ့ကာ လွတ်မြောက်သွားခဲ့သည်။ စိန်တိုက်ပိုင်ရှင်မှာ မဂိုကုလားအမျိုးသားဖြစ်ကာ ခြောက်လုံးပြူးကျည်ဆန်တစ်တောင့်ဖြင့် ပွဲချင်းပြီး သေဆုံးခဲ့ရသဖြင့် ရန်ကုန်ရဲအဖွဲ့မှ ဗိုလ်နီကိုဖမ်းဆီးနိုင်ရေးအတွက် အပြင်းအထန် ကြိုးစားခဲ့ရလေသည်။

ရန်ကုန်ထောင်ထဲတွင် တစ်နှစ်ကျော်ခန့် အချုပ်ခံရပြီးနောက် ပြစ်မှုထင်ရှားကာ မသေမချင်း ကြိုးပေးသတ်ရန် တရားရုံးတော်မှ အမိန့်ချမှတ်ခြင်း ခံရလေသည်။

> **လျှင်သူတားစတမ်း**
> **ဒုစရိုက်လောကသားများ**
> **ထောင်ထဲ ရောက်လာပြီး**
> **နည်းမျိုးစုံဖြင့် ထောင်ထဲမှ လွတ်မြောက်ရန် ကြံစည်ခဲ့သော်လည်း . . .**

ဗိုလ်နီမှာ "သေကံမရောက် သက်မပျောက်" ဟူသော ကံတရားက စီမံလာသလား မသိချေ။ ဂျပန်ခေတ်တွင် အင်္ဂလိပ်လေထီးဆင်းဗိုလ်တစ်ဦးအား ကယ်တင်ကာ ဝှက်ထားခဲ့ပြီးနောက် လျှို့ဝှက်တော်လှန်နေသောကရင်အမျိုးသား ပြောက်ကျားများထံ ပို့ပေးခဲ့သောကျေးဇူးကြောင့် သူ၏အယူခံလွှာတွင်အင်္ဂလိပ် တရားသူကြီး တရားရေးအတွင်းဝန်က ထောင်တစ်သက်အဖြစ်အပြစ်ဒဏ်လျှော့ပေါ့ကာ ကြိုးပေးသေဒဏ်အပေးခံရခြင်းမှ လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဗိုလ်နီအား သူ့တပည့်အချို့က သ[illegible] မသေမီ ထောင်ဝင်စာလာ၍ တွေ့ခဲ့ကြရာမှ ဗိုလ်နီ၏ အကြံပေးချက်အရ သူ့တပည့်အချို့သည် ထောင်ဆရာဝန်၊ ကုလားအမျိုးသား မစ္စတာမဖွန်းဒါးကို လျှို့ဝှက်စွာ ဆက်သွယ်ခဲ့သည်။

သိပ်မကြာပါချေ။

ဗိုလ်နီသည်ထောင်တွင်းဆေးရုံသို့ အပြင်းအထန် ဝမ်းရောဂါကြောင့် တက်ရောက်ခဲ့သည်။

တစ်နေ့ညတွင် ထောင်ဆရာဝန် မဖွန်းဒါးတစ်ယောက် လာရောက်ကာ ကြည့်သည်။ ဗိုလ်နီအား သီးသန့်အခန်းကလေးတွင် ပို့ထားသောကြောင့် နှစ်ဦးသားတိုင်ပင်နိုင်ရန် အခွင့်အရေးရလေသည်။

ဗိုလ်နီက ထောင်ဆရာဝန်အား –

"ဆရာ – ကျွန်တော့်တပည့်တွေဆီက ငွေတစ်ထောင်ရပြီလား"

"ရပါတယ်၊ ဒါကြောင့် ခင်ဗျားကို ဆေးရုံမှာတက်နေဖို့ အေးအေးဆေးဆေး အလုပ်မလုပ်ရအောင် တင်လိုက်တာပေါ့။ ခင်ဗျားမှာ ဘာရောဂါမှ မရှိပဲ"

"ကျေးဇူးပါပဲဒေါက်တာ၊ ဒါထက် ကျွန်တော်လွတ်ချင်တယ်၊ ကျွန်တော့်ကို လွတ်အောင်လုပ်နိုင်ရင် ကျွန်တော်တစ်ယောက်တည်း လျှို့ဝှက်သိမ်းထားတဲ့ စိန်နဲ့ရွှေတစ်ဝက်ခွဲပေးမယ်၊ အနည်းဆုံး ဆယ်သိန်းကျော်ဖိုးရှိတယ်"

"အလ္လာ – ခင်ဗျားတကယ်ပြောနေတာလား"

မဖွန်းဒါးသည် ဆယ်သိန်းကျော်တန်ဖိုးရှိသော စိန်ရွှေရတနာများကို ကြားလိုက်ရသည်နှင့် တပ်မက်လွန်းသော လောဘစိတ်ကြောင့် သူ့မျက်လုံးများမှာ အရောင်တဝင်းဝင်း တောက်ပလာတော့၏။

ထောင်ဆရာဝန်မဖွန်းဒါးက ဗိုလ်နီသည် စိန်ဘာဘူကုလားကို သတ်၍ စိန်နှင့်ရွှေများ အပိုင်တိုက်ယူသွားသည်ကို သိထားပြီး လျှင်ရဲအဖွဲ့မှ ဗိုလ်နီကိုမိသောအခါတွင် စိန်တစ်ပွင့်ပင် ပြန်မရတော့ကြောင်းကို အင်္ဂလိပ်သတင်းစာကြီးများနှင့် မြန်မာသတင်းစာများတွင် အကျယ်တဝင့် ပါရှိပြီးဖြစ်၍ သိထားလေသည်။

သူ့အဖို့ တစ်သက်လုံးလုပ်ပါက၍ မျှများပြားသော သိန်းနှင့်ချီ၍ ငွေများကို စုဆောင်းနိုင်မည် မဟုတ်ချေ။

"ဒီမှာဒေါက်တာ၊ ဗိုလ်နီလူဆိုးလုပ်လာပေမယ့် ကိုယ်ပြောတဲ့ စကားကို ဘယ်တော့မှ မဖျက်ဘူးဗျ။ သစ္စာရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဆရာဝန် မဖွန်းဒါး၏ လိုချင်လောဘရှိသော မျက်လုံးကို မြင်ရသောကြောင့် ဗိုလ်နီက ထပ်၍ပြောလိုက်ခြင်း ဖြစ်သည်။

"ကောင်းပြီလေ၊ ဘယ်လိုစီစဉ်မလဲ ဆိုတာ တိုင်ပင်ကြတာပေါ့။ ဒါပေမဲ့ - ခင်ဗျားအပြစ်က အလွန်ကြီးတော့ ရိုးရိုး လွတ်ဖို့ မလွယ်ဘူး"

"ဟုတ်ပါတယ်၊ ဒါကြောင့် ဒေါက်တာအကူအညီရမှဖြစ်မယ်ဆိုတာသိလို့ တိုင်ပင်ရတာပေါ့၊ ကျွန်တော်က ငွေဆယ်သိန်းကျော်ရှိတဲ့ စိန်တွေ တစ်ဝက် ခွဲပေးမယ် စိတ်သာချ"

ဒေါက်တာ မဖွန်းဒါးသည် ခဏမျှ ငိုင်သွား၏။

တစ်အောင့်ကြာပြီးမှ -

"ခင်ဗျားကိုသေတယ်ဆိုပြီး ထုတ်မှ ဖြစ်မယ်၊ အရေးကြီးတာက ခင်ဗျားညဦးက သေတဲ့အကြောင်း ထောင်မှူးကြီးကို ကျုပ်က အစီရင်ခံရမယ်၊ ခင်ဗျားအနားကို မကပ်အောင် ဝမ်းရောဂါကြောင့် ချက်ချင်း ထောင်ပြင်ထုတ်ပြီး သုသာန်ကို ပို့ရမယ်၊ ခေါင်းအဖုံးကို လေဝင်အောင် လုပ်ပေးမယ်၊ သချိုင်းရောက်တော့ မြေတွင်းထဲချတဲ့အထိပေါ့။ အဲဒီမှာ ခင်ဗျားတပည့်တွေက ချက်ချင်း ဖော်ထုတ်ရမယ်၊ ကောင်းပြီ၊ ကျုပ်က သချိုင်းအထိရောက်အောင် လိုက်ပို့မယ်ဆိုတော့ ခင်ဗျားထံက ပစ္စည်းက ဘယ်လိုရမှာလဲ"

"ကျုပ် သချိုင်းထဲက လွတ်မြောက်တာနဲ့ ကျုပ်ဝှက်ထားတဲ့နေရာကိုသွားပြီး ယူပေးမယ် စိတ်ချပါ"

"ဒီလောက်နဲ့ ကျုပ်က ဘယ်လိုယုံကြည့်ရမလဲ"

"ဒေါက်တာကို ကျုပ် မလိမ်ပါဘူး။ ခင်ဗျားက ကျုပ်ကျေးဇူးရှင်ပဲဟာ၊ ခင်ဗျားကို တစ်ဝက်ခွဲပေးရလို့ ကျုပ် မဆင်းရဲပါဘူး"

"ဒါပေမဲ့ - ခင်ဗျား ဒီနာမည်နဲ့ လှုပ်ရှားလို့မရတော့ဘူး။ နာမည်ပြောင်းပြီး သွားမှ ဖြစ်မယ်"

"ဒါတော့ စိတ်ချပါ"

"ကျုပ် ခင်ဗျားရဲ့ကတိကို ယုံတယ်၊ ဒီတော့ ကျုပ်ပေးတဲ့ဆေးသုံးလုံးကို စားလိုက်၊ ခင်ဗျား ဝမ်းနည်းနည်းသွားပြီးမေ့သွားမယ်၊ မနက်ဖြန်ည ခုနစ်နာရီမှာ တားရမယ်"

"ကောင်းပါပြီ၊ ဒါထက် ကျုပ်တပည့်ထံ စာတစ်စောင် ပို့ပေးပါဦး"

"ပို့ပေးမယ်လေ။ ဒီညရေးထား၊ မနက် ဂျူတီအဝင်မှာ ယူသွားမယ်"

"ကောင်းပါပြီ"

☆☆☆

"ဒီအလောင်း မြန်မြန်အပြင်ထုတ်ရမယ်၊ အခု ဆေးဖျန်းထားပြီးပါပြီ"

ထောင်ဆရာဝန် မဖွန်းဒါးက ထောင်မှူးကြီးကို ပြောလိုက်သည်။

"အခု - အလောင်းတင်လှည်း ဆေးရုံကြီးက လာပါလိမ့်မယ်၊ ခေါ်ထားပြီးပါပြီ - ဒေါက်တာ"

ဗိုလ်နီသည် ရုတ်တရက်ဝမ်းလျှောကာ သေဆုံးသွားခြင်းဖြစ်ကြောင်းကို ထောင်ဆရာဝန်မဖွန်းဒါးက အစီရင်ခံစာတစ်စောင် ခပ်တိုတိုရေးကာ ထောင်မှူးကြီးအား ပေးလိုက်၏။

ကူးစက်ရောဂါဖြင့် သေဆုံးသော အကျဉ်းသားအလောင်းများကို ချက်ချင်း ထောင်ပြင်ထုတ်၍ သုသာန်သို့ပို့ရသည် ဖြစ်ရာ ဗိုလ်နီအတွက် ခေါင်းတစ်လုံးဖြင့် စည့်ကာ မည်သူမျှ အလောင်းအနီး မလာရန် တားမြစ်ထားခဲ့၏။

မကြာမီ -



ရန်ကုန်ထောင်ကြီးမှ အလောင်းတင်လှည်းသည် ကုလားနှစ်ယောက်ဆွဲကာ ထောင်အတွင်းသို့ ဝင်ရောက်လာခဲ့လေသည်။

ဗိုလ်နီ၏ အလောင်းထည့်ထားသော ခေါင်းသေတ္တာကို အလောင်းတင် အလုံပိတ်သံပြားအအုပ်နှင့် လှည်းပေါ်တင်ကာ ထောင်ဘူးဝတံခါးကြီးမှ ကုလားအလုပ်သမားနှစ်ဦးသည် ပျင်းရိစွာ ဆွဲထွက်သွားကြလေသည်။

ခေါင်းသေတ္တာအတွင်းတလှုပ်လှုပ်နှင့် လိုက်ပါလာသောဗိုလ်နီသည် ညဦးက ဒေါက်တာမဖွန်းဒါးကျွေးခဲ့သောဆေးကြောင့် ဝမ်းတော်တော်များများသွားကာ ဝမ်းဗိုက်တွင်းမှာ နာကျင်သလိုလို ခံစားနေရသည်။

တစ်ဖန် မှောင်မည်းလှသော ခေါင်းကြီးအတွင်း အသက်ရှူရခက်စွာဖြင့် လိုက်ပါခြင်းကလည်း ပို၍ကြပ်တည်းဆင်းရဲလှသည်။ သူသည် သချိုင်းကုန်းရောက်ပါက သူ့တပည့်တွေက အမြန်ဆုံးလာ၍ ထုတ်မည်ကိုတွေးကာ အမြန်ဆုံး သချိုင်းသို့ ရောက်ရန်သာ စိတ်ကူးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဒေါက်တာမဖွန်းဒါးလည်း သူနှင့် မနီးမဝေးမှ လိုက်လာမည်ကိုသိကာ သူလွတ်မြောက်သည်နှင့် ဘာလုပ်ရမည်ကို စဉ်းစားထားပြီးဖြစ်၏။

မကြာမီ ကြမ်းတမ်းသောလမ်းကြောင့် တရိန်းရိန်းမြည်ကာ သွားနေသည်ကိုပါ သတိပြုလိုက်မိသည်။

တစ်အောင့်ကြာသော် လှည်းရပ်သွားသည်။

"ရိန်း"

သံအဖုံးတစ်ခု ဖွင့်လိုက်သံလည်း ကြားရ၏။

မကြာမီ သူ့အား ထည့်ထားသော ခေါင်းကြီးကို ဆွဲထုတ်လိုက်ခြင်းခံရပြန်ကာ မြေပေါ်သို့ ချလိုက်၏။

"အမယ် - ဒီအလောင်းကြီးက ခေါင်းကြီးနဲ့ ဘာနဲ့ အခန့်ပါလားကွ၊ ဆေးရုံကတော့ မဟုတ်ဘူးမဟုတ်လား"

"ဟုတ်တယ်အခို၊ သူက ထောင်ထဲက ထုတ်လာတာ"

"ဩော် - ဒါကြောင့်ကိုး"

"ကဲ - ကျွန်တော်တို့ပြန်မယ် အခို"

"အေး - ပြန်ပြန်၊ ဒီမှာကတို့အလုပ်ပဲ ကျန်တော့တယ်"

မကြာမီလှည်းဘီးလှိမ့်သံပေါ်ထွက်လာသည်။

"ဒီမှာ - ဒီအလောင်းကို ကျုပ်တို့က ဂူသွင်းမှာပဲ၊ သူ့ကို ခင်ဗျားတို့ - ဟို အလောင်းတွေနဲ့ ရောမမြှုပ်ပါနဲ့"

"ခင်ဗျားတို့က ကာယကံရှင်လား"

"ဟုတ်ပါတယ်၊ ရပ်ကွက်ထဲယူလို့ မသင့်လို့ပါ၊ ရော့ပါ - ခင်ဗျားတို့အတွက် ငွေနှစ်ဆယ်"

"ဖြစ်ပါတယ် - ဖြစ်ပါတယ်"

"ဒါဖြင့် - ဟိုဘက်ဂူနား ပို့ပေးပျာ ကျုပ်တို့ ဘာသာ ကျုပ်တို့ မနက်ဖြန် စီစဉ်ပါ့မယ်"

တစ်အောင့်ကြာသည်နှင့် ဖုံးထား သောခေါင်းဖုံးကို တချစ်ချစ်ခွာသံ ပေါ် ထွက်လာလေသည်။

တစ်ခဏချင်း အဖုံးပွင့်သွားလျှ လူတစ်ယောက်၏မျက်နှာကိုတွေ့ရ သည်။

"ဆရာမိုလ်နီ"

"ဝက်ကြီးလား"

"ဝမ်းသာတယ်ဟေ့၊ မြန်မြန်ထ ကွာ၊ ငါ့ကို ပတ်ထားတဲ့အဝတ်တွေ ပေးပါဦး"



သည်နောက်မိုလ်နီသည်အပြင်သို့ ရောက်လာပြီး လေအေးကို တစ်ဝကြီး ရှိုက်လိုက်သည်။

မှောင်ရိပ်ထဲတွင်လူသုံးယောက်ကို လရောင်ပိုးတဝါးဖြင့် မိုလ်နီက တွေ့ရလေသည်။

နှစ်ယောက်က သူ့တပည့်၊ တစ်ဦးက ထောင်ဆရာဝန် မဖွန်းဒါးဖြစ်သည်။

မဖွန်းဒါးက သူ့လက်ကိုလာဆွဲကာ နှုတ်ဆက်သည်။

"ကဲ - ခင်ဗျားလွတ်ပါပြီ၊ ကျုပ်ကို ပေးထားတဲ့ ကတိအတိုင်းသာ ခင်ဗျား ပေးဖို့ လုပ်ပါတော့"

"ကျေးဇူးပါပဲဒေါက်တာ၊ ခဏနေပါဦး၊ ဒါထက် မင်းတို့ ကားပါလားဟေ့"

"ပါတယ်ဆရာ၊ ဟိုကောင်ငမိုးကားမှာ စောင့်ကျန်ရစ်ခဲ့တယ်"

"ငါ့ဖို့အဝတ်တွေ ပါသလား"

"ပါပါတယ်၊ ဒီမှာ တစ်ခါတည်း လဲမလား"

"ဟာ - လဲမှာပေါ့ကွ၊ ဒီလောက် ကျက်သရေကင်းမဲ့တဲ့ ထောင်အဝတ်တွေ ငါမဝတ်ပါဘူး"

ထို့နောက် မိုလ်နီသည် သူ့တပည့် ပေးသော အဝတ်များကို လဲလှယ်ဝတ်ရင်းက တပည့်တစ်ဦးအား ခပ်တိုးတိုး ပြောလိုက်သည်။

ထိုတပည့်သည် ခပ်စောစောက မိုလ်နီ ဝင်ခဲ့သောခေါင်းကြီးကိုဆွဲကာ ပျဉ်ချပ်များကို အဝတ်ဟောင်းကြီးနှင့် သုတ်ပစ်လိုက်၏။

ပြီးလျှင် မဖွန်းဒါးအပေါ်သို့ ထို အဝတ်ကြီး လွှမ်းခြုံပေးလိုက်သည်။ ထို အပြုအမူကြောင့် မဖွန်းဒါး ထိတ်လန့်သွားကာ -

"ဒါ - ဒါ - ဘာလုပ်တာလဲ မိုလ်နီ"

"ဟဲဟဲ - ကျုပ်တို့ လူဆိုးဆိုတာ သူများကို သတ်တဲ့နေရာမှာ သစ္စာရှိရတယ်ဗျ၊ ကျေးဇူးရှင်ဆိုတာတို့ ဘာတို့ လူဆိုး လူသတ်သမားရဲ့ အဘိဓာန်မှာ မရှိဘူး၊ ဒီတော့ ကျုပ်ဝင်ခဲ့တဲ့ခေါင်းထဲ ခင်ဗျား ဝင်ရမယ်"

မိုလ်နီ၏စကားကြောင့် ထောင်ဆရာဝန်မဖွန်းဒါးမှာ အကြီးအကျယ် ထိတ်လန့်သွားလေသည်။

"ခင် - ခင် - ခင်ဗျား ကျုပ်ကို လွတ်အောင် လုပ်ပေးတယ်ဆိုတာတွေဟာ လူဆိုးတွေဆီက တိုက်ယူလာတဲ့ ရွှေငွေ ရတနာတွေကိုမက်မောပြီး ခေါင်းပုံဖြတ် ယူချင်လို့ လုပ်ပေးခဲ့တာပဲ၊ ဘာကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်စရာလိုသလဲ၊ ခင်ဗျား အဲဒီလိုလုပ်ပေးခဲ့တဲ့ထောင်ထဲကလူဆိုးတွေမနည်းဘူး၊ တချို့ဆိုရင် အမှန်အတိုင်း ပစ္စည်းထားတဲ့နေရာကို ပြောလိုက်လို့ ခင်ဗျားက သေရွာပို့လိုက်တဲ့ လူတွေလည်း မနည်းဘူးဆိုတာကို ကျုပ်က စုံစမ်းထားပြီးပြီပဲ၊ အဲဒီတော့ – ခင်ဗျား ခေါင်းထဲဝင်မလား၊ ဒါမှမဟုတ် အေးအေးပဲ ပြန်မလား၊ အဲဒါ ခင်ဗျားကို သနားလို့ အခွင့်အရေးပေးတာပဲ”

ဒေါက်တာ မဇ္ဇန်းဒါးမှာ ကိုယ့်အတတ်နှင့်ကိုယ်စူးနေပြီမို့ ယခုလို အသေမသတ်ဘဲအခွင့်အရေးပေးသည်ကို ကျေးဇူးအထူးတင်နေရလေသည်။

“ကောင်းပါပြီလေ၊ ခင်ဗျားက ဒီလိုအခွင့်အရေးပေးတာပဲ ကျေးဇူးတင်လှပါပြီ။ ကျွန်တော့်ကို သွားခွင့်ပြုပါတော့”

မဇ္ဇန်းဒါးက ပြန်လှည့်ထွက်ရန် ပြင်လိုက်သည်ကိုဗိုလ်နီက သူ့လက်မောင်းဆွဲကာ –

“နေဦး၊ ခင်ဗျားကျွေးထားတဲ့ဆေးက အခုထိ ဗိုက်ထဲမှာ နာကျင်နေတုန်းပါလား”

“မနက်ဖြန်တော့ ခင်ဗျားတပည့်တစ်ယောက်ကို ဆေးလာယူဖို့ အိမ်ကိုလွှတ်လိုက်ပါ”

“မလိုပါဘူး၊ အခုကားနဲ့လိုက်ပို့မယ်၊ ဆေးကို တစ်ခါတည်း လိုက်ယူမယ်။ ကျုပ်ကို သေစာရင်းနဲ့ ပယ်ထားပြီးမို့ ဘာတတ်နိုင်သေးလဲ၊ ကဲ – သွားကြစို့”

ဗိုလ်နီတို့က ထောင်ဆရာမဇ္ဇန်းဒါးကို လက်ဆွဲ၍ သချိုင်းထဲမှ ထွက်လာခဲ့ကြသည်၊

☆☆☆

ဗိုလ်နီ ...

ခင်ဗျားကို တိုက်ထားတဲ့ဆေးသုံးလုံးအနက် တစ်လုံးဟာ အဆိပ်ဆေးပဲ။ အနည်းဆုံး သုံးရက်အတွင်းမှာ ခင်ဗျား အဆိပ်ကြောင့် တစ်ကိုယ်လုံး မည်းပြာပြီး နလုံးရပ်သေမယ်၊

ဒီတော့ ကျုပ်ကို ကတိပေးထားတဲ့အတိုင်း ခင်ဗျားထံက စိန်တစ်ဝက် ခွဲပေးရင် ကျုပ်က အဆိပ်ဖြေဆေးကို တစ်ခါတည်း ပေးလိုက်မယ်။

ကျုပ်ကလည်း မပိုင်ဘဲ ဘယ်တော့မှမလုပ်ဘူး။ ဒါမျိုးနဲ့ လိမ်မှာစိုးလို့ ကျုပ်က ပထမလူတွေကိုလည်း အဆိပ်ကျွေးထားခဲ့တာပဲ။

သချိုင်းထဲမှာ ကျုပ်ကို သတ်လိုက်ရင် ခင်ဗျားလည်း ဖြေဆေးမရဘဲသေမှာပဲ။ ဒီလိုအဆိပ်မျိုးကို ဖြေဆေးပေးနိုင်တဲ့လူဟာ ကျုပ်ကလွဲပြီး ဘယ်ဆရာဝန်မှ မရှိဘူး။ အခုပဲ ခင်ဗျားဝမ်းမှာ တဖြည်းဖြည်း ဒုက္ခပေးနေပြီမဟုတ်လား။

ဒီတော့ အမြန်ဆုံး (၃) ရက်အတွင်း ရတနာတစ်ဝက်လာပို့ပါ။ မပေးရင် ဖြေဆေးမရဘဲ ခင်ဗျား သေမယ်၊ ကျုပ်ကလည်း သုံးရက်နေ့နံနက်မှာ အိန္ဒိယကို လေယာဉ်နဲ့ ပြန်တော့မယ်၊ ဒါပဲ။

မဇ္ဇန်းဒါး

ဗိုလ်နီသည် မဇ္ဇန်းဒါးအား ရန်ကုန်ထဲရှိ သူ့အိမ်သို့ လိုက်ပို့ခဲ့သည်။ တပည့်ကိုပါထည့်ပြီး ဆေးယူခိုင်းလိုက်ရာ ဆေးမရဘဲ စာကိုသာရပြီး ဖတ်ရင်းဖတ်ရင်းနဲ့ မျက်လုံးပြူးသွားရချေသည်။

သူကသာ သချိုင်းထဲတွင် မဇ္ဇန်းဒါးကို အပြတ်ရှင်းပစ်ခဲ့ပါက သူ့အသက်ပါ သေရမည်မှာ သေချာသည်။ သူကသာ သချိုင်းအတွင်း ထိုအကြောင်းကို ကြိုတင်သိပါက မဇ္ဇန်းဒါးကိုပြန်ပေးဆွဲထားကာ အဆိပ်ဖြေဆေးကိုတောင်းနိုင်သေးသည်၊

ယခုတော့ မဇ္ဇန်းဒါးက သူ့အပေါ်ကျားကွက်တစ်ကွက် ကျော်စားသွားခဲ့ပြီ၊ သူ ဘာတတ်နိုင်မည်နည်း။ သူ့အဖို့ သူ လျှို့ဝှက်ထားသော ရတနာတစ်ဝက်ကိုပေးရတော့မည်သာတည်း။ ဗိုလ်နီတို့သည် ရန်ကုန်မြို့ခွန်ရှိ တစ်နေရာတွင် နိုအောင်းရန် စခန်းရှိသည်။

သူ့မယားအငယ်ဆုံးကလေးကို ဝယ်ပေးထားသော ခြံနှင့်ဝင်းနှင့် အိမ်တစ်လုံးဖြစ်သည်၊

ထိုအိမ်သို့ ပြန်ရောက်ပြီးနောက် ဝမ်းဗိုက်က နာမြဲနာနေသည်။ နံနက်တွင် ပို၍ နာကျင်လာသည်၊

ဗိုလ်နီသည်မဇ္ဇန်းဒါး၏စာပါအတိုင်း မယုံကြည်၍မဖြစ်တော့၊ သုံးရက်အတွင်းဆိုသည်မှာ မနက်ဖြန်ပင် ရက်စေ့နေပြီမဟုတ်ပါလား။

ယင်းကြောင့်ပင်၊ သူ တိုက်ယူလာခဲ့သော စိန်များကို တစ်ဝက်ခွဲကာ သူကိုယ်တိုင် ရုပ်ဖျက်၍ မဇ္ဇန်းဒါးအိမ်သို့ တပည့်တစ်ဦးခေါ်ကာ ထွက်လာခဲ့၏၊

မဇ္ဇန်းဒါးက ဗိုလ်နီကိုအသင့်ကြိုနေသည်၊

“လာပါ – လာပါ၊ ခင်ဗျားလာလိမ့်မယ်ဆိုတာ ကျုပ်သိပါတယ်လေ၊ ခင်ဗျား ကျုပ်ထံမလာဘဲ နေလို့မဖြစ်ပါဘူး”

“ကဲ – စကားများမနေနဲ့ မဇ္ဇန်းဒါး၊ ခင်ဗျားက အဆိပ်ဖြေဆေးပေးရင် ကျုပ်က အသင့်ပဲပါလာတဲ့စိန်တွေပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နီက သူ့အိတ်ထဲမှ သေတ္တာကလေးတစ်လုံးကို ထုတ်ပြလိုက်သည်။

"ထိုင်ပါဦးလေ၊ ကော်ဖီပူပူလေး တစ်ခွက် သောက်ပါဦး၊ ကျုပ်က အိမ်ရှင်ဆိုတော့ ဝတ္တရားကျေပွန်ရမပေါ့"

"ကျုပ် မသောက်ချင်ပါဘူး၊ ဖြေဆေးသာ မြန်မြန်ပေးပါ"

ဗိုလ်နီက ဗိုက်အနည်းငယ်နှိပ်ရင်း ပြောလိုက်သည်။

သူ့တပည့်က မနီးမဝေးမှ ရပ်နေသည်။

"ခင်ဗျား ကံကောင်းတယ်၊ ကျုပ်မနက်ဖြန် အိန္ဒိယပြန်တော့မလို့၊ အားလုံးပြင်ဆင်ထားပြီးပြီ"

သူသည် ထသွားကာ အခန်းထဲသို့ ဝင်သွားသည်။ တစ်အောင့်ကြာသော် စက္ကူဖြင့် ပတ်ထားသော အနီရောင်ဆေးပုလင်းတစ်လုံးကို ယူလာသည်။

ထို့နောက် လက်ဖက်ရည်ပန်းကန်ထဲသို့ အနည်းငယ်လောင်းချကာ ရေဖြင့်ဖျော်၍ သူက အရင်သောက်ပြလိုက်၏။

"တွေ့လား၊ ခင်ဗျားတို့မယုံမှာစိုးလို့ ကျုပ်က သောက်ပြလိုက်တာပဲ"

မဖွန်းဒါးက ပုလင်းအဖုံးကို ပြန်၍ ပိတ်လိုက်ပြီးလျှင် -

"ကဲ - ဘယ်မှာလဲ၊ ခင်ဗျားပစ္စည်း"

"ဒီမှာအသင့်ပဲ"

ရုတ်တရက်ဗိုလ်နီကအတွင်းအင်္ကျီထဲသို့ လက်နှိုက်ကာ ဆွဲယူလိုက်သောအရာသည် မည်းနက်သော ခြောက်လုံးပြူးတစ်လက်၏ပြောင်းဝသည် မဖွန်းဒါးမျက်နှာဆီသို့ ချိန်မိသည်နှင့် လျှပ်စစ်လက်လိုက်သလိုမီးရောင်ပွင့်ထွက်သွားလေသည်။

"ဒိုင်း"



သူ ဘာကြောင့် ပြုံးသလဲ၊ ပြုံးသလဲ၊
ငါသတ်လိုက်တဲ့ကောင်တွေဟာ
ဘယ်တော့မှ မပြုံးဘူး။ မကျေနပ်တဲ့
မျက်လုံးတွေနဲ့ပဲ ကြည့်သွားကြတာပဲ။
သူ ပြုံးတာ - ပြုံးတာဟာ။



သေနတ်သံတစ်ချက် ဟိန်းသွားကာ မဖွန်းဒါးနဖူးတွင် ချက်ချင်းနီရဲသောအကွင်းလိုက်တစ်စက်တစ်စက်ပေါ်လာသည်၊ မဖွန်းဒါးမျက်လုံး ပြူးကျယ်ကာ အံ့အားသင့်သွား၏။

"ဟား - ဟား - ဟား"

သူသည် ဗိုလ်နီ၏ရယ်သံကို နားထောင်ရင်း တစ်ချက်ပြုံးလိုက်ကာ ဗိုင်းခနဲ ကြမ်းပြင်ပေါ်သို့ ထိုးလဲကျသွားတော့၏။

ဗိုလ်နီသည် ပုလင်းကို ကောက်ယူကာ အိမ်ပေါ်မှ အမြန်ဆုံး ပြေးဆင်းခဲ့၏။

မဖွန်းဒါးကား မိန်းမမရှိ၊ အိမ်ဖော်တစ်ဦးသာရှိရာ ထိုအိမ်ဖော်မှာ ဈေးသွားနေသဖြင့် ဗိုလ်နီတို့လုပ်ကြံရန် အခွင့်အရေးတစ်ရပ် ရလိုက်သည် မဟုတ်ပါလား။

ဗိုလ်နီသည် သူ့အိမ်သို့ ပြန်ရောက်သည်နှင့် အဆိပ်ဖြေဆေးကို ချက်ချင်း သောက်ချလိုက်၏။

"ဟား - ဟား - ဟား - ဗိုလ်နီတို့က မပိုင်ဘဲ ဘယ်တော့မှမလုပ်ဘူး ဝက်ကြီးရဲ့ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ဆရာ၊ ဒါပေမဲ့ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"သူက လဲမကျခင် ပြုံးသွားသေးတယ် ဆရာ"

ဗိုလ်နီသည် တွေသွားသည်။ သူ့စိတ်ထဲတွင်ရုတ်တရက်မေးခွန်းတစ်ခွန်း ပေါ်လာသည်။

"သူ ဘာကြောင့် ပြုံးသလဲ၊ ပြုံးသလဲ၊ ငါသတ်လိုက်တဲ့ကောင်တွေဟာ ဘယ်တော့မှ မပြုံးဘူး။ မကျေနပ်တဲ့ မျက်လုံးတွေနဲ့ပဲ ကြည့်သွားကြတာပဲ၊ သူ ပြုံးတာ - ပြုံးတာဟာ"

ဗိုလ်နီသည် ပါးနပ်သူတစ်ဦး ဖြစ်သည်။ ရှေ့ကနေ တစ်ကွက်ကျော် မြင်တတ်သော ကျားတစ်ကောင်ပင်၊ အတွေ့အကြုံများသည်၊ လုပ်လျှင် သေသေချာချာ ပိပိရိရိ လုပ်တတ်သည်။

"အို ..."

သူ့ဝမ်းထဲတွင် ထိုး၍ ကျင်တတ်သွား၏၊ ချက်ချင်းပင် လည်ချောင်းတွေ မခံမရပ်နိုင်အောင် နာကျင်လာ၏။

ဗိုလ်နီ မျက်နှာပျက်လေပြီ၊ ချက်ချင်းဆေးပုလင်းယူကြည့်လိုက်၏။

ဆေးပုလင်းတွင် ပတ်ထားသော တတစ်စောင်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နီ ...

ခင်ဗျားကိုထောင်ထဲမှာတိုက်ခဲ့တဲ့ ဆေးသုံးလုံးဟာ ဝမ်းသက်ဆေးတွေပဲ၊ ဒါကြောင့် ခင်ဗျား ဝမ်းရစ်ပြီး နာနာခနေခဲ့တာပဲ။ ညက ခင်ဗျားက ကျုပ်ကို ညာလိုက်တယ်။ မသတ်ဘဲ ဝမ်းနာကိုက်ပျောက်ဆေးတောင်းတယ်။ ကျုပ်က အဆိပ်ဆေးထည့်ကျွေးထားကြောင်း ရေးလိုက်တော့ ခင်ဗျားယုံတယ်။

တကယ်တော့ ခင်ဗျားဟာ သစ္စာမဲ့သူတစ်ဦးပဲ၊ ဒါကြောင့် ကျုပ်က ခင်ဗျား အခုတစ်ခါလာရင် ငါးမိနစ်အတွင်း သေနိုင်တဲ့အဆိပ်ကိုပေးလိုက်တယ်။ ခင်ဗျားဟာ တကယ့်ကို သေရမယ်။

ကျုပ်က ခင်ဗျားရှေ့မှာသောက်ပြဖို့ စိတ်ကူးထားပြီး အဆိပ်ဖြေဆေးကို သောက်ထားပြီးမို့ ဘာမှ မဖြစ်ဘူး။

ခင်ဗျားကို ယခု ကျုပ် တကယ့်ကို သေဒဏ်ပေးလိုက်တယ်။ လူ့ပြည်မှာ ခင်ဗျားကိုထား၍မသင့်တော့ဘူးမဟုတ်လား။

မဖွန်းဒါ

ဗိုလ်နီသည်စာကိုဖတ်ရင်းဖတ်ရင်း မျက်နှာတွေ အကြီးအကျယ် ပျက်သွားၿပီ။

"တောက် - မဖွန်းဒါး - မဖွန်းဒါ။ မင်းလိုကောင်လည်း လူ့ပြည်မှာမရှိတာ အကောင်း - အကောင်းဆုံး"


သူသည်စကားကိုဗလုံးဗထွေးပြောရင်းက ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ထိုးလဲကျသွားလေသတည်း။

➤ မြဝတီ

| | |
|---|---|
| **ထိ** | ကုတ္တိုမြစ်ခေါက်ကို |
| **ခိုက်** | အရိပ်ထဲမှာ သွေးစေ၍ |
| | အမှုန့်ပြု၊ ဒက်ရာကို |
| **ရှ** | လိမ်းပါ။ |
| **နာ** | အမြန်ပျောက်သည်။ |

**ထိပ်ကပ်နာ**

ကြိတ်မှန်ရွက်သတ္တုရည်ကို မကြာခဏ ရှုပေးပါ။




www.burmeseclassic.com

www.burmeseclassic.com






**မိုးစက်**မိုးပေါက်တို့ဖြင့် စိုစွတ်လျက်ရှိသော ကိုင်းပင်များပေါ်တွင် သူသည် ပက်လက်အနေအထားဖြင့် ရှိနေ၏။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ကိုင်ရိုက်ထားသည့်ပမာ နာကျင်ကိုက်ခဲမှုများဖြင့် မလှုပ်မယှက်ရှိနေရ၏။ တဆစ်ဆစ်နာကျင်နေသည့်ဘယ်ဘက်ဦးခေါင်းချိုစောင်းနေရာအား လှုပ်ရှားနိုင် သည့်လက်တစ်ဖက်ဖြင့် စမ်းကြည့်မိပါ၏။ ဦးခေါင်းတစ်ခုလုံး ကွဲအက်သွားသည့် ဒဏ်ရာမဟုတ်သော်လည်း သွေးစသွေးနတို့ဖြင့်နာကျင်လှ၏။

မမျှော်လင့်သော မိမိ၏ဖြစ်ရပ်ဆိုးသည် မည်သို့ဖြစ်ရပါသနည်း။ သူသည် ပက်လက်အနေအထားဖြင့် လှုပ်တစ်ပြက်စဉ်းစားပါ၏။ ချက်ချင်းစဉ်းစားမရ၊ စဉ်းစားလေတိုင်းဦးခေါင်းတစ်ခုလုံးမူးဝေသွားရသဖြင့် ဆက်လက်မစဉ်းစားတော့၊ ထိုအတွင်း လှုပ်ရှားနိုင်သော ဘယ်လက်ဖြင့် အနား ဝန်းကျင်ကို ဟိုစမ်းသည်စမ်းစမ်းမိ၏။ အေးစက်စက်နိုင်လှသော ဆိုင်ကယ်တစ်စီး၏ လက်ကိုင်ကိုစမ်းမိသဖြင့် စဉ်းစားစရာ လမ်းစများ ပေါ်လာရ၏။

ညကိုးနာရီအချိန်တွင် သူသည် ဆန်စက်မှ အိမ်သို့ ဆိုင်ကယ်စီး၍ ပြန်လာခဲ့၏။ ဆိုင်ကယ်စီးရာလမ်းတစ်လျှောက်တွင် မိုးရွာထားခြင်းကြောင့် ရေအိုင်ရေဗွက်များ ဖြစ်ပေါ်နေ၏။ သူ၏ဆန်စက်သည် မြို့ပြင်ကားလမ်းနံဘေး၌ရှိရာ မြို့တွင်းရှိ မိမိနေထိုင်ရာ အိမ်သို့ပြန်လေတိုင်းမပြုပြင်ရသေးသောလမ်းပေါ်တွင် ရေအိုင်ဗွက်အိုင်များကို ရှောင်ရှား၍ ဆိုင်ကယ်ကို မောင်းနှင်ရမြဲ ဖြစ်သည်။ ယင်းသို့ မောင်းနှင်ရာ လမ်းကွေ့တစ်နေရာအရောက်တွင် နောက်မှ ကပ်ပါလာသော ကားတစ်စီးမှ ခပ်ကြမ်းကြမ်း မောင်းနှင်၍ သူ၏ ဆိုင်ကယ်အား တိုက် ချလိုက်ပါ၏။ ထိုသို့ တိုက်ချလိုက်ခြင်း ကြောင့် ဆိုင်ကယ်ရော လူပါလမ်းနံဘေးချောက်ထဲသို့ထိုးကျသွားရခြင်း ဖြစ်သည်။

**ဆိုင်ကယ်မှောက်၍ ချောက်ထဲ ကျသွားရာမှ သေအံ့ဆဲဆဲဖြစ်နေသည့် လူငယ်တစ်ယောက်၏ စိတ်နှင့် ခန္ဓာကိုယ် ပူးတုံ့ခွာတုံ့ဖြစ်နေစဉ် . .**

ဆိုင်ကယ်နှင့်အတူ ချောက်ထဲသို့ ဒလိမ့်ခေါက်ကွေး ကျသွားရသောသူသည် အတန်ကြာ သတိမေ့မြောသွားခဲ့ပါ၏။ သတိရလာသည့်အခါတွင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမလှုပ်ရှားနိုင်သကဲ့သို့ဖြစ်ရလေ၏။ သူသည်နာကျင်မှုထက်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ချောက်ချားမှုများဖြစ်ပေါ်လာသဖြင့် ကားလမ်းပေါ်တွင် ဖြစ်သွားဖြစ်လာများရှိက ကူညီမှုရရှိနိုင်ရန် အစွမ်းကုန် အားပြု၍ အသံပြုခဲ့ပါ၏။

"ကျွန်တော် ချောက်ထဲကျနေလို့ ကယ်ကြပါဗျို့ - ကယ်ကြပါဗျာ"

ရှိသမျှခွန်အားကို ညှစ်ထုတ်လျက် အသံကုန်အော်ဟစ်အကူအညီတောင်းခဲ့ပါ၏။ သို့သော် သူ၏အသံသည် လည်ချောင်းဝ၌ တစ်ဆို့နေပြီး အပြင်သို့ထွက်မလာခဲ့ပေ၊ ထို့ကြောင့်ပင် သူသည်ဒဏ်ရာ အနာတရများကြောင့် နာကျင်ခံစားနေရသည့်ကြားမှ ထိတ်လန့်တုန်လှုပ်မှုတို့သည်ဒီရေအလားမြင့်မားလာရတော့၏၊

သူသည်အသက်သုံးဆယ်ခန့်ရှိပြီး စိတ်ဓာတ်ကြံ့ခိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်လောကဓံတရားကိုဥပေက္ခာပြုလျက် မိမိ၏ဖြစ်ရပ်ကိုပြန်လည်တွေးတောခဲ့၏။ မိမိဆိုင်ကယ်ကို နောက်မှ တိုက်ချလိုက်သော ကားသည် အရက်သေစာ သောက်စား၍ အမူးလွန်သူမောင်းသောကားဖြစ်ခြင်းလားသို့တည်းမဟုတ် မိမိ၏ အသက်ကို လုပ်ကြံသူမောင်းသောကားဖြစ်ခြင်းလား စဉ်းစားစရာ နှစ်ချက်ရှိပါ၏၊ ယေဘုယျဆိုသော် ဒုတိယအချက် မဖြစ်နိုင်၊ မိမိတွင်မုန်းသူဟူ၍ မရှိ၊ ချစ်သူများဖြင့်သာ ဝိုင်းဝိုင်းလည်နေ၏၊ ပထမအချက်သာဖြစ်နိုင်၏၊ ယခုတလော ကားသမားများသည် အရက်ကိုလွန်ကျူးစွာသောက်၍ စည်းကမ်းမဲ့စွာ ကားမောင်းနေကြသည်၊ ထို့ကြောင့်ပင် ယဉ်တိုက်မှုများဖြစ်ကြပြီး သေကြ ကျေကြ၊ ထောင်ကျကြသည်၊ သည်အတိုင်းဆိုပါက မဆင်မခြင်အရက်သောက်သည့် ကားမောင်းသမားကြောင့် မိမိဒုက္ခရောက်ရမည့်အဖြစ်ကိုတော့ အဖြစ်မခံနိုင်ဟု တွေးတောလျက် သူသည် ထရန်ကြိုးစားလိုက်၏၊ ထိုသို့ကြိုးစားခြင်းကြောင့်ပင် လက်တစ်ဖက်နှင့် ဦးခေါင်းပိုင်း ခြေထောက်များ ထိမိုက်ဒဏ်ရာ ပြင်းထန်လှသဖြင့် မေ့ခနဲမိုက်ခနဲဖြစ်ကာ လောကနှင့်အဆက်အသွယ်ပြတ်သွားရတော့၏။ သူသည် မသိစိတ်ကိုမောင်းနှင်လျက် မှောင်မိုက်သော ဟင်းလင်းပြင်ကြီးကို ဖြတ်သန်းလျက် ရှိခဲ့ရပါ၏။ ယင်းနောက် သူသည် သိစိတ်ကို ရှာဖွေလျက် အသိနှင့် သတိကိုတတ်နိုင်သမျှစုစည်းထိန်းမတ်လျက် ထပ်မံ၍ထထိုင်ရန် ကြိုးစား၏။

☆☆☆



ထိုသို့ထထိုင်ရာတွင်အလွန်အမင်း အံ့ဩဖွယ်ရာ တွေ့ကြုံခံစားလိုက်ရ၏။ ဝေဒနာများကို မည်သို့မျှ မခံစားရပါပဲ လွယ်ကူစွာထထိုင်နိုင်ခြင်းသည်စဉ်းစားစရာဖြစ်သော်လည်းလတ်တလောစိတ်သက်သာရာ ရခဲ့ပါ၏၊ ထို့ကြောင့် သူသည်ထိုင်လျက်မှောင်မှောင်မည်းသော မိုးကောင်းကင်ကို မော့ကြည့်လိုက်၏။ လကွယ်ညဖြစ်သည့်အပြင်ကောင်းကင်တစ်ပြင်လုံးမိုးသားတိမ်လိပ်များလွှမ်းမိုးနေခြင်းကြောင့် ကြယ်တာရာများကိုပင် မမြင်တွေ့ရ၊ သူ ထိုင်နေသည့် ဝန်းကျင်တွင်မူမြက်ပင်၊ ကိုင်းပင်များသာရှိသဖြင့် ပိုးနံ့ကောင်၊ ခရု၊ ပက်ကျိ၊ ဖားခုန်ညင်းတို့၏ အော်မြည်သံများသာ ကြီးစိုးနေ၏။ သူရှိနေသည့်ချောက်ထဲမှကမ်းပါးအမြင့်ပေါ်ရှိ ကားလမ်းပေါ်မှ ဖြတ်သန်းမောင်းနှင်နေသည့် ကားအင်ဂျင်စက်သံများကြားနေရသကဲ့သို့ တစ်ခါတစ်ရံကား၏ မီးရောင်များပင် မြင်နေရ၏။

သည်အတိုင်းထိုင်နေ၍မဖြစ်၊ ကားပေါ်သို့ ဆိုင်ကယ်ကို တွန်းတင်ရန်လည်း တစ်ယောက်တည်းမဖြစ်၊ ထို့ကြောင့်ပင် ဖြတ်မောင်းဖြတ်လာလုပ်နေသည့်ကားများကို ကားလမ်းပေါ်တက်၍ တားပြီး အကူအညီတောင်းမည်ဟု ကြံရွယ်လျက် ထိုင်ရာမှ မတ်တတ်ရပ်လိုက်၏၊ ပေါ့ပါးလျင်မြန်စွာ မတ်တတ်ရပ်နိုင်ခြင်းကို သူ့ကိုယ်သူ အံ့ဩလွန်းမက အံ့ဩသွားရပြီး မိမိ ထထိုင်စေခဲ့သည့်နေရာအား ပြန်၍ကြည့်လိုက်မိ၏၊ သူ ထိုင်ခဲ့သောနေရာတွင် လူတစ်ယောက် ပက်လက်အနေအထားဖြင့် လဲနေသည်ကို ကားမီးရောင်ဖြင့် လျှပ်တစ်ပြက် မြင်လိုက်ရ၏၊ လဲနေသောနေရာတွင် လူတစ်ယောက် လဲနေခြင်းသည် ဖြစ်နိုင်ပါ့မလား၊ သူသည် အပြန်ပြန်အလှန်လှန် စဉ်းစား၏၊ မိမိသည် ဆန်စက်မှ ပြန်စဉ်က တစ်ဦးတည်းဖြစ်၏၊ ချောက်ထဲ ထိုးကျစဉ်ကလည်းဆိုင်ကယ်နှင့်မိမိတစ်ဦးတည်းပါ၊ မိမိတစ်ဦးတည်း ဖြစ်ပျက်နေသောဖြစ်စဉ်တွင် ထိုလဲကျနေသော သူသည် မည်သို့မည်ပုံ ပေါ်ပေါက်လာခဲ့ရပါသနည်း။ သူသည် စဉ်းစားပါ၏၊ ထို့ကြောင့်ပင် ရဲစိတ်ကိုတင်လျက် လဲနေသူအနီးသို့ကပ်၍ သွားပြီး ကားမီးရောင်ဖြင့်ဂရုပြု၍ကြည့်မိသည့်အခါတွင် သူသည် လန့်ဖျပ်ကာ "အမလေး" ဟု အော်လိုက်ပြီး ထခုန်လုမတတ်ဖြစ်သွားရလေတော့၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရှင် ကယ်တော်မူပါ။ လဲနေတဲ့သူက ဘာဖြစ်လို့ ငါနဲ့ တူနေရတာပါလိမ့် - သူ - ဘယ်သူလဲ"

သူသည် ကြက်သေ သေလျက် တွေတွေကြီးရပ်ကာ စဉ်းစားလိုက်ပါ၏။ အဖန်ဖန်အထပ်ထပ် စဉ်းစား၍ အဖြေတစ်ခု ရသည်ကြောင့်လားမသိ၊ သူ၏ မျက်နှာသည် သွေးစုပ်ခံထားရသည့်နယ် ဖြူဖပ်ဖြူရော်ဖြစ်လာပါ၏။ တစ်ကိုယ်လုံး တုန်လှုပ်လျက်ကြောက်ရွံ့လာရ၏။

"ငါ - ငါ - တစ်ကယ်ပဲ သေသွားပြီလား။ ဘုရားရှင် ကယ်တော်မူပါဘုရား။ တပည့်တော်သေလူမဖြစ်လိုသေးပါဘူးဘုရား"

သူသည် ရုပ်ခြင်နှင့် ဝိညာဉ်တွဲနေသူမဟုတ်၊ သူသည် ဝိညာဉ် ဖြစ်နေ၏။ ထိုသို့သော အခြေအနေတွင် ရုပ်ခြင်အပေါ် အစိုးမရနိုင်သောသူအဖြစ်ကို ရင်ထုမနာ ဖြစ်ရ၏။ ကြေကွဲဝမ်းနည်းခြင်းနှင့်အတူ တုန်လှုပ်နေရ၏။ မိမိကို မိမိအစိုးမရအခြေအနေဖြစ်ပေါ်နေခြင်းကြောင့်မိမိ၏ရုပ်ခြင်ကိုမိမိကယ်တင်မှသာလျှင် ဖြစ်မည်ဟု စဉ်းစားလျက် ရှောက်ကမ်းပါးကို ဖက်တွယ်လျက် ကားလမ်းပေါ်ရောက်အောင် တက်လေတော့၏၊ အချိန်သည် သူ့အတွက်တန်ဖိုးရှိနေ၏။ တစ်စက္ကန့်၊ တစ်မိနစ်နောက်ကျလျှင် မိမိဘဝ မတွေးဝံ့စရာ။ ကားလမ်းပေါ်ရောက်သည်နှင့် ကားများကို အဆက်မပြတ် လက်ပြ၍ တားလေ၏။

ဇောဖြင့်သာ သူသည် ကားများကို တားနေသော်လည်း ကားများသည် သူ့ကို မမြင်ကြ၊ သူ့ကို မမြင်ခြင်းကြောင့်လည်း ကားတို့သည် ရပ်၍မပေး၊ ဆက်လက်မောင်းနေကြ၏။ ထိုအချက်ကို သတိမမူမိသော သူသည် ကားရှေ့တွင် ရပ်၍တားပြန်၏။ ကားသည် သူ့ကိုမမြင်၍ဝင်တိုက်၏၊ သူသည် မျက်စိမှိတ်ထား၏။ မျက်စိဖွင့်ကြည့်လိုက်သော် သူသည် ဘာမှမဖြစ်၊ သူ့ကို တိုက်သောကားကို ကြည့်လိုက်သော် ကား၏နောက်ပိုင်းကိုသာ မြင်တွေ့လိုက်ရ၏။

ထိုမှသာ မိမိ၏အဖြစ်ကို သူ သတိထားမိတော့၏။ မိမိသည် ဝိညာဉ်ဘဝရောက်နေရပါပြီကောဟု တွေးတောလျက် မျက်ရည်များကျလျက် ရှိုက်ငိုနေမိတော့၏။

"ငါ့ဘဝကတော့ သွားပါပြီနဲ့တူရဲ့ ဘယ်သူမှ ငါ့ကို မကယ်နိုင်တော့ဘူး"



ဟု ညည်းညူလျက် ယူကျုံးမရဖြစ်နေစဉ် သူ ရပ်နေသော လမ်းနံဘေးသို့ တိုယိုတာဟိုင်းလတ် အနီရောင်ကားတစ်စီးဆိုက်လာ၏။ ထိုကားပေါ်မှ လူသုံးယောက် ဆင်းလာ၏၊ ထို လူသုံးယောက်သည်ချောက်ထဲသို့ဓာတ်မီးဖြင့် ထိုးကြည့်ပြီး အချင်းချင်းစကားပြောနေကြ၏၊ ပထမတွင် ထိုလူသုံးယောက်ကို တွေ့သဖြင့် သူ၏ ကိုယ်ခန္ဓာနှင့် ဆိုင်ကယ်ကို ကူညီသယ်ဆောင်ပေးရန် အကူအညီတောင်းမည်ဟု မသိစိတ်ဖြင့် ကြံရွယ်ခဲ့သော်လည်း ထိုသူသုံးဦးသည် မိမိ၏ ခန္ဓာကိုယ်ရှိရာသို့ ဓာတ်မီးထိုး၍ ကြည့်ပြီး ပြောဆိုနေကြခြင်းသည် မည်သည့်ကြောင့်ဖြစ်သည်ကို သိလိုလာ၏။ ထို့ကြောင့် ထိုသူများ အနားကပ်၍ တစ်ယောက်ချင်း၏ မျက်နှာများကို လိုက်ကြည့်ရာ လူနှစ်ယောက်ကို မသိသော်လည်း ကျန်တစ်ယောက်ကိုကြည့်ပြီး ထရန်မတတ် ဝမ်းသာသွားရ၏၊

"ညီလေး - ညီလေး သက်လွင်ဦး၊ အစ်ကိုဒုက္ခရောက်တဲ့အချိန်မှာ ညီလေးကို တွေ့ရတာ သိပ်ဝမ်းသာတယ်ကွာ၊ အစ်ကို - ဆန်စက်ကအပြန် အစ်ကို့ဆိုင်ကယ်ကိုကားတစ်စီးနောက်ကတိုက်လို့ အစ်ကိုလေ ချောက်ထဲကျသွားတယ်၊ အစ်ကိုဒုက္ခရောက်နေတယ်။ ညီလေးပဲ အစ်ကို့ကို ကယ်မယ့်သူရှိပါတယ်ကွာ၊ အစ်ကို့ကို ကူညီပါကွာ"

သူ၏ တောင်းပန်စကားသည် ဖယ်ဆက်သလို ပေါက်ပေါက်ဖောက်သည့်ပမာ ရှိနေသော်လည်း သူ၏ ညီဖြစ်သူ သက်လွင်ဦးသာမက လူစိမ်းနှစ်ယောက်ပါ မကြားရပါချေ။ ထိုအချက်ကို သူသည် သတိပြုမိပြန်သဖြင့် သူ၏ စကားကို ရပ်လိုက်ပြီး သူတို့အချင်းချင်းပြောနေသော စကားများကို နားထောင်မိပေ၏။ ညီဖြစ်သူ နှင့် လူစိမ်းနှစ်ယောက်တို့၏ ပြောစကားများသည် သူ၏ နှလုံးသားကို ဓားထက်ထက်ဖြင့် လှီးနေသည့်ပမာ၊ နာကြည်းလွန်းလှ၏။ အံ့သြခြင်း၊ နာကြည်းခြင်းနှင့် ဝမ်းနည်းယူကျုံးမရခြင်းတို့ ဖြစ်ပေါ်လျက် ညီဖြစ်သူ သက်လွင်ဦးကိုစိုက်ကြည့်နေလိုက်၏။

"ခင်ဗျားတို့တွေ - ကျုပ်ခိုင်းတဲ့ကိစ္စကို သေသေချာချာလုပ်ခဲ့လား"

ကျော်ကြီးဆိုသူမှ "မင်းခိုင်းတဲ့အတွက် ငါတို့ ပိပိရိရိ လုပ်ပြီးပါပြီကွာ"

"အစ်ကို ထက်အောင် ရောဆိုင်ကယ်ပါ ဒီချောက်ထဲ ကျသွားတာ အမှန်နော်"

www.burmeseclassic.com

www.burmeseclassic.com



မိုးလုံးဆိုသောသူမှာ သက်လွင်ဦးအား မကျေမနပ်ပုံစံဖြင့် ကြည့်လျက် –

"ဟေ့ကောင် – သက်လွင်ဦး၊ ဒီကိစ္စက ကလေး ကစားတာမဟုတ်ဘူးကွ၊ ငါတို့သာ မပီပြင်ရင် ငါတို့တင်မကဘူး၊ မင်းပါ ထောင်ထဲရောက်မှာ၊ ခုလောက်ဆို မင်းရဲ့အစ်ကိုမရဏလမ်းမြန်းနေပါပြီကွ"

သက်လွင်ဦးသည် လူစိမ်းနှစ်ဦးကို ကျေနပ်စွာကြည့်လိုက်ပြီး သူ၏ဂျာကင်အင်္ကျီအိတ်ထဲမှာ ငွေထုပ်တစ်ထုပ်ကို မိုးလုံးအား ပစ်ပေးလိုက်၏။ ထို့နောက် –

"ရော့ – လောလောဆယ် ခင်ဗျားတို့အတွက် တာဝန်ကျေပွန်ခ ဆယ်သိန်း၊ ခင်ဗျားတို့နှစ်ယောက် အခုရက်အတွင်း ကျွန်တော်နဲ့ အဆက်အသွယ်မလုပ်ကြနဲ့ဦး၊ မကြာခင် ကျုပ် ဆန်စက်သူဌေးဖြစ်လာမှာဆိုတော့ သတင်းကြားတာနဲ့ လာခဲ့ကြပေါ့ဗျာ"

လူစိမ်းနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် ပခုံးများကို တွန့်လိုက်လေ၏။

သက်လွင်ဦးသည် ဆက်လက်၍ "အခုနေမှာတော့ အစ်ကိုထက်အောင် ပျောက်လို့ တစ်အိမ်လုံး မိုးမီးလောင်နေလေရဲ့၊ ကျုပ်လည်း ဝမ်းနည်းပူဆွေးတဲ့ပုံစံဖမ်းပြီး အစ်ကိုထက်အောင်ကို ရှာမယ်ဆိုပြီး ခင်ဗျားတို့နဲ့ ချိန်းပြီး ဒီကိုလာခဲ့တာ၊ အခု အစ်ကိုထက်အောင်ကို တွေ့ပြီလို့ အိမ်ကိုဖုန်းဆက်လိုက်တော့မယ်၊ ကဲ – ခင်ဗျားတို့ သွားကြတော့"

သက်လွင်ဦး၏နှုတ်မှ မယုံနိုင်ဖွယ် ဒေါသထွက်ဖွယ်စကားများကြောင့် သူသည် စိတ်ကိုလွှတ်လျက် သက်လွင်ဦး၏ မျက်နှာဆီသို့ လက်သီးဖြင့် ဆက်တိုက်ထိုးနှက်လိုက်၏၊ သို့သော် သူ၏အားပါသော လက်သီးများသည် သက်လွင်ဦးအား မထိုးမိ၊ လေဟာနယ်တစ်ခုကို ထိုးနေသည့်နှယ်၊ သူသာ မောပန်းနွမ်းနယ်သွားရ၏။ ယင်းနောက် သူသည် ပင်ပန်းစွာဖြင့် မြေကြီးပေါ်သို့ ပစ်လဲသွားရ၏။

"ရက်စက်လိုက်တာ သက်လွင်ဦးရာ၊ ငါကတော့ ညီလေးအရင်းလို သဘောထားသလောက် ငါ့ကို မင်းကရန်သူလို သဘောထားရက်တယ်၊ နောက်ပြီး ငါ့မိဘတွေ သက်ဆိုင်တဲ့ ပစ္စည်းတွေကို မင်းက အရပိုင်ဆိုင်ချင်တာကိုကြည့်ရင် မင်းဟာ လူကောင်းမဟုတ်ဘူးဆိုတာ ငါအခုမှ သိရတယ်၊ မင်းသာ ငါ့အပေါ် တောက်လျှောက်ကောင်းခဲ့မယ်ဆိုရင် ငါရမယ့်ဥစ္စာနေထဲ

www.burmeseclassic.com



က ငါ ခွဲပေးခဲ့မယ်ဆိုတာ မင်း မသိဘူးလား၊ အခုတော့ လွန်ကုန်ပြီပေါ့ကွာ"

သူသည် စိတ်ရှိသမျှပြောနေသော်လည်း သက်လွင်ဦးမှာ မကြား၊ သို့သော် သက်လွင်ဦး၏မျက်နှာ၌စဉ်းလဲကောက်ကျစ်သော အပြုံးများ ထင်ပေါ်လျက် ရှိနေ၏၊ သူသည် ခံစားချက်ပြင်းစွာဖြင့် ဝေ့ဝဲလာသော မျက်ရည်စများကို သုတ်လိုက်ပြီး မျိုးရိုးမမှန်ဝီဇမှန်သော သက်လွင်ဦးတစ်ယောက် သူတို့ မိသားစုနေထိုင်သော အိမ်သို့ရောက်ရှိလာပုံကိုပြန်လည် စဉ်းစားတွေးတောလိုက်ပါ၏။

မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသော ဆန်စက်ပိုင်ရှင်သူဌေး ဦးကျော်သောင်းနှင့် ဒေါ်နုရီတို့တွင် ထက်အောင်ဟူသော သားတစ်ယောက်ရှိ၏၊ ထက်အောင်သည် ငယ်စဉ်ကပင် ရိုးသား၏၊ ကြိုးစား၏၊ စာပေလိုက်စား၏၊ သို့သော် ဦးကျော်သောင်းတို့ ဇနီးမောင်နှံသည် တစ်ဦးတည်းသောသားထက်အောင်ကို မွေးဖွားပြီးနောက် သားသမီးများနောက်ထပ် မမွေးတော့၊ သူတို့သည် ရိုးအေးသော သားတစ်ယောက်ရှိသည့်ပြင် ဆက်မြက်သွက်လက်သော သားသမီးတစ်ယောက် လိုချင်ပါ၏၊ ထိုအတောအတွင်း ဒေါ်နုရီ၏ နှစ်ဝမ်းကွဲညီမတစ်ယောက်သည် ကလေးငယ်တစ်ဦးကို လက်ဆွဲလျက် ရောက်ရှိလာ၏၊ ဒေါ်နုရီနှင့် နှစ်ဝမ်းကွဲညီမနှစ်ယောက် စကားပြောစဉ် ထက်အောင်သည် မိခင်ဖြစ်သူ ဒေါ်နုရီ၏ အနား၌ ရှိနေ၏၊ ဖခင်ဖြစ်သူ ဦးကျော်သောင်းသည် ရှိပါ၏။

"အစ်မရယ် – ကျွန်မ တစ်ယောက်တည်းလောကခံကိုခံစားပါ့မယ်၊ ဒါပေမဲ့ ကျွန်မရဲ့သားလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ခါးသီးလှတဲ့ဘဝတစ်ခုကိုမခံစားစေချင်ပါဘူး၊ သူ့အဖေက အရက်သမား၊ နောက်ပြီး အပေါင်းအသင်းမကော်၊ သူ့မိုးခါးပြတွေနဲ့ ပေါင်းမိပြီး အခုဆိုရင် ခါးပြမှုနဲ့ ထောင်ကျနေပြီလေ၊ အခုတော့ ခလုတ်ထိမှ အမိတနေလေရဲ့၊ သူ့အဖေမဟုတ်မဟတ်တာဖြစ်ခဲ့ပေမယ့် သားလေးကို သူ့အဖေလို အဖြစ်မခံနိုင်ဘူး အမရယ်၊ ဖြစ်နိုင်ရင် ကျွန်မရဲ့သားလေး သက်လွင်ဦးကို အစ်ကိုတို့ အမတို့ထံမှ အပ်ခဲ့ပါရစေရှင်"

ဦးကျော်သောင်းနှင့် ဒေါ်နုရီတို့သည် သက်လွင်ဦးဆိုသောကလေးငယ်ကို ကြည့်၍ ကရုဏာများခဲ့ပါ၏၊ ထက်အောင်သည်လည်း သက်လွင်ဦးအား ကြင်နာသနားမှုများဖြင့် မိမိညီငယ်လေး အရင်းအချာပမာ သဘောထားမိ၏၊ ထို့

www.burmeseclassic.com

www.burmeseclassic.com



နောက် ထက်အောင်တို့၏အိမ်တွင် သက်လွင်ဦးသည် ကရုဏာပွားစရာ ချစ်ခင်စရာ မွေးစား သားငယ်လေးပမာ ရှိလာရတော့၏။ ထက်အောင်ဘွဲ့ရ၍ ဆန်စက်တွင်ဦးစီးနေစဉ် သက်လွင်ဦးမှာ ဖွေကြေးသုံးဖြုန်းလျက် ဆယ်တန်းတွင် တဖုန်းဖုန်းကျရှုံးလျက် ရှိနေတော့၏။ ယင်းဆယ်တန်း မအောင်ခြင်းနှင့်ပတ်သက်၍ထက်အောင်သည် သက်လွင်ဦးအား ရှော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် စာကြိုးစားရန် ပြောဆိုသော်လည်း သက်လွင်ဦး၏ ပညာရေးအား ဤတွင် နိဂုံးတံ နေခဲ့ပြီ ဖြစ်၏။ နောက်ဆုံး ထက်အောင်သည် ပြောမရသော သက်လွင်ဦးအားလုံးဝမပြောတော့၊ သူ့အပြစ်နဲ့သူ ရှိစေတော့ဟု သဘောထားကာ အလိုလိုက် အကြိုက်ဆောင်နေခဲ့တော့၏၊ ပေယျာလကန် ထားလိုက်တော့သည်။

☆☆☆

သူသည် စိတ်မသက်သာဖွယ်ရာ သက်လွင်ဦး၏အကြောင်းများကို တွေးတောနေရိုက် သူ၏ မိခင်နှင့် မိသားစုဆွေမျိုးများ၊ ရဲကားနှင့် လူနာတင်ယာဉ်



မင်းမေးမှာကို ငါ သိတယ် သူငယ်။ မမေးနေနဲ့တော့။ အခုချိန်မှာ မင်းအသက်ကို နမြောတယ်ဆိုရင် ငါ ပြောတဲ့အတိုင်း မင်းခန္ဓာထဲ မင်း ဝင်လိုက်တော့။ ငါပြောတဲ့အတိုင်း မလိုက်နာရင် မင်းဘဝ ရေသွားမှာပဲ။ ပြောနေ ကြာတယ်ကွာ။ မင်းရဲ့ခန္ဓာကိုယ်ထဲ မင်း ဝင်လိုက်၊ ဝင်ဆို ဝင်လိုက်ကွာ။



များ ရောက်ရှိလာ၏။ သူ၏ မိခင်ဖြစ်သူအား သက်လွင်ဦးသည် "အမေ" ဟုကြွေးကြော်ကွဲစွာခေါ်လျက် ပြေးဖက်၏။

"သားကြီး ထက်အောင်ရာ – သားလေးတွေ့ထားတယ်ဆို"

"ဟုတ်ပါတယ် – အမေ၊ ဒီနေ့ရာကို မသင်္ကာလို့ လာကြည့်တော့ ချောက်ထဲမှာ အစ်ကိုနဲ့အတူ အစ်ကို့ရဲ့ဆိုင်ကယ်ပါ တွေ့ခဲ့ရတယ်"

အမေသည်ရင်ဘတ်စည်တီးလျက် သူ့အား တလျက် ငိုကြွေး၍ နေလေ၏။ သူသည်အမေ့ကို စိတ်မကောင်းဖြစ်စွာ ငေးကြည့်နေသကဲ့သို့ သက်လွင်ဦးကိုလည်း လွန်စွာ မုန်းတီးလျက် စိမ်းစိမ်းကြည့်နေမိ၏။

သူ၏ ရုပ်ခန္ဓာအား ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီရဲဘော်များက ချောက်ထဲမှ ခက်ခက်ခဲခဲ သယ်ဆောင်ခဲ့ရ၏။ သူ၏ ခန္ဓာကိုယ်သည် ဆေးရုံရောက်သည်နှင့် အော်ပရေးရှင်းခန်းထဲသို့ တန်းပို့ကြ၏။ သူသည်လည်း ခန္ဓာကိုယ်နှင့်ကပ်လျက် လိုက်ပါသွားခဲ့၏။ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများသည် သူ၏ခန္ဓာကိုယ်နှင့် သူ၏အသက်ဝိညာဉ် ပြန်လည် ရှိတ်ဆက်နိုင်ရေး အတွက် အရေးပေါ်နည်းများဖြင့် ခက်ခဲစွာ ဆေးကုသကြ၏။ သူသည် သူ၏ ခန္ဓာကိုယ်အရေးပေါ်ကုသသည့်အနားၗ ရှိနေစဉ် သူ၏ ပခုံးအား လက်ဖြင့်ပုတ်၍ တစ်စုံတစ်ယောက်မှ ပြောလာပါ၏။

"ဟေ့ – သူငယ်၊ ခုတင်ပေါ်ကလူဟာ မင်းမဟုတ်လား။ မင်း ဘာရပ်ပြီး ငေးနေတာလဲ၊ ဝင်လိုက်ပါတော့လား။ တော်တော်ကြာ နောက်ကျနေမှဖြင့်"

ထိုသို့ သတိပေးပြောလာသူအား သူသည် လှည့်ကြည့်လိုက်၏။ ထိုသူသည်အသက်ရှစ်ဆယ်ခန့်ရှိပြီး ဆရာဝန်လောင်းကုတ်ကိုဝတ်ဆင်ထား၏။ ထိုသူသည် ဖြူဖွေးသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိပြီး ထူထဲသောဒီဂရီမျက်မှန်ကို တပ်ထား၏။ သူ့ကို မြင်၍ စကားပြောနိုင်သော ထိုပုဂ္ဂိုလ်သည် မည်သို့သော ပုဂ္ဂိုလ်ပါနည်း။ သို့တည်းမဟုတ် မိမိကဲ့သို့သော ဝိညာဉ်ဘဝကလောသိချင်လာ၏။ သူသည် ထိုပုဂ္ဂိုလ်အား သိလိုသည်များကို မေးမြန်းရန် ပါးစပ်ဟလိုက်စဉ်မှာပင်ထိုပုဂ္ဂိုလ်ကလက်ကာပြလိုက်ပြီး …

"မင်းမေးမှာကိုငါသိတယ်သူငယ်၊ မမေးနေနဲ့တော့၊ အခုချိန်မှာ မင်းအသက်ကိုနမြောတယ်ဆိုရင်ငါပြောတဲ့အတိုင်းမင်းခန္ဓာထဲမင်းဝင်လိုက်တော့၊

www.burmeseclassic.com

www.burmeseclassic.com



ငါပြောတဲ့အတိုင်းမလိုက်နာရင်မင်းဘဝ ရေစုန်မျောသွားမှာပဲ။ ပြောနေကြာတယ် ကွာ။ မင်းရဲ့ခန္ဓာကိုယ်ထဲ မင်းဝင်လိုက်၊ ဝင်ဆို ဝင်လိုက်ကွာ"

ဟု ခပ်ဆတ်ဆတ်ပြောဆိုပြီး သူ့အား တွန်းလိုက်လေ၏။ သူသည် ရင်ခုန်နေ၏။ အမှောင်တစ်ခုကို ဖြတ်သန်းနေ၏။ အမှောင်ကို ဖြတ်ပြီးသည့်နောက် အလင်းတန်းများ ထွက်ပေါ်လာသည်ကို မြင်၍ ထိုအလင်းတန်းနောက်သို့ လမ်းလျှောက်သွားခဲ့ပါ၏။ ထိုအခိုက်အတန့်လေးသည် သူ၏ စိတ်ဝိညာဉ်တို့ ပေါ့ပါးလန်းဆန်းလျက်ရှိနေပါ၏။ ယင်းနောက် သူသည် ပင်ပန်းနွမ်းနယ်ခဲ့သမျှ စိတ်ကို တုံးတုံးချလျက် အိပ်ပျော်အောင် အိပ်ခဲ့လေတော့၏။

☆☆☆

သူ သတိရလာပြီဖြစ်၏။ သူသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်ပါ၏။ သူ စတင်မြင်တွေ့ရသည့်က မျက်နှာကြက်မှ လည်နေသော ပန်ကာဖြစ်၏။ နောက်မှ အမေ ညာဘက်တွင် အဖေ့ကို တွေ့ရ၏။ သူသည် ဝမ်းနည်းဝမ်းသာ ဖြစ်ရ၏။ နောက်တွေ့လိုက်ရသူကား သက်လွင်ဦး ဖြစ်၏။ သက်လွင်ဦးသည် ဝမ်းနည်းကြေကွဲခြင်းမှ လွတ်မြောက်လာသူကဲ့သို့ ပြုံးနေပါ၏။ သို့သော် သက်လွင်ဦး၏ အပြုံးကို သူ သိနေ၏။ သူ၏ အပြုံးကား ကျားစေဦးလဲ၏ အပြုံး။ အသက်မပါသော အပြုံး။

သူသည် မျက်လုံးများဖြင့် သာကြည့်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သူ့အား အောက်စီဂျင်ပိုက်တို့ဖြင့် နှာခေါင်းနှင့်ပါးစပ်ကို တပ်ဆင်အုပ်ဆိုင်းထား၏။ ထို့ပြင် ဂလူးကို့လ်(စ်)အားဆေးများ အကြောတွင် အပ်စိုက်၍ သွင်းထားပြန်၏။ သူ၏ ဦးခေါင်းတွင် ပတ်တီးရှိနေသကဲ့သို့ ညာဘက်လက်သည်လည်း ကျောက်ပတ်တီးကိုင်ထားရ၏။ ခြေထောက်နှင့်ရင်ဘတ်တွင်လည်းပတ်တီးများဖြင့် အဖွေးသားရှိနေ၏။

မည်သို့ပင်ဖြစ်စေ သူ၏ ခန္ဓာကိုယ်နှင့်သူ၏စိတ်ဝိညာဉ်တို့သည် ချိတ်ဆက်ခဲ့ပြီဖြစ်သည်။ မိမိကို မည်သည့်အတွက် သေကြောင်းကြံစည်ခြင်းနှင့် ကြံစည်သူတို့ကို ကိုယ်တိုင်မြင်တွေ့သိရှိခဲ့ပြီဖြစ်ခြင်းကြောင့် တရားဥပဒေ စိုးမိုးရေးအတွက် ထုတ်ဖော်ရမည်ဟု သူသည် ဆုံးဖြတ်ထားပြီး ဖြစ်သည်။



မကြာမီ အမှုစစ်ရဲအရာရှိများ ရောက်လာကြမည်ဖြစ်၏။ ရဲအရာရှိများကို မိမိအားသတ်ရန်ကြိုးစားဆောင်ရွက်သူများနှင့် သတ်ရန်ကြံစည်သူအား မိမိကိုယ်တိုင်နှုတ်မှထုတ်ဖော်ပြောကြားရန် အားယူလျက် ရှိပါ၏။

အမှန်ဆိုရသော် သက်လွင်ဦးကား မျိုးရိုးဗီဇမမှန်သော ကျေးဇူးကန်းသူတစ်ယောက် သာ ဖြစ်၏။ သူသည် သက်လွင်ဦးအား ညီငယ်အရင်းပမာ အလိုလိုက် အကြိုက်ဆောင်မှုများဖြင့် မေတ္တာများ ပေးခဲ့၏။ သက်လွင်ဦးကား မေတ္တာဖြင့် ပြန်လည်မတုံ့ပြန်ခဲ့။ သက်လွင်ဦးသည် သူသာ ရရှိမည့် မိဘများ၏ ပစ္စည်းဥစ္စာများ၊ ဆန်စက်များကို တရားမဝင် ရယူလိုချင်သည့် အခြေခံဗီဇစိတ်ကြောင့် သူ့အား သေကြောင်းကြံစည်ခြင်း ဖြစ်၏။

သူကား သေကံမရောက် သက်မပျောက်ခဲ့ပါ။ အမှန်အားဖြင့် သူတို့ မိသားစုသည် သက်လွင်ဦးအား သားတစ်ယောက်ပမာ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းများသည် မြွေပွေးခါးပိုက်ပိုက်ထားခြင်းသာ ဖြစ်ပါ၏။ တရားကိုနတ်စောင့်သည်ဆိုသည့်အတိုင်း သူသည် သွေးသားသံယောဇဉ်ဆိုသည်ကို ဖယ်ရှားလျက် တရားဥပဒေ စိုးမိုးရေးအတွက်တရားခံများကိုမုချမသွေထုတ်ဖော်ပြောမည်ဟု စဉ်းစားနေပါ၏။ ထိုအခိုက် သူ၏ လူနာခန်းထဲသို့ အမှုစစ်ရဲအရာရှိများ ဝင်ရောက်လာတော့၏။ အခန်းထဲသို့ ရဲများ ဝင်ရောက်လာချိန်တွင် သက်လွင်ဦး၏ မျက်နှာသည် ပြိုတော့မည့်မိုးနှယ်မည်းမည်းမှောင်လျက် ရှိနေချေတော့၏။

**➤ မောင်သာမန် (ဇီးကုန်း)**

| | |
|---|---|
| **နား** | အပွင့်ကို |
| | လက်သုပ် သုပ်စားပါ။ |
| **လေ** | သခေါ်ာရွက်ကို |
| | အတို့အမြုပ် |
| **ရွက်** | လုပ်စားပါ။ |

www.burmeseclassic.com

www.burmeseclassic.com

**၁၉၅၈–ခုနှစ်၊** မေလ (၅)ရက်နေ့၊
ကျွန်တော်တို့လူငယ်အားလုံး သာမန်အရပ်သား၊
ကျောင်းသားဘဝမှ တသသ (တပ်သားသစ်)အဖြစ်
ပြောင်းလဲခဲ့ရသောနေ့မို့ မှတ်မှတ်ရရရှိနေသည်၊
လူတွေအားလုံးက ရှေ့တစ်လက်မ နောက်အပြောင်းဆိုသည့်
စကကလေးခေါင်းဆံပင်ပုံစံနှင့် လုလုပပ ကြွကြွရွရွ
ဖြစ်နေကြသည်၊

# ကေရစ်



ပြည်သူ့စောင်ကိုးစီ
ရည်းစားကို မိုးသွဲ့ရှုက်ပီး
ရေတာဆည်မျှက်ခဲ့ကြသည့်
သူပုန်များနှင့် ရင်ဆိုင်ခဲ့သည့်
ရဲဘော်တစ်ယောက်၏
မေ့မရလောက် သက်မရောက်သည့်
လူသန်းသည့်စစ်တော်ပုံ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အားလုံး (၆၇) ယောက်တိတိ၊ ကဗျာဆရာ၊ သီချင်းရေးဆရာတွေအများအပြားက တောင်လေကားမြို့၊ စိန်ပန်းပြာမြို့၊ ချယ်ရီမြို့တော်စသည်ဖြင့် ဖော်ကျူးရေးသားခဲ့ကြ၊ အဆိုတော်တွေကလည်း သီဆိုခဲ့ကြသော ပြင်ဦးလွင် (ခေါ်) မေမြို့ဘူတာရုံကြီးရှေ့တွင် တန်းစီနေခဲ့ကြသည်။ ကျွန်တော်တို့ရှေ့တွင် ရဲဘော်နှစ်ယောက်၊ တပ်ကြပ်ကြီးတစ်ယောက် ရှိကြသည်။ သူတို့က ကျွန်တော်တို့တပ်သားသစ်များကို တစ်ယောက်ချင်း စစ်ဆေးသည်။ အနားတွင် စစ်ကားတစ်စီး ရပ်ထားသည်။ နာမည်ခေါ် စစ်ဆေးပြီးသည်နှင့် တပ်ကြပ်ကြီးက ဝမ်းသာအားတက်ဖွယ် ချိုသာစွာ မိတ်ဆက်စကား ပြောတော့သည်။

"ငါ့နာမည် - တပ်ခွဲတပ်ထောက် အောင်မင်း၊ စီကြူအောင်မင်းတဲ့ မှတ်ထားကြ။ အားလုံးကတော့ စိန်ဗေဒါလို့ ခေါ်ကြတယ်။ ကြောင်တောင်ငေးတေးနဲ့ မထိလေးစားလုပ်ရင် နာမယ်"

"အဲ - ဆ - ဆရာကြီး - ကျွန်တော် တစ်ခုသိချင်လို့ပါ"

တန်းစီနေကြသောလူတွေထဲမှ မေးသံပေါ်လာသည်။ ကျွန်တော်တို့က အသံရှင်ကို ကြည့်လိုက်တော့ အသားမည်းမည်း၊ မျက်လုံးပြူးပြူးနှင့် ရဲဘော်တစ်ယောက်ကို တွေ့ရသည်။ စီကြူအောင်မင်းက လှမ်းကြည့်ပြီး အသံရှင်ရှေ့လျှောက်သွားသည်။

"ပြောစမ်း - မင်းက ဘာသိချင်တာလဲ"

"ဆရာကြီးက စိန်ဗေဒါဆိုတော့ဟိုရေဒီယိုက ခဏခဏ အသံလွှင့်နေတဲ့ ဆိုင်းဆရာကြီး စိန်ဗေဒါလား ဟင်"

ရဲဘော်၏ ဒုတိယအမေးစကားကြောင့် စီကြူအောင်မင်း ဒေါသတွေက ရုတ်ခြည်း ပေါက်ကွဲသွားသည်။

"ဘာလဲ - မင်းက ငါ့ ပြောင်ချော်ချော်ပြောတာလားကွ"

"မ - မဟုတ်ဖူး - ဆရာ၊ ကျွန်တော် မသိလို့ မေးတာပါ"

"အေး - မင်းမှတ်ထားရမှာက ငါက ဆိုင်းတော့ မတီးဘူးကွ။ လူတွေကို တီးလို့ခေါ်တာ - ဟောဒီလိုတီးတာ"

ဖြောင်း ဆိုသောအသံနှင့် ရဲဘော်မျက်ပြူး ဖက်ပိုးအရိုက်ခံရပြီး တစ်ဖက်သို့ လည့်သွားသည်။



"ဟေ့ကောင် - သိပြီလားကွ"

"အဟီး - သိပါပြီ ဆရာ"

အရိုက်ခံရသည်ကိုပင် နာကျင်ပုံမရ၊ စပ်ဖြဲဖြဲနှင့် ရှိသည်။ သည်ကောင်က နောင်သောအခါ တပ်ခွဲတွင် နာမည်ကျော်လာမည့် ပဲပေါတင်အောင် ဖြစ်ပါလေသည်။ မြစ်ဝကျွန်းပေါ် မိရှောင်းရဲ့သားဆိုတော့ လျှာရှေလိုက်သည်ကိုး။

"အေး - ဒါက နမူနာပေးတာ"

သည်နောက် ကျွန်တော်တို့တွင် ပါလာသော လွယ်အိတ်၊ သေတ္တာ စသည်တို့ကို ရပ်ထားသော စစ်ကားပေါ်သို့တင်ပြီး ကားပေါ်တက်ကြလျှင် စီကြူအောင်မင်းက ကျွန်တော်တို့ကို ပြန်ဆင်းခိုင်းတော့သည်။

"ဟေ့ကောင်တွေ - မင်းတို့ကို ဘယ်သူက ကားပေါ် တက်ခိုင်းလို့လဲ၊ နာချင်ပြန်ပြီထင်တယ်၊ အားလုံးပြန်ဆင်း"

ကျွန်တော်တို့ အားလုံး ပြန်ဆင်းလိုက်လျှင် ကားက မောင်းထွက်သွားပါတော့သည်။ ပြီးတော့ ကျွန်တော်တို့သုံးယောက် တန်းစီစေပြီး လမ်းလျှောက်ခေါ်လာခဲ့ပါသည်၊ ဟိုကွေ့သည်ကွေ့နှင့် မော်တော်ကားလမ်းအတိုင်း ခေါ်လာခဲ့ရာ တစ်မိုင်ခန့် ရောက်လာလျှင် "အမှတ် (၂) လေ့ကျင့်ရေးတပ်" ဆိုသည့် အစိမ်းရောင်တွင် အဖြူရောင်စာလုံးများနှင့် ဆိုင်းဘုတ်ကြီးကို မြင်လိုက်ရသည်။ ဆိုင်းဘုတ်ကြီးရောက်လျှင် အားလုံး ဂိတ်ဝတွင် ရပ်နေရသည်။

"ဟေ့ - ငါတို့စောအောင်တပ်ခွဲ (၅) အတွက် တပ်သားသစ် ခြောက်ဆယ့်ခုနစ်ယောက် ရောက်လာတယ်"

"ဟုတ်ကဲ့ - ကျွန်တော် မှတ်ထားပါမယ် - ဆရာ"

စီကြူအောင်မင်းက ဂိတ်ရှိ တပ်ရဲတပ်ကြပ်ကို အကြောင်းကြားပြီး ဆက်လက် လျှောက်လာခဲ့ကြပါသည်။ တပ်ဝင်းကြီးအလယ်လမ်းမအတိုင်း အစွန်ဆုံးထိလျှောက်ခဲ့ရသည်။ လမ်းဆုံးသောအခါတွင် ကြီးမားရှည်လျားသော အုတ်ကြွပ်မိုးနီနီ၊ အုတ်နံရံနီနီ မီးခိုးခေါင်းတိုင်ကြီးနှစ်ခုနှင့်တိုက်တန်းလျားကြီးနှစ်ခုကို မြင်ရသည်၊ တန်းလျားကြီးနှစ်ခုက တစ်ခုနှင့်တစ်ခု ပေနှစ်ရာခန့်အကွာတွင် အလျားလိုက် ပြိုင်တန်းနေသည်။ ကြီးမားသော တိုက်တန်းလျားတစ်ခုစီ၏ ဘေးတစ်ဖက်တစ်ချက် အဖြူရောင်နှင့် အနီရောင်နှင်းဆီပင် စိုက်ထားရှိမှုးရန်

www.burmeseclassic.com

www.burmeseclassic.com



များ ကြိုင်သင်းနေပါသည်။ ကျန်သော မြေနေရာလွတ်များတွင်တော့ ရှည်လျားသော ဝါးစင်များနှင့် ဂေါ်ရခါးပင်များ စိုက်ပျိုးထားသည်ကို တွေ့နေရသည်။

အဆောင်တစ်ခုရှေ့ မြေကွက်လပ်တွင် ပြည်ထောင်စုအလံ၊ တပ်ရင်းအလံနှင့် တပ်ခွဲအလံတို့ တင်လွှင့်ထားပါသည်။ တပ်ခွဲမှူးရုံးခန်းနှင့် စာကြည့်ခန်းတို့ ရှိနေသည်။ အဆောင်နှစ်ခုအကြား မြေနိမ့်ပိုင်းတွင် ရေကန်ငယ်တစ်ခုနှင့် မီးဖိုဆောင်၊ ထမင်းဆောင်တို့ ရှိကြသည်။ ကျွန်တော်တို့လူစု အလံတိုင်ရှေ့တွင် ရပ်နေကြရသည်။ စီကြူအောင်မင်းက တပ်ခွဲမှူးအခန်း ဝင်သွား၍ သတင်းပို့ပြီးနောက် ပြန်ဆင်းလာသည်။ တပ်ကြပ်တစ်ယောက်က ကြွေရည်သုတ် ထမင်းစားပန်းကန်နှင့် မတ်ခွက်တို့ကို တစ်ဦးချင်း ပေးသည်။ နောက်တစ်ခါ ခြင်ထောင်နှင့် သတ္တုလတ် BDF စောင်တစ်ထည်စီ ပေးပြန်သည်။ ပြီးတော့ အမှာစကား ပြောလာသည်။

"အခု – မင်းတို့ မနက်စာ စားပြီးရင် ပန်းကန်နဲ့ မတ်ခွက်ကို သေချာဆေးကြောပြီး သိမ်းထား၊ ညနေကျမှ ပစ္စည်းတွေအားလုံး ထုတ်ရမယ်"



ညတိုင်း တပ်လုံခြုံရေးအတွက် ဝင်္ကင်းလှည့်တာင်းတွေ ရှိနေသည်။ မတော်–တဆအကြောင်းတရား နှိမ့်ပါးလို့ ရန်သူထင်ပြီး အတွဲလိုက် ဒလုတ်နှိပ်လိုက်ပါက သုံးယောက်သား ဂုတ်ပြတ်စပ်ဖွဲ့က အနေးမျောက်နဲ့ နတ်ပြည်လိုက်ပို့ခံနေရပေမည်။ သည်အကြောင်းများကြောင့် အခြေအနေကို စောင့်နေရသည်။ တပ်ခွဲစည်းရိုးအနားတွင်ရှိသော တတုတ်ကျင်းမှ ရဲဘော်တွေကိုတော့ ကြိုတင်မှာထားပြီးသားဖြစ်သည်။



"ဟုတ်ကဲ့ – ဆရာ"

"ကောင်းပြီ – ဗိုကြီးမှာ ထမင်းသွားယူ၊ ထမင်းစားဆောင်မှာ သေချာစား၊ မဖိတ်မစဉ်စေနဲ့"

"ဟုတ်ကဲ့ – ဆရာ"

သည်နောက်တွင်ထမင်းဗိုကြီးတွင် တန်းစီ၍ မနက်စာ သွားယူကြရသည်။ လေ့ကျင့်ရေးတပ်တွင် ပထမဆုံး စတင်စားခဲ့ရသော မနက်စာပင်။ ပဲဟင်းနှင့် ငါးပိကြော် ဖြစ်သည်။ ပဲဟင်းနှင့် ပထမဆုံး မိတ်ဖွဲ့ရပြီးနောက် သင်တန်းကာလပြီးဆုံးသည့်တိုင် မနက်ရော ညပါ နေ့စဉ်ပေါင်းသင်းခဲ့ရသော ဂေါ်ရခါးသီးပင်ဖြစ်ပါလေသည်။ မည်သို့သောအခါဖြစ်ဖြစ် ပဲဟင်းတွေ အမြဲပါပြီး အသားဟင်းချက်သည့်နေ့တွင် မရမက သံယောဇဉ်ကြီးစွာ ပါလာတတ်ပါသည်။ ပထမတော့ ကြားပင် မကြားဖူး၍ စားခဲ့ရစဉ် စားကောင်းခဲ့ပါသည်။ နောင်တော့ မနက်ရော ညပါ ရက်တွေ လတွေ ကြာတော့ သံယောဇဉ်ကုန်လာသည်။ သူ့မျက်နှာလည်း ကိုယ်မကြည့်ချင်၊ ကိုယ့်မျက်နှာလည်း ကိုယ်မချစ်တော့ ဆိုသလိုပေါ့။

ကျွန်တော်တို့အားလုံးက အောက်သားတွေဆိုတော့ဘူးသီးလေး၊ကျောက်ဖရုံသီးလေး ချက်စေချင်သည်။ ဘယ်ရမှာလဲ။ ဒီနေရာက စစ်တပ်လေ။ ပြန်မပြောနဲ့၊ ခံကြောမိသွားမယ် လေ။ စဉ်းစားကြည့်ပါ။ တပ်ထဲမှာသာမဟုတ်ဘူး၊ မြေမြို့တစ်မြို့လုံးကိုဂေါ်ရခါးသီးက မောင်ပိုင်စီးထားသည်ကို တွေ့ရသည်။ ဈေးထဲက ထမင်းဆိုင်မှာ အကြော်စုံဆိုင်မှာ သူတို့က နေရာတိုင်းမှာ သူ့မျက်နှာလေး၊ အဲ – အကြော်စုံရောင်းတဲ့ဆိုင်မှာ သူ့ကိုနာမည်ရင်းမခေါ်ဘူး။ "ရှုံးမကျော်" ပါတဲ့၊ အေးပေါ့လေ၊ အသားမည်းတိုင်းကုလားမှမဟုတ်တာ၊ ကပ္ပလီတဲ့၊ နီဂရိုးတဲ့ဆိုပြီး ခေါ်နေကြသည်မဟုတ်လား။ အခုတော့ နိမိတ်ဖတ်ခေါ်ခဲ့လို့ ထင်ပါသည်။ ယခုအခါမှာ ရှမ်းရိုးမကိုကျော်၍ မြန်မာတစ်ပြည်လုံး ဂေါ်ရခါးသီးတွေ ရောက်နေခဲ့ပါပြီ။

သည်တော့ ဂေါ်ရသီးဆန့်ကျင်ရေးကိုပြောင်ပြောင်တင်းတင်းလည်း မလုပ်ရဲဘူး။ တော်ကြာ – ငါးညတို့၊ ခြောက်ညတို့လား၊ တစ်ဆယ်နဲ့ရှစ် ပေါင်းရက်နီး။ အော် – ရောထွေးကုန်ပါပြီ။ တော်တော်ရှည်တဲ့ အောက်ကကောင်ဆိုပြီး ဗိုကြီးတာဝန်ခံကပြဿနာလုပ်မှအခက်လေ။ သည်တော့ ကျွန်တော်တို့ ဂေါ်ရခါးစားမုန်းသူများအဖွဲ့ တိုးတိုးတိတ်တိတ်

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေး လုပ်ကြသည်၊ "ဂေါ်ရခါး သီး ရှင်းလင်းရေး" စစ်ဆင်ရေးစီမံကြပါသည်၊ ပြီးတော့ အသေခံ အထူးတပ်ဖွဲ့သားသုံးယောက် ရွေးလိုက်သည်၊ အတက်ကြွဆုံး ကျွန်တော်ကအစ သုံးယောက်သား၊ ယ,ရက်၊ န,နာရီ သတ်မှတ်လိုက်ကြသည်၊ သုံးယောက်သား ရင်တခုန်ခုန်နှင့်အချိန်စောင့်ခဲ့ကြသည်၊

ဘာကြောင့်ရင်ခုန်ရသလဲဆိုတော့ အဲဒီအချိန်ကာလက ပြည်တွင်းစစ်မီးတဟုန်းဟုန်းတောက်နေချိန်ပါ၊ညတိုင်းတပ်လုံခြုံရေးအတွက် ဝပ်ကင်းလှည့်ကင်းတွေရှိနေသည်၊မတော်-ကံအကြောင်းတရား နိမ့်ပါးလို့ ရန်သူထင်ပြီး အတွဲလိုက်ခလုတ်နှိပ်လိုက်ပါက သုံးယောက်သား ဂုဏ်ပြုတပ်ဖွဲ့က အနေးလျှောက်နဲ့ နတ်ပြည်လိုက်ပို့ခံနေရပေမည်၊ သည်အကြောင်းများကြောင့် အခြေအနေကို စောင့်နေရသည်၊ တပ်ခွဲစည်းရိုးအနားတွင်ရှိသော ကတုတ်ကျင်းမှရဲဘော်တွေကိုတော့ ကြိုတင်မှာထားပြီးသားဖြစ်သည်၊ ဒုတိယကင်းချိန်အပြီးတွင်တော့ တတိယကင်းသမားများနှင့်အတူ လိုက်လာခဲ့သည်၊

သတ်မှတ်နေရာတွေကို မှောင်ရိပ်ခိုကာ သွားရသည်၊ ဝါးစင်များ တစ်ဖက်စီတွင်စိုက်ထားသောဂေါ်ရခါးသီးပင်များကို မြေကြီးထဲထိ အမြစ်ပါ နုတ်သည်၊ ပြီးတော့စင်ပေါ်ထိတက်နေသောအပင်တွေကိုဖြတ်သည်၊တချို့ကိုတော့အမြစ်မှနုတ်ပြီးဖြတ်ထားခဲ့သည်၊စင်တွေအားလုံး ပြီးတော့ ညဆယ့်နှစ်နာရီ ထိုးနေပေပြီ၊ ပေကျံနေသည်ကို ရေကန်ဆီသွား၍ ရေမဆေးတော့ ရေလဲ လုံချည်နှင့် သုတ်ပြီး ဘားတိုက်သို့ ပြန်လာကြသည်၊ အထဲရောက်တော့မှ မီးလင်းဖိုတွင် မီးလှုံကြရသည်၊ တစ်ကိုယ်လုံးနွေးလာတော့မှ အိပ်ရာသို့ ဝင်ခဲ့ကြသည်၊ အိပ်ပျော်သည်တိုင် အိပ်မက်ထဲတွင်ပါ ဂေါ်ရခါးသီးများက လိုက်ပြီးဒုက္ခပေးနေခဲ့ပါသေးသည်၊

အဲ-ဂေါ်ရခါးပင်တွေ ဖြတ်ပြီး သုံးရက်ခန့်အကြာတွင် စင်တွေ တစ်ဝက်ကျော်ကျော် ခြောက်သွေ့ကုန်သည်ကို မြင်ကြရ၍ ကျွန်တော်တို့အားလုံး ဝမ်းပမ်းတသာ ဖြစ်ကြသည်၊ သီးလက်စအသီးတွေ၊ အကင်းတွေ ကြွေကျကုန်သည်၊ စားဖိုမှူးက စင်တွေကို လိုက်ကြည့်ပြီး မျက်မှောင်ကုတ်၍ အူကြောင်ကြောင် ဖြစ်နေသည်၊ သူ့အပင်တွေကိုနမြောနေပုံရသည်၊ကျွန်တော်တို့က သူဖြစ်နေပုံကိုကြည့်ပြီး ဝမ်းသာနေသည်၊



ကျွန်တော်တို့ အင်မတန်မုန်းသော ဂေါ်ရခါးပင်တွေ မျိုးသုဉ်းလေပြီဆိုသော အသိနှင့်လည်း ဘားတိုက်ထဲတွင် ပျော်နေကြသည်၊ သို့သော်လည်း-အဲ-သို့သော်လည်းပေါ့-ကျွန်တော်တို့အပျော်တွေ က ဆယ်ရက်ပင် မပြည့်လိုက်ပါ၊

စိတ်ညစ်စရာက ပြန်ရောက်လာလေတော့သည်၊

☆☆☆

ဘာကြောင့်လည်းဆိုတော့ ဝါးစင်တွေပေါ်တွင် ဂေါ်ရခါးအပွင့်တွေက ဝေဝေဆာဆာ ရောက်ရှိနေ၍ ဖြစ်ပါတော့သည်၊ ဘာကြောင့် သည်လိုဖြစ်လာရပါလိမ့်ဆိုသည့်အတွေးနှင့် လေ့လာရေး မသိမသာ ထွက်ကြည့်ရတော့မှ အကြောင်းရင်းအခြေခံ ဂေါ်ရခါးသီး အပင်အကြောင်းကို သိရပါတော့သည်၊ ပထမအကြောင်းက တောင်ပေါ်ဒေသရာသီဉတု ရေမြေသဘာဝ ဖြစ်သည်၊ ဒုတိယက ဂေါ်ရခါးသီးမှာ အသီးကြီးရင့်သွားသည့်အခါ မြေပေါ်ချစိုက်စရာမလိုအပ်ဘဲ စင်ပေါ်တွင် အသီးက ကွဲအက်သွားပြီး အထဲမှနေ၍ ကြက်တူရွေးလိုအစေ့ထွက်လာသည်၊ အစေ့ကနေ အညှောက်လေး ဖြူလာသည်၊ အညွန့်ကလေးကမှ အပင်နွယ်က စင်ပေါ်တွင် ပင်ကြီးပြင်းလာခြင်းပါ၊

သည်တော့-ကျွန်တော်တို့ လက်လျှော့လိုက်ရသည်၊ နောက် နောင်အခါ မေမြို့သို့ရောက်ရှိသွားတိုင်း ဂေါ်ရခါးသီးတွေက ကျွန်တော်တို့ကို မထီတရီ ထေ့ပြုံး လှောင်ပြုံးတွေနှင့် "မင်းတို့ ငါ့လက် ဘယ်လောက်အတံ့ရှည်သလဲဆိုတာ သိပြီလား"၊ "ငါနဲ့ရော ကင်းနိုင်ရဲ့လားကွ" ဟူ၍ ပြောနေသလိုလို ခံစားနေမိရသည်၊ ယခုတိုင် ဂေါ်ရခါးသီးတွေကိုမြင်တိုင်း အမှတ်ရမိကာ "ကဲ-အခု-မင်းဘာတတ်နိုင်သေးသလဲ" ဆိုမိသည်၊ ကလဲ့စားချေသလိုပါ၊ နှုတ်ကတော့ မဟုတ်၊ စိတ်ထဲကပါ၊

ပဲဟင်း၊ ငါးပိကြော်၊ ဂေါ်ရခါးသီးတို့နှင့် ပေါင်းသင်းကာ သင်တန်းတက်ခဲ့ရသည်၊ ဘယ်ညာ၊ ဘယ်ညာ၊ ရှေ့ကြည့်၊ သတိ၊ တစ်ညာသို့ ညာလှည့်၊ ဘယ်လှည့်၊ စသည့် အခြေခံစစ်ရေးပြပညာပြီးတော့၊ လက်နက်ကိုင်စစ်ရေးပြဆက်တက် အားလုံး ကြေညာစွာ သင်ကြားပေးပြီးမှ လက်နက်ငယ်သင်ခန်းစာကို စတင်သင်ကြားရပါလေသည်၊ ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ရွှတ်ခြင်းနှင့် ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



တင်ခြင်း သင်ခန်းစာကိုလည်း လျင်မြန်သည်ထက် လျင်မြန်အောင် လေ့ကျင့်ရသည်။ ကျည်ထိုး ကျည်ထုတ်တွေ၊ စက်ပိုင်းလှုပ်ရှားမှုတွေ မှတ်သားရသည်။ သို့မှသာ တိုက်ပွဲတိုက်ခိုက်နေစဉ်အချိန်ကာလတွေမှာ MISS FIRE (ကျည်အဖြစ်ခြင်း)၊ လုံခြုံရေးခလုတ်ထစ်မှု၊ ကျည်ညပ်မှု၊ မောင်းတံနှင့် ကျည်ရိုက်တံ ချို့ယွင်းမှုများကို ရှာဖွေသိရှိနိုင်မည် ဖြစ်ပါသည်။

ပြီးတော့မှ လေတိုက်ခတ်မှု၊ လေပြေ၊ လေညှင်း၊ လေပြင်း စသည်တို့ကို သိမှတ်ရသည်။ သည်လိုသိထားမှသာ ပစ်မှတ်ကိုပစ်ခတ်သည့်အခါ ထိရောက်မှု ရှိပါသည်။ ပစ်မှတ်အမျိုးအစားတွေ ပစ်ခတ်နည်းအမျိုးမျိုးတို့ကိုလည်း လေ့ကျင့်ရေးကွင်းတွင် ကိုယ်တိုင်လေ့ကျင့်ရပါသည်။ (ရှေ့ချိန်သီးနှင့် နောက်ချိန်ပေါက်တည့်တိုင်း ပစ်ခတ်၍ ထိမှန်နိုင်သည်မဟုတ်ပါ)။ အဓိကအရေးကြီးသည်မှာ ပစ်ခလုတ်ဆွဲညှစ်ရာတွင် ပထမမောင်းဆွဲညှစ်ပြီး ဒုတိယမောင်း မဆွဲမီအချိန်ပင် ဖြစ်ပါသည်။ ယင်းအချက်ကို သတိမထားပါက သေနတ်ပြောင်း လှုပ်ရှားမှုကြောင့် ပစ်မှတ်လွဲသွားနိုင်ပါသည်။

သေနတ်ပစ်ခတ်မှုအကြောင်း ဆက်လက်ရေးသားရပါက တော်တော်နှင့် ပြီးမည်မဟုတ်ပါ၊ ကျွန်တော်တို့ တကယ်လေ့ကျင့်ခဲ့ရသလိုပင်၊ သင်ခန်းစာအမှတ်စဉ်နှင့် အပိုင်းလိုက် ရေးပြရပါလိမ့်မည်။ ထားပါတော့။

☆☆☆

သည်လို ကျွန်တော်တို့ စစ်ပညာသင်ကြားနေစဉ် ကျန်းမာရေးကိုလည်း အထူးလေ့ကျင့်ရသည်။ မနက်လေ့ကျင့်ခန်းမစမီ နံနက်ငါးနာရီ ခရာမှုတ်သည်နှင့် ဘောင်းဘီတို၊ စွပ်ကျယ်လက်ပြတ်၊ စစ်ဖိနပ်ဂေါက်ဂက်ဖိနပ် (ဗြိတိသျှစစ်တပ်သုံး၊ မြင်းသံစွာတပ်လည်တိုဖိနပ်) စီးကာ သွေးပူလေ့ကျင့်ခန်း (FREE EXERCISE) လုပ်ရသည်။ ဆယ်မိနစ်ခန့် လုပ်ပြီးသည်နှင့် အပြေးလေ့ကျင့်ရတော့သည်။ ကျွန်တော်တို့နေစဉ်မနက်တစ်ခါ ညနေတစ်ကြိမ် ပုံမှန်ပြေးပုံကိုလည်းကြည့်ပါ။ ကျွန်တော်တို့လေ့ကျင့်ရေးတပ်နှင့် မန္တလေး - လားရှိုး မီးရထားလမ်းသာခြားသော စစ်ခွေးလေ့ကျင့်ရေးတပ် (ဖျက်သိမ်းခဲ့သည်မှာကြာပါပြီ) ကိုဖြတ်၊ ဆောက်လုပ်ရေး အင်ဂျင်နီယာ



တပ်ထဲမှဖြတ်ကာ ရေတံလျှောက်ကုန်း၊ မြိုင်ကြီးကွေ့၊ ရေချမ်းအိုး၊ ဝက်ဝံစသည့်နေရာတွေကို ဖြတ်ကျော်ပြီး ဝက်ဝံရေတံခွန် (ခေါ်) B.E FALL ကိုကျော်၍ စေတီဖြူလေးရှိသော လမ်းခွဆုံလေးရောက်မှခေတ္တနားကာလာလမ်းအတိုင်း ပြန်လည်ပြေးခဲ့ရသည်။

သင်တန်းပတ် တစ်လပြည့်လျှင် စစ်ဝတ်စုံပြည့် စစ်ချပ်တန်ဆာပြည့်၊ ကျည်ဆန် ဆယ်တောင့်ထည့်လျက် ရိုင်ဖယ်သေနတ် ဘယ်မြှင့်ကိုင်ပြီး ပြေးရပါတော့သည်၊ အသွားကတော့ ချမ်းချမ်းအေးအေးမို့ သွေးပူ ချွေးစို့မို့ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်စကားတွေ ပြောနိုင်သေးသည်၊ အပြန်ကျတော့မှ ပူတင်းနှင့် တွေ့ရပါတော့သည်၊ (ပူတင်းဆိုသည်က အသွားတုန်းနေမထွက်မီ ချမ်းချမ်းနှင့် ပြေးခဲ့၍ အတော်ညောင်းခဲ့သည်၊ အပြန်လည်း ကျရော တစ်ကိုယ်လုံး ပူနွေး၊ ဒူး၊ ခြေသလုံး ပေါင်ကြောတွေက ပူ၊ အကြောတွေ တင်းကုန်ခြင်းပါ)။ ပိုပြီးအမောဆို့ရသည်က မြိုင်ကြီးကွေ့ကျော်သည်နှင့် ရေတံလျှောက်ကုန်းကို တက်ရခြင်းပါ။

တွေးဆကြည့်ပါ၊ ဂေါက်ဂက်ဖိနပ်စီးပြီး တိုက်ပွဲဝင် ဝတ်စုံပြည့် သေနတ်ဘယ်မြှင့်အနေအထား ပြေးတက်နိုင်ဖို့ ကမဟာလူသားဖြစ်သူ SUPER MAN မှမဟုတ်လေတော့ သာမွေယိုင်လူသားတွေ ဖြစ်ကုန်ကြပါတော့သည်၊ လုံးဝမပြေးနိုင်ပါ၊ ကိုမင်းနောင် သီဆိုသော ဇရာအို သီချင်းစာသားအတိုင်း တစ်လှမ်းချင်းလှမ်းရင်း ဝမ်းတွင်း မချိသမျှ ဆိုသလိုပါ၊ စိတ်ထင် အသွားအပြန်ခရီးက ငါးမိုင် ခြောက်မိုင်ထက် လျော့မည်မထင်ပါ၊ သာမန် လူလွတ်တစ်ယောက်လျှင်ပင် မလွယ်ပါ၊ ရောက်ဖူးသူများ စာနာကြည့်နိုင်ပါသည်။

တပ်ပြန်ရောက်တော့သေနတ်တွေ ဘားတိုက်နံရံမှာစီတန်းထောင်ပြီးလက်ဖက်ရည် သောက်ရင်း အနားယူ၊ ပြီးတော့ တပ်စိတ်လိုက် ဆရာတွေနှင့်အတူသင်တန်းကွင်းကိုအပြေးတက်နှင့်သွားကြရပြန်သည်၊ နံနက်ဆယ့်တစ်နာရီတွင် ထမင်းစားပြန်၊ ဆယ့်နှစ်နာရီထိုး၊ သင်တန်းကွင်းပြန်ထွက် လေ့ကျင့်ရသည်၊ ညနေသုံးနာရီ လေးဆယ့်ငါးတွင် လားရှိုး - မန္တလေးမီးရထား လာပြီးသည်နှင့် တပ်သို့ အပြေးတက်နှင့် ပြန်ရသည်၊ ဒါဆို တစ်နေ့တာ ပြီးသွားပြီလားဆိုတော့ မဟုတ်ပါ၊ ဆက်ရန် ရှိသေးသည်၊ မနက်ကလိုပင် ဝတ်စုံပြည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကာယလေ့ကျင့်၊ ပြီးသော် အပြေးကျင့်ရပြန်သည်၊ ပြန်လာလျှင် ပြီးရောပေါ့ မထင်ပါနဲ့ဦး။ ငါးနာရီအမီ အရောက်ပြန်၊ သေနတ်အပ်ပြီးသည်နှင့်တပ်ရင်းလူစစ်တန်းစီ ROOL CALL သွားရပြန်သည်၊

အဲသည်က ပြန်တော့မှ ရေမိုးချိုးညစာ ထမင်းစားပြီး နားရပါတော့သည်၊ သို့သော်လည်းပေါ့လေ။ ညပိုင်းစစ်သည်တော် ကျင့်ဝတ်စစ်စည်းကမ်း၊ စစ်ဥပဒေတွေကို ထမင်းစားဆောင်မှာ သင်ကြားရသည်။ သင်တန်းကွင်းတွင်မကြေညက်သော သင်ခန်းစာတွေနှင့် နောက်နေ့သင်ကြားရမည့် ဘာသာရပ်သင်ခန်းစာတွေကိုကြိုတင်သင်ကြားရသေးသည်၊ အားလုံးပြီးဆုံးတော့ ဘားတိုက် ပြန်ရသည်၊ ခုတင်ပေါ် လှဲချလိုက်ရာ မနက်အိပ်ရာထရာ မှုတ်သံကြားမှ နိုးလာပါတော့သည်၊ သင်တန်းပတ်ရင့်လာလေသင်ခန်းစာတွေ များများလာလေပင်၊ ဆရာများနှင့်အုပ်စုခွဲကာလက်တွေ့လေ့ကျင့်ရသည်၊

သန်းခေါင်ယံတိုက်ပွဲ၊ အရှက်ဦးတိုက်ပွဲတွေ၊ ချေမှုန်းရေးတိုက်ပွဲတွေဆိုလျှင် ဆရာတွေက ရန်သူနေရာတွင် အသွင်ယူ၍ လေ့ကျင့်တိုက်ခိုက်ရာဆရာတွေက တကယ်ဆော်ပါသည်၊ ပွန်းပဲ့ကွဲပြဲကုန်ကြသည်၊ သည်လိုလေ့ကျင့်ရာတွင် ကျန်းမာရေးစစ်ဆေးချက် (၃)ကြိမ်စစ်ဆေးရာတွင် ကျရှုံးပါကတပ် မှ ထုတ်ပယ်ပြီး နေရပ်ပြန်စေပါသည်၊ တကယ်ကို ဒေါင်ဒေါင်မြည်အဆင့်မီပါမှ သင်တန်းပြီးဆုံးသည်ထိဆက်တက်ခွင့်ရနိုင်ပါသည်၊ ကျွန်တော်တို့ (၆၇)ယောက်တွင် မောင်သန်းနှင့်မျိုးတင့်မှာ ဆေး(၃)ကြိမ်ကျရှုံး၍နေရပ်ပြန်သွားခဲ့ရရှာပါသည်၊ အဘယ်မျှ စစ်သားဖြစ်ချင်ပါစေမရနိုင်ပါ။ ထိုစဉ်ကာလအချိန်တုန်းက ပြောခြင်းပါ။ ယခုအချိန်ကာလမဟုတ်ပါ။ တိုင်းပြည်ကိုတကယ်ချစ်၍ မိမိနိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်လိုစိတ် မည်မျှကြီးမား ထက်သန်ပါစေ၊ ကျန်းမာရေးအဆင့်မမီပါက လာလမ်းအတိုင်း ပြန်ပေတော့။ ထမင်းချက်အဖြစ်ပင် လက်မခံပါ။ ထမင်းချက်ဆိုသော်လည်းရှေ့တန်းတွင် ထမင်းချည်း ချက်နေ၍ ရမည်မဟုတ်၊ ရန်သူနှင့် တိုက်ခိုက်ရလျှင် ပါဝင်တိုက်ခိုက်ရမည်မဟုတ်လား။

သည်လို ကျန်းမာရေးကောင်းသူ နိုင်ငံချစ်သူတွေကိုသာ ရွေးချယ်လေ့ကျင့်ပေးခဲ့၍အရည်အချင်းပြည့်စစ်သား



ကောင်းများကြောင့်မိမိထက်လက်နက်အင်အား လူအင်အားကောင်းသော ပြည်ပရန်သူများကိုပင် ကျွန်တော်တို့နိုင်ငံမြေပေါ်မှ တစ်ယောက်မကျန်မောင်းနှင်ထုတ်နိုင်ခဲ့မှုကြီးမှာ တကယ်ကြီးမားသော အောင်မြင်မှုအဖြစ်ပြည်ပနိုင်ငံများစွာတို့က အံ့အားသင့် ဝမ်းမြောက်ဝမ်းသာ ချီးကျူးခဲ့ကြသည်၊ ကမ္ဘာ့နိုင်ငံကြီးများ၏ နာမည်ကျော်သတင်းစာ၊ ဂျာနယ်များတွင် ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်ကိုကျွန်တော်မှတ်မိနေပါသေးသည်၊

☆☆☆

သည်လို လူအင်အား၊ လက်နက်အင်အား မယှဉ်သာအောင် ရှိသည့် ပြည်ပရန်သူများကိုပင် အောင်မြင်စွာချေမှုန်းနိုင်ခြင်းသည် စိတ်ဓာတ်လေ့ကျင့်မှု၊ ဖွဲ့သတ္တိတို့ကြောင့် ဖြစ်ပါသည်၊ အရေအတွက်ထက် အရည်အချင်းကသာအဓိကဖြစ်ကြောင်းထင်ထင်ရှားရှားမြင်နိုင်ပါသည်၊ မည်သည့်အလုပ်ကိုစွမဆို စိတ်ဓာတ်သည်သာ အဓိကဖြစ်ပါသည်၊ ဝေးလံသောအချိန်ကာလ ဘုရင့်နောင်ခေတ်ကို ဆွဲယူမပြောလိုပါ။ နီးကပ်သော ယခုခေတ် ပြည်ပကျူးကျော်သူတွေကို အောင်နိုင်ခြင်းကိုသာ သင်ခန်းစာ ယူစေချင်ပါသည်၊ ထို့ကြောင့်ကျွန်တော်တို့ခေတ် စစ်သည်များဘဝတစ်စိတ်တစ်ပိုင်း တင်ပြရခြင်းပါ၊

ကျွန်တော်တို့တပ်စု (၆၅)ယောက်မှာ ရေစိမ်ကျွဲတွေလို နေပူပူ ဂရုမစိုက်၊ လသာနေသလို ထင်သည်၊ နာမည်ကျော် မေမြို့မှို့ ဘယ်လောက်ပင်ပန်းပင်ပန်း၊အမောပြေဆေးလိုသဘောထားသည်၊ဆရာတွေကလည်းလူမျိုးစုံသည်၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်း၊ ထားဝယ်၊ မြန်မာ၊ ဘာသာတွေမတူ၊ လူမျိုးမတူကြသူတွေဖြစ်ကြသော်လည်း သူတို့အနစ်နစ် အလလ တွေ့ကြုံဆည်းပူးခဲ့ရသမျှစစ်ပညာတွေကိုသူတို့တတ်သလိုတတ်စေလိုသည့်စိတ်စေတနာကတော့တူညီကြပါသည်၊

"မင်းတို့အားလုံး အခုလို သင်တန်းကွင်းမှာ သင်ကြားပေးနေချိန်မှာ ဂရုတစိုက် မှတ်သားကြပါ၊ ကျွမ်းကျင်အောင်လဲ ပင်ပန်းခံ လေ့ကျင့်ကြပါ၊ သက်သာအောင်ပေါ့ပေါ့ဆဆမလုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ သင်တန်းကွင်းမှာ ချေးကျများမှ စစ်မြေပြင်မှာ သွေးကျနည်းမယ် ဆိုတာ မှတ်ထားပြီး လေ့ကျင့်ဖို့ မှာချင်တယ်”

ဆရာကြီးရာလိပ်က သင်တန်းမှူးဖြစ်၍ သည်စကားကို မပီတပီ ပြောခဲ့ပါသည်။ ဆရာကြီးရာလိပ် မှစ၍ တပ်ကြပ်နေဇာဂန်း၊ တပ်ကြပ် ဗွန်နိုဇန်၊ တပ်ကြပ် ဝင်ထိုးဇန် တို့က ချင်း၊ ကချင်လူမျိုးများဖြစ်ကြသည်။ ဆရာကြီး ငယ်ရွယ်စဉ်ကပင် ဗြိတိသျှစစ်တပ်နှင့် နိုင်ငံခြားသို့ပင် ပါသွားခဲ့သူဖြစ်သည်၊ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောကြားနိုင်သော်လည်း မြန်မာစကားပြောရာတွင် တစ်ခါတစ်ရံ မပီသပါ၊ သဘောအလွန်ကောင်းသည်၊ ရဲဘော်တွေကို ချစ်သည်၊ တစ်ခါတစ်ရံ သူ၏ လိုင်းခန်းသို့ပင် မပြန်တော့၊ ရဲဘော်တွေနှင့်အတူ အိပ်လေ့ရှိသည်၊ စနေနေ့ညနှင့် တနင်္ဂနွေနေ့တစ်နေ့လုံး တစ်ညလုံး ရဲဘော်တွေနှင့်အတူ နေတတ်သည်၊

ဆရာကြီးရာလိပ်က စစ်စည်းကမ်းကို လိုက်နာသည်၊ တခြားသူများကိုလည်း လိုက်နာစေသည်၊ စည်းကမ်းဖောက်လျှင် အလွန်စိတ်ဆိုးသည်။ မည်သူကိုမှ ခွင့်မလွှတ်ပါ။ ထူးခြားမှုတစ်ခုရှိသည်က ဆရာကြီးအရပ်အမောင်းက လေးပေကျော် ငါးပေ မပြည့်တတ်ပါ၊ ရဲဘော်တစ်ယောက် အပြစ်ရှိသည်ဆိုလျှင် ထိုရဲဘော်က ခွေးခြေကုလားထိုင်တစ်လုံး သွားယူပေးရသည်။ ထိုကုလားထိုင်ပေါ်တက်ပြီး သူ့ရှေ့တွင် မတ်မတ် သတိဆွဲရပ်စေပြီး လက်သီးနှင့် သုံးချက်တိတိ ထိုးတတ်သည်၊ အထိုးခံရသော ရဲဘော်က မသိမသာ ရှောင်လျှင် ရပ်ပြီး ထိုးနေသော ဆရာကြီး အရှိန်လွန်ပြုတ်ကျမည် စိုးရိမ်၍လည်းကောင်း၊ အရပ်ပုပြီး လက်တံတိုသည့်ပြင် အသက်လည်းကြီးပြီမို့ သိပ်ပြီး နာကျင်လှသည် မဟုတ်၍ ငြိမ်ခံပေးရပါသည်၊

သည်သို့ထိုးပြီးလျှင် ကျေနပ်သွားသည်၊ အဲ - ပြီးတော့ - ဘေးမှ ရပ်ကြည့်နေကြသော ရဲဘော်တွေကို ပြောလိုက်သေးသည်က -

“ဟေ့ - ခွေးပစ်တဲ့တုတ်တွေ၊ အားလုံးမှတ်ထားကြ၊ မင်းတို့စည်းကမ်းဖျက်ရင် သူတို့လိုပဲ ခံရမယ်”

ကဲ - စဉ်းစားသာကြည့်ပါ၊ သူကဖြင့် အရပ်ငါးပေပင် မပြည့်ပါ၊ ရဲဘော်တွေက ငါးပေ လေးလက်မ၊ ငါးပေနဲ့ အရပ်အမောင်းရှိသူတွေ၊ ကျွန်တော်တို့က



ဒိန်းဒေါင်းဒေါင်းခေါ်သော မြင်းခြံသား ရဲဘော် မောင်ငွေ ဆိုလျှင် အရပ်က ခြောက်ပေနီးပါးရှိသူပါ၊ အဲသည်လိုလူတွေကို ခွေးပစ်တဲ့တုတ်ရယ်လို့ ခေါ်နေတာကြောင့် ကျွန်တော်တို့အားလုံး ရယ်ချင်စိတ် ပေါ်လာခဲ့သော်လည်း မရယ်ရဲပါ၊ သူစိတ်ဆိုးသွားပါက မျောက်ခုန်တွေ၊ ဖားခုန်တွေ လုပ်ခိုင်းလျှင် စားပြီးသားပဲဟင်း၊ ဂေါ်ရခါးသီး၊ ငါးပိကြော်တွေပြန်လည် ခုန်ထွက်လာမည်စိုး၍ဖြစ်သည်၊ ထို့ကြောင့်ပင် အားရပါးရ အော်လိုက်ကြသည်၊

“ဟုတ်ကဲ့ - မှတ်ထားပါ့မယ် - ဆရာကြီး”

သည်တော့မှ ဆရာကြီး ရာလိပ် ကျေနပ်သွားပါသည်၊ ကျွန်တော်တို့အားလုံး ဆရာကြီး ရာလိပ်ကို ချစ်ကြသည်၊ ဆရာတစ်ယောက်လို သာမဟုတ်ပါတော့၊ တကယ့် ဦးလေး - ဦးကြီးလို ချစ်ကြခြင်းပါ၊ တစ်ခါတစ်ခါ ဆရာကြီး စကား မပီသသည်ကို နောက်ပြောင်တတ်ကြသေးသည်၊

“အားလုံး - အပြီးတတ်”

ဆိုသည့်အမိန့်ပေးလျှင် ကျွန်တော်တို့က ဘာမှမလုပ်ပါ၊ ရပ်မြဲရပ်နေကြသည်၊ အမှန်က (အားလုံးအပြေးတက်) ပြောလိုက်ခြင်းပါ၊ မသိသလို နားမလည်သလို လုပ်နေကြသည်၊

“ဟေ့ကောင်တွေ - အပြီးတတ်ဆိုတာ မသိဘူးလား၊ ခွီးမသား - ခွီးပစ်တဲ့ တုတ်တွေ”

ခွေးကိုလည်း မပီပါ၊ ခွီး ဖြစ်နေသည်၊ စိတ်တိုလေ မပီသလေပါ၊ ကြာတော့ - သူ့လက်ထဲ တုတ်နှင့် ကျွန်တော်တို့ကို လိုက်ရိုက်တော့သည်၊ ကျွန်တော်တို့ကလည်း ဂျက်စီဂျိမ်းတွေလေ၊ အရှောင်အတိမ်းမှာ နံပါတ်ဝမ်း၊ တစ်ယောက်မှ ရိုက်၍မထိတော့၊ တုတ်နှင့် ပစ်ပါတော့သည်၊ ထိုအခါမှ ထိသူတွေလည်း ထိမှန်ပါတော့သည်၊

“ဆရာကြီး - ဘာဖြစ်ပြန်ပြီလဲဗျ”

တပ်ခွဲရုံးထဲမှ တပ်ခွဲအရာရှိ ဗိုလ်စံထွန်း ထွက်၍မေးလိုက်မှ ဆရာကြီး ရာလိပ် တုတ်ကိုင်ရင်း ပြန်ဖြေသည်၊

“ဒီ - ဒီခွီးမသားတွေ - ပြောမရလို့ လိုက်ရိုက်နေတာ”

“သိပ်လဲ ဒေါသမကြီးပါနဲ့၊ ဆရာကြီးရိုက်လို့ ဒီကောင်တွေ အတော်နာကုန်ကြရောပေါ့၊ တော်ပါတော့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စံထွန်းကအကြောင်းသိသူပီပီ ရဲဘော်တွေကို သနားသည့်ဟန်နှင့် ပြောလိုက်မှစိတ်လျှော့လိုက်သည့်ဟန်နှင့် ပြောလိုက်သေးသည်။

"ခွေးကောင်တွေ - မင်းတို့အားလုံး ဗိုလ်ကြီးပြောလို့ သက်သာသွားတာ။ အားလုံးသေကုန်မယ် - ဟင်း"

ပြောပြီး တပ်ရင်းရုံးဘက်သို့ ထွက်သွားပါတော့သည်။ ဗိုလ်စံထွန်းကလည်း ဘာမှမပြောတော့ ရုံးခန်းထဲပြန်ဝင်သွားလေသည်။

(၁၂)နာရီထိုးခါနီးတွင် ဆရာကြီး ရာလိပ်ပြန်ရောက်လာသည်။ စောစောက မျက်နှာမျိုးမဟုတ်တော့။ ပြုံးပြုံးရယ်ရယ် ဖြစ်နေသည်။ ပြီးမှ ခရာကိုနစ်ချက်ဆင့် အသံကုန်မှုတ်တော့သည်။

"အားလုံး တန်းစီ"

သစ်ပင်ရိပ်အောက် ဘားတိုက်အောက် အိပ်နေသူအားလုံး အပြေးအလွှား တန်းစီကြရသည်။ ပြေးလွှား တန်းစီကြသည်ကိုကြည့်ပြီး ပြုံးပြုံးကြီး လုပ်ကာ ရိုးကျူးစကား ပြောပါသည်။

"အေး - စစ်သားဆိုတာ အဲဒီလို အမြဲတမ်း လျင်မြန်ရမယ်၊ ဒါမှ စစ်သား ခေါ်တာ။ ဘိန်းစားလိုမလုပ်ရဘူး"

"ဟုတ်ကဲ့ - ဆရာကြီး"

"အေး - ဟိုဝါးလုံးတိုင်လိုကောင် တွေ ရှစ်ယောက်၊ ဆရာကျော်စိုးဆီက လက်ပစ်ဗုံးသေတ္တာတွေ သွားယူပြီး သင်တန်းကွင်းထဲကို လိုက်ခဲ့ကြ"

သည်နောက် ကျွန်တော်တို့အား လုံး လေ့ကျင့်ရေးကွင်းထဲသို့ အပြေး တက်နှင့် ထွက်ခဲ့ကြသည်။ ယခင်နေ့ တကယ်ပစ်ခတ်ရတော့မည်ဖြစ်၍ အား လုံး စိတ်အားထက်သန်နေကြသည်။ ရင်တွေလည်းခုန်နေကြပါသည်။ အမှတ် (၃၆)၊ လက်ပစ်ဗုံးမှာ အမေရိကန်လုပ် ဖြစ်ပြီး တစ်ပေါင်ကျော်ခန့်လေးသည်။ ကိုယ်ထည်တွင် လေးထောင့်ကွက် ကလေးများ ပါရှိသည်။ ကျွန်တော်တို့ ရဲဘော်တွေက "နာနတ်သီး"ဟု ခေါ် ပါသည်။ ပေါက်ကွဲအားပြင်းထန်သည်။ တိုက်မိုင်းအဖြစ်လည်း အသုံးပြုနိုင်ပ သည်။ လေ့ကျင့်စဉ်က (၁၈)ပေအမြင့် (၇၅)ပေအကွာအဝေးထိ ပစ်ခတ်လေ့ ကျင့်ခဲ့ရသည်။

☆☆☆

လေ့ကျင့်ကွင်း ရောက်သည့်အခါ ကျွန်တော်တို့ကိုလက်ပစ်ဗုံးခွံနှင့်ပစ္စည်း များတစ်ဦးချင်း ပေးပါသည်။ ကျွန်တော် တို့မှာ ဆက်သွယ်ရေးမြောင်းခေါက်တွန့် ကျင်းထဲထိုင်ကာလက်ပစ်ဗုံးကိုအသက် သွင်းပြုလုပ်ရပါတော့သည်။

သည်နေရာတွင် သာမန်လူတွေ မသိကြသော အမေရိကန်လုပ် အမှတ် (၃၆) လက်ပစ်ဗုံးအကြောင်းကို ရှင်းပြ ရန် လိုအပ်၍ ရေးပြလိုက်ရပါသည်။ ထို အခါက ကျွန်တော်တို့ သုံးခဲ့ရသော အမှတ်(၃၆)ဗုံးမှာ ယခုခေတ် ဗုံးများကဲ့ သို့ အဆင်သင့် ပစ်ခတ်ရန် ပြုလုပ်ထား သည်မဟုတ်ပါ။ ဗုံးကိုယ်ထည်ခွံ ဖြု(စ်) ခေါ် ယမ်းပျော့၊ ဖောင်းတံ(ရိုက်တံ)၊ လုံ မြုံရေးစို့၊ ဖင်ပိတ်အဖုံးစသည်တို့က တစ် စုချင်း ဖြစ်ပါသည်၊ သယ်ယူပို့ဆောင် ရာတွင် ထိခိုက်မိပါက ပေါက်ကွဲမည်ကို ကာကွယ်ရန်ဖြစ်သည်ဟု ထင်ပါသည်။ နောင် မိမိတပ်များ ရောက်၍ ရေ့တန်း သွားရသည့်အခါတပ်ရင်းတွင်လက်နက် တိုက်မှသေနတ်ကျည်ဆန်များထုတ်ယူ သည့်အခါလည်း သည်လိုပင် ထုတ်ယူ ရ၊ တစ်ခါတည်းတပ်ဆင်(အသက်သွင်း) ရပါသည်။



အသက်သွင်းပုံမှာ ပထမဆုံး ယမ်း ပျော့၊ ဖြူစ်လေးကို တံတွေးအနည်းငယ် လက်ကိုဆွတ်၍ ဗုံးကိုယ်ထည်ထဲကို ဖြည်းဖြည်းချင်း သွင်းရသည်။ တံတွေး မဆွတ်ပါက လက်ဖြင့် လှည့်သွင်းလျှင် လက်အပူရှိန်နှင့် ပေါက်ကွဲနိုင်သော ကြောင့်ဖြစ်သည်။ ထို့နောက် ဖင်ပိတ် အဖုံးထပ်၊ မောင်းတံထည့်၍ လုံခြုံရေး စို့တံလေးကို သွင်းရပါသည်။ လုံခြုံရေး စို့တန်လေးက မိန်းကလေးများ ခေါင်း တွင်ပန်းပန်သောအခါသုံးသော ကလစ် ပုံစံအတိုင်း ဖြစ်သည်။ ပစ်ခတ်လိုသည့် အခါကလစ်လေးကိုဆွဲဖြုတ်ပြီးပစ်ခတ် ရပါသည်။ ရုပ်ရှင်တွေထဲတွင်တော့ တမင် အိုင်တင်လုပ်၍ ပါးစပ်(သွား)နှင့် ကိုက်ပြီးဖြုတ်ပုံကိုမြင်ဖူးကြပါလိမ့်မည်။

ကျွန်တော်တို့အားလုံး တပ်ဆင်ပြီး လျှင် ကျွန်တော်တို့အားလုံး တစ်ဦးစီ ခေါက်တွန့်ကျင်းထဲမှ မတ်တတ်ရပ်ကာ ရှေ့ပေ (၅၀)ပေအကွာရှိ ဗုံးပစ်ကျင်းဆီ ပစ်ခတ်ရပါသည်။ ပစ်ခတ်နည်းက ဘေး တိုက်မတ်တတ်ရပ်၍ဗုံးကိုညာလက်ဖြင့် အလျားလိုက် ဆုပ်ကိုင်ထားရသည်။ ပစ်တော့မည်ဆိုက လုံခြုံရေးစို့ကို ဘယ် လက်နှင့် ဆွဲဖြုတ်၊ ညာလက်ကို အား

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး ခေါင်းပေါ်မှ ကျော်လွှဲ၍ပစ်ခတ်ရပါသည်။

တစ်ယောက်စီ ပစ်သွားကြရာ ဒိုင်းခနဲ ဝုန်းခနဲဖြင့် အားလုံးအဆင်ပြေကြပါသည်။ လူလေးဆယ် ခန့် ပစ်ခတ်ပြီး မောင်အောင် ဆိုသော ရဲဘော်အလှည့်တွင် မည်သို့ဖြစ်သည်မသိပါ။ ပစ်လွှတ်လိုက်သော လက်ပစ်ဗုံးက ရှေ့သို့ တည့်တည့်မသွား၊ အပေါ်ဘက်သို့ စွေစောင်းစောင်း မြောက်တက်သွားပြီး ကျွန်တော်တို့ ဝံခါက်တွန့်မြောင်းအပေါ် ရှေ့ဘက်ဆယ့်ငါးပေခန့်အကွာ မြေပေါ်ကိုကျလာတော့သည်။

"ဟာ - အားလုံးဝပ်နေကြဟေ့"

ရဲဘော်တစ်ယောက်က သတိပေးလိုက်၍ ကျွန်တော်တို့အားလုံး ခေါက်တွန့်ကျင်းထဲ မှောက်ချလိုက်ကြသည်။ ရုတ်တရက်ဖြစ်၍ ကျွန်တော်တို့မှာ ငါးသေတ္တာဘူးထဲက ငါးတွေလို ဖင်ပြန်ခေါင်းပြန် ဖြစ်ကုန်ကြသည်။ သို့သော် အားလုံး မလှုပ်ရဲကြပါ။ အသက်ပင် ရဲရဲဝံ့ဝံ့ ဝအောင် မရှူရဲကြပါ၊ စိတ်ထဲကလည်း အမှတ်စဉ် မှတ်နေမိသည်။ ဗုံးတွေမှာ (၄)စက္ကန့်၊ (၇)စက္ကန့်ဗုံးတွေဖြစ်ပါသည်။ ကျွန်တော်တို့စိတ်ထဲ တစ်နာရီခန့် ကြာပြီထင်မိခဲ့ပါသည်။ ဗုံးပေါက်ကွဲသံ မကြားရပါ။ အားလုံးဆက်ပြီး ဝပ်နေမိကြသည်။ ကိုယ်က ထအကြည့်၊ ဗုံးထအပေါက်ဆိုလျှင် ဆိတ်သားပလာတာတွေ၊ ငါးရှုစဉ်းကောတွေ ဖြစ်သွားနိုင်သည်မဟုတ်ပါလား။

မဟာဗန္ဓုလတို့၊ ဘုရင့်နောင်တို့ရဲ့ မျိုးဆက်တွေပီပီ ငြိမ်မြဲငြိမ်နေကြသည်။ ထိုသို့သောအချိန်မှာ သတ္တိပြောင်စွာ ဓာတ်ငွေ့ဗုံး တိတ်တဆိတ် ခွဲလိုက်ဟန်ရှိပါသည်။ မွှေးကြိုင်လှသော အော်ဒီကလုံးနှံ့ ရှနယ်လ်ဖိုက်ရန့်တို့က ကျင်းထဲတွင် ဝေ့ဝဲနေရာ ရဲဘော်အားလုံး အမိန့်ပေးသူမရှိ ညီညာစွာရှူကြရတော့သည်။ ထိုစဉ် ဆရာ ကျော်စိုးအသံ ကြားကြရသည်။

"ဟေ့ - ဂျီအီး - ဂျီအီး"

"ဂျီ အီး မဟုတ် ဘူး - ဆရာ၊ ဒါ - ပဲပေါ တင်အောင် ပေါက်တာ ဖြစ်မယ်။ လူအီး - ဆရာ"

ရဲဘော်တစ်ယောက်က အတွေ့အခေါ်ကောင်းစွာ တရားခံဖော်သည်။

"တယ်လေ - သောက်ရေးထဲမှာ ငါခေါ်နေတာ ဗုံးရှင်းရဲဘော်ကိုကွ၊ ဟေ့ ဂျီအီးက ဗုံးရှင်းရဲဘော်၊ တို့ဆီကို မြန်မြန်လာခဲ့ဦး"

"အေး - ဟုတ်တယ်။ ဒီမှာ မပေါက်တဲ့ဗုံးတစ်လုံး ရှိနေလို့"

"အေး - အေး - မြန်မြန်လာခဲ့ကွာ"

ဆရာကျော်စိုးကနောက်ဘက်စက်ပစ်ကွင်းတွင်ရှိသော ဗုံးရှင်းလင်းရေး ရဲဘော်ကို စစ်မြေပြင်သုံး တယ်လီဖုန်းနှင့် ခေါ်နေခြင်းဖြစ်ပါသည်။ ဗုံးလေ့ကျင့်ခန်းများ ပြုလုပ်တိုင်း ဗုံးရှင်းရဲဘော်နှစ်ယောက် အဆင်သင့် တာဝန်ယူကြရသည်။ ယခုလိုဖြစ်သည့်အခါ သူတို့က တာဝန်ယူပြီး ဖောက်ခွဲရသည်။ မပေါက်ရန်ဖြုတ်ပေးရပါသည်။ ကျွန်တော်တို့ကတော့ မပေါက်တော့ဟု ပြောသံကြားမှ မျက်လုံးလေးပေါ်ရုံ ချောင်းကြည့်ကြသည်။ ကြောက်လို့ဖြင့် မဟုတ်ပါခင်ဗျာ။ မတော်တဆကိုယ်ကကြည့်လို့ဗုံးပေါက်သွားရင်း မတော်ရသေးသည့် ဇနီးလောင်းချစ်သူလေးမုဆိုးမဖြစ်သွားမည်စိုးလို့ပါ။

အဲ - ဗုံးရှင်းရဲဘော် ရောက်လာပြီးရှင်းလင်းတော့မှ ကျွန်တော်တို့တွေ စဉ်းကာဖြစ်ပြီး နတ်ပြည် ရောက်ရန် ဂဲကောင်းစွာ လွဲဖယ်ခဲ့ရပါတော့သည်။

☆☆☆



"ကဲ - မင်းတို့ မနက်က ကြုံခဲ့ရတဲ့ အဖြစ်မှာ အခုလိုဖြစ်ရတာ ဘာကြောင့်လဲဆိုတာ သိပြီလား"

ညပိုင်းထမင်းစားဆောင်တွင် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းပြုလုပ်သည့်အခါ ဆရာကျော်စိုးက မေးတော့သည်။ မနက်ကရဲဘော်မောင်အောင်ပစ်ခတ်၍ မပေါက်ကွဲသော လက်ပစ်ဗုံးမှာ ဗုံးရှင်းရဲဘော်က ဖြုတ်ယူပေးခဲ့သောကြောင့် မပေါက်ကွဲရသည့်အကြောင်းကိုမေးနေခြင်းပင်။

"မသိဘူး ဆရာ"

"အဲဒီလိုဖြစ်ရတာ ဗုံးရဲ့ချို့ယွင်းချက်ကြောင့်ဖြစ်မှာပေါ့ - ဆရာ"

"မောင်းရိုက်တံအားပျော့လို့ဖြစ်နိုင်တယ်"

"ဟုတ်တယ် - ဆရာ၊ ဒါကြောင့် ယမ်းကိုမီးမကူးလို့ဗုံးမပေါက်ကွဲတာပေါ့ ဆရာ"

ရဲဘော်တွေက တစ်ယောက်တစ်မျိုးစီ ထင်မြင်ချက်ပေးကြသည်။

"အေး - မင်းတို့ပြောတာ တစ်ဝက်တော့ မှန်တယ်။ ယမ်းကို မီးမကူးလို့ ဗုံးမပေါက်ခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ယမ်းကို မီးမကူးတာကရော ဘာကြောင့်လဲဆရာ။ ယမ်းကိုရေစိုသွားတာကြောင့်လား"

"ကဲ - အဲဒီအဖြေကို မောင်အောင်ဖြေစမ်း"

ဆရာကျော်စိုးက မနက်က ဗုံးပစ်ခဲ့သောရဲဘော်မောင်အောင်ကိုမေးလိုက်ရာ ဇမောင်အောင်မှာ ဘာမှမသိသလို အူကြောင်ကြောင်အမူအရာနှင့် ရပ်နေသည်။

"ဟေ့ကောင် - မင်းလုပ်တာ မင်းမသိဘူးလား"

"ဗျာ - ကျွန်တော် ဘာမှမလုပ်ပါဘူး - ဆရာရဲ့"

မောင်အောင်မှာ ဘာမှမသိသလိုဖြစ်နေသည်။ ထိုအခါမှဆရာကျော်စိုးကတွေးမိသွားပုံရ၍ ထပ်မေးတော့သည်။

"မောင်အောင် - မင်း ဆေးငုံသလား။ ဆေးပြင်းလိပ် သောက်တတ်သလား"

"အော် - ဟုတ်တယ် ဆရာ၊ ကျွန်တော်ကဆေးပြင်းလိပ်သောက်ပါတယ်၊ သင်တန်းဆင်းနေချိန်မှာတော့ဆေးပြင်းလိပ်ကို ချိုးပြီး ငုံထားတတ်တယ်"

မောင်အောင်အဖြေစကားကြောင့် ဆရာကျော်စိုး ခေါင်းညိတ်လိုက်၏။ ပြီးတော့မှ အားလုံးကို ရှင်းပြပါလေသည်။

"မနက်က မင်းပစ်ခဲ့တဲ့ လက်ပစ်ဗုံး မပေါက်တာက မင်း လက်ပစ်ဗုံးကို အသက်သွင်းတုန်းက ဖြစ်ကို တံတွေးတအားဆွတ်လိုက်ခဲ့တယ်မဟုတ်လား"

"ဟာ - ဆရာ"

"ဟာ - ဆရာဆိုပြီး လိမ်မယ်မကြံနဲ့။ သက်သေခံရှိတယ်"

အောင်အောင်က ဆင်ခြေပေးရန် စိတ်ကူးလိုက်စဉ် ဆရာကျော်စိုးကဖြတ်ပြောလိုက်သည်။

"အဲ - ဟုတ်ပါတယ် - ဆရာ၊ တံတွေးဆွတ်တုန်းကတော့ နည်းနည်းဆိုပြီး ဆွတ်တာ၊ ဆေးငုံထားရင်းဆိုတော့ များသွားတာ။ အဲဒါကို ကျွန်တော်က အထဲကျရင် ခြောက်သွားမှာပါ ထင်လိုက်မိခဲ့တာ - ဆရာရဲ့"

မောင်အောင်က သူပြုလုပ်ခဲ့သည်ကို ဝန်ခံပြောပြပါတော့သည်။

"ကဲ - မင်းတို့အားလုံး ကြားတယ် မဟုတ်လား"

"ကြားပါတယ် - ဆရာ"



"ကိုယ်ကအမှတ်တမဲ့ပေါ့ပေါ့ဆဆလုပ်ပြီး ပေါ့ပေါ့ဆဆနဲ့ တွေးခဲ့တဲ့အလုပ်ကြောင့် အားလုံး ဒုက္ခရောက်ခဲ့ရတာကို ဘယ်တော့မှမမေ့ပါနဲ့။ မင်းတို့ သေချာသင်ပေးခဲ့တာပဲ၊ တံတွေးစိုရုံလေးဆွတ်၊ ဖြည်းဖြည်းလေး လှည့်သွင်းရမယ်ဆိုတာလေ"

"ဟုတ်ပါတယ် - ဆရာ"

"အင်း - ပါးစပ်က ဟုတ်ပါတယ်၊ လုပ်တော့သောက်တစ်လွဲလုပ်ကြတာပဲ မဟုတ်လား"

ဆရာကျော်စိုးသည် စိတ်ရှည်သည်၊ လူအေးဖြစ်သည်၊ ရဲဘော်တွေကို တစ်ကြိမ်တစ်ခါမှ ရိုက်နှက်ခြင်းမပြုပါ။ သူ့ စိတ်တိုလျှင် အော်ဆဲတတ်သော အကျင့်ရှိသည်။ သည်ထက်ပို၍ ဘာမှမလုပ်ပါ။ အမြဲတမ်းညပိုင်းသင်ကြားပေးရသောဆရာတစ်ယောက် ဖြစ်သည်။

ကျွန်တော်တို့သင်ကြားရသော စစ်ပညာများ၊ ဗုံးနှင့် အခက်အခဲဖြတ်ကျော်ခြင်း သင်ခန်းစာနှစ်ခုအပါအဝင် လက်တွေ့ပြုလုပ်သော စစ်မြေပြင်သင်ခန်းစာများကို အပိုင်း(၁)၊ (၂) ခွဲ၍ (၆)လ သင်ရသည်။ သုံးလေးရက်မျှ နားပြီးပါက အပိုင်း(၃)ခေါ် တန်းမြင့်သင်တန်းကို နေ့စဉ်တစ်လမျှသင်ရသည်။ အားလုံးပြီးပါမှ သက်ဆိုင်ရာမိခင်တပ်ရင်းများက လာရောက်ခေါ်ဆောင်လေ့ ရှိပါသည်။ အပိုင်း(၁)နှင့် (၂)ကို သင်ကြားပြီးမှ ကျောင်းဆင်းပွဲ ပြုလုပ်၍ ကျမ်းစာထုပ်နှင့် နိုင်ငံတော်အလံကို ကိုင်ပြီး ကျမ်းကျိန်ရပါသည်။ အများစုက ကျမ်းကျိန်ပွဲဟုခေါ်ပါသည်။ ထိုအခါမှ တကယ်တရားဝင်စစ်သားဘဝကိုရရှိပါသည်။ နောက်မှ အပိုင်း(၃)ကို ဆက်တက်ရပါသည်။

☆☆☆

သင်ခန်းစာများတွင် ဗုံးနှင့် အခက်အခဲဖြတ်ကျော်ခြင်းတို့မှာ အသက်သေဆုံးတတ်သောသင်ခန်းစာများသာဖြစ်၍ ထိုအခါများတွင် တပ်ခွဲမှူးနှင့် တပ်ခွဲအရာရှိပါ လေ့ကျင့်ရေးကွင်းထဲအထိ လိုက်၍စောင့်ကြည့်ကြပါသည်။ အခက်အခဲ ဖြတ်ကျော်ခြင်းတွင် ရည်မှန်းချက်ခရီး ရှိတက်ရာတွင် တွေ့ရသောအခက်အခဲများကို ဖြတ်ကျော်ရခြင်းနှင့် ရန်သူစခန်းအား တိုက်ခိုက်သိမ်းပိုက်ရာတွင် တွေ့ကြုံရင်ဆိုင်ရနိုင်မည့်အတားအဆီးများ၊ ထောင်ချောက်များ၊ မိုင်းများကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်ရခြင်းတို့ ပါဝင်ပါသည်။ အသက်နှင့် နီးစပ်သော သင်ခန်းစာများဖြစ်၍ ညပိုင်းတွင် သရုပ်ပြရုပ်ပုံများ၊ စာများဖြင့် သင်ကြားရသည်။ မှတ်စုတွင် မှတ်သားရသည်။

ညပိုင်းပြီးတော့ လေ့ကျင့်ရေးကွင်းတွင် ဆရာများနှင့်တွဲ၍တစ်မျိုး၊ ဆရာတွေက ရန်သူအဖြစ် နေရာယူ၍တစ်မျိုး လေ့ကျင့်ကြရသည်။ တစ်ပတ်ခန့် အပြင်းအထန် လေ့ကျင့်ရသည်။ ရန်သူစခန်းထိုးဖောက်တိုက်ခိုက်မှုတွင်တော့ ရန်သူဘက်မှ ပစ်ခတ်ရာတွင် ကျည်အတု (BLANK)တောင့်များသုံး၍မဖြစ်တော့ပါ။ ကျည်တုကို တစ်တောင့်ထိုးရိုင်ဖယ်နှင့်သာပစ်၍ရသည်။ အတွဲလိုက်ပစ်ခတ်ရသော စက်ကလေး (ဘရင်းဂန်း) စက်လတ် (၇.၆၂)နှင့် (၈၁. MM) သေနတ်များတွင် သုံးမရပါ။ တကယ်ကျည်ဆန်အစစ်နှင့် ပစ်ခတ်ရပါသည်။ ထိုအခါ ပစ်ခတ်သူဆရာ၏ ပေါ့ဆမှု သို့မဟုတ် တိုးဝင်နေသော ရဲဘော်၏ ပေါ့ဆမှု တစ်ခုခုဖြစ်သွားခဲ့ပါလျှင် သင်တန်းသားမှာအနည်းဆုံး ဒဏ်ရာရမည်။ ကံဆိုးလျှင် စစ်သားပေါက်စဖြစ်ခါစနှင့် ကျဆုံးသွားနိုင်ပါသည်။

အထူးသဖြင့် ၁၈"အနေအထားနှင့် ပစ်ခတ်နေခြင်းကိုမိကျောင်းသွားအနေအထား (CROSSING) ဝမ်းလျား မှောက်မြေပြင်ကိုအကပ်နိုင်ဆုံးကပ်ပြီး သွားရသည်။ ခေါင်း၊ ကျော၊ တင်ပါး မထောင်ရ၊ မကြွရ ပြားပြားကပ်လျက် သွားရသည်။ သံဆူးကြိုးကို ပက်လက် အနေအထား၊ သံဖြတ်ကတ်ကြေးနှင့် ဖြတ်ရသည်။ သာမန်အားဖြင့် လွယ်မည် ထင်ရသည်။ မြေပြင်မှ ၁၈"အမြင့်ပုံသေ ပစ်ခတ်နေသော စက်သေနတ်ကျည် ဆန်မထိမှန်စေရန် အထူးသတိထား ရသည်။ ခေါင်းနည်းနည်းကြွလျှင်ပွဲချ ပြီးသွားနိုင်သလို တခြားနေရာထိပါ လည်းတစ်သက်စာ ဖုလုံသွားနိုင်သည် ထိုသို့ တစ်ပတ်ခန့် ဟန်ပြလေ့ကျင့် တော့မှ တကယ် စခန်းသိမ်းတိုက်ပွဲ ပြုလုပ်ရခြင်းဖြစ်သည်။

ပထမပိုင်းကို မနက်စော ချောက်ကမ်းပါးတစ်ဖက်မှ တစ်ဖက် ကြိုးနှစ်ချောင်းနှင့် ကူးဖြတ်ခြင်း၊ တစ်ချောင်းပေါ်ဝမ်းလျားမှောက်ကူး တို့ကိုချောချောမောမောနှင့်အောင် ခဲ့ပါသည်။ မနက်စာစားခဲ့ပြီးသော ဒုတိယပိုင်းကို ဆက်လက်လုပ်



ရန် ထွက်လာခဲ့ကြသည်။ တပ်ခွဲမှူးရော တပ်ခွဲအရာရှိပါ မှန်ပြောင်းကိုယ်စီနှင့် လိုက်လာခဲ့ကြပါသည်။ ကျွန်တော်တို့ ပြုလုပ်နေကြပုံကို သေချာကြည့်ရှုရန် ဖြစ်ပါသည်။ ထိုသို့ကြည့်နေမှ သာ အကယ်၍ အမှားအယွင်းတစ်ခုခုဖြစ်သွားလျှင် ဘယ်သူ့ကြောင့် ဘာကြောင့် ဖြစ်ရသည်ကို သိရှိနိုင်သည်။ ဖြစ်စဉ်ကို အစီရင်ခံစာတင်ရာတွင် သေချာစေ့စပ်စွာ ရေးသားနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံး တပ်စုသုံးစုခွဲပြီး တစ်စုပြီးတစ်စု လေ့ကျင့်ပြုလုပ်ကြပါသည်။ ကျွန်တော်က ဒုတိယတပ်စုတွင် ပါသည်။ ပထမတပ်စု ပြုလုပ်သည်ကို ကြည့်ထားပြီး သေချာဂရုတစိုက်ပြုလုပ်ကြသောကြောင့် အခက်အခဲမရှိအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ နောက်ဆုံး တပ်စုသုံးပြုလုပ်ရသောအလှည့်ရောက်လာပါတော့သည်။ ထောင်ချောက်နှင့် မိုင်းများကိုကျော်ဖြတ်လာနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ရန်သူအသွင်နှင့် ဆရာနှစ်ဦးက ဘရင်းဂန်း (စက်ကလေး)ကို ခပ်မှန်မှန် (၁.၂-၁.၂.၃)အရှိန်အဆနှင့် ပစ်ခတ်ပေးနေပါသည်။

တပ်စုသုံးတွင် ကမ္ဘာကျော်တွေပဲဟု သော နာမည်ပေးထားခံရသော ရဲဘော်မိုက်ခဲ၊ ပဲပေါတင်အောင်၊ သာကေတကျော်စိန်၊ အသံမထွက်အောင်မင်း၊ ဘယ်ခြေဘယ်လက်ထန်ကုန်းတို့ပါဝင်နေသည်ကိုတွေ့ရသည်။ ၁၈"သံဆူးကြိုးတန်းကိုလွတ်ရုံကျော်ပစ်ပေးနေသဖြင့် စ.မ.ပ.၁၃ နည်းအတိုင်း တရွေ့ရွေ့ချဉ်းကပ်သွားနေကြသည်။ သံဆူးကြိုးဖြတ်ရမည့် ပဲပေါတင်အောင်က ရှေ့မှ ဦးဆောင်သွားနေသည်။ သူ့ကိုကူပေးရမည့်သူက ရဲဘော်မိုက်ခဲဖြစ်သည်။ ပဲပေါတင်အောင်ကပက်လက်လှန်ကာ သံဆူးကြိုးကို ဖြတ်နေသည်။ ရဲဘော်မိုက်ခဲက ဖြတ်ပြီးသွားသော သံဆူးကြိုးကို ဘေးသို့ တစ်ပေစီ ကွေးပြီး ဖယ်ရှားပေးနေခဲ့သည်။

နှစ်ယောက်လုံးက သည်လို ကျည်ဆန်တွေ ဝင်လာနေချိန်မှာပင် ဘာတွေမှန်းမသိ၊ ပွစိပွစိနှင့် ပြောနေပုံကိုမြင်နေရပါသည်။ သူတို့နှစ်ယောက်ကို ကျွန်တော်တို့အားလုံးမြင်နေကြရသည်။ သူတို့နှစ်ယောက်ကိုယ်စား ကျွန်တော်တို့ အသည်းတယားယားဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက် - ခွေးမသားနှစ်ကောင်၊ ဒီလိုအသက်အန္တရာယ်နီးနေချိန်မှာ တောင် သောက်စကားပြောနေသေး တယ်"

"ဟော - ဟော - ကြည့်ကွ။ ပဲပေါက နှုတ်ခမ်းထော်ထော်လုပ်ပြီးပြန်ပြောနေ တယ်ကွ"

ကျွန်တော်တို့နှင့်အလှမ်းဝေးနေ၍ ပြောဆိုသံများကိုတော့ မကြားရပါ။ ထို့နောက် ပဲပေါတင်အောင်က နောက်သို့ ဆုတ်လာသည်။ ရဲဘော်မိုက်ခဲက သံဆူးကြိုးကို ဆွဲယူလိုက်စဉ် "ချွင်" ဟူသောအသံနှင့် "အား" ဟူသောအသံ တွေထွက်လာပြီး ရဲဘော်မိုက်ခဲဆောင်း ထားသော သံခမောက်လွင့်သွားသည် ကိုပါ မြင်ရသည်။ ချက်ချင်းလိုလို ခရာ မှုတ်သံကြားလိုက်ရပြန်ပါသည်။ တပ်ခွဲ မှူးက အားလုံး ရပ်ဆိုင်းခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

"ဟော့ကောင်မိုက်ခဲ - ဘာဖြစ်သွား သေးလဲ"

"ဟော့ကောင် - မင်းဘယ်နေရာမှန် သွားတာလဲ - ပြစမ်း"

ကျွန်တော်တို့အားလုံး သူတို့ဆီကို ပြေးသွားပြီး မေးမေးပြောပြောနှင့် ဒဏ် ရာကို ရှာကြည့်မိပါသည်။ မိုက်ခဲကိုယ် တွင် သွေးစသွေးနလေးပင် မတွေ့ရပါ။ ထိုအခါ ပဲပေါတင်အောင်ဆီမှ ပြောသံ ကြားရပါသည်။

"ကျည်ဆန်မှန်သွားတာက သူ မဟုတ်ဖူး - ငါကွ။ ငါ့လက်မောင်းကို မှန် သွားတာ"

သည်တော့မှ ပဲပေါဆီကို သွား ကြည့်ရပါသည်။ ပဲပေါတင်အောင်၏ ဘယ်ဘက်လက်မောင်းရင်းပခုံးသားကို ကျည်ဆန်ကဖွဲ့ထုတ်ထားကြောင်းတွေ့ ရသည်။ တပ်ခွဲမှူးနှင့်တပ်ခွဲအရာရှိရော ဆရာတွေပါ ရောက်လာကြပါသည်။ ဒဏ်ရာမှ သွေးတွေ ထွက်နေသဖြင့် ဆရာ ကျော်စိုးက ရေဘူးထဲမှ ရေနှင့် ဆေးကြောလိုက်သည်။ ရဲဘော်တစ် ယောက်က စစ်မြေပြင် ဆေးပတ်တီး ထုတ်ပေး၍ သိုင်းပြီး ချည်နှောင်လိုက် သည်။

"ကဲ - ဒီကောင်ကို တပ်ရင်းဆေး ခန်းကို ပို့လို့မရဘူး။ BMH ကိုသာ ပို့ သွားတော့"

တပ်ခွဲမှူးက မိုက်ခဲကို ကျွန်တော် တို့တပ်နှင့် ကပ်လျက်ရှိသော မြေဖြူ



ဆေးရုံသို့ ပို့ခိုင်းလိုက်သည်။ ပြီးတော့ မိုက်ခဲ မေးမြန်းလိုက်သည်။

"ငါတို့လည်း ကြည့်နေတာပဲ။ စက် ကလေးကလည်း ပုံသေပစ်ကြောင်းနဲ့ ပစ်နေတာပဲ။ အဲဒါ ဒီကောင်ကို ဘယ်လို ထိသွားတာလဲ"

"အမှန်က ကျည်ဆန်က သူ့ကို ထိ တာမဟုတ်ဖူး - ဗိုလ်ကြီး"

"အား၊ ဒီကောင် ဘာကြောင့်တောင် တောင်ပြောနေတာလဲ"

"ဟိုကောင်ကို ကျည်ဆန်ထိလို့ အသားတောင် ပဲ့ထွက်သွားပြီ"

"ဟို - ဒီလိုပါ ဗိုလ်ကြီးရဲ့၊ ကျည်ဆန် က ကျွန်တော့် သံခမောက်ကို အရင်ထိ တာ၊ ပြီးမှ လွင့်စဉ်ပြီး ပဲပေါကို မှန်သွား တာ"

ရဲဘော်မိုက်ခဲက မြေပေါ်မှ သံ ခမောက်ကို ကောက်ယူပြလိုက်သည်။ (ထိုအခါက ကျွန်တော်တို့ ဆောင်းခဲ့ သော သံခမောက်မှာ ဗြိတိသျှစစ်တပ်မှ ဒုတိယကမ္ဘာစစ်တွင် သုံးခဲ့သော သံပုရာ သီးခြမ်းလို အနားပတ်ပြားနှင့် သံအစစ် ကို ပြုလုပ်ထားခြင်းဖြစ်သည်။ ငါးဆယ် သားကျော်ကျော် လေးသည်။ တချို့နယ် ဒေသများတွင် ကျန်ရှိနေပါသေးသည်။)

မိုက်ခဲ သံခမောက်တွင် ကျည်ဆန် ထိ မှန်ထားသောအရာကို မြင်ရသည်။

"အော် - မင်းကို အရင်ထိပြီးမှ ချော် ထွက်သွားရာကနေ ပဲပေါ့ပခုံးကိုမှန်သွား တာပေါ့ - ဟုတ်လား"

"ဟုတ်ပါတယ် - ဗိုလ်ကြီး"

"အေးပေါ့ကွာ - မင်း သံခမောက် ကို အရင်ထိသွားခဲ့လို့ အရှိန်လျော့ပြီး နောက်မှ ပဲပေါကို မှန်တာကြောင့် ဒီကောင် သက်သာသွားတာ"

☆☆☆

သည်မျှနှင့်ပင် ချမှုန်းရေးလေ့ ကျင့်ခန်းမှာ ပြီးဆုံးသွားခဲ့ရသဖြင့် နောက်ဆုံးလူတွေ သက်သာခွင့်ရသွား လေသည်။ အကယ်၍ ဆက်လက်ပြု လုပ်ခိုင်းခဲ့ပါက ရှေ့ဦးပေါက်သွားပြီမို့ လမိုင်းဝင်သွားကာ နောက်လူတွေကိုပါ ဆက်လက်ထိနိုက်စေဦးမည်လား မပြောနိုင်ပါ။

ကျွန်တော်တို့ကတော့ ရဲဘော် မိုက်ခဲ၏ ကုသိုလ်ကံကောင်းပုံကိုသာ တွေးမိတိုင်း အံ့ဩနေမိကြသည်။ "ငါ့ကို သာ မှန်တဲ့အခါ ဒီလို ကျည်ချော်သွားပါ့

www.burmeseclassic.com

www.burmeseclassic.com



မလား” စသည်ဖြင့်ပေါ့လေ၊ မကြာခဏ စကားစပ်မိ၍ ပြောကြလျှင် မိုက်ခဲက တော့ ခပ်ပြုံးပြုံးနှင့် ပြောသည်က –

“ဟ – ငါက သံမဏိလူသားစူပါမင်းလေကွာ၊ ကျည်ဆန်လောက်တော့ အယားပြေရုံလေး”

သည်ကောင်ကခပ်ကြောင်ကြောင် ပြောရမည်လားမသိ၊ ပြောလိုက်လျှင် ကြီးကြီးမားမား တစ်တုံးတစ်ခဲကြီး၊ ကရိန်းနှင့် မရမည့်စကားမျိုး၊ ထိုစဉ်နိုင်ငံခြားမှ ကာတွန်း၊ ရုပ်ပြစာအုပ်များ ဖြစ်သည်၊ KIT CARSON, BACK JONE, BILLY THE KID, SPIDER, SPIDER MAN, SUPER MAN, ROBIN HOOD စာအုပ်များ၊ BEANO, DANDY ကာတွန်းရုပ်စုံများ၊ နာမည်ကြီးစာအုပ်များစွာက နေရာယူခဲ့ပြီးဖြစ်ပါသည်၊ ၁၉၅၅ – ၅၆ ကာစ၍ခေတ်စားနေခဲ့ပြီး ဖြစ်ပါသည်၊

နောင်တွင်လည်း ရဲဘော်မိုက်ခဲ၏ ထူးခြားမှုများ၊ ဆန်းကြယ်သောဖြစ်ရပ်များကို အမှတ်ထင်ထင်ပင် တွေ့ခဲ့ရပါသည်၊ မွေးရာပါ အစွမ်းသတ္တိတစ်ခုခု ပါရှိသည်လား၊ ထိုးဆေး (သို့မဟုတ်) အဆောင်လက်ဖွဲ့တစ်ခုခု ရှိနေသည်လား မသိပါ၊ သေနိုင်သောဖြစ်ရပ်များနှင့် တွေ့ကြုံရသည်တိုင် လက်မတင်လေး လွတ်မြောက်ခဲ့သည်တို့ကို တွေ့ခဲ့ရပါသည်၊ သူ့ကို မေးသည့်အခါတွင်လည်းလုံးဝမဖြေပါ၊ သူ့ကိုယ်တွင်လည်း ဆေးကွက်၊ အင်းကွက်များ ထိုးနှံထားခြင်းမရှိကြောင်း တွေ့နေရပါသည်၊ တော်တော် အံ့ဩစရာလူသားတစ်ယောက်ဖြစ်သည်၊ ထူးခြားမှုဆို၍ သည်ကောင်က အမဲသားကိုတော့ လုံးဝမစားပါ၊ သည်တစ်ချက်သာ ပြောစရာရှိပါသည်၊

မောင်အောင် ပစ်ခတ်စဉ်က လွင့်ကျလာသော လက်ပစ်ဗုံးမှာ မိုက်ခဲနေရာ ယူထားသော ခေါက်တွန့်ကျင်းနှုတ်ခမ်းနှင့် ငါးပေမျှသာ ဝေးသောနေရာတွင် ကျပြီးမှ မပေါက်ကွဲခြင်းပါ၊ တိုက်ဆိုင်မှုဆိုလျှင်တော့လည်း ဖြစ်ပါလိမ့်မည်၊ ကျွန်တော် စဉ်းစားမိသည်က ထိုစဉ်က သံခမောက်ဖြစ်၍ ကံကောင်းသော်လည်း ယခုခေတ် စစ်သားတွေလို အဝတ်ဦးထုပ်ကလေးသာ ဆောင်းထားခဲ့လျှင် သည်ကောင် နတ်ပြည် ရောက်နေသည်မှာ မြေးတွေမြစ်တွေရလောက်ပါပြီ၊ ဘာကြောင့်လဲဆိုတော့ ရဲဘော်မသေ၊ သေသော် ငရဲမလား ဆိုထားသည်မဟုတ်လား၊

☆☆☆

“သိပ်အပြောကြီးနေ၊ တစ်နေ့နေ့ကျမှ အမလေးတောင်မအော်နိုင်အောင်ဖြစ်မှသိမယ်”

“ဟော့ကောင်တွေ၊ ဘာမှအာမချောင်မနေနဲ့၊ အခုလက်တွေ့ဖြစ်နေကြတာပဲလေ၊ ဘယ်ရမလဲ – စူပါမင်းကွ – မှတ်ထား”

မိုက်ခဲက ရဲဘော်တွေကို မခံချင်အောင် တမင်ပြောနေပါသည်၊ သူ့ကိုနိုင်အောင်ပြောဖို့ကလည်း ကျွန်တော်တို့မှာ ခိုင်ခိုင်လုံလုံအကြောင်းအချက်က တစ်ခုမှ ရှာမရပါ၊ ပြီးတော့ သူက တပ်ခွဲလက်ရွေးစင်သာမက တပ်ရင်းလက်ရွေးစင် (SNIPPER) လက်ဖြောင့်သေနတ်သမားဆုပင်ရထားသေးသည်၊ ထိုအချိန်က လက်ဖြောင့်သေနတ်သမားဆုရဖို့က လွယ်သည်မဟုတ်၊ အားကစားသေနတ်နှင့် ပစ်၍ရသည်မဟုတ်ပါ၊

အင်္ဂလိပ်ရိုင်ဖယ်၊ အမေရိကန်ရိုင်ဖယ်၊ စက်ကလေး အစုံပစ်ခတ်ရခြင်းဖြစ်ပါသည်၊ ပြီးတော့ – တယ်လီစကုတ်မှန်ပြောင်းတပ်ဆင်ပစ်ခတ်ရခြင်းလည်း မဟုတ်ပါ၊ အလွတ်ပစ်ခတ်ရခြင်း ဖြစ်ပါသည်၊ ပင်ကိုက ဝါသနာပါပြီး တကယ်လည်း ကြိုးစားခဲ့သူဖြစ်သည်၊ စစ်သည်တော်ကျင့်ဝတ်၊ စစ်စည်းကမ်း၊ စစ်ဥပဒေတို့ကိုလည်း တကယ်လေ့လာမှတ်သားသည်၊ သူ့အနေနှင့် စစ်စည်းကမ်းကို တိကျစွာ လိုက်နာသူအဖြစ် ကျွန်တော်တို့ရော ဆရာတွေပါ သိထားကြပါသည်၊ သို့ရာတွင် အပေါင်းအသင်း သူငယ်ချင်းတွေအတွက်ဆိုပါက အားလုံးကိုမေ့ထားလိုက်တော့သည်၊ သူ့အတွက် ဖြစ်လာနိုင်သောဒုက္ခတွေကိုစဉ်းစားမနေတော့၊ တစ်ဖက်သူ စိတ်ချမ်းသာစေရန်သာ သူတွေးတောပြီး လုပ်တတ်သည်၊

ပြောရပါသော် ရဲဘော်မိုက်ခဲသည် တကယ်ကို ရဲဘော်စိတ်ရှိသူ၊ ကိုယ်ကျိုးမငဲ့ကွက်သူတစ်ယောက်အဖြစ် ကျွန်တော်တို့သိထားခဲ့သည်၊ သည်လိုကိုယ်ကျိုးမငဲ့ကွက်တတ်မှုကြောင့် ရာထူးအဆင့်နှစ်ကြိမ်တိုင် လျှော့ချခံခဲ့ရသည်၊ E.O (အရေးပေါ်အရာရှိ) သင်တန်းမှလည်း R.T.U ဖြစ်၍ မန္တလေးစစ်အကျဉ်းထောင်သို့ (၂) လ ပညာတော်သင်အဖြစ် အပို့ခံခဲ့ရပါသေးသည်၊ သို့စေကာမူ ပေ… သွားပြီ၊ နောင်တရသွားပြီ မထင်ပါလေ

www.burmeseclassic.com



နှင့်၊ ဒရယ်မျိုးသည်းခြေမဲ့သူလေ၊ စပ်ဖြဲဖြဲ ပြောင်ချော်ချော်နှင့် ဆက်လုပ်နေသေးသည်။

"မင်းကတော့ ဒီတစ်သက် ဗိုလ်ဖြစ်မယ့်ကောင်မဟုတ်ပါဘူး။ ဒီရာထူးနဲ့ ပင်စင်သွားမှာပါ"

"ဟုတ်တယ် - အရင်တစ်ခါက ဗုံးသုံးကိန်းမှာဖြစ်တုန်းက ကျောင်းအုပ်ကြီးတောင်းလို့ပေါ့။ နို့မဟုတ်ရင် - ဟင်းခွေးမသား - ရော်ဖဲနဲ့တပ်ထုတ်ဖြစ်တော့မလို့"

"အေး - ဂုံတကယ်ကောင်းတာ။ တို့လည်း အရက်သောက်ပေမယ့် အဲဒီလောက်တော့လုပ်ရဲဖို့စိတ်မကူးရဲပါဘူး။ မင်းပြောသလိုပဲ၊ ကျောင်းအုပ်ကြီး သဘောကောင်းတာကြောင့် တိုက်ကြီးဘဝနဲ့ ကျန်ရစ်တာ"

သူငယ်ချင်းတွေ ပြောကြသည်မှာ ဗထူးမြို့ ဗိုလ်သင်တန်းကျောင်းတွင် သေနတ်ပစ်မှု ဖြစ်ခဲ့ရခြင်းကြောင့် မူလအရာခံဗိုလ် (C.S.M) အဆင့်မှဖြုတ်ပြီး မန္တလေးစစ်ထောင်သို့ (၂)လ ပြစ်ဒဏ်ကျခံရခြင်းဖြစ်သည်။ ပြဿနာကလည်း သူနှင့်တိုက်ရိုက်ပတ်သက်ခြင်းမဟုတ်၊ ရဲဘော်လေးတစ်ဦးကို နိုင်လိုမင်းထက်လုပ်နေသောအရာရှိကိုဝင်းတားမိရာက စပြီး အရက်မူးနေသောအရာရှိက သူ့ပစ္စတိုလ်သေနတ်နှင့် ပစ်ရန်လုပ်၍ လက်မြန်သော ရဲဘော်မိုက်ခဲက သူ့ကာဘိုင်နှင့် ပစ်ခတ်လိုက်ခြင်းပင်၊ အရာရှိ၏လက်သန်းတစ်ပိုင်းပြတ်သွားခဲ့ရသည်၊ သို့သော်လည်းပေါ့။ မျက်မြင်သက်သေများနှင့်အရာရှိအရက်မူးနေမှုတို့ကြောင့် ကံကောင်းခဲ့ရခြင်းပါ။

သည်ကောင်သည် ပြောသာ ပြောနေရသော်လည်း စိတ်သဘောထားအလွန်ကောင်းသည်။ တစ်ဖက်သားကိုအလွန်ပေးချင်၊ ကျွေးချင်သူ၊ သူမစားရလည်းနေ၊ သူမဝတ်ရလည်းနေ၊ တစ်ဖက်လူစားရဝတ်ရလျှင် ကျေနပ်ဝမ်းသာနေတတ်သည်။ သည်ကဲ့သို့ စိတ်စေတနာ၊ မေတ္တာထားနေမှုကြောင့် ယခုလို ကံကောင်းနေခြင်းလားမသိပါ၊ သူပြောသလိုစုပါမင်းဖြစ်နေသည်က အမှန်ပင်၊ လေ့ကျင့်ရေးတပ်တွင်နေခဲ့စဉ်ကလည်း စောစောက ရေးပြခဲ့သည့်အတိုင်း (၂) ကြိမ်တိုင် သေမင်းနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

☆☆☆



ကျွန်တော်တို့ စစ်တပ်ဆိုသည်က ပြောမည့်သာ ပြောရသည်၊ နယ်ကျဉ်းလှပါသည်၊ သေဆုံးသွားသူ၊ တပ်မှထွက်သွားသူတွေမှလွဲလျှင်ကျန်လူတွေမှာ ရာထူးအဆင့်တွေတိုးပြီး တစ်ကြိမ်မဟုတ်တစ်ကြိမ်၊ တစ်ချိန်မဟုတ် တစ်ချိန် တပ်ရင်းတစ်ခုခုတွင် ပြန်လည်ဆုံစည်းကြတတ်သည်၊ ရာထူးအဆင့်၊ အနိမ့်အမြင့်တွေ ကွာခြားသွားသော်လည်း စိတ်ဓာတ်တွေကတော့ ပြောင်းလဲမှုမရှိခဲ့ပါ။ သေဖော်သေဖက်၊ တိုက်ဖော်တိုက်ဖက်တွေမဟုတ်ပါလား။ တချို့က အိမ်ထောင်ကျ၊ သားတွေ သမီးတွေရနှင့် တချို့ကျတော့လည်း တစ်ကိုယ်တည်းသမား။ အထီးကျန်အလွမ်းသမားတွေ၊ မိုက်ခဲဆိုသည့်အကောင်က ဟိုးအရင်တပ်ထဲဝင်စအချိန်အတိုင်းပြောင်ချော်ချော်၊ လောကကြီးတွင် ပစ်တိုင်းထောင်လိုကျင်လည်နေသူ။

ပြောရလျှင် သည်ကောင်သည် ကဗျာဆန်ဆန် စာသံပေသံနှင့်ဆိုကနလုံးသားရေးရာတွင် ကျွန်းမဟုတ်၊ ဝဝရက်တောင်ကြီး ကန့်လန့်ခံနေသူလားမသိပါ။ မေတ္တာချိန်ခွင်က အလေးမိုးထားခံရသည်ထင်သည်။ သူ့လုံးဝမပါဘဲ ရေထိုးခံလိုက်ရသည်သာဖြစ်မည်။ အသားသာ အနာခံခဲ့ရပြီး အရာမထင်၊ အသည်းတွေ အက်ကြောင်းအသွင်သာ ဖြစ်နေသည်ဟု၍ ဆိုချင်ပါသည်၊ သူတကာတွေကို မေတ္တာသဝဏ်လွှာ ရေးပေးခဲ့သည်၊ ချစ်ဦးကာတွေဖွင့်၍ သင်ကြားပို့ချခဲ့သည်၊ ချစ်တိုက်ပွဲတွင် အကူလိုက်ပေးခဲ့သည်။

အဲ - အဘိဓမ္မာဆရာကြီးကိုယ်တိုင်ကတော့ ချစ်မှုရေးရာ ချစ်စစ်ဆင်ရေးတွင် တစ်ကြိမ်တစ်ခါမှ စခန်းသိမ်းပိုက်၊ အောင်လံစိုက်နိုင်ခြင်း မရှိခဲ့ပေ။ တပ်ဆုတ်ခဲ့ရသည်၊ စခန်းအခြေ...ကာမှ ရန်သူဘက်မှ အင်အားဖြည့်ပေးလာမှုတွေနှင့် ရင်ဆိုင်ရသည်၊ အကူပစ်လက်နက်ကြီးတွေနှင့် ချေမှုန်းခံလိုက်ရသည်၊ ချုံခိုအတိုက်ခံလိုက်ရသည်၊ သည်လိုသောအခြေအနေမျိုးတွေနှင့် တွေ့ကြုံခဲ့ရပြီး ယခုတိုင် ဗိုလ်သံတိုင်ဘဝနှင့် ဗေဒါလို ရွက်ငယ်လေးလို လေအဝင့်ရေအသင့်မှာ လွင့်နေရဆဲပါ။ သည်ကောင်နှင့် ကျွန်တော် သုံးကြိမ်တိုင် ပြန်လည် ဆုံခဲ့ဖူးသည်၊ တခြားသူငယ်ချင်းတွေနှင့်လည်း ဆုံခဲ့ဖူးကြောင်း သိရသည်၊ ထိုသူငယ်ချင်းတွေက ပြောပြ၍

www.burmeseclassic.com

www.burmeseclassic.com



လည်း မိုက်ခဲအကြောင်းတွေကို သိခဲ့ရခြင်းဖြစ်ပါသည်။ သူနှင့်ကျွန်တော်တို့က လေ့ကျင့်ရေးတွင် အတူတူသင်တန်းတက်ခဲ့ကြပြီး သင်တန်းပြီးဆုံး မိစင်တပ်ရင်းတွေ ပို့သည့်အခါ သည်ကောင်နှင့် ကွဲကွာသွားခဲ့ကြပါသည်။ တခြားသူငယ်ချင်းတွေနှင့်ပြန်လည်တွေ့ဆုံသည့်အခါ မြင်တွေ့ခဲ့ရသော ထူးခြားဖြစ်စဉ်များကို သိခဲ့ရသော်လည်း ကျွန်တော်တို့နှင့် အတူ နေခဲ့စဉ် မြင်တွေ့ရသော အဖြစ်အပျက်များ ကိုယ်တိုင်မျက်မြင်ဖြစ်၍ တိကျသေချာစွာ ရေးသားနိုင်ပါသည်။

သူများပြောသောကြောင့် သိရသော်လည်း ရေးသားရာတွင် ပိုင်ပိုင်နိုင်နိုင်မရှိ၊ အားရပါးရ မရှိပါ။ ထို့ကြောင့်လည်း ကိုယ်တိုင်ပါဝင်ခဲ့သည်များကိုသာ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ယခု ရဲဘော်မိုက်ခဲ တစ်ယောက် တပ်မှထွက်သွားကြောင်း၊ စာရေးသမားတစ်ယောက်ဖြစ်နေကြောင်း သူငယ်ချင်းတွေပြော၍သိရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း စာရေးဝါသနာပါသူမို့ ရဲဘော်မိုက်ခဲ အံ့ဩဖွယ်ရာ ထူးဆန်းသောအဖြစ်အပျက်များကို ရေးသားနေခြင်းဖြစ်ပါသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တော့ တစ်နေရာမှာ ဆုံမိကြပါလိမ့်မည်။ ကမ္ဘာကြီးက မိမိဝင်ရိုးပေါ်မှာ ၁၂ ၁/၂ ဒီဂရီအနေအထားနှင့် လည်ပတ်နေကြောင်း အားလုံး လက်ခံထားကြသည် မဟုတ်လား။

ကောင်းစွာမှတ်မိနေသောအဖြစ်အပျက်များမှမွှန်ပြည်နယ်တွင်တွေ့ကြုံခဲ့ရသော အဖြစ်ပျက်တစ်ခုမှာ မိုက်ခဲ၏ အံ့ဩထူးဆန်းဖွယ်ရာအဖြစ်တစ်ခုအဖြစ် ရေးလိုက်ခြင်းပါ။

☆☆☆

ထိုအချိန်မှာ စစ်တောင်းတံတားသစ်ကြီး ဆောက်လုပ်ခြင်း မရှိသေးပါ။ ဟိုဘက်ကမ်း သည်ဘက်ကမ်းကို ဇက်နှင့်လည်းကောင်း၊ မော်တော်များနှင့်လည်းကောင်း ကူးသွားကြရသည်၊ ထို့အတူ မော်လမြိုင်တံတားမှာလည်း မရှိသေးပါ။ သည်လို အများပြည်သူတွေ ဆင်းရဲဒုက္ခအစုံစုံ ခံစားရင်း မသွားမဖြစ်သောခရီးကို သွားလာနေကြသည်ကို စာနာမှုမရှိ၊ မေတ္တာတရား ကင်းမဲ့သော ကိုယ်ကျိုးရှာသမား၊ မူဝါဒမရှိ၊ ဓားပြအကြီးစား KNDO တွေက မီးရထားတွေ



ကို မိုင်းဗုံးထောင် ဖောက်ခွဲပြီး ခရီးသည်တွေဆီက တွေ့သမျှ လုယက်သွားကြသည်၊ မိုင်းထိသေသူ၊ ဒဏ်ရာရသူတွေ ရေတွက်မရအောင် ရှိခဲ့ကြသည်မှာ မကြာခဏ ဖြစ်သည်။

အများဆုံးအခံရဆုံးက နောင်ဘို၊ နောင်ကုလား၊ နင်းပုလဲ ဖြစ်သည်။ နှစ်အတော်ကြာသည်ထိ ထိုနေရာများတစ်ပိုက် ရထားလမ်းဘေးတွင် မိုင်းဒဏ်၊ ကျည်ဆန်ဒဏ်ကြောင့်ပျက်စီးခဲ့ရသော စက်ခေါင်းတွဲများ၊ လူစီးတွဲများသာမက ကုန်တွဲနှင့် ကောက်ကွေးနေသော ရထားသံလမ်းများ ရှိခဲ့ကြောင်း စာဖတ်သူများမှတ်မိကြပါလိမ့်မည်။ ကျွန်တော် မှတ်မိနေသော အကြောင်းအရာတစ်ခုကိုပြောပြရလျှင်ယခုပြန်လည်ဝမ်းနည်းစိတ်မကောင်းဖြစ်ရသလို နာကြည်းမှုများပါ ခံစားရပါသည်။

ထိုအဖြစ်အပျက်မှာ နိုင်ငံတစ်လွှားကျော်ကြားခဲ့ရသည်၊ သတင်းစာများတွင် ဖတ်ရှုရသူတွေသာမက တစ်ဆင့်ကြားရသူတိုင်းဝမ်းနည်းကြေကွဲရသည်၊ ဒေါသဖြစ်ရ နာကြည်းမှုတွေဖြစ်ကြရပါသည်၊ တစ်နိုင်ငံလုံးစိတ်ထိခိုက်အောင် ဖြစ်စေသည့် သတင်းက ရန်ကုန် - မော်လမြိုင်သွား မီးရထားကို KNDO တွေက မိုင်းဗုံးဖောက်ခွဲဖျက်ဆီးပြီး စာမေးပွဲဖြေပြီးအိမ်ပြန်လာကြသော ဆရာဝန်လောင်း ဆေးကျောင်းနောက်ဆုံးနှစ်ကျောင်းသူ ဆယ်ယောက်ခန့်ကို အဓမ္မခေါ်ယူ သွားခဲ့ ပြီး သားမယားအဖြစ် အတင်းကြံထားခဲ့ပြီးမှပြည်ပကျူးကျော်သူ K.M.T တရုတ်ဖြူတို့၏ အရှင်သခင် အမေရိကန်လေယာဉ်တို့ ကောင်းကင်ယံတိုက်ပွဲတိုက်ခိုက်ခဲ့ကြပုံ၊ အမေရိကန်စစ်လေယာဉ်မှာ ယိုးဒယား (ထိုင်း) နိုင်ငံထဲ ထိုးကျပျက်စီးသွားပုံ၊ ကျွန်တော်တို့ မြန်မာလေသူရဲ ဗိုလ်ပီတာ ကျဆုံးခဲ့ပုံတွေပါဝေဝေဆာဆာ ဖတ်ရှုပါသည်၊ ထိုတိုက်ပွဲနှင့်ဆက်ပြီး ပုံပါကျင်တိုက်ပွဲ၊ မိုင်းဆတ်တိုက်ပွဲ၊ မိုင်းပါလျှိုတိုက်ပွဲများ ဆက်တိုက် ဆင်နွှဲကာ KMT များကို ထောက်ပံ့ထားသော အမေရိကန်လုပ် စစ်ပစ္စည်းများ၊ လက်နက်များဆိုလျှင် သေတ္တာ၊ အစည်းလိုက်အသစ်စက်စက်များ သိမ်းဆည်းရရှိခဲ့ပါသည်။

အထူးခြားဆုံးကတော့ တရုတ်ဖြူစစ်သုံ့ပန်းများနှင့် ၎င်းတို့မတရားအနိုင်ကျင့် သိမ်းပိုက်ထားသော တိုင်းရင်းသူများနှင့် KNDO တွေက လက်နက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကထက်ပိုပြီးလေးစားခြင်း၊ ချစ်ခင်ခြင်းတို့က ပိုမိုတိုးပွားလာခဲ့ရပါသည်။

"ဟာ – ဗိုလ်ကြီးကလည်း မဟုတ်တာတွေ"

"မဟုတ်တာတွေ ပြောနေတာ မထင်နဲ့၊ တကယ်အမှန်တွေ ပြောနေတာ၊ ကျွန်တော်တို့ မြန်မာတွေ ပြောနေကြတဲ့ သင်မြင်ကြား ဆိုတဲ့ ဆရာသုံးပါးမှာ ခင်ဗျားတို့လို လူတွေလည်း ပါတာပေါ့"

ကျွန်တော်တို့မှာ ဘာမှထပ်မပြောနိုင်တော့ပါ။

"အဲဒါကြောင့် ခင်ဗျားတို့ကို ဆရာဖော်မြင့်၊ ဆရာမင်းနိုင်လို့ခေါ်နေကြတာပေါ့၊ ဒီလိုမဟုတ်ခဲ့ရင် တပ်ကြပ်ဖော်မြင့် တပ်ကြပ်မင်းနိုင်လို့ ခေါ်ကြမှာလေ"

"ဟုတ်ကဲ့ – ဗိုလ်ကြီးပြောတာ အားလုံးမှန်၊ အားလုံးသဘောပေါက်ပါတယ် ဗိုလ်ကြီး"

ကျွန်တော်တို့အားလုံး ပျော်ပျော်ရွှင်ရွှင် မိသားစုလို ဖြစ်နေကြပါသည်။ အရာရှိနှင့် ရဲဘော်ဆိုသည့် အကန့်အသတ်တွေမရှိတော့ပါ။ ထိုနောက်တွင် စစ်တောင်းနှင့် မော်လမြိုင်သွားသော မီးရထားကိုရှုပိုင်ထံ အကူအညီတောင်းပြီး စီးခဲ့ကြရသည်၊ ခရီးသည်နှင့် ရထားတွဲ မလောက်မငအခြေအနေ ဖြစ်ပါသည်၊ ကျွန်တော်တို့ဖြစ်သလို လူခွဲစီးရသည်။

အချိန်ကာလအခြေအနေအရ လူစီးရထားရှေ့မှ တိုက်ကင်းရထားတစ် စီးရှေ့ပြေးသွားရသောအစီအစဉ်ရှိနေပါသည်၊ တိုက်ကင်းရထားပြီးမှ လူစီးရထားကလိုက်ရသည်၊ သို့ပါလျက် လူစီးရထားရှေ့တွင် မိုင်းဒဏ်ကာအဖြစ် ပက်လက်တွဲတစ်တွဲပေါ်တွင် ကောက်ကွေးနေ သော ရထားသံလမ်းများ တင်ပြီး စက်ခေါင်းရှေ့တွင် တပ်ဆင်ထားရသေး သည်၊ ကျွန်တော်တို့က ထိုပက်လက်တွဲ ပေါ်တွင် လိုက်ပါစီးနင်းရခြင်း ဖြစ်ပါ သည်၊ အကယ်၍သာ လမ်းတွင် မိုင်းဗုံး ထောင်ထားသည်နှင့် ကြုံခဲ့ရလျှင်တော့ ယခုလို စာရေးဖော်ပြနိုင်ခြင်း ရှိမည် မဟုတ်ပါ၊ နတ်ပြည်ရောက်၍ တစ်ဖက် ငါးရာသောနတ်သမီးတွေနှင့် မြူးထူးနေ ပြီလား၊ မဟာအဝီစိတိုင်းပြည်ကိုပင် ရောက်နေလေပြီလား မပြောတတ်။

အဲသည်မှာ ထူးထူးခြားခြားရဲဘော် မိုက်ခဲတစ်ယောက် ကံထူးရှာရှင်ဖြ လိုက်သေးသည်၊ ဖြစ်ပုံက သည်လိုပ



တိုက်ကင်းရထားထွက်သွားပြီး လူစီးရထားမသွားရမီမီးရထားဝန်ထောက်ကသူ၏ခရီးစဉ်အပြန်ခရီး (မုတ္တမ)တွင် ရဲဘော်မိုက်ခဲနှင့် ရဲဘော်နစ်ယောက်ကို သူနှင့်အတူလိုက်ရန် ခေါ်ပါတော့သည်၊ ကျွန်တော်တို့မှာကလည်း အစီအစဉ်ပြောင်းလဲမှုဖြစ်သွားသည်နှင့်အံ့ဝင်သွားရသည်၊ အစီအစဉ်အသစ်အရ ကျွန်တော်တို့ ကျိုက်ထိုတွင် မဆင်းရ၊ သထုံအထိ ဆက်လိုက်ရန် နောက်တန်းမှ ကြေးနန်းဝင်လာသောကြောင့် ဖြစ်သည်။

မီးရထားဝန်ထောက်စီးသောယာဉ်ကိုမြင်တော့ ကျွန်တော်တို့က အံ့တသြဖြစ်သွားကြရသည်၊ မအံ့သြဘဲနေပါမည်လား၊ ကမ္ဘာပေါ်တွင် မည်သူမှ စိတ်ကူး၍ပင်မရှိသေးသော ထူးဆန်းဖွယ်ယာဉ်ဖြစ်နေသည်ကိုး၊ ထူးဆန်းသောယာဉ်ကကုန်းမြေပေါ်တွင်တာယာဘီးနှင့်သာ မောင်းနှင်သွားလာနိုင်သော ဝီလီဂျစ်ကားကိုမီးရထားသုံးသံဘီးများတပ်ဆင် မောင်းနှင်သည်ကိုတွေ့ရ၍ဖြစ်ပါသည်၊ မီးရထားအင်ဂျင်နီယာဒါနက တီထွင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ (၁၉၉၀–ခုနှစ်အလွန်တွင် T.E ဟီးနိုးထရပ်ကားခေါင်းနှင့်ကားရထားရန်ကုန်တွင် ပြေးဆွဲခဲ့ပါသည်။)

ထူးဆန်းသော ဝီလီဂျစ်ရထားနှင့် ထူးခြားသူရဲဘော်မိုက်ခဲသထုံဘူတာသို့ ရှေ့ပြေး(ပွိုင့်)အဖြစ် ပါသွားပါတော့သည်၊

ကျွန်တော်တို့ သထုံဘူတာရုံကို ရောက်သွားတော့ ရဲဘော်မိုက်ခဲနှင့် ရဲဘော်နစ်ယောက်ကိုပါ တွေ့ရသည်။ သုံးယောက်သား စီးကရက်ကိုယ်စီဖွာလျက်ပြုံးဖြီးဖြီးနှင့်ပင်၊ တပ်ခွဲမှူးပင်အံ့သြသွားသည်။

"ဆရာမင်းနိုင် – ခင်ဗျားလူအတော်အဆင့်မြင့်နေတယ်ဗျ၊ တွေ့လား"

"ဟုတ်တယ် – ဗိုလ်ကြီး၊ ဒီကောင်ဘယ်တော့မှ စီးကရက် ဝယ်မသောက်ဘူး၊ ဘယ်သူပေးသွားလဲမသိဘူး"

ရဲဘော်မိုက်ခဲက အမြဲတစေ သနပ်ဖက်ဆေးလိပ်သာသောက်လေ့ရှိသူဖြစ်သည်၊ ယခုတော့ ဘားမားစတိတ်၊ စီးကရက်ကို ဘူးလိုက်ကိုင်ပြီး သောက်နေသည်ကို မြင်ရသည်၊ တစ်ယောက်ယောက်က ဝယ်ပေးသွားခြင်းဖြစ်ကြောင်းတွေးမိ၍ ကျွန်တော်က သေချာပေါက် ပြောနိုင်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပေးပေး သောက်ရရင်ပြီးတာပဲ။ ရော့ – ဗိုလ်ကြီး"

ရဲဘော်မိုက်ခဲက တပ်ခွဲမှူးကို တစ်လိပ်ထုတ်ပေးနေစဉ် ကျွန်တော်က စီးကရက်ဘူးကို လှမ်းယူလိုက်သည်။

"ဟော့ကောင် – မင်းနဲ့တန်လို့လား။ တန်ရာတန်ရာလုပ်။ မတန်မရာတွေလုပ်ရင် ချေးစိမ်းပန်းလို့ အဝီစိရောက်တတ်တယ်"

"အေးပါ – သူများပြောပြီး ကိုယ်မဖြစ်အောင်လည်း လုပ်ဦး"

ကျွန်တော်က စီးကရက်ကို ဆေးလိပ်သောက်တတ်သူ ရဲဘော်များကိုပါ ဝေပေးလိုက်ပါသည်။ ကျွန်တော်လုပ်သည်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ပြီးကြည့်နေရာမှ ရဲဘော်တွေ လှမ်းပြောသည်။

"ဟော့ကောင်တွေ – မင်းနိုင်က မင်းတို့ကို စီးကရက်ပေးနေတာ အကြောင်းရှိတယ်သိလား။ အဲဒါက သူ အဝီစိသွားရင် အဖော်ရအောင် မင်းတို့ကိုပါ ပေးနေတာကွ"

"ထားပါတော့ – တစ်သက်လုံး မသောက်ဘူးတဲ့စီးကရက်ကို ဘယ်သူက လှူသွားတာလဲကွ"

"ဘယ်သူလဲဆိုတော့ မီးရထားဝန်ထောက်ကြီးပေါ့ကွ။ ဟောဟိုထမင်းဆိုင်မှာ ထမင်းကျွေးပြီး စီးကရက်တစ်ဘူး ဝယ်ပေးသွားတာလေ"

"အော် – မင်းတို့ကို သက်တော်စောင့်လိုက်ပေးလို့ဆိုပါတော့ – ဟုတ်လား"

"တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာ ဒါပေါ့ကွ – မှတ်ထား"

ရဲဘော်မိုက်ခဲကတော့ သူ၏မူပိုင်ပြောင်ချော်ချော်အပြုံးနှင့်ပြောနေသည်။ သူက ခပ်အေးအေးပြောဆိုနေစေကာမူ ဘေးမှ ရဲဘော်နှစ်ယောက်အမူအရာက ထူးခြားနေသည်ကို ကျွန်တော် သတိပြုမိသည်။ သူတို့နှစ်ယောက်က အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၊ မိုက်ခဲကို ကြည့်လိုက်ဖြစ်နေသည်။ ဘာမှန်းတော့မသိ၊ ရဲဘော်မိုက်ခဲကလည်း ခပ်အေးအေး လုပ်နေသည်။ ကျွန်တော့်စိတ်ထဲ စနိုးစနောင့် ဖြစ်လာသည်။

"ဟော့ကောင် – မင်းတို့ ဘာဖြစ်နေတာလဲ။ ပြောစမ်း – တစ်ခုခုတော့တစ်ခုခုပဲ"



ကျွန်တော်က ရဲဘော်နှစ်ယောက်ကို မေးလိုက်သည်။ မဖြေကြပါ။ သူတို့ ဆရာမိုက်ခဲကိုသာ ကြည့်နေသည်။ ထိုအခါမှ သူတို့ကိုသေချာကြည့်မိရာ မြေနီရွှံ့တွေ ပေကျံနေသည်ကို မြင်တော့သည်။ ကေနှ – သည်ကောင်တွေ တစ်ခုခုဖြစ်ခဲ့ဟန် ရှိသည်ကို တွေးမိပါသည်။

ထိုအနိုက်မှာပင် ဒေါ့ဂျစ်ကားတစ်စင်းဘူတာရုံရှေ့သို့ ထိုးရပ်လိုက်ပြီး ကားပေါ်မှ အရာရှိတစ်ယောက် ဦးဆောင်၍ ရဲဘော်များ ဆင်းလာကြသည်။ ကျွန်တော်တို့ ရှေ့ခပ်လှမ်းလှမ်းတွင် ရှိနေသော တပ်ခွဲမှူးဗိုလ်ကြီးအောင်နိုင်ဆီသို့ သွားကြသည်။ ကျွန်တော်က ဘာမှမသိ၍ ရပ်ကြည့်နေသည်။ ခဏကြာတော့ တပ်ခွဲမှူးက ရဲဘော်မိုက်ခဲကို လှမ်းခေါ်သည်။

"ဆရာဇော်မြင့် – လာပါဦး။ ဗျူ။ ခင်ဗျားက ရှေးဦးဖောက်လိုက်တာကို တောင် ကျွန်တော့်ကို မပြောဘူး"

"အခြေအနေအပြည့်အစုံကို ဘာမှ မသိရသေးလို့ စောင့်နေတာ။ ပြီးမှ ဗိုလ်ကြီးတို့ ရောက်လာမှာနဲ့ အံကိုက်ဖြစ်မှာပါလို့ ကျွန်တော်က တွက်ထားတာကြောင့်ပါ"

"ကဲ – လုပ်စမ်းပါဦး။ ခင်ဗျားရဲ့စွန့်စားခန်းလေး ကြားရအောင်"

"ဟာ – ဘာမှစွန့်စားခန်းမပါပါဘူး ဗိုလ်ကြီးရယ်။ ဒီကောင်နှစ်ကောင် ကံဆိုးပြီး ကျားရှေ့ချော်လဲတာပါ"

"ဟုတ်ပါပြီ၊ အဲဒါကိုပဲ ပြောပါ။ ခင်ဗျားပြောမှ သိရမှာဗျ။ ဟိုနေရာမှာ တစ်ကောင်က သေပြီးဒင်္ဂါရာနဲ့ကောင်ကလည်း ဆေးရုံမှာ သေသွားပြီတဲ့။ ဘာမှအရေးပါတာတွေ ပြောမသွားနိုင်ခဲ့ဘူးလို့ ဒီက ဗိုလ်ဝင်းမောင်က ပြောတယ်"

ထိုအခါမှ ရဲဘော်မိုက်ခဲက မနက်ပိုင်း သူပါဝင်ခဲ့သော ဇာတ်လမ်းကို ပြောပြပါတော့သည်။

☆☆☆

ဝီလီဂျစ်ကားကိုယ်ထည်နှင့် အင်ဂျင်ကို သံဘီးတပ် ပြေးဆွဲစေသော အခါ မူရင်းဆွဲအား၏ သုံးပုံတစ်ပုံသာ မောင်းနှင်နိုင်တော့သည်။ ပြီးတော့ မိမိလိုသလိုကွေ့ပိုက်မောင်းနှင်နိုင်ခြင်းမရှိပါ။ တကယ်တော့လည်း မလိုအပ်ပါ။ ပုံသေသတ်မှတ် လုပ်ပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းရှိနေပြီမို့ စက်အရှိန်ကို ထိန်းပေးရုံသာ ရှိပါသည်။

"ကျွန်တော်ကတော့ ရောက်လာတုန်းက တစ်ခါစမ်းပြီး မောင်းကြည့်ဖူးတယ်၊ မော်တော်ကားလို မဟုတ်တော့ အားမရဘူးဗျ၊ ဒါနဲ့ မမောင်းတော့တာ"

ခရီးထွက်လာစဉ် မီးရထားဝန်ထောက်က ရဲဘော်မိုက်ခဲကို ပြောပြသည်။ သူပြောသည်မှာလည်း ဟုတ်ပါသည်၊ မြေပြင်မှာကလွတ်လွတ်လပ်လပ် လိုသလိုမောင်းနိုင်သည်။ ယခု သံလမ်းပေါ်မှာက အကန့်အသတ်နှင့် မဟုတ်လား။ ယခုဝီလီဂျစ်ရထားလေးက သူတို့ငါးယောက် သယ်ဆောင်ကာ ခပ်မှန်မှန်ရွှေ့သွားနေသည်။ စီးလို့ကောင်းသည်။

"ဖြည်းဖြည်းပဲ မောင်းကွာ" ဝန်ထောက်က သူ၏ယာဉ်မောင်းကိုပါ ပြောလိုက်သေးသည်။ ဝန်ထောက်ကပြောလိုက်၍ မောင်းနေသောနှုန်းထက်လျှော့၍ငါးမိုင်နှုန်းမျှ မောင်းပေးသည်။

ဝန်ထောက်ဖြစ်သူ၏အမှတ်မထင်ပြောလိုက်မှုကြောင့် မိုင်နှုန်း လျှော့မောင်းခဲ့ခြင်းအတွက် ကြီးမားသောကောင်းကျိုးရလဒ်ကြီးတစ်ခုဖြစ်လာစေလိမ့်မည်ကိုထိုအခါက သူတို့မမျှော်လင့်မိခဲ့ပါချေ။ ယခင်ကလည်းဝီလီဂျစ်ရထား မရမီအချိန်က ကုလားထိုင်ဘီးနှင့်လှည်းကိုအလုပ်သမားနှစ်ယောက်က နောက်မှ တွန်းပေးရခြင်းဖြစ်သည်၊ လူပင်ပန်းသည်၊ ခရီးလည်း မတွင်ပါ။

"ရွှေ့ပြေးတိုက်ကင်းရထားက လမ်းရှင်းသွားပြီး ဘူတာတစ်ခုရောက်မှ နောက်ဘူတာမှာ စောင့်နေတဲ့ လူစီးရထားကို လိုက်လာဖို့ တယ်လီဂရမ် ပို့ရတယ်။ ကြားမှာ အနည်းဆုံး တစ်နာရီကျော်ကြာတယ်"

မီးရထားဝန်ထောက်က ရှင်းပြခဲ့သည်။ မိုက်ခဲက သည်လိုလုပ်ပေးရုံနှင့် မလုံလောက်ကြောင်း တွေးမိသည်၊ အကြံသမားလူယုတ်မာတွေက အလစ်စောင့်နေသူတွေ၊ လစ်သည်နှင့်ရက်ရက်စက်စက်လုပ်ကြမည်က သေချာသည်၊ မိုက်ခဲက ရထားလမ်းတစ်လျှောက် သေချာကြည့်ရှုလာခဲ့သည်။ ရထားလမ်းလက်ဝဲဘက်ခြမ်းမှာ တောတောင်တွေနှင့် နီးကပ်ပြီး ကိုင်းပင်ချုံပင်တွေ ရှိနေသည်။

ညာဘက်ခြမ်းက ကြိုကြားလူနေအိမ်တွေရှိ၍ လယ်ကွင်းတွေ များသည်။ မည်သို့ဆိုစေ အခြေအနေက စိတ်မချ



စရာတွေ ဖြစ်သည်။ ဖောက်ခွဲဖျက်ဆီးပြီး လုယက်ယူဆောင်ကာ ထွက်ပြေးသွားနိုင်သည်။ သူတို့က ဒေသခံ၊ ပင်ကိုဇီဇက တောတောင်တွေကြားမှာ မွေးဖွား ကြီးပြင်းလာခဲ့ကြသူတွေ၊ သူတို့ကို မည်သို့မျှ အပြတ်မရှင်းလင်းနိုင်ပါ၊ နောင်အခါလည်း သည်လိုဆက်လုပ်လိုပါက လုပ်နိုင်သည်။ သူတို့ကိုယ်တိုင်က အပြစ်မဲ့ လက်နက်မဲ့ပြည်သူတွေအပေါ် လူစိတ်မွေးကာ စာနာပါမှ အဓိပ္ပာယ်မရှိလုပ်ရပ်ကို မလုပ်မှသာ ဖြစ်ပါမည်၊ ပြည်သူအသက်တွေ ချမ်းသာနိုင်ပါသည်။

ယောက်ျားကြီးတွေမဟုတ်လား။ တကယ်သတ္တိရှိသူတွေဆိုပါက လက်နက်ကိုင်သူချင်းဖြစ်ကြသောရဲတွေ၊ စစ်သားတွေကို ရင်ဆိုင်တိုက်ပေါ့။ ယခုစေတ်လို အဝေးပစ်သေနတ်လက်နက်တွေ မပေါ်ခင်အချိန်က ဓားဓားချင်း၊ လှံလှံ ချင်းပင် တိုက်ခိုက်ခဲ့ကြသည် မဟုတ်လား။

ခုတော့ လက်နက်မဲ့ ခရီးသွားပြည်သူတွေ မိုင်းခွဲသတ်၊ သေနတ်ကြီးကိုင်ပစ်သတ်နှင့် ထမီတွေသာ ဝတ်ထားဖို့ ထိုက်တန်သော မဟာသူရဲကောင်းကြီးတွေပင်။ မိုက်ခဲတွေးရင်းနှလုံးနာ၊ ရွံမုန်းစိတ်တွေ ပေါ်လာခဲ့ပါသည်။

"တိုက်ကင်းရထားရှိပေမယ့် သူတို့လုပ်ချင်ရင် ရနေတာပဲ မဟုတ်လား၊ နည်းနည်းအဟန့်အတားသဘောပါ၊ မလုပ်ချင် မလုပ်ဘဲ ရသားနဲ့ဗျာ၊ ကျွန်တော်တို့လိုလမ်းဝန်ထောက်လည်းပက်ပင်းတိုးလို့ အသတ်ခံလိုက်ရတာရှိတယ်"

"အော် - ဒါကြောင့် - ဆရာကြီးက ကျွန်တော်တို့ကို သက်တော်စောင့်ခေါ်လာတယ်ဆိုပါတော့"

ရဲဘော်မိုက်ခဲ ဝန်ထောက်ကြီး စကားကြားရမှ သဘောပေါက်သွားပြီး ပြုံးရယ်ပြောလိုက်သည်၊ ဝန်ထောက်ကြီးက အတန်ကြာငြိမ်နေပြီးမှ လေးလေးပင်ပင်အသံနှင့် ပြောပါလေသည်။

"ဒီလိုဗျ - ကျွန်တော့်စိတ်ထဲမှာ ဒီနေ့ကျမှဘာကြောင့်လဲမသိဘူး၊ မသွားချင်သလို တစ်ခုခု ဖြစ်မှာစိုးသလို ခံစားနေရတုန်း ဆရာတို့တပ်ဖွဲ့ကို တွေ့လိုက်တာနဲ့ စိတ်ကူးပေါ်လာခဲ့တာ"

"ဘယ်လိုဖြစ်ဖြစ်ပေါ့၊ ဆရာကြီးလို လူမျိုးရဲ့ထူးခြားတဲ့စီးတော်ယာဉ်ကို စီး

www.burmeseclassic.com

www.burmeseclassic.com



ဖူးရတာ။ ကျွန်တော့်အတွက် ဘယ်တော့မှ မမေ့နိုင်တဲ့ ဂုဏ်ယူစရာကြီးလို့ ပြောရမှာပဲဗျ”

ရဲဘော်မိုက်ခဲက သူ့စိတ်ထဲ ခံစားနေရသည့်အတိုင်း အမှန်အကန် ပြောပြလိုက်ပါသည်။ သူ့စကားကြောင့် ဝန်ထောက်ရော ယာဉ်မောင်းသူကပါ အားရပါးရရယ်လိုက်ကြပါသည်။ စကားပြောရင်း လမ်းတစ်လျှောက်ကြည့်ရင်း လိုက်ပါခဲ့ကြသည်။

“အဲဒီလိုသဘောမျိုး မဟုတ်ပါဘူးဗျာ၊ ဒီနေ့မှ ထူးထူးဆန်းဆန်း ကြောက်နေမိလို့ပါဗျာ။ ခါတိုင်း ကျွန်တော်တို့ တစ်ပတ်ကို အနည်းဆုံးနှစ်ကြိမ် လမ်းတစ်လျှောက် စစ်ဆေးကြည့်ရှုနေကျပါ။ ခုလို ကြောက်စိတ် တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်တည်း အမြဲသွားနေတာ”

ဝန်ထောက်ကြီးက အားနာသလို ပြောလာသည်။

“ကျွန်တော်ကလည်းတကယ်ပြောတာ၊ စီးဖို့မပြောနဲ့၊ အခုမှ ပထမဆုံး မြင်ဖူးတာဗျ”

သူတို့ငါးယောက်မှာ ဝီလီဂျစ်ရထားလေးနှင့်သက်သောင့်သက်သာသွားနေရ၍လမ်းခရီးတစ်ယောက်သေချာကြည့်ရှုနိုင်ခဲ့သည်။ မော်တော်ကားလမ်းနှင့်လည်း နီးကပ်စွာ ရှိလိုက်၊ ကွာဝေးလိုက်ရှိနေသည်၊ မော်တော်ကားလမ်းတွင် ခရီးသည်တင်ကားများ မတွေ့ရ၊ ကုန်တင်မော်တော်ကားများပင် တစ်ခါတစ်ရံသာ တွေ့နေရသည်။ ကားလမ်းတွင် ခါးပြလုယက်မှုတွေက မကြာခဏဖြစ်နေသည်၊ တံတားတွေ ချိုးဖျက်ထားကြသဖြင့် ခရီးတွေ ခက်ခဲနှောင့်နှေးကြရသည်၊ မသွားမဖြစ် သွားကြရပြန်တော့လည်း ကုသိုလ်ကံကောင်းမှ လိုရာရောက်နိုင်သည်။

ရဲဘော်မိုက်ခဲက တိုင်းပြည်အခြေအနေကိုတွေးတောနေရာမှရထားလမ်းကွေ့ရှည်ရှည် နေရာအရောက် ရှေ့ကိုလှမ်းကြည့်လိုက်မိရာက ချက်ချင်းယာဉ်မောင်းကို လှမ်းပြောလိုက်သည်။

“ကိုယ့်ဆရာ - ရပ် - ရပ်”

ရဲဘော်မိုက်ခဲ ပြောလိုက်သည်နှင့် ဝီလီဂျစ်ရထားမောင်းသူကလည်း ချက်ချင်းရပ်လိုက်ပါသည်၊ ဘယ်သူကမှ ဘာကြောင့်ရပ်နိုင်းရတာလဲဟု မမေးကြပါ၊ သူတို့ ရှေ့ကိုက်တစ်ရာကျော်ကျော်ခန့်တွင် လူနှစ်ယောက် ရထားလမ်းဘေး



ထိုင်နေကြရာမှ ထရပ်လိုက်သည်ကို မြင်နေရသည်၊ ရှေ့ပိုင်းထိုင်ခုံအစွန်တွင် လိုက်ပါခဲ့သော ရဲဘော်မိုက်ခဲက ဦးစွာ ဆင်းလိုက်သည်။ လက်ထဲကစတင်းဂန်းကို အသင့်ပြင်ထားသည်၊

“အားလုံး - နေရာယူ၊ ခင်ဗျားတို့နှစ်ယောက်က မြေပေါ်မှာ မှောက်နေကြပါ။ ဘာမှမော့မကြည့်နဲ့”

ပြောနေစဉ်မှာပင် သေနတ်သံတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။ သို့သော် ကျည်ဆန်လာရောက်ထိမှန်သံ မကြားရပါ။

ဝီလီဂျစ်ရထားကတာယာတပ်ဆင်ထားသလို တီခနဲ ရပ်သွားသည် မဟုတ်ပါ၊ သံဘီးတပ်ပေမို့ အနည်းငယ်လိမ့်သွားပြီးမှ ရပ်သွားခြင်းဖြစ်သည်။ မိုက်ခဲက သူကိုင်သော စတင်းဂန်းကို ဒေါသိုချလိုက်သည်။

“ဟော့ - ဘတင် - မင်းရိုင်ဖယ် ခဏပေးစမ်း”

သူ့ဘေးမှ ရဲဘော်ဘတင် ရိုင်ဖယ်သေနတ်ကို ဆွဲယူလိုက်ပြီး ရထားသံလမ်းပေါ် သေချာတင်ပြီး နှစ်ချက်ဆက်တိုက် ပစ်လိုက်သည်၊ သံလမ်းဘေးမှ တောစပ်သို့ ပြေးရန် ပြင်နေသူနှစ်ယောက်မှ တစ်ယောက်ကို ထိမှန်သွားသလို ပြန်ထလာခြင်းမရှိတော့၊ ကျန်တစ်ယောက်က ဆက်မပြေးမီ ဆက်တိုက်ပစ်ခတ်လိုက်ပါသေးသည်၊ ဘတင်သေနတ်ပြန်ပေးပြီး -

“ခင်ဗျားတို့ဒီလိုပဲမှောက်နေကြပါ၊ ကျွန်တော်တို့ လိုက်သွားကြမယ်၊ ကဲ - လာကြ - လိုက်ကြမယ်”

ရဲဘော်မိုက်ခဲတို့ သုံးယောက် ရင်ပေါင်တန်းဖြန့်ပြီး ပြေးလိုက်ခဲ့ကြသည်၊ ပြေးလိုက်လာရင်းမှ မိုက်ခဲမှာ အတွေးတစ်ခုဝင်လာသည်၊ ယခုတွေ့ရသူ သူပုန်မှာ နှစ်ယောက်လား၊ အဖွဲ့နှင့်လာသူတွေဖြစ်မည်လား၊ အဖွဲ့နှင့်လာသူတွေဆိုပါက ...၊ မိုက်ခဲအတွေးကိုရပ်ပြီး အပြေးပါ ရပ်လိုက်သည်၊ သူရဲဘော်နှစ်ယောက်မှာသည်၊

“မင်းတို့ ဒီကအခြေအနေ စောင့်ကြည့်၊ ဟိုသေနတ်မှန်ထားတဲ့ကောင်က သေသလား၊ မသေသေးဘူးလား မသိဘူး၊ သူ့ကိုလဲ ဂရုစိုက်ကြည့် - မပေါ့နဲ့”

မှာပြီးသည်နှင့် ကုန်းတန်းဘေးသို့ ပြေးဝင်သွားသည်၊ ထွက်ပြေးသွားသော သူပုန်နောက်သို့ဖြစ်သည်၊ မိုက်ခဲစိတ်ထဲတွင် သတ္တိကောင်းမှုပြီး အကြံမရှိသော

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေကို မိုင်းထောင်သတ်ဖြတ်နေသူ လူယုတ်မာများကို နာကြည်းနေခြင်းကြောင့် အမိအရ လိုက်နေခြင်းဖြစ်သည်။ မိုက်ခဲက ဘေးမှ ဖြတ်လိုက်နေခြင်းကြောင့်လည်းကောင်း၊ ကိုင်းပင် ချုံပင်များကြောင့်လည်းကောင်း သူ လိုက်နေခြင်းကို မမြင်နိုင်ပါ။

ဆက်လိုက်နေရာ မမျှော်လင့်ဘဲ ရေခန်းခြောက်စဖြစ်နေသော ချောင်းငယ်သို့ရောက်သွားသည်။ မိုက်ခဲချောင်းငယ်ထဲဆင်း၍ခြေသလုံးခန့်ရေထဲဆင်းပြီး လိုက်ရတော့သည်၊ အပြေးဆင်းလိုက်ရမှုကြောင့် သူ့ခြေသံကို ရန်သူက ကြားသိသွားပုံရသည်၊ မိုက်ခဲချောင်းထဲမှ အပြေးတက်လာခဲ့သည်တွင် ကြိုတင်စောင့်နေသောရန်သူကစတင်းဂန်းနှင့် အပိုင်ပစ်ခတ်ပါတော့သည်။

ရဲဘော်မိုက်ခဲမှာ ရင်ထဲဒိန်းခနဲဖြစ်သွားသလို မျက်စိများပါ ပြာဝေသွားတော့သည်။သည်တစ်ခါတော့ကိစ္စပြတ်ပြီးထင်လိုက်မိလေသည်။အဲ-ကံတရားက သူ့ဘက်မှ ရပ်တည်ပေးသည်လားမသိ၊ ဘာသံမှထွက်မလာ၊ ရန်သူသေနတ် ကျည်ကုန်သွားပုံရသည်။ မိုက်ခဲက ရလာသည့် စက္ကန့်ပိုင်းအချိန်



တင်-အဲဒီလိုလား။ ဒါဆိုရင်တော့ တကယ်လုပ်ထုံးပဲဗျ။ အခု သူ့ကိုပစ်တဲ့ စတင်းဂန်းက ကျည်ဆန်ကုန်နေတာ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ဆီမှာ အခုလို စစ်ဆေးကြည့်လိုက်တော့ ကျည်ဆန် သုံးတောင့်က ရှေ့တစ်တောင့် နောက်က နှစ်တောင့်မြှုံးကျည်အနူ့ငြိ (MIS FIRE) ဖြစ်လို့ ကျည်ညပ်နေတာ တွေ့ရတယ်ဗျ။ ကဲ-မထူးဆန်းဘူးလား။



လေးတွင် သူ့သေနတ်မောင်းကိုညှစ်ပြီးဖြစ်သည်။

မိုက်ခဲ သေနတ်ကတော့ တာဝန်ကျေစွာ ကျည်ဆန်သုံးတောင့် ပစ်သွင်းသွားပါလေသည်၊ မိုက်ခဲတွင်အကြင်နာတရားတွေမရှိတော့၊ ဘာကျင့်ဝတ်တွေမှသူမသိတော့။ လဲကျသွားသောသူပုန်ထံသို့ ပြေးသွား၍ ခြေထောက်နှင့်အားရပါးရ သုံးလေးချက် ဆင့်ကန်ပစ်လိုက်မိသည်။

"ဆရာ-ဆရာဇော်မြင့်"

နောက်ဘက်မှ ပြေးလာသော ခြေသံနှင့် ရဲဘော်ဘတင်တို့ ခေါ်သံကြားမှ ရပ်လိုက်သည်။

"တော်ပါသေးရဲ့၊ ဆရာကလည်း ဘာစ်ယောက်တည်း စွတ်လုပ်တာကိုး။ ကျွန်တော်တို့မှာ စိတ်ပူလိုက်ရတာ"

ရန်သူမှာ ဝမ်းဗိုက်တွင် မှန်ထားသဖြင့် သွေးများ ထွက်နေသည်ကို စစ်ဆေးပြင် ဆေးပတ်တီး စည်းပေးပြီး ခေါ်လာခဲ့သည်။ ဘတင်က ရန်သူသေနတ်ကိုသိမ်းယူလာခဲ့သည်၊ ပထမဆုံးရထားတွဲမ်းဘေးတွင် မိုက်ခဲပစ်ခဲ့သော ရန်သူမှာ ဘယ်ဘက်ရင်ဘတ်ကို မှန်ထားသဖြင့် သေနေပြီးဖြစ်ကာ သွေးများပင် ခြောက်သွေ့နေလေပြီ။

"ဆရာကတော့ တကယ်ကိုစနိုက်ပါပဲသပါရဲ့၊ တစ်ချက်တည်းဘယ်ဘက်ရင်ဘတ်ကိုထိပြီး ရှောသွားတာ"

"အေးဗျာ - ဒီလောက် အကွာအဝေးကို ရင်ဘတ်မှန်အောင် ပစ်နိုင်တယ်ဗျာ။ အံ့ရော-အံ့ရော"

မီးရထားဝန်ထောက်ကြီးက အလောင်းကို မရဲတရဲကြည့်ပြီး ပြောသည်။ မိုက်ခဲကတော့ ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

"ဟာ-ဆရာကြီးကလည်း ကိုက်တစ်ရာကျော်လေးကိုဘယ်ရဲဘော်မဆို ပစ်နိုင်တဲ့အကွာအဝေးပါဗျာ"

ဒဏ်ရာရထားသောရန်သူဆိုပေမင့် မပေါ့ဆရဲ၊ လိုင်းဘယ်ရင်ကြိုးနှင့် သေချာချည်နှောင်ထားရသည်။ ပြီးတော့ လူယုတ်မာတွေ မြှုပ်နှံထားသော တာတ်ခဲမိုင်းဗုံးကို ပြန်ဖော်ယူရသည်၊ အင်မတန်ယုတ်မာသလိုရက်စက်သော သူပုန်များပါ၊ မိုင်းများကို ဆယ်ကိုက်စီခြားကာ ထပ်ဆင့် တာတ်ခဲတစ်လုံးစီစဲ၍ လေးလုံးတိတိ မြှုပ်ထားသည်ကို တွေ့ရသည်၊ ချို့ယွင်းမှုမရှိ၊ သေချာပေါက်ကွဲစေရန်ဖြစ်သည်၊

"ဒီကောင်တွေက ရထားအသွားအပြန်နဲ့ တိုက်ကဝ်၊ရထားကွာခြားချိန်

www.burmeseclassic.com



တွေကိုသေချာစောင့်ကြည့်မှတ်သားပြီး မှလုပ်တာ”

“ကြည့်လေ - ရှေ့ပြေးသွားရတဲ့ တိုက်ကင်းရထားသွားပြီးမှ မိုင်းကို လာမြှုပ်တာလေ။ တောက် - ခွေးမသား အမျိုးယုတ်”

မိုက်ခဲမှာပြောရင်း သူပုန်လူယုတ်မာကို အံကြိတ်ကြည့်လိုက်သည်။ ပြီးတော့မှ သူ့လူနှစ်ယောက်ကို ပြောလိုက်သည်။

“ဟေ့ ကောင် ဘတင် - သူ့ ခေါ် မသွားတော့ဘူး။ ဒီရထားလမ်းပေါ်မှာ ကြိုးတုပ်ပြီးထားမယ်။ ဒါမှ လူစီးရထားလာရင် အတော်ပဲ”

“ဟာ - အဲ - အဲဒီလိုမလုပ်ပါနဲ့ဗျာ။ တောင်းပန်ပါတယ်။ ရှိခိုးပါရဲ့ - ဆရာတို့ရယ်။ မလုပ်ပါနဲ့ ခင်ဗျာ”

ဒက်ရာနှင့်သူပုန်မှာတုန်လှုပ်ထိတ်လန့်စွာ ပြောတော့သည်။

“သူများတွေကို တော့ သတ်ရဲတယ်၊ ကိုယ့်အလှည့်ကျတော့ကြောက်သလားကွ”

“ဟုတ် - ဟုတ်ကဲ့ - ကြောက်တာပေါ့ - ဆရာရယ်”

သို့သော် ရဲဘော်မိုက်ခဲ တကယ်မလုပ်ခဲ့ပါ။ မိုင်းများနှင့် အလောင်းရောဒက်ရာရသူကိုပါ ဝီလီဂျစ်ရထား ကပ်ကပ်သပ်သပ် တင်ဆောင်လာခဲ့သည်။

သထုံဘူတာရုံရောက်မှ ရဲစခန်းနှင့် လုံခြုံရေးတပ်ခွဲကို အပ်လိုက်သည်။ “ဒေါ် ဒီကောင်တွေကို ဆော်ခဲ့တာ ဒီဆရာလား”

ရဲဘော်မိုက်ခဲစကားဆုံးသောအခါ နားထောင်နေသူများမှ သထုံလုံခြုံရေးတပ်ခွဲမှူးက အံ့ဩသလို မေးလာသည်။

“ဟုတ်ပါတယ်။ ကျွန်တော့်တပ်ခွဲက တပ်စိတ်မှူးလေ။ လူထူးလူဆန်း မိုက်ခဲလို့ ခေါ်ကြတာများတယ်။ သူ့နာမည်ရင်းက ဇော်မြင့်ဗျ”

တပ်ခွဲမှူးက သူ၏တပ်စိတ်မှူး အကြောင်း သိပြီးမို့ ဝင်ရောက်ဖြေကြား ပေးလိုက်သည်။ တပ်ခွဲမှူးစကားကြောင့် သထုံတပ်ခွဲမှူးမှာမျက်လုံးပြူးကာတအံ့ တဩဖြစ်သွားသည်။

“ဗျာ၊ လူထူးလူဆန်း - ဟုတ်လား”

“ဟုတ်တယ်ဗျ။ သူက ကျည်ဆန် လွဲတယ်။ မိုင်းမကွဲဘူး။ မထိဘူးဗျ”

“ဟင် - အဲဒီလိုလား။ ဒါဆိုရင်တော့ တကယ့်လူထူးပဲဗျ။ အခု သူ့ကိုပစ်တဲ့ စတင်းဂန်းက ကျည်ဆန်ကုန်နေတာ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ဆီမှာ အပ် လို့စစ်ဆေးကြည့်လိုက်တော့ကျည်ဆန်



သုံးတောင့်ကရှေ့တစ်တောင့်၊ နောက်က နှစ်တောင့်ပူးကျည်အပြီး (MIS FIRE) ဖြစ်လို့ကျည်ညပ်နေတာတွေ့ရတယ်ဗျ။ ကဲ - မထူးဆန်းဘူးလား”

“ဗျာ”၊ “ဟာ”၊ “ဟုတ်လား”

တပ်ခွဲမှူးဗိုလ်ကြီးအောင်နိုင်၊ ကျွန်တော်နှင့် ရဲဘော်တွေပါ တစ်ပြိုင်တည်း အံ့ဩမှုတွေ စုပြုံပေါက်ကွဲသွားကြပါသည်။ ကျွန်တော်တို့အားလုံး၏အကြည့်တွေက အာကာသမှ ဂြိုဟ်သားတစ်ယောက်ကို တကယ်မြင်တွေ့ရသည့်အလား ရဲဘော်မိုက်ခဲဆီသို့ မမိုတ်မသုန်ကြည့်မိလျက်သား။

သည်ကောင်၊ တပ်ကြပ်ဇော်မြင့်ဆိုသည့် ကျွန်တော်တို့ချစ်ရဲဘော်မိုက်ခဲသည် တကယ်ပင် တခြားကမ္ဘာမှ ဂြိုဟ်သားက လူယောင်ဆောင်နေခဲ့သည်လား မသိနိုင်ပါ။ တကယ်ကို လူထူးလူဆန်းတစ်ယောက် ဖြစ်နေပါလေပြီ။

ရဲဘော်မိုက်ခဲကတော့ သူ့ကိုယ်ပိုင်ပုံစံ ပြောင်ချော်ချော် ပေါ့ပြက်ပြက်အပြုံးနှင့် ပြုံးကြည့်နေပါလေသည်။

➽ ကျောရစ်

**ခေါင်းမူး**
ထန်းလျက်နှင့် ရှောက်သီးစားပါ။

**ခွေးရူးကိုက် အဆိပ်ပြေဆေး**
ဒဏ်ရာပေါ်တွင် ထန်းလျက်၊
နမ်းဆီ၊ ငြုပ်ကြီးစေ့ ရော၍ လိမ်းပေးပါ။

**ချည်နဲ့ အားနည်းနေလျှင်**
ကြိတ်မှန်ရွက်ကို တေဆေးစားပါ။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



လဲခြင်းခံလိုက်ရသူ၊ ဆေးကျောင်းသူများမှ တချို့ကို ပြန်လည်တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။ ယင်းမိန်းကလေးများကို မိဘများထံ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ယင်းအချိန်တွင် ဗိုလ်မိုက်ကယ်ဆိုသူ KNDO သောင်းကျန်းသူမှာ သထုံနှင့်မုတ္တမကြားနယ်မြေတွင် တော်တော်နာမည်ကြီးနေသူဖြစ်သည်။ စစ်ရဲတပ်များမှတစ်ဆင့်ကြားသိရသည်မှာ ထိုသောင်းကျန်းသူဗိုလ်တွင် အစွမ်းထက်သော လက်ဖွဲ့စလွယ်ရှိကြောင်း၊ မည်သည့်သေနတ်နှင့်မျှပင် ခတ်၍မရကြောင်းတို့ ဖြစ်ပါသည်။ ရထားလမ်းမိုင်းထောင်လုယက်ခြင်း၊ ရွာများလုညှက်ကာ ဆက်ကြေးတောင်းခြင်းများပြုလုပ်နေကြောင်း သတင်းများဆက်တိုက်ရရှိနေခဲ့သည်။ ကျွန်တော်တို့တပ်မှာ တောင်ငူမြို့ရှိ တပ်မဟာ(၂)တွင် ခေတ္တတွဲဖက်နေပါသည်။ တွဲဖက်ဆိုသော်လည်း ကျွန်တော်တို့က စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းတွင် ရောက်ရှိနေသည်။

သည်တော့ အနီးစပ်ဆုံးဖြစ်သော ကျွန်တော်တို့တပ်ခွဲတာဝန်ယူရှင်းလင်းရန် ဖြစ်လာပါတော့သည်။

"ဟုတ်တော့ - ဟုတ်နေပြီဗျာ့၊ ဟိုဘက်ကောင်ကလည်းမိုက်ကယ်တဲ့၊ သေနတ်နဲ့ပစ်လို့မထိဘူးပြောကြတာပဲ၊ ဒါတို့ဘက်က မိုက်ခဲနဲ့တွေ့ကြသေးတာပေါ့ကွာ"

အမိန့်ကြေးနန်းစာ ရောက်လာသောနေ့က ကျွန်တော်တို့ တပ်ခွဲမှူးဗိုလ်ကြီးအောင်နိုင်က သည်ကဲ့သို့ ပြောလိုက်သည်။ အားလုံးက မိုက်ခဲကို လှမ်းကြည့်လိုက်ကြသည်။ မိုက်ခဲက သူ့ထုံးစံအတိုင်း ပြောင်ချော်ချော်မျက်နှာနှင့်၊ ကျွန်တော်တို့တပ်ရင်းကို မိုက်ခဲ ရောက်လာသည်မှာ တစ်နှစ်ကျော်ခဲ့ပြီမို့ တပ်ခွဲမှူးကလည်း သူ့အကြောင်း သိနေပြီဖြစ်သည်။ သူလည်း တပ်ကြပ်တစ်ယောက်ဖြစ်နေပါပြီ။ သို့ပါလျက် ယခင်ရဲဘော်ဘဝအတိုင်းပင် ခပ်ပျော်ပျော် ဘရုတ်ကျကျပုံစံ ရှိနေသေးသည်။ ကျွန်တော်တို့က ထင်းတင်မည့် စက်လှေကြုံ၍ မှပွလင်သို့လျင်မြန်သက်သာစွာရောက်ခဲ့သည်။

"ကျွန်တော်တို့ မီးရထားလမ်း ညာဘက်ခြမ်းကတော့ အေးအေးချမ်းချမ်း၊ ဆိုတော့ ကျိုက်ထိုက စပြီး ဘယ်ဘက်ခြမ်းကို စကြမယ်၊ ဆရာဇော်မြင့် တပ်



စိတ်က အတွင်းဘက်၊ ဆရာမင်းနိုင်က အလယ်က နေပါ။ ကျွန်တော်က ရထားလမ်းကနေမယ်၊ အားလုံး ရင်ပေါင်တန်းအနေအထား တက်ကြမယ်"

"ဟုတ်ကဲ့ - ကောင်းပါတယ် ဗိုလ်ကြီး"

"အဲ - နေဦး - နေဦး၊ ကျွန်တော်တစ်ခု စိတ်ကူးရတာက တပ်စိတ်တစ်စိတ်ထဲဆိုရင် အင်အားနည်းမယ်ထင်တယ်၊ အဲဒီတော့ ခင်ဗျားတို့ တပ်စိတ်တစ်စိတ်ကိုခြောက်ယောက်စီ ထပ်ဖြည့်ပေးလိုက်မယ်၊ အင်အားလုံလောက်သွားသလို ရှုံးအဖွဲ့နဲ့ဆိုရင် ကွက်တိဖြစ်သွားမယ်"

တပ်ခွဲမှူးအစီအရင်ကောင်းသဖြင့် အားလုံးဝမ်းသာအားတက်မိကြသည်။ မိုက်ခဲက သူ့စိတ်ကူးကို ပြောလာသည်။

"ကျွန်တော်က တပ်စိတ်ကို နှစ်စုခွဲပြီး ဒုစိတ်မှူးတစ်ယောက်စီနဲ့ ဖြန့်ပြီး တက်ချင်တယ်၊ ပြီးတော့ဆက်သွယ်ရေးအတွက် လှိုင်းတိုစက်တစ်လုံးကို ကျွန်တော့်ကို ပေးပါ - ဗိုလ်ကြီး၊ ကျွန်တော် (RT) နဲ့ ဆက်သွယ်မယ်"

"အဲဒီလို ဆိုရင် ဆရာမင်းနိုင်နဲ့ ဆက်သွယ်ဖို့ကရော"

"ကျွန်တော့်ဆီတစ်ဆင့်ဆက်သားလွှတ်ပြီး ဆက်သွယ်မယ်၊ အရေးကြီးတယ်ဆိုရင်တော့ ဗိုလ်ကြီးရုံးအဖွဲ့က ဆက်သားလွှတ်ပေါ့၊ ကျွန်တော်က အတွင်းဘက်ကနေတာဆိုတော့ ထိတွေ့မှု အများဆုံးဖြစ်နိုင်ပါတယ်"

မိုက်ခဲပြောသည်ကို နားထောင်ပြီး တပ်ခွဲမှူးက စဉ်းစားပြီးသဘောတူလိုက်သည်။

"ဟုတ်တယ် - ဟုတ်တယ် - အဲဒီလိုလေး အကြံပေးကြပါဗျာ၊ ကျွန်တော်က အရာရှိဖြစ်ပေမယ့် နေရာတိုင်း ထောင့်စေ့အောင်မကြည့်နိုင်၊ မတွေးနိုင်ဘူးလေ၊ ကျွန်တော်က ကျောင်းဆင်းအရာရှိပြီးတော့ - စစ်သက်က ခင်ဗျားတို့ တစ်ဝက်လောက်သာရှိတာ၊ တကယ်ဆိုရင် ခင်ဗျားတို့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေကိုဘယ်မီနိုင်မှာလဲ၊ တကယ်ဆိုရင် ခင်ဗျားက သင်မြင်ကြားဆရာတွေ"

တပ်ခွဲမှူးစကားက ကျွန်တော်တို့ နလုံးသားတိုင် စိမ့်ဝင်သွားခဲ့ရပါတော့သည်။ သူ၏နှိမ့်ချမှု၊ ပွင့်လင်းမှု၊ ရိုးသားမှုတို့ကို ဖော်ပြနေသည်။ တပ်ခွဲမှူးအပေါ်

www.burmeseclassic.com